၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၀)၊ အမှတ်(၄၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၁၂ ၊ ၂၀၁၂)



ရပ်ဆိုင်းသွားသော စီမံကိန်းပုံစံငယ်

# ထားဝယ်ရေနက်ဆိပ်ကမ်းမှ မဂ္ဂါဝပ် ၄၀၀၀ ကျောက်မီးသွေး လျှပ်စစ်စက်ရုံ စီမံကိန်း ရပ်ဆိုင်း

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ-၉

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းအတွင်း တည်ဆောက်ရန် စီစဉ်ထားသော မဂ္ဂါဝပ်၄၀၀၀ထုတ်လုပ်မည့် ကျောက်မီးသွေး ဓာတ်အားပေးစီမံကိန်းကို အစိုးရက ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့နံနက်ပြုလုပ်သော အစည်းအဝေးတွင်ပြောကြားခဲ့သည်။

"ဒီစီမံကိန်းကိုလုပ်ရင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနိုင်တာတွေကို မီဒီယာတွေကလည်း ထောက်ပြလာတာကြောင့် ပြန်စိစစ်ဆေးပြီးတော့ မလုပ်ဖို့ ဆုံးဖြတ်လိုက်တာပါ"ဟု ဝန်ကြီးကပြောသည်။

ထိုကျောက်မီးသွေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပါက သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်နိုင်သည့်အပြင် ကျောက်မီးသွေးစီမံကိန်း၏ ဆိုးကျိုးများကို မီဒီယာများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၏ ထောက်ပြချက်ကြောင့် စီမံကိန်းရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စာ(၃၀)သို့





# ဩစတြေးလျက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအချို့ကိုစတင်ဖြေလျှော့

အားမာန်

ရန်ကုန်၊ ဇန်နဝါရီ - ၉

ဩစတြေးလျနိုင်ငံက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုအချို့ကိုစတင်ဖြေလျှော့ပေးတော့မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ကီဗင်ရုဒ်(Kevin Rudd)က ယနေ့ပြောကြားလိုက်သည်။

ငွေရေးကြေးရေးနှင့် ခရီးသွားလာခွင့်ဆိုင်ရာ ပိတ်ပင်သူများစာရင်း၌ ယခုအစိုးရလက်ထက်မှပြည်ထောင်စုဝန်ကြီးဖြစ်လာသူများ၏ အမည်စာရင်းကို ထည့်သွင်းတော့မည်မဟုတ်ဘဲ ယခင်အစိုးရအဖွဲ့တွင် ပါဝင်ခဲ့သူများကိုလည်း စာရင်းမှ ပယ်ဖျက်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အတိုက်အခံနိုင်ငံရေးပါတီများကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်ခွင့်ပိုမိုပြုလာခြင်း၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၂၂၀ ဝန်းကျင်ကို လွှတ်ပေးခဲ့ခြင်း၊ အလုပ်သမားသမဂ္ဂများ ထူထောင်နိုင်ရန် အလုပ်သမားဥပဒေကို ပြဋ္ဌာန်းပေးခြင်း စသည့် မြန်မာအစိုးရ၏ ပြုပြင် ပြောင်းလဲမှုခြေလှမ်းများကို အသိအမှတ်ပြုသည့်အနေဖြင့် ထိုသို့ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

စာ(၁၂)သို့

# အစားထိုး ကားသွင်းမှုမူဝါဒများ ထပ်မံပြောင်းလဲ

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ-၇

ယာဉ်အို ယာဉ်ဟောင်းလဲလှယ်တင်သွင်းမှု အစီအစဉ်ဖြင့် အင်ဂျင်ပါဝါ ၁၃၅၀စီစီအောက် တင်သွင်းမည့် မော်တော်ယာဉ်များအား ၁၉၉၆ ခုနှစ် မော်ဒယ်နှင့်အထက်ကန့်သတ်ချက်မထားဘဲ တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးဦးသန်းအောင်က ပြောသည်။

စာ(၁၂)သို့



# အရန်ဆန်တန်ချိန်တစ်သိန်း စတင်ဝယ်ယူမည်

## မကြာမီဖွဲ့စည်းမည့် အများပိုင်ကုမ္ပဏီသစ်မှာလည်း အရန်ဆန်ဝယ်ယူမည့် အစီအစဉ်တွင်ပါဝင်

ပြည်သိမ်း၊ အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ - ၉

နိုင်ငံတော် အရန်ဆန်အဖြစ် ထားရှိရန် ဆန်တန်ချိန်တစ်သိန်းကို ဇန်နဝါရီလအတွင်း စတင်ဝယ်ယူမည်ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အရန်ဆန်ဝယ်ယူရေး ကော်မတီမှ သတင်းထုတ်ပြန်သည်။

စာ(၁၂)သို့

ကြိတ်ခွဲရန်စပါးများနေလှန်းနေသော လယ်သမားတစ်ဦး

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဒေါက်တာတူးဂျာ တစ်သီးပုဂ္ဂလအဖြစ် ကြားဖြတ် ရွေးကောက်ပွဲဝင်မည်

အိဖြူလွင်

ရန်ကုန်၊ ဇန်နဝါရီ-၈

ကချင်တိုင်းရင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သော ဒေါက်တာတူးဂျာက ယခုလာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မည်သည့်ပါတီကိုမှ ကိုယ်စားမပြုဘဲ တစ်သီးပုဂ္ဂလအဖြစ်ပါဝင်ယှဉ်ပြိုင်မည်ဟု 7Day News သို့ပြောကြားသည်။

ဒေါက်တာ တူးဂျာသည် ကြားဖြတ်ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါ မဲဆန္ဒနယ်သည် အင်န်အယ်လ်ဒီပါတီ၊ ပြည်ခိုင်ဖြိုးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်ဖြစ်ကြောင်း သတင်းရရှိသည်။

မိမိသည် ခွင့်ပြုချက် မကျခဲ့သော ကချင်ပြည်နယ်တိုးတက်ရေးပါတီမှ နုတ်ထွက်ပြီးဖြစ်၍ အဆိုပါ ပါတီကပါတီတည်ထောင်ခွင့်ပြန်လည် လျှောက်ထားသော်လည်း မိမိပါဝင်တော့မည်မဟုတ်ကြောင်း ဒေါက်တာတူးဂျာက ပြောကြားသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

## ပြည်ပနိုင်ငံများက မြန်မာ့ ၂၅မှတ်ဆန်ကိုပြန်လည်ဝယ်ယူ

အောင်သူရ

**ရန်ကုန်၊ ဇန်နဝါရီ-၅**

မြန်မာနိုင်ငံမှတင်ပို့နေသော ၂၅မှတ်ဆန်အားဇန်နဝါရီလဆန်းမှ၍ တရုတ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများက ပြန်လည်ဝယ်ယူမှုရှိလာကြောင်း သတင်းရရှိသည်။

"ဒီလ ၈ ရက်မှာ တန်ချိန် ၁၅,၀၀၀တင်မယ့် သင်္ဘောရောက်မယ်။ ပထမဆုံးနဲ့ အများဆုံးရောင်းရတဲ့ပမာဏပါ" ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်ကပြောသည်။

ထို့အပြင်ဇန်နဝါရီလကုန်ပိုင်းတွင်လည်းသင်္ဘောတစ်စီးထပ်မံရောက်ရန်ရှိပြီး ဇန်နဝါရီနှင့်ဖေဖော်ဝါရီလများ၌တစ်လလျှင်တန်ချိန်ခုနစ်သောင်းခန့် တင်ပို့နိုင်ရန် စီစဉ်ထားကြောင်း အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာစိုးထွန်းကပြောသည်။

ယခုရောင်းချသော ဆန်များအား အာဖရိကနိုင်ငံများက ဝယ်ယူခြင်းဖြစ်ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ရရှိကာ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းကဦးဆောင်တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း ဒေါက်တာစိုးထွန်းကပြောသည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ဆန်ပြန်လည်တင်ပို့ခြင်းကြောင့် မြန်မာနိုင်ငံမှဆန်အား ၂၀၁၁စက်တင်ဘာလမှစ၍ ဝယ်သူမရှိဖြစ်ခဲ့ပြီးဝယ်ယူသူယုံကြည်မှု ရရှိစေရန် အသင်းအနေဖြင့် တင်ပို့ရန်ဆုံးဖြတ်ခဲ့ကြသည်။

သို့သော်ပါကစ္စတန်နိုင်ငံက ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ဖြင့် ရောင်းချခြင်းနှင့် အာဖရိကနိုင်ငံများက ဆန် လက်ကျန်များနေခြင်းကြောင့် အာဆီယံနိုင်ငံများဖြစ်သော မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ဈေးကွက်များကိုသာ အဓိကရောင်းချရမည်ဖြစ်သည်။

ထို့အပြင်မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်လိုင်စင်များရရှိသဖြင့် တရုတ်နိုင်ငံသို့ ဆန်တန်ချိန်ထောင်နှင့်ချီ၍ တင်ပို့နေပြီဖြစ်ကြောင်း မူဆယ် ဒေသခံကုန်သည်များကဆိုသည်။

ယခုနှစ် မိုးစပါးပေါ်ချိန်တွင် ပြည်ပတင်ပို့မှုနည်းခဲ့သဖြင့် စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ်သုံးသိန်းဝန်းကျင်သာ ဈေးရှိခဲ့ကာ တောင်သူများ တွက်ခြေမကိုက်ဖြစ်နေခဲ့သည်။ ထိုကဲ့သို့ ပြည်ပမှ ဝယ်ယူမှု စတင်ခဲ့သော်လည်း ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်အေးနေပြီး ၂၅မှတ်ဆန်တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂,၀၀၀ ကျပ်ဝန်းကျင်သာ ဈေးရှိသည်။

## တစ်နိုင်ငံလုံးတွင် ၂၀၁၁ အတွင်း ယာဉ်တိုက်မှုကြောင့် လူ ၂၇၀၀ ကျော်သေဆုံး



**၂၀၁၁ခုနှစ်အတွင်း လူသေဆုံး၊ဒဏ်ရာရမှုအများဆုံးများထဲမှတစ်ခုဖြစ်သော ရန်ကုန်–မန္တလေးအမြန်လမ်းမပေါ်တွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်အပြီး တွေ့ရစဉ်**

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ- ၂၇**

အာဆီယံနိုင်ငံများအတွင်း ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုနှုန်းအမြင့်ဆုံးနေရာတွင် ရှိနေသည့် မြန်မာနိုင်ငံ၌ ပြီးခဲ့သည့် ၂၀၁၁ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း၉၅၆၃မှုဖြစ်ပွားခဲ့ပြီး၊၁၆,၇၄၉ ဦး ဒဏ်ရာရရှိခဲ့ကာ ၂,၇၃၀ ဦး သေဆုံးခဲ့ကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ဇန်နဝါရီ၇ ရက်တွင် ပြောကြားသည်။

"မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၉,၅၆၃ မှုဖြစ်ခဲ့ပြီး ၁၆,၇၄၉ ဦး ဒဏ်ရာရရှိကာ ၂,၇၃၀ ဦးသေဆုံးခဲ့ပါတယ်။ ယာဉ်တိုက်မှုကြောင့် သေဆုံးမှုတန်ဖိုးကျပ်၁၆၅၂ဒသမ၅ သန်းရှိခဲ့ပါတယ်"ဟု နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနာယက အဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဦးသိန်းညွန့်က အဆိုပါကော်မတီ၏ စတုတ္ထအကြိမ်ကျင်းပသော အသိပညာပေးရေးဆိုင်ရာ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

သုတေသနစာတမ်းများအရ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံများတွင် ယာဉ်တိုက်မှုကြောင့် နှစ်စဉ်လူတစ်သိန်းလျှင် ၂၃ ဦးခန့်အသက်ဆုံးရှုံးနေကြောင်း၊ ယင်းတွေ့ရှိချက်များအရ အာဆီယံနိုင်ငံများတွင် သေဆုံးမှုနှုန်းအမြင့်မားဆုံးနိုင်ငံများအဖြစ် ရောက်ရှိနေကြောင်းလည်း ၎င်း၏ ပြောကြားချက်များအရ သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ၂၀၀၄ ခုနှစ် ဆန်းစစ်လေ့လာချက်များအရ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသည့်အရေအတွက်မှာ တစ်နှစ်လျှင် လူဦးရေသန်း၅၀ကျော်ရှိပြီး၁ဒသမ၂သန်းကျော်သေဆုံးနေကြောင်း အသက်၅နှစ်မှ ၂၉နှစ်ကြားကလေးနှင့် လူငယ်များ အများဆုံးသေဆုံးနေပြီး တစ်မိနစ်လျှင် လူ၁၂ဦးခန့်သေဆုံးလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အထိ ၁၀ နှစ်တာအတွင်းယာဉ်မတော်တဆမှုကြောင့် ၁၄,၅၆၉ ဦး သေဆုံးခဲ့ပြီး တစ်သိန်းကျော်ဒဏ်ရာရရှိခဲ့ကြောင်း ယာဉ်စီးရေအားဖြင့်လည်း ၂၀၀၀ပြည့်နှစ်တွင် လေးသိန်းကျော်သာရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင်နှစ်သန်းကျော်အထိရောက်ရှိလာကြောင်းသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ၂၀၀၂ မော်ဒယ်ထက်မြင့်သောကားများ တင်သွင်းခွင့်ပြုတော့မည်



ဆိပ်ကမ်းရောက်ကားများကို တွေ့ရစဉ် ဓာတ်ပုံ-အားမာန်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

ကားဟောင်းအပ်၍ ကားသစ်တင်သွင်းသော အစီအစဉ်တွင် ၂၀၀၂ မော်ဒယ်အထက်ကားများ တင်သွင်းရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

"အခု ဂျပန်မှာ မြန်မာပြည်ကဝယ်တဲ့ ၁၉၉၆ ကနေ ၂၀၀၂ ခုနှစ်ထိကားတွေ၊ ၂၀၀၂ မော်ဒယ်အထက်ကားတွေထက် ဈေးမြင့်နေတဲ့အတွက် မော်ဒယ်မြင့်ကားတွေ တင်သွင်းဖို့ အစည်းအဝေးမှာသဘောတူခဲ့တာ"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော် အဆိုပါကိစ္စနှင့်ပတ်သက်၍ တရားဝင်စာထွက်မလာသေးဟုသိရပြီး ၂၀၀၆ ခုနှစ် မော်ဒယ်ထိ တင်သွင်းခွင့်ပြုရန်နှင့် CIF ဆိပ်ကမ်းရောက်တန်ဖိုးကိုသာ တိုးမြှင့်ပေးရန် သဘောတူညီခဲ့သည်ဟု ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါသတင်းကြောင့် ကားဟောင်းအပ်သောစလစ်များမှာ ၂၀၁၁ ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ဈေးတက်လာခဲ့ပြီး စလစ်တစ်စောင်လျှင် ကျပ်သိန်း ၁၅၀ ထိ ဈေးရောက်ခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကားဟောင်းအပ်ခြင်း ဆောင်ရွက်ရာတွင် 'ဏ' အက္ခရာအထိ ရောက်ရှိနေပြီး စုစုပေါင်းစလစ် ၂၃,၉၉၉ စောင်ထုတ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

# အများပိုင် ကုမ္ပဏီတစ်ခု ထူထောင်ခွင့်ပြု

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်ရရှိရန် အများပိုင် ကုမ္ပဏီတစ်ခုကို ဖွဲ့စည်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

"အထူးပြုကုမ္ပဏီတွေလည်း ပါမယ်။ လယ်သမားတွေလည်း ပါလို့ရတယ်။ ရှယ်ယာတစ်ခုကို အနည်းဆုံး ကျပ်တစ်သောင်း သတ်မှတ်ထားပါတယ်" ဟု ဝန်ကြီးဦးဝင်းမြင့်က ဇန်နဝါရီ ၇ရက်တွင်ပြောသည်။

ထို့အပြင် နိုင်ငံတော် အရန်ဆန်ထားရှိရေး ကြီးကြပ်မှု ကော်မတီကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး နေရာဒေသလိုက် တောင်သူများ မနစ်နာစေရန် ဈေးနှုန်းတစ်ခု သတ်မှတ်၍ အရန်ဆန်ဝယ်ယူသွားရန် အစီအစဉ်ရှိကြောင်း ဝန်ကြီးက ဆိုသည်။

ယခင်က အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းခွင့် မပြုခဲ့သော်လည်း ယခု ပြန်လည်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"အရင်တုန်းက ဆန်တင်ပို့တာကို ကုမ္ပဏီကြီးတစ်ခု၊ နှစ်ခုက လက်ဝါးကြီးအုပ်ထားတာ။ အခုလို အများပိုင်ဖွဲ့ပြီး တင်ပို့ဖို့ လုပ်တာ အရမ်းကောင်းတယ်" ဟု စီးပွားရေး လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

အများပိုင်ကုမ္ပဏီကို ကျပ်သန်းပေါင်း ၅၀၀ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ လက်ရှိ ကနဦးထည့်ဝင်ငွေအဖြစ် ကျပ်သန်းပေါင်း ဘီလီယံ ၃၀ နှင့်စတင်မည်ဖြစ်သည်။

ထိုကုမ္ပဏီတွင် ကုမ္ပဏီကြီးများက ၃၅ ရာခိုင်နှုန်းပါဝင်ပြီး ကျန်အစုရှယ်ယာများကို တောင်သူလယ်သမားများ အပါအဝင် မည်သူမဆို ဝယ်ယူနိုင်သည်။

အစုရှယ်ယာတစ်ခု၏တန်ဖိုးမှာကျပ်တစ်သောင်းဖြစ်သည်။ လူတစ်ဦး မှတ်ပုံတင်တစ်ခုလျှင် ရှယ်ယာ၅၀,၀၀၀(ကျပ်သိန်းပေါင်း ၅,၀၀၀)ထက်ပို၍ မဝယ်နိုင်ရန် ကန့်သတ်ထားသည်။




7 DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

# CRIME CORNER

## အိပ်ပျော်နေသည့်အဘွားအိုထံမှ နားကပ်လုယူ

စောရန်နိုင်

**အောင်လံ၊ ဇန်နဝါရီ-၅**

အောင်လံမြို့နယ်တွင် အဘွားအို တစ်ဦးတည်းနေအိမ်၌ အိပ်ပျော်နေစဉ် မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားတစ်ဦးက ပါးစပ်ပိတ်ကာ နားကပ်လုယက်ခဲ့မှု ဒီဇင်ဘာ ၃၁ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ ဖြစ်စဉ်မှာ အဆိုပါနေ့ နေ့လယ် ၁ နာရီ၄၅မိနစ်က ရပ်ကွက်တိုးချဲ့(၃)လမ်းနေသူ ဒေါ်တင်ညွန့်(၈၈နှစ်)သည် ၎င်းနေအိမ်ရှိ ကုလားထိုင်ပေါ်တွင် လဲလျောင်းအိပ်ပျော်နေစဉ် မျက်နှာဖုံးစွပ်အမျိုးသားတစ်ဦးရောက်ရှိလာပြီး ပါးစပ်ပိတ်ကာ နား၌ဝတ်ဆင်ထားသည့် နားကပ်တစ်ရန်ကို လုယူထွက်ပြေးသွားသဖြင့် ဘွားအို၏ သားဖြစ်သူက တရားလိုပြုတိုင်တန်းခဲ့သည်။ အောင်လံမြို့ရဲစခန်းက(ပ)၂၃၄/ ၁၁၊ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ဖြင့် အမှုဖွင့်ထားခဲ့သည်။ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ခဲ့ရာ မသက်ာသူ၊ ခိုးသူ(၂၉ နှစ်)ကျပန်းတိုးချဲ့ ၃ လမ်း၊ စက်ရုံရပ်၊ အောင်လံမြို့နေသူကို စစ်ဆေးခဲ့ရာ သက်သေခံပစ္စည်း ၂ ပဲခန့်ရှိ ကျောက်ဖြူဝါနားကတ်တစ်ရန် တန်ဖိုး ၇၅,၀၀၀ ကျပ်အား သက်သေများရှေ့တွင် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းရမိခဲ့သဖြင့် တရားစွဲတင်ပို့နိုင်ရေး သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စုံစမ်းသိရသည်။

## အလှူအိမ်မှပြန်လာစဉ် လမ်းတွင် ကာမစားပြုတိုက်သူကို အရေးယူ

တင်လှိုင်(မိတ္ထီလာ)

**မိတ္ထီလာ၊ ဇန်နဝါရီ- ၆**

မိတ္ထီလာမြို့နယ်၊ ကံကောင်းကျေးရွာတွင် ယခုလ ၄ ရက်ညက ကံကောင်းရွာနေ အသက် ၃၄နှစ်အရွယ်ရှိ မ. . သည် တစ်ရွာတည်းနေ ယောက္ခမဖြစ်သူ၏ အလှူပွဲသို့ သွားရောက်လုပ်ကိုင်ကူညီပေးခဲ့ရာမှအပြန် ဘုန်းတော်ကြီးကျောင်းကန်ပေါင်ပေါ် အရောက်တွင် တစ်ရွာတည်းနေ ပြည့်ဖြိုးမောင်က နောက်မှလိုက်လာပြီး မ. . ၏ ဝဲဘက်လက်အား ဆွဲ၍၎င်းနှင့်လိုက်ခဲ့ရန်ခေါ်သည်။ မ. . က မလိုက်နိုင်ကြောင်း ငြင်းဆိုရာ ပြည့်ဖြိုးမောင်က နောက်က တွန်းလိုက်ရာ မ. . . လဲသွားစဉ်ပြည့်ဖြိုးမောင်က သားမယားအဖြစ် ပြုကျင့်ရာ မ. . . က အော်ဟစ်အကူအညီတောင်းခြင်းကြောင့် အနီးရှိနေအိမ်မှ လူထွက်လာသဖြင့် ပြည့်ဖြိုးမောင်ထွက်ပြေးသွားခဲ့သည်ဟုဆိုသည်။

မ. . . က အတင်းအဓမ္မပြုကျင့်သူပြည့်ဖြိုးမောင်(ခ)ကုလား(၂၅နှစ်)အား အရေးယူပေးရန်တရားလိုပြုလုပ်၍ အမှတ်(၁)ရဲစခန်းတွင်အမှုဖွင့်တိုင်ကြားရာ(ပ)၅/ ၂၀၁၂ပုဒ်မ၃၇၆ဖြင့်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

## အာလူးကြော်ကုန်ကြမ်းဂိုဒေါင် မီးလောင်

အိဖြူလွင်

**ရန်ကုန်၊ ဇန်နဝါရီ-၇**

အင်းစိန်မြို့နယ် ကမ်းနားလမ်းအလယ်ရပ်ကွက်အတွင်းရှိ အာလူးကြော်ကုန်ကြမ်း ဂိုဒေါင်မီးလောင်မှု ယခုလ ၆ရက် နံနက် ၂နာရီ မိနစ် ၂၀တွင်ဖြစ်ပွားခဲ့ရာ တန်ဖိုးငွေကျပ် ၅၇ သိန်းကျော်ဖိုးဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းမီးသတ် ဦးစီးဌာနမှသတင်းရရှိသည်။

အကျယ်အဝန်း ပေ ၁၀၀× ၅၀ရှိသော ဂိုဒေါင်မီးလောင်မှုကို ရန်ကုန်တိုင်းအတွင်းမှ မီးသတ်ယာဉ် ၃၃စီးနှင့် ညအချိန်ဖြစ်သောကြောင့် မီးဆလိုက်ယာဉ်များ၊ သူနာတင်ယာဉ်များ အပါအဝင်အထောက်အကူပြုယာဉ် ငါးစီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရသည်။

ဂိုဒေါင်အတွင်းရှိ မီးပလပ်ခုံအနီးတွင် ပလတ်စတစ်ပါကင်အိတ်များချထားသောကြောင့် ပလပ်ခုံပူလွန်ကဲရာမှ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကို သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၂၅၈ဦးဖြင့်ငြိမ်းသတ်ခဲ့ရာ စတင်လောင်ကျွမ်းပြီး နာရီဝက်ကျော်အကြာတွင် မီးထိန်းနိုင်ခဲ့ကာ တစ်နာရီအကြာတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်ဟု ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန မှ သတင်းရရှိသည်။

အဆိုပါမီးလောင်မှုကို အင်းစိန်မြို့နယ် ရဲစခန်းတွင် ပ-၄၃/ ၂၀၁၂ ပုဒ်မ ၂၅၈ ဖြင့် အမှု ဖွင့်အရေးယူထားကြောင်း သိရသည်။

# မန္တလေးမြို့တော်လူဦးရေ တစ်သန်းကျော်ရှိလာ

စိုင်းသာအောင်

**မန္တလေး၊ ဇန်နဝါရီ- ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်မြေ ငါးခုတွင် ၁၉၉၄ ခုနှစ်က လူဦးရေ ငါးသိန်းကျော်ရှိလာရာမှ ၁၇ နှစ်တာကာလအတွင်း တိုးပွားလာသော လူဦးရေအရ ၂၀၁၁ ခုနှစ်တွင် လူဦးရေ ၁ဒသမ၁ သန်းကျော်ရှိလာပြီဖြစ်ကြောင်း ကော်မတီ၏ တရားဝင်ထုတ်ပြန်ချက်အရသိရသည်။



ယခင်က စက်ဘီးမြို့တော်၊ ယခုဆိုင်ကယ်မြို့တော် မန္တလေးမြို့တစ်နေရာ ဓာတ်ပုံ-အားမာန်

မန္တလေးမြို့တွင် ၂၀၀၀ပြည့်နှစ်နောက်ပိုင်း အနယ်နယ် အရပ်ရပ်မှ အခြေချနေထိုင်သူ များလာကြောင်း ယခင်က မြို့နေလူထုသည် ၈၆×၈၀ လမ်းကြား၊ ၂၆×၃၅လမ်းကြားသာမြို့ဧရိယာအဖြစ် လူနေထူထပ်စည်ကားခဲ့ရာမှ ယခုအခါ ကမ်းနားလမ်းမှ ၆၂ လမ်းအထိ ၁၂ လမ်းမှ လမ်း ၄၀ အထိလူနေထူထပ်ကာ မြို့ပြဖွံ့ဖြိုးတိုးတက်သည်။ ထို့အပြင် မြို့တော်စည်ပင်ဧရိယာသည်လည်း ယခင် ငါးမြို့နယ်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် အမရပူရမြို့နယ် ပါဝင်လာသဖြင့် ခြောက်မြို့နယ်ဖြစ်လာကာ ပိုမိုကျယ်ပြန့်လာကြောင်း ၂၀၁၆ ခုနှစ်တွင် မန္တလေးမြို့တော်၏ လူဦးရေမှာ ၁ ဒသမ ၅ သန်းဖြစ်နိုင်ပြီး မြို့တော်၏ တိုးတက်လာသော လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို နှစ်စဉ် တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း တိုးတက်လာသော လူဦးရေအရ မြို့တော်ဧရိယာအတွင်း ရောက်ရှိနေသော တောင်မြင့်သုသာန်ကိုအမရပူရမြို့နယ်တောင်အင်းမြောက်အင်းဒေသသို့ မကြာမီ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်းသိရသည်။

## မိုဘိုင်းဆင်းမ်ကတ် ကျပ်၅၀၀၀ဖြင့် ရောင်းမည့်အစီအစဉ် လက်တွေ့ဖြစ်ပေါ်ရန် ရာခိုင်နှုန်းနည်းပါး

ယုဇနကိုကို၊ ဝတ်ရည်

**ရန်ကုန်၊ ဇန်နဝါရီ- ၃**

**မြန်မာငွေကျပ် ၅၀၀၀ တည်းနှင့် မိုဘိုင်းဖုန်း တစ်လုံးအသုံးပြုနိုင်မည့် စီမံကိန်းတစ်ခုကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုက နိုင်ငံတော်သမ္မတရုံးသို့တင်ပြပြီး ခွင့်ပြုချက်တောင်းခံထားသည်။**

အဆိုပါ ကုမ္ပဏီမှာ ရွှေပြည်တံခွန်ကုမ္ပဏီဖြစ်ပြီး အဆိုပါ စီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားခဲ့ခြင်းဖြစ်သည်။ သမ္မတရုံးမှ ခွင့်ပြုချက်သည် ၂၀၁၂ မတ်လအတွင်းကျလာနိုင်သည်ဟုအဆိုပါကုမ္ပဏီက မျှော်လင့်နေပြီး ခွင့်ပြုချက်ကျသည့်အချိန်ကစ၍ သုံးလအတွင်း ထိုစီမံကိန်းအရအများပြည်သူသို့စတင်ရောင်းချပေးသွားမည်ဟုယင်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးလွင်နိုင်ဦးက ပြောသည်။

သို့သော် ထိုအစီအစဉ်မှာ လက်တွေ့ဖြစ်ပေါ်လာရန်မလွယ်ကူနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးကလည်း အောက်ပါအတိုင်း မှတ်ချက်ပေးသည်။

“အခုငါးထောင်တန်ဂျီအက်စ်အမ်ဆင်းမ်ကတ် ဝန်ဆောင်မှုဆိုတာမှာ သမ္မတရုံးကို တိုက်ရိုက်တင်ပြထားပေမယ့် သက်ဆိုင်ရာဝန်ကြီးဌာန၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့နဲ့ ညှိနှိုင်းဆွေးနွေးပြီး ခွင့်ပြုချက်ရယူထားခြင်းမျိုးမရှိတာကြောင့် အမှန်တကယ်ဖြစ်ပေါ်လာဖို့အတွက် ရာခိုင်နှုန်းနည်းပါးနေသေးတယ်လို့ ယူဆရပါတယ်” ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကသုံးသပ်ပြောကြားသည်။

ဂျီအက်စ်အမ်စနစ်ပေါ်တွင် အခြေခံထားသည်ဟု ဆိုသော မြန်မာငွေကျပ် ၅,၀၀၀ ဖြင့် ဆင်းမ်ကတ်တစ်ကတ်ကို အသုံးပြုနိုင်မည့် ယင်းမိုဘိုင်းစနစ်တွင် အထွက်ခေါ်ဆိုခ တစ်မိနစ်လျှင် ၂၅ကျပ်နှင့်နယ်ဝေးအထွက်ခေါ်ဆိုခ တစ်မိနစ်လျှင် ၃၀ ကျပ် သတ်မှတ်ထားသည်ဟုဆိုသည်။ အခြေခံလူတန်းစားများ၊ နိုင်ငံ့ဝန်ထမ်းများအတွက် ရည်ရွယ်ပြီး နိုင်ငံတကာနှုန်းထားများအတိုင်း ထုတ်လုပ်သွားမည်ဟုဦးလွင်နိုင်ဦးကဆိုသည်။

အထက်ပါအကြောင်းအရာကိုရွှေပြည်တံခွန်ကုမ္ပဏီက ၂၀၁၂ ဇန်နဝါရီ ၃ ရက် နံနက် ၁၁ နာရီမှ နေ့လယ် ၁ နာရီအထိ ပြုလုပ်သော ပြည်တွင်း၊ ပြည်ပမီဒီယာများနှင့် တွေ့ဆုံသည့် သတင်းစာရှင်းလင်းပွဲတွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

စာ(၁၂)သို့



# ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာအစိုးရအား အချက်သုံးချက်ကို အကောင်အထည်ဖော်ရန် တိုက်တွန်း

## အီးယူ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရအရေးယူမှုအား သုံးသပ်သည့်အစည်းအဝေးလာမည့်ဧပြီလတွင်ကျင်းပမည်

အားမာန်

**ရန်ကုန်၊ ဇန်နဝါရီ- ၆**

နှစ်ပေါင်း ၅၆ နှစ်တာ ကာလအတွင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံးခရီးစဉ်တွင် မြန်မာအစိုးရအား အချက်သုံးချက်ကို အဓိကထား၍ တိုက်တွန်းသွားသည်။

ကျန်ရှိနေသေးသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို လွှတ်ပေးရန်၊ ဧပြီ ၁ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲကို တရားမျှတ လွတ်လပ်စွာ ကျင်းပပေးရန်နှင့် ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသောစစ်ပွဲများကြောင့်နေရပ်အားစွန့်ခွာထွက်ပြေးလာရသော စစ်ပြေး ဒုက္ခသည်များအတွက် လူသားချင်းဆိုင်ရာ အကူအညီများ လွတ်လပ်စွာပေးနိုင်ရေးအပါအဝင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လေးနက်သော နိုင်ငံရေးဆွေးနွေးပွဲများကို စတင်ရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟော့ဂ်က တိုက်တွန်းခဲ့သည်။ ထိုအချက်များကိုမြန်မာအစိုးရအနေဖြင့် အကောင်အထည်ဖော်ခြင်းရှိမရှိကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ၆ ရက်ညနေတွင်ရန်ကုန်မြို့ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီ၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။



**ဒေါ်အောင်ဆန်းစုကြည်နှင့်ဝန်ကြီးဝီလီယံဟော့ဂ်တို့ ဗြိတိန်သံအမတ်နေအိမ်တွင် တွေ့ဆုံစဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထို့အပြင် အထက်ပါအချက်များကိုမြန်မာအစိုးရအကောင်အထည်ဖော်ခြင်းမှာ ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုဖယ်ရှားရေး၊ မဖယ်ရှားရေးဆုံးဖြတ်နိုင်ရန်အတွက်လည်း အရေးပါပြီး လာမည့် ဧပြီလအတွင်းအဆိုပါ အရေးယူပိတ်ဆို့မှုကိုဥရောပသမဂ္ဂကပြန်လည်ဆွေးနွေးရန်ရှိသည်ကို မြန်မာအစိုးရအနေဖြင့် အလေးအနက်ထားရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို လွှတ်ပေးသည်ဆိုရာတွင် အကုန်လွှတ်ပေးခြင်းမျိုးဖြစ်ပြီး မြန်မာနိုင်ငံကဲ့သို့ တစ်သုတ်ပြီးတစ်သုတ်လွှတ်ပေးနေခြင်းမျိုး ဗြိတိန်နိုင်ငံ အပါအဝင် ဥရောပနိုင်ငံအများစုတွင် မရှိကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ **အချပ်ပို(B) သို့**

---

# ဝါယာရှော့မီးလောင်မှု လျှော့ကျရန် ဌာနတစ်ခုတိုးချဲ့ဖွဲ့စည်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

ဝါယာရှော့ဖြင့် မီးလောင်မှုများလျော့နည်းစေရန် စက်မှုဝန်ကြီးဌာနလက်အောက်တွင်ရှိသော စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ်စစ်ဆေးရေးဌာနကို တိုးချဲ့ဖွဲ့စည်းခြင်းများပြုလုပ်မည်ဖြစ်ကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးကပြောကြားသည်။

"မီးကြိုးတွေ ကောင်းတာ၊ မကောင်းတာကို အချိန်ပိုင်းအလိုက် စစ်ဆေးမှုတွေ လုပ်နိုင်အောင် အဖွဲ့ကို အကြီးကြီးပြန်ဖွဲ့ဖို့ လုပ်နေပါပြီ" ဟုဝန်ကြီးက ပြောကြားခဲ့သည်။ အဆိုပါအဖွဲ့ကြီး ဖွဲ့စည်းပြီးပါက ရုံးဌာနများ၊ နေအိမ်များရှိ ဝါယာကြိုးများကို စစ်ဆေးနိုင်အောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအနေအထားအရ ယင်းအဖွဲ့အစည်းမှာလူအင်အားနည်းနေ၍စစ်ဆေးခြင်းများမပြုလုပ်နိုင်သောကြောင့် လာမည့်နှစ် ဆန်းပိုင်းမှစ၍ စစ်ဆေးခြင်းများအပြင် အကြံပေးခြင်းများဖြင့် ပြည်သူများကို ကူညီနိုင်သည်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လက်ရှိအဖွဲ့အစည်းမှာ လွတ်လပ်ရေးမရခင်ကတည်းက ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည် "ဒီအဖွဲ့စစစ်ပြီဆိုရင် အဆောက်အအုံအသစ်ရော၊ အဟောင်းတွေပါ စစ်ပြီး မကြိုက်ရင်၊ ကွာလတီညံ့တဲ့ ပစ္စည်းတွေ သုံးထားရင် ပြန်လဲခိုင်းမယ်။ ပီပီပြင်ပြင်လုပ်နိုင်အောင် ဖွဲ့စည်းတဲ့ သဘောပဲ" ဟု ဝန်ကြီးကပြောကြားခဲ့သည်။ ထို့အပြင် ကူးတို့ဆိပ်စက် ဆန်းမီးလောင်ပေါက်ကွဲမှုတွင် ဝါယာရှော့ကြောင့်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီး လျှပ်စစ်ဌာန၌ တာဝန်ရှိသည်ဟု ပြောကြားခဲ့သည့်အပေါ် တွင်လည်း ၎င်းမီးလောင်မှုမှာ ဝါယာရှော့ကြောင့် ဖြစ်ခြင်းမဟုတ်ခဲ့ကြောင်း၊ ဝါယာရှော့ကြောင့်ဖြစ်ခြင်းမှာ လျှပ်စစ်ဌာနနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမဟုတ်ဘဲ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ်စစ်ဆေးရေးဌာနကသာ တိုက်ရိုက်သက်ဆိုင်ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးဌာန ဥက္ကဋ္ဌက ပြောကြားသည်။



7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# လွတ်လပ်၊တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲဖြစ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတိုက်တွန်းမည်

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ - ၅**

လာမည့်ဧပြီ ၁ ရက်တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လွတ်လပ်တရားမျှတပြီး သိက္ခာရှိသောရွေးကောက်ပွဲဖြစ်ရန် ဆောင်ရွက်သွားလိမ့်မည်ဟု ယုံကြည်ကြောင်းနှင့် ထိုသို့ကျင်းပသွားရန်လိုအပ်သလို တိုက်တွန်းနှိုးဆော်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဝီလီယံဟေ့ဂ်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်ကြေညာထားသော ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ "ဒီလိုဆောင်ရွက်ရာမှာ လွတ်လပ်တရားမျှတပြီး သိက္ခာရှိတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ဆောင်ရွက်သွားလိမ့်မယ်လို့ယုံကြည်ပါတယ်။ ဒီလို ကျင်းပပေးဖို့လိုအပ်သလို တိုက်တွန်းနှိုးဆော်သွားမှာဖြစ်ပါတယ်"ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

အဆိုပါကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေး၌ ပါဝင်ဆောင်ရွက်လိုသော ပါတီအဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များ ပါဝင်လာကြမည်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် စိတ်ရင်းကောင်းဖြင့် ပါဝင်ဆောင်ရွက်လိုသူများအားလုံး ပါဝင်နိုင်ရေးကို လိုလားအားပေးခဲ့ကြောင်း ယင်းအတွက် လိုအပ်သောဥပဒေပြင်ဆင်မှုများကို ပြုလုပ်ပေးခဲ့ကြောင်းလည်း ယင်းက ဆက်လက်ပြောကြားသည်။

ယနေ့ တွေ့ဆုံပွဲမှာ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိရှိ ညှိနှိုင်းခန်းဆောင်တွင် မွန်းလွဲ ၁နာရီခန့်မှ ၄၅မိနစ်ကြာ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီအချို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြောင်းသိရသည်။

# အရန်ဆန် ဝယ်ယူရေးကြီးကြပ်မှု ကော်မတီစတင်ဖွဲ့စည်း

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ- ၇**

အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှု ကော်မတီကို ဒီဇင်ဘာ ၇ ရက်တွင် နေပြည်တော်၌ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ဆောင်ရွက်ပြီး ဦးခင်မောင်အေး (သမဝါယမ)နှင့် ဦးအောင်သန်းဦးတို့က ဒုတိယဥက္ကဋ္ဌများဖြစ်လာသည်။

"လာမယ့် အပတ်ကစပြီး ဝယ်ဖို့ဆုံးဖြတ်ထားပါတယ်"ဟု ထိုအဖွဲ့တွင်ပါဝင်သော စီးပွားကူးသန်းဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးတိုးအောင်က ပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တောင်သူများစပါးပေါ်ချိန်တွင် မနစ်နာစေရန် အာမခံဈေးဖြင့် အရန်ဆန်တန်ချိန် တစ်သန်းဝယ်ယူမည်ဟု ပြောကြားခဲ့သည်။

သို့သော်လည်း စပါးပေါ်ပြီး ဒီဇင်ဘာလကုန်ထိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက တန်ချိန် နှစ်ထောင်သာ ဝယ်ယူခဲ့ပြီး တခြားဝယ်သူမရှိသဖြင့် စပါးဈေးမှာလည်း တင်းတစ်ရာလဆင် သုံးသိန်းဝန်းကျင်သာရှိနေသည်။



**ဂိုဒေါင်တစ်ခုအတွင်းရှိ ဆန်အိတ်များ** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဦးပိန်တံတားအနီး ပန်းဥယျာဉ်တစ်ခု တည်ထောင်မည်

**ညီညီဇော်**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

အမရပူရမြို့ရှိ ကမ္ဘာကျော်ဦးပိန်တံတားနှင့် တောင်သမန်အင်းအနီးတွင် ပန်းဥယျာဉ်ကြီးတစ်ခု တည်ဆောက်ရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥယျာဉ်နှင့် ကစားကွင်းဌာနသို့ ဆက်သွယ်မေးမြန်းရာ အဆိုပါ စီမံကိန်းကို မိမိတို့မသိရှိပါကြောင်း၊ အမရပူရမြို့နယ် အုပ်ချုပ်ရေးမှူးကိုမေးရန် လမ်းညွှန်ခဲ့သည်။

"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ညွှန်ကြားမှုနဲ့ လုပ်တာပါ။ ခုလောလောဆယ်တော့ မြေရှင်းလင်းတဲ့ အဆင့်ပဲ ရှိပါသေးတယ်။ ကျန်တာ ဘာမှမသိရသေးပါဘူး" ဟု အမရပူရမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။ အဆိုပါ ပန်းဥယျာဉ်တွင် ကစားကွင်းပါဝင်လာနိုင်သည်ဟု မြို့ခံများက ခန့်မှန်းပြောကြားသည်။

ငင်းဥယျာဉ်ကိုတောင်သမန်အင်းနှင့် မယ်ဇယ်တန်းအနီးရှိ လင်းဇင်းကုန်းသုသာန်နေရာတွင် တည်ဆောက်မည်ဖြစ်သည်။ အမရပူရမြို့နယ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရောက်ရှိပြီး ၁၁ ရက်အကြာ မတ် ၁၄ ရက်မှစကာ ငင်းသုသာန်တွင် နာရေးကိစ္စများ မပြုလုပ်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အသိပေးကြေညာခဲ့သည်။

အမရပူရမြို့သည် ၂၀၁၁ ခုနှစ် မတ် ၃ ရက်မှစ၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လက်အောက်မှ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီလက်အောက်သို့ ရောက်ရှိသွားပြီဖြစ်သည်။ အမရပူရမြို့သည်မန္တလေးမြို့နှင့် ၇ မိုင်ခန့်အကွာတွင် တည်ရှိသော နန်းမြို့ဟောင်းတစ်ခုဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များ မန္တလေးရောက်တိုင်း မလာမဖြစ်လာရောက်ကြသည့်ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ နာမည်ကျော် စာသင်တိုက်ကြီးဖြစ်သော မဟာဂန္ဓာရုံကျောင်းတိုက်နှင့် နာမည်ကျော် ချိတ်လုံချည်အထည်များ ထွက်ရှိရာ မြို့တစ်မြို့ဖြစ်သည်။




**ပန်းဥယျာဉ်မြေနေရာကိုတွေ့မြင်ရစဉ်** ဓာတ်ပုံ - ညီညီဇော်

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပါတီမှတ်ပုံတင်ခွင့်ပြုချက်ရရှိ

**အေးမြကျော်**

**ရန်ကုန်- ဇန်နဝါရီ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပါတီ မှတ်ပုံတင်ခွင့်ကို ယနေ့(ဇန်နဝါရီ၅) ရက်စွဲဖြင့် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း အင်န်အယ်လ်ဒီ မှပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက 7 Day Newsသို့ အတည်ပြုပြောကြားသည်။

"ဒီနေ့ရက်စွဲနဲ့ စာနဲ့အကြောင်းကြားလာပါတယ်။ မှတ်ပုံတင်ခွင့်ပြုချက်အမှတ် ၄၇နဲ့ ခွင့်ပြုလိုက်တာပါ"ဟု ဦးဉာဏ်ဝင်းက ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ပါတီမှတ်ပုံတင်ခွင့်ပြုချက်ကျပြီဖြစ်သဖြင့်လာမည့်တနင်္လာနေ့(ဇန်နဝါရီ၉ရက်)မှစတင်ကာ ပါတီဝင်ခွင့်ပုံစံများကို တစ်နိုင်ငံလုံးသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းလည်း ဦးဉာဏ်ဝင်းက ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပါတီနှင့်ပတ်သက်သော စာစောင်များ၊ လက်ကမ်းစာစောင်များ ထုတ်ဝေသွားနိုင်ရန် ခွင့်ပြုချက်(နသ)ရရှိရန် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ ယနေ့ပင် သွားရောက်လျှောက်ထားနေပြီဖြစ်ကြောင်းလည်းသိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပါတီမှတ်ပုံတင်ခွင့်ကို ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် နေပြည်တော်ရှိပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်သို့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများကိုယ်တိုင် သွားရောက်လျှောက်ထားခဲ့သည်။

အင်န်အယ်လ်ဒီမှာ ပါတီပြန်လည်မှတ်ပုံတင်၍ အနာဂတ်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ဆုံးဖြတ်ချက်ကို ၂၀၁၁ နိုဝင်ဘာ ၁၈ရက်တွင် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ပါတီတည်ထောင်ခွင့်ကိုနိုဝင်ဘာ ၂၅ရက်တွင် သွားရောက်လျှောက်ထားခဲ့သည်။

ယခုအခါ ပါတီက ကြားဖြတ်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများရွေးချယ်ရန် ပါတီဝင်များထံမှ အဆိုပြုလွှာများကို ဇန်နဝါရီ၁၁ရက်နောက်ဆုံးထား၍ တောင်းခံထားသည်။ ကိုယ်စားလှယ်လောင်းများမှ ဒီမိုကရေစီကို သစ္စာစောင့်သိသူ၊ ပညာအရည်အချင်းနှင့်အလုပ်အကိုင် အတွေ့အကြုံရှိသူ၊ တိုင်းရင်းသားများ၊ အမျိုးသမီးနှင့်လူငယ်များကို ဦးစားပေးရွေးချယ်မည်ဖြစ်ကြောင်း ပါတီကတရားဝင်ကြေညာထားသည်။

# ဘတ်ဂျက်ပြဋ္ဌာန်းမည့်လွှတ်တော်အစည်းအဝေးများ ဇန်နဝါရီ ၂၆ရက်တွင် စတင်မည်

**ရန်ကုန်၊ ဇန်နဝါရီ - ၄**

၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်သစ်အတွက် နိုင်ငံတော် ရသုံးခန့်မှန်းခြေငွေစာရင်း(ဘတ်ဂျက်)ကို ရေးဆွဲပြဋ္ဌာန်းမှုပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများကို လာ မည့် ဇန်နဝါရီ ၂၆ ရက် (ကြာသပတေးနေ့)တွင် ပြန်လည်ကျင်းပ မည်ဖြစ်ကြောင်း ဇန်နဝါရီ၄ရက်ထုတ် နိုင်ငံပိုင် သတင်းစာများ တွင် ဖော်ပြထားသည်။

လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများက ဇန်နဝါရီ ၃ ရက် နေ့စွဲဖြင့် ကြေညာချက်ကို ဇန်နဝါရီ ၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ တွင် ဖော်ပြထားခြင်းဖြစ်သည်။ ဇန်နဝါရီ ၂၆ရက်တွင် ကျင်းပမည့် လွှတ်တော်အစည်းအဝေးများမှာ တတိယအကြိမ်ကျင်းပမည်ဖြစ်သည်။

စာ(၁၂)သို့

7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

## ဥရောပသမဂ္ဂရုံးခွဲ မြန်မာနိုင်ငံတွင် ဖွင့်လှစ်မည်



**အီးယူအဆင့်မြင့်အရာရှိတစ်ဦးဖြစ်သော အင်ဒရူးမစ်ချယ် မြန်မာနိုင်ငံသို့လာရောက်စဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်၊ ဇန်နဝါရီ-၈**

အကူအညီပေးရေးလုပ်ငန်းစဉ်များနှင့်တွေ့ဆုံဆွေးနွေးရေးများကို လုပ်ဆောင်သွားနိုင်ရန် ဥရောပသမဂ္ဂ(European Union)၏ရုံးခွဲတစ်ခုကိုမြန်မာနိုင်ငံတွင်လာရောက်ဖွင့်လှစ်သွားရန်အီးယူပြောရေးဆိုခွင့်ရှိသူတစ်ဦးအားကိုးကား၍ ရိုက်တာသတင်းဌာနတွင်ဖော်ပြထားသည်။

ရန်ကုန်မြို့တွင် အီးယူ၏ရုံးခွဲဖွင့်လှစ်နိုင်ရန် မြန်မာအစိုးရနှင့် ညှိနှိုင်းမှုများပြုလုပ်ပြီး သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒဌာနမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်ဟု သတင်းတွင်ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် အီးယူရုံးခွဲဖွင့်လှစ်သော်လည်း ဘန်ကောက်တွင် အခြေစိုက်သည့် အီးယူသံအမတ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ထားရှိမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အစိုးရသစ်တက်လာပြီး ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာပြီးနောက် အီးယူအနေနှင့် စောင့်ကြည့်မှုများပြုလုပ်ခဲ့ကာ မြန်မာနိုင်ငံကို ကူညီထောက်ပံ့မှုများပြုလုပ်ပေးနိုင်ရန် ဆက်လက်စောင့်ကြည့်မှုများလည်း ပြုလုပ်လျက်ရှိကြောင်း အီးယူပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

# တရားဥပဒေကို ညွှန်ကြားချက်များ နှုတ်မိန့်များလွှမ်းမိုးမှုမရှိတော့ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ- ၆**

တရားရေးမဏ္ဍိုင်ကိုယိမ်းယိုင်စေသော အကြောင်းအရာများ ဖြစ်သည့် ညွှန်ကြားချက်နှင့် နှုတ်မိန့်တို့၏ လွှမ်းမိုးမှုများ ယခုအချိန်ကစ၍ မရှိတော့ကြောင်းပြန်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဌ သူရဦးအောင်ကိုက ဒီဇင်ဘာ ၂၉ ရက်တွင် မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

“တရားဥပဒေကို ညွှန်ကြားချက်က လွှမ်းမိုးထားရင်၊ ညွှန်ကြားချက်ကို နှုတ်မိန့်က လွှမ်းမိုးထားရင်၊ တရားရေးမဏ္ဍိုင်တိမ်းစောင်းယိမ်းယိုင်သွားမှာ ဖြစ်ပါတယ်။ ဒီနေ့ လွှမ်းမိုးမှုတွေမရှိတော့ကြောင်း အတိအလင်း ပြောကြားလိုပါတယ်”ဟု အဆိုပါကော်မတီရုံးတွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ် သူရဦးအောင်ကိုက ပြောကြားခဲ့ခြင်းဖြစ်သည်။

တရားရေးမဏ္ဍိုင်ကို ယိမ်းယိုင်စေသော အကြောင်းတရားများတွင် လွတ်လပ်သော တရားစီရင်ရေးစနစ်မရှိခြင်း(အမိန့်ပေးစနစ်လွှမ်းမိုးခြင်း)၊ ထင်သာမြင်သာသောတရားစီရင်မှုမရှိခြင်းနှင့် အဂတိလိုက်စားခြင်းတို့ဖြစ်ကြောင်း ဒီမိုကရေစီစနစ်ကိုအောင်မြင်စွာ ဖော်ဆောင်နိုင်ဖို့ဆိုလျှင် တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရေး၊ တရားဥပဒေစိုးမိုးရန် အထူးလိုအပ်ကြောင်းလည်းယင်းကဆက်လက်ပြောကြားသည်။

တရားရေးမဏ္ဍိုင် တိမ်းစောင်းယိမ်းယိုင်နေမှုတွင် တရားသူကြီး၌သာ တာဝန်ရှိသည် မဟုတ်ဘဲ ဥပဒေဝန်ထမ်းများ၊ ရှေ့နေများ၊ တရားလို၊ တရားပြိုင်၊ တရားခံများ၊ တရားရုံးဝန်ထမ်းများ၊ အမှုပွဲစားများစသည့် တရားရေး အဝန်းအဝိုင်း၌ ပါဝင်လုပ်ဆောင်နေသူအားလုံးတွင်တာဝန်ရှိကြောင်းလည်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

တရားဥပဒေ စိုးမိုးရေးနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော် ဥက္ကဌ သူရဦးရွှေမန်းကလည်း ဗြိတိန်နိုင်ငံခြားရေးနှင့်ဓနသဟာယရေးရာဝန်ကြီး မစ္စတာဝီလီယံဂျက်ဖာဆန်ဟေ့ဂ်နှင့် ယမန်နေ့ကတွေ့ဆုံစဉ်“တရားဥပဒေစိုးမိုးရေးကိုလည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

လွှတ်တော်၏ အခန်းကဏ္ဍသည် ဥပဒေပြုစုပြဋ္ဌာန်းရေး ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းတိုးတက်ရန်လိုအပ်သော ဥပဒေများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းဥပဒေများကို အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပြည်သူများလိုက်နာရေးကိုလည်းစောင့်ကြည့်ထိန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

## ၂၀၁၂ ဇန်နဝါရီ ၁၁ မှ ၁၇ ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ နဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန် ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာ ဖြစ်ထွန်းနိုင်ပါတယ်။ ခန့်မှန်းကာလအတွင်း အနောက်လေစီးကြောင်းများအတွင်း မျောပါလာတဲ့ လေဖိအားနည်းချိုင့်ဝှမ်း ဖြတ်သန်းမှုကြောင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနဲ့ အလယ်ပိုင်းတို့မှာ တိမ်စွယ်တန်းများ တစ်ကြိမ်ခန့် ဖြတ်သန်းသွားဖွယ်ရာရှိပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်၊ တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ တစ်ခါတစ်ရံ အရှေ့လေပြင်းများ ကျရောက်နိုင်ပြီး လှိုင်းအသင်းအတင့်ရှိနိုင်ပါတယ်။ ရေပြင်မြေပြင် လေဟာ တစ်နာရီ ၂၅ မိုင်မှ ၃၀ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဇန်နဝါရီလ ဒီဇင်ဘာလလ(၃၁)ရက်နေ့မှ ဇန်နဝါရီလ(၆)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်း နှင်းမိုးရွာသွန်းခဲ့သော မိုးရေချိန် ၀. ၂ လက်မမှ ၀. ၈ လက်မအထိရွာသွန်းခဲ့သော ဒေသများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စသည်တို့ဖြစ်ကြပြီး မိုးရေချိန်၀. ၂လက်မမှ၀. ၈လက်မအထိမိုးအနည်းငယ်ရွာသွန်းခဲ့သောဒေသများမှာ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသများမှာ ဖြစ်ကြပါတယ်။ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

လာမယ့် ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းစွန်းမှာ နှင်းမိုးများနဲ့အတူ မိုးအနည်းငယ်တစ်ကြိမ် ရွာသွန်းနိုင်ပြီး တောင်ပိုင်းစွန်းဒေသများမှာ မိုးအနည်းငယ် (၂)ရက်မှ(၃)ရက်ခန့် နေရာကွက်ကျားရွာသွန်းနိုင်တာကလွဲရင် တစ်ပြည်လုံးမှာ သာယာပါ့မယ်။

**ညအပူချိန်များ**

ညအပူချိန်များ အနေနဲ့ကတော့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းမြောက်ပိုင်းတို့မှာ ဖြစ်မြဲအောက်လျော့ပြီး အအေးပိုနိုင်ပါတယ်။ အထူးသဖြင့် ချင်းပြည်နယ် နဲ့ ရှမ်းပြည်နယ်ကုန်းမြင့်ဒေသများမှာ ညအပူချိန်များသိသိသာသာ ကျဆင်းနိုင်ပါတယ်။ ရခိုင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတောင်ပိုင်းတို့မှာ ညအပူချိန်များဟာ ဖြစ်မြဲခန့်သာ ရှိနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ဖြစ်မြဲထက်ပိုပြီး အအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး ရေများကျဆင်းမှု ဆက်လက်ဖြစ်ပေါ်နေပါက နောက်ပိုင်းရက်များမှာ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို သတိထားဖို့လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန်အခြေအနေမရှိသဖြင့် အရှေ့လေပွေလှိုင်းကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

**ဒေါက်တာထွန်းလွင်**

# အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဆုနှင့်ဇာတ်လမ်းတိုဆုတို့ကို ‘ကြိုး’၊ Click in Fear ရရှိ

**ဝေယံ**

**ရန်ကုန်၊ ဇန်နဝါရီ ၅**

လွတ်လပ်ခြင်း အနုပညာပြပွဲတွင် အကောင်းဆုံးရုပ်ရှင်ဇာတ်လမ်းတိုဆုနှင့် အကောင်းဆုံးမှတ်တမ်းရုပ်ရှင် Documentary ဆုတို့ကို ဒါရိုက်တာမင်းသိုက်၏ ကြိုးဇာတ်လမ်းနှင့် ဓာတ်ပုံဆရာ စိုင်းကျော်ခိုင် ရိုက်ကူးသည့် Click in Fear တို့ကရရှိပြီး ဒေါ်အောင်ဆန်းစုကြည်က တက်ရောက်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်တွင် ဆုငါးဆုချီးမြှင့်ခဲ့ပြီး ဒါရိုက်တာမင်းသိုက်နှင့် ဓာတ်ပုံသတင်းထောက် စိုင်းကျော်ခိုင်တို့ရိုက်ကူးထားသည့်အကောင်းဆုံးဇာတ်လမ်းတိုဆုနှင့် အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဆုအပြင် ဒါရိုက်တာဝိုင်းရိုက်ကူးရရှိသည့် "အဲဒီအခန်းဖြတ်"မှာ ပရိသတ် အကြိုက်ဆုံးရုပ်ရှင်ဇာတ်ကားဆု၊ ဒါရိုက်တာဇော်ဘိုဘိုဟိန်း ရိုက်ကူးရရှိသည့် Unity & freedom မှာအကောင်းဆုံး Animation ဆု၊Still in the dark ဇာတ်ကားဖြင့် ဒါရိုက်တာအောင်ဇော်မိုး ရရှိသည့် အကောင်းဆုံးမျက်နှာသစ်နှင့်အငယ်ဆုံးဒါရိုက်တာဆုတို့ကိုဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ဆုပေးခဲ့ကြောင်း သိရသည်။

အကောင်းဆုံးဇာတ်လမ်းတိုဆုရရှိသည့်ဒါရိုက်တာမင်းသိုက်၏ "ကြိုး"ဇာတ်လမ်းမှာ ရန်ကုန်မြို့၏နံနက်ခင်းနှင့်လူတစ်ယောက်၏နံနက်စာတစ်နပ်အတွက်အခက်အခဲကို ခေါင်းလောင်းကြိုးတစ်ချောင်းဖြင့် သရုပ်ဖော်ရိုက်ကူးဖေါ်ပြထားသည်။ အကောင်းဆုံးမျက်နှာသစ်နှင့် အငယ်ဆုံးဒါရိုက်တာဆုရရှိသည့်ဒါရိုက်တာအောင်ဇော်မိုး၏ Still in the dark ဇာတ်ကားမှာလည်း အမှောင်ချိန်အတွင်းမှလူတစ်ယောက်အကြောင်းကို မော်ဒန်ဇာတ်လမ်းတစ်ခုပုံစံတင်ဆက်ထားသည်။




အဆိုပါ ဇာတ်လမ်းတို့အတွက်ဆုများကို ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဇာဂနာနှင့် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်နောက်ဆုံးအဆင့်ညှိနှိုင်းရွေးချယ်ဆုံးဖြတ်ခဲ့ပြီး ပရိသတ်အများဆုံးရွေးချယ်ခံရသော ဆုမှာ မဲဆန္ဒ ၁၀၀၅၄ မဲမှ ၇၀၁၁ မဲဖြင့် ပရိသတ်ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဆုမဲဆုံးဖြတ်ချက်အတွက် တက်ရောက်လာသည့် ပရိသတ်အများစုမှာမကျေမလည်ဖြစ်ခဲ့မှုများရှိခဲ့ကြောင်း ပရိသတ်အချို့မှ သိရသည်။

## မင်္ဂလာပါဒီမိုကရေစီရုပ်ရှင်ပွဲတော် ကျင်းပမည်

**ဝေယံ**

**ရန်ကုန်၊ဇန်နဝါရီ ၅**

ရုပ်ရှင်ဇာတ်လမ်းတိုပေါင်း ၁၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်အောင်မြင်ခဲ့သော လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်အပြီး"မင်္ဂလာပါဒီမိုကရေစီ"အမည်ဖြင့် ရုပ်ရှင်ပွဲတော်တစ်ခု ထပ်မံကျင်းပရန်ရှိကြောင်းသိရသည်။

ထပ်မံကျင်းပမည့် "မင်္ဂလာပါဒီမိုကရေစီ" ရုပ်ရှင်ပွဲတော်မှာ ကျင်းပမည့်ရက် နောက်ဆုံးပေးပို့ရမည့်ရက်တို့ကို မကြာမီထုတ်ပြန်သွားမည်ဟု သိရပြီး ယခင်ဇန်နဝါရီလ ၄ရက်နေ့တွင်ကျင်းပခဲ့သည့် လွတ်လပ်ခြင်း အနုပညာရုပ်ရှင်ပွဲတော်မှာ ၁၈၈ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ဇာတ်ကား ၁၅ ကားထက်မနည်းသော ပြည်ပမှ ပေးပို့သည့်ကားများမှာလည်း အင်တာနက် ကွန်နက်ရှင် အခက်အခဲကြောင့် ပြိုင်ပွဲမှပယ်ဖျက်ခဲ့ရသည်။ထိုပွဲ၌ ဆုပေါင်းငါးဆု ရွေးချယ်ကာ ပြည်ပတွင် ရုပ်ရှင်ပညာလေ့လာသင်ကြားခွင့်ရမည့်ဆုအထိပါ ဝင်ခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က " ရှင်းပြချက်နည်းတဲ့ရုပ်ရှင်တွေကို အကြိုက်ဆုံးပါပဲ။ အမူအရာနဲ့ ရှုခင်းတွေနဲ့ပဲဖော်ပြသရုပ်ဆောင်ထားတဲ့၊ ရှင်းပြချက်စာသားတွေ မပါတဲ့ ရုပ်ရှင်တွေကို ကျွန်မကြိုက်ပါတယ်" ဟု ပြောကြားခဲ့သည်။

# မီးလောင်ပေါက်ကွဲခဲ့သော ဂိုဒေါင်မြေကျင်းအောက်ခြေမှ ယမ်းစိမ်းဆယ်အိတ်ကျော် ထပ်မံတွေ့ရှိဟုဆို



မီးလောင်ပေါက်ကွဲရာနေရာတွင် မီးကြွင်းမီးကျန်များအားငြိမ်းသတ်နေစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

မီးလောင် ပေါက်ကွဲခဲ့သော မေတ္တာမွန်ဂိုဒေါင်အုပ်စု၏ ဂိုဒေါင်နံပါတ် ၇၉ အောက် မှ ယမ်းစိမ်း ၁၀အိတ်ကျော်ထပ်မံတူးဖော် ရရှိကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးသင်းဌေးရွှေကဆိုသည်။

"ပေါက်ကွဲသွားသော ဂိုဒေါင်ကိုရှင်းရင်းနဲ့ထပ်တွေ့ရတာ။ ဓာတုဗေဒပစ္စည်းထည့်ထားတဲ့တိုင်ကီတွေလည်း ထပ်တွေ့သေးတယ်လို့ကြားတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

အဆိုပါဓာတုဗေဒပီပါများသည်ချေးချွတ်ဆေးမှုန့်များဖြစ်ပြီးမပေါက်ကွဲနိုင်သည့် ပစ္စည်းများဖြစ်သည်ဟုဆိုသည်။ သို့သော် ယင်းဆေးမှုန့်များသည် မျက်လုံး၊ အသားအရေများကိုထိလျှင် အန္တရာယ်ရှိကြောင်း ဓာတုဗေဒပညာရှင်တစ်ဦးကပြောသည်။

"ညကမီးခိုးတွေ ထွက်လာပြီး မီးတွေတောက်လာလို့သက်ဆိုင်ရာကို အကြောင်းကြားထားတယ်။ အခုချိန်ထိ မီးသတ်ကားတွေကစောင့်ပြီး ရေဖျန်းနေကြတယ်"ဟု ကူးတို့ဆိပ်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးကဆိုသည်။

အဆိုပါဂိုဒေါင်ပေါက်ကွဲမှုသည် ယမ်းစိမ်းများနှင့် ပရဆေးများဖြစ်သည့် ဇဝက်သာ၊ ကန့်၊ ဆလဖာစသည့်ပစ္စည်းများနှင့် မီးလောင်ဓာတ်ပြုမှုကြောင့် ပေါက်ကွဲရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

သို့သော်လက်ရှိဖြစ်ပေါ်နေသော အကျိုးဆက်များကြောင့် မှုခင်းတပ်ဖွဲ့ (CID) အပါအဝင် တာဝန်ရှိ အဖွဲ့အစည်းများက စုံစမ်းစစ်ဆေးမှုများ ထပ်မံပြုလုပ်လျက်ရှိသည်။

အဆိုပါပေါက်ကွဲမှုကြောင့် ရန်ကုန်မြို့တွင် ၃ ဒသမ ၂ ရစ်ချ်စတာစကေးရှိ ငလျင်တစ်ခု၏ ပြင်းအားနှင့်ညီသော လှုပ်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ပေါက်ကွဲမှုဖြစ်ခဲ့သည့် ဂိုဒေါင်နေရာတွင်လည်း အကျယ်ပေ ၂၀၊ အနက် ၁၅ ပေကျင်းတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ယခုတွေ့ရှိရသည့် ယမ်းစိမ်းများမှာ အဆိုပါကျင်းအောက်မှဖြစ်သည်။

Life

7DAY NEWS JOURNAL

Vol.10, No.43 · JANUARY 12, 2012



# နေညိုချိန် ပလက်ဖောင်းပေါ်က ဘဝတစ်ခု

ယုဇနကိုကို

**အဘွားအိုတစ်ဦးကမသောက်ရသည်မှာ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်သည့် ချိုစိမ့်လက်ဖက်ရည်တစ်ခွက်ကို တစ်ငုံချင်းဖြည်းဖြည်းသောက်သည်။ ထို့နောက် နှုတ်က ပထမဆုံးထွက်လာသည့် တုန်တုန်ရီရီစကားလုံးများက "အဘွားက အပျိုကြီးပါ။ မိသားစုဝင်အနေနဲ့ ညီမလေးတစ်ယောက်ရှိပါတယ်။ အဘွားညီမက အသက်ခြောက်ဆယ့်သုံးနှစ်ရှိပြီ"ဟူ၍ဖြစ်သည်။**

လက်ဖက်ရည်ခွက်ဘေးနားရှိ ရွှေကြည်မုန့်ကို လက်ဖက်ဇွန်းသေးလေးနှင့် နည်းနည်းချင်းဖဲ့ကာ စားနေရင်းက ဘဝနေဝင်ချိန်ရောက်ခါနီးချိန်အထိ ကြမ်းတမ်းစွာရုန်းကန်နေရသည့် ဘဝကို ပြန်ပြောပြလာသည်။

အဘွားအို၏အမည်မှာ ဒေါ် သီသီဖြစ်ပြီး ၆၇ နှစ်ရှိပြီဖြစ်သည်။ အသားရောင် ညိုခြောက်ခြောက်ကိုပိုင်ဆိုင်ထားပြီး အပေါ်သွားလေးချောင်းသာရှိသည်။

အသက် ၆၇ ၏ဇရာထက် ပင်ပိုလွန်ကာ အဘွားဒေါ်သီသီ၏ ခါးများမှာအတော်ပင် ကိုင်းနေပြီဖြစ်သည်။

ယောဂီရောင်ခေါင်းပေါင်းစ တစ်ခုကိုခေါင်းတွင်အပြည့်ခြုံကာ ယောဂီရောင်ထဘီနှင့်အင်္ကျီ ဝမ်းဆက်ပေါ်တွင် ပန်းနုရောင်ပွင့်ဖတ်အဆင် ခပ်နွမ်းနွမ်းအနွေးထည်ပါးလေးတစ်ထည်ကို အမြဲလိုလိုဝတ်ဆင်ထားသည့် ထိုအဘွားအိုတွင် ညနေသုံး နာရီခန့်မှ ည ၈ နာရီခန့်အထိ နေ့စဉ်မပျက်မကွက် လုပ်ရသောအလုပ်တစ်ခု ရှိနေသည်။

ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ်ရှိ မီးပွိုင့်တစ်ခုနှင့် မနီးမဝေး ပလက်ဖောင်းအုတ်ခုံလေးတစ်နေရာတွင်အဘွားဒေါ်သီသီနေ့စဉ်လိုလိုထိုင်၍ စေတနာရှင်များထံမှ အလှူခံရခြင်း ဖြစ်၏။

ဇရာကြောင့် တွန့်နေပြီဖြစ်သည့် အညိုရောင် ခြောက်ခြောက်လက်အစုံကို ဖြန့်ကာ ခေါင်းကိုငုံပြီး စေတနာရှင်များထံမှ ငွေစအချို့ တောင်းခံရသည်။

တစ်ချက်တစ်ချက်တွင်အဘွား၏ နှုတ်အစုံမှ ဆုတောင်းရေရွတ်သံတိုးတိုးထွက်ပေါ်လာတတ်သည်။

အဘွားအနေဖြင့် ယခုကဲ့သို့ လမ်းဘေးပလက်ဖောင်းလေးတွင် ထိုင်ကာ လမ်းသွားလမ်းလာများထံမှ ပိုက်ဆံအလှူခံရသည့် တောင်းရမ်းခြင်းအလုပ်ကို လုပ်ကိုင်နေရခြင်းအကြောင်းရင်းက နောက်ကွယ်တွင် ရှိနေသည်။

ယခင်က ပန်းရောင်းရင်း ကျင်လည်ခဲ့ရသည့်အချိန်များက နှစ်လေးဆယ်ထက်မကတော့။ ယခင်က ဈေးရောင်းခြင်းသာ အသက်မွေးဝမ်းကျောင်း ကျင်လည်ခဲ့ရသည်။

မန္တလေးသူဖြစ်သည့် အဘွားဒေါ်သီသီသည် အလုပ်ကြမ်းသမားလုပ်ကာ မိသားစုကို ကျွေးမွေးခဲ့သည့် ဖခင်ဖြစ်သူနှင့် မြန်မာမုန့်လေးများ လုပ်ရောင်းသော မိခင်ဖြစ်သူတို့ ကို ကူညီရန်အတွက် ပဥ္စမတန်းအထိသာပညာသင်ကြားခဲ့ရသည်။

ဆယ့်သုံးနှစ်သမီးအရွယ်တွင် ရန်ကုန်သို့ အခြေချ ပြောင်းရွှေ့လာခဲ့သည့် အဘွားဒေါ်သီသီတို့မိသားစုသည် ယခုအချိန်တွင်မူ သူမနှင့်ညီမဖြစ်သူတို့သာ ကျန်ရှိတော့သည်။

သို့သော် လွန်ခဲ့သော ခုနစ်နှစ်တာကာလခန့်က ဒေါ်သီသီတစ်ယောက် ယခုကဲ့သို့ အခြေအနေသို့ရောက်ရှိလာစေမည့် အကြောင်းရင်းတစ်ခု ဖြစ်တည်လာခဲ့သည်။

တစ်ဦးတည်းသောညီမဖြစ်သူက ၅၆နှစ်အရွယ်မှ စတင်၍ ယခုအချိန်အထိ ကိုယ်တစ်ပိုင်းသေကာ လေဖြတ်သွားခြင်းဖြစ်သည်။

ထိုအချိန်မှစတင်ကာ ညီမဖြစ်သူကို ပန်းရောင်းရင်းနှင့် ပြုစုကျွေးမွေးခဲ့ရသည်။

သို့သော် နံနက်သုံးနာရီဝန်းကျင်ခန့်မှစတင်၍ ပန်းဈေးတွင် တိုးဝှေ့ကာပန်းများကို အလုအယက်ဝယ်ယူရခြင်းနှင့် ဈေး၌ တစ်ဖန် မနက်တစ်ချိန်၊ ညနေတစ်ချိန် ဈေးရောင်းရသည့်အတွက် အားအင်များသည် တဖြည်းဖြည်း ကုန်ခန်းလာခဲ့သည်။


သို့သော် အင်အားများကုန်ခန်းလာသော်လည်း လူမမာညီမအတွက်ဟူသောစိတ်ဖြင့် အားတင်းပြီး ပန်းများကိုဆက်လက်ရောင်းနေခဲ့သည်။

"အားတင်းပြီးရောင်းခဲ့ပါတယ်။ စီးပွားရေးလုပ်တယ်ဆိုတာ မကောင်းတဲ့အခါမကောင်းဘူးပေါ့။ မကောင်းတဲ့အချိန်မှာ သူများဆီမှာ ပိုက်ဆံသွားချေးရင် မျက်ရည်တောက်တောက်ကျခဲ့ရပါတယ်" ဟူသောစကားလုံးများကို အဘွားအိုက မျက်ရည်များကျရင်း ပြောပြလာသည်။

ပန်းရောင်းခြင်းအလုပ်ကို မလုပ်နိုင်တော့ခြင်းနှင့် အခြားစီးပွားရေးတစ်ခုကို ပြောင်းရွှေ့လုပ်ကိုင်နိုင်ရန်အတွက် အခြားသူများထံ ငွေကြေးအကူအညီတောင်းခံသည့်အခါမျိုးတွင် အခက်အခဲများစွာဖြင့် အနှိမ်ခံဘဝထဲမှ ရုန်းမထွက်နိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ကိုယ်တစ်ပိုင်းသေနေသော ညီမဖြစ်သူကိုပြုစုကျွေးမွေးနိုင်ရန်အတွက်လည်းကောင်း နောက်ဆုံးတွင် အဘွားအိုတစ်ယောက် သူမ၏ဘဝတွင် တစ်ကြိမ်တစ်ခါမျှ စိတ်ကူးမျှပင် မရှိခဲ့ဘူးသည့် အလုပ်တစ်ခုကို လုပ်ရတော့မည်ဟု ဆုံးဖြတ်ချက်ခဲ့ခြင်း ဖြစ်သည်။

စာ(၁၁)သို့

# ဒီကနေ့လည်း ချက်ကြရအောင်



## ဆီးဖြူသီးထောင်းသုပ်



ဆီးဖြူသီးထောင်းသုပ်က အရည်သောက်ဟင်းတွေနဲ့အလွန်ပဲ လိုက်ဖက်ပါတယ်။ ဆီးဖြူသီးက ဖန်ဖန်ချိုချိုလေးနဲ့မို့ အထူးသဖြင့် ပူပူနွေးနွေးဟင်းချိုတွေနဲ့ဆိုပိုပြီးလိုက်ဖက်တာပါ။

ဒီအသုပ်အတွက်လိုအပ်တာကတော့ဆီးဖြူသီး၊ ငရုတ်သီးစိမ်း၊ ပုစွန်ခြောက်မှုန့်၊ ကြက်သွန်နီဆီချက်၊ ကြက်သွန်မြိတ်တို့ပဲ ဖြစ်ပါတယ်။ ဆီးဖြူသီးထောင်းသုပ်ဖို့အတွက် ရေစင်စင်ဆေးထားတဲ့ ဆီးဖြူသီးလေးတွေကိုခပ်ပါးပါးလှီးပါမယ်။ အလယ်က အစေ့ပါတာကြောင့် အစေ့ပတ်ပတ်လည်ကနေလှီးပြီးအစေ့ကို ဖယ်လိုက်ရုံပါပဲ။ လှီးထားတဲ့ ဆီးဖြူသီးတွေကို ငရုတ်သီးစိမ်း၊ ပုစွန်ခြောက်တွေထောင်းထားတဲ့ ငရုတ်ဆုံထဲကိုထည့်ပြီး ဆက်ထောင်းပါမယ်။ ကြေညက်သွားအောင် ထောင်းပြီးသွားရင် ကြက်သွန်နီဆီချက်ဝါလေးကိုအနေတော်ဆမ်း၊ ဆားအနည်းငယ်ထည့်ပြီး နယ်လိုက်ပါ။ အရသာအနေတော်ပဲဆိုရင် ကြက်သွန်မြိတ်ပါးပါးလှီးထားတာလေးဖြူးပြီးတော့ စားလို့ရပါပြီ။

ဆီးဖြူသီးက အသားယားယံတဲ့လူတွေ၊ သွေးယားလို့ အဖုအဖိန့်ထွက်တဲ့လူတွေ စားလိုက်ရင်ချက်ချင်းသက်သာတယ်လို့မီးဖိုချောင်ဆေးဝါးတစ်မျိုးအဖြစ်ဆိုထားကြတာပါ။ ဒါကြောင့် ကျန်းမာရေးနဲ့လည်းညီ အရသာလည်းရှိတဲ့ ဆီးဖြူသီးထောင်းသုပ်ကို ကျေနပ်ကြပါစေ။

စျေးဝယ်ထွက်မယ်

# အမြင်ဆန်းပြီး ချစ်စရာကောင်းတဲ့ ခရစ်စတယ်ပန်းတွေရှိတဲ့နေရာ


**မေပယ်လ်**

နေအိမ်၊ ရုံးခန်းလေးတွေ သပ်သပ်ရပ်ရပ်လှလှပပလေးရှိနေဖို့အတွက် အမျိုးမျိုးအဖုံဖုံသောပစ္စည်းတွေနဲ့ အလှဆင်လေ့ရှိကြပါတယ်။


အလှဆင်ဖို့ပစ္စည်းရွေးချယ်တဲ့အခါမှာ ထူးထူးခြားခြားလေးနဲ့ လှပဆွဲဆောင်မှုရှိတဲ့ပစ္စည်းလေးတွေ ရွေးချယ်တတ်ဖို့ကလည်း အရေးကြီးတဲ့အတွက်အိမ်ခန်းအလှဆင်ပစ္စည်းလှလှတွေရှိတဲ့နေရာတစ်ခုကို လမ်းညွှန်ပေးချင်ပါတယ်။


ဖန်ပွင့်ချပ်လေးတွေ၊ ဖန်လုံးလေးတွေကို အလူမီနီယံကြိုးလေးတွေနဲ့ လက်ရာမြောက်လုပ်ထားတဲ့ Crystal Flower ခေါ်တရုတ်နိုင်ငံထုတ် ချစ်စရာစားပွဲတင်အလှဆင်ပန်းလေးတွေက မြင်တဲ့သူတိုင်းကိုဆွဲဆောင်နိုင်တာကြောင့် ပစ္စည်းလှလှချစ်သူတွေ အကြိုက်တွေ့မှာပါ။

အရောင်အသွေးစုံတဲ့ကြွေကိုယ်ထည်လေးတွေပေါ်မှာ ဒီဇိုင်းလှလှ ဖန်တီးထားတာဖြစ်ပြီး









ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လျှပ်စစ်မီးထွန်းလို့ရတာတွေလည်းရှိပါတယ်။

မီးမပါဘဲဖန်ပန်းဒီဇိုင်း သီးသန့်ပစ္စည်းလေးတွေဆိုရင်ကျပ်တစ်သောင်းခွဲကနေ ကျပ်ငါးသောင်းလောက်အထိ ဈေးရှိပြီး လျှပ်စစ်မီးပါတာဆိုရင် ကျပ်ခြောက်သောင်းခွဲကနေ ကျပ်လေးသိန်းလောက်ထိ ဈေးရှိပါတယ်။

စားပွဲတင်မဟုတ်ဘဲ အခန်းထဲမှာချထားပြီးအလှဆင်နိုင်တဲ့ပန်းအိုးအရှည်လေးတွေလည်းရှိပြီး ကျပ်တစ်သိန်းကျော်ကနေကျပ်လေးသိန်းအထိဈေးနှုန်းသတ်မှတ်ထားပါတယ်။

ပစ္စည်းတွေကလည်း အမျိုးအစားအလိုက်ရွေးချယ်စရာဒီဇိုင်း ၄၀ ကျော်ရှိတာကြောင့် အိမ်မှာ၊ ရုံးခန်းမှာသုံးဖို့အပြင် လက်ဆောင်ပေးဖို့လည်း မျက်နှာပန်းလှမယ့် ပစ္စည်းလေးတွေ ရှိတဲ့ နေရာက Shu Tone Crystal Flower Shop အမှတ် ၅၆၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်မှာပါလို့ ဒီတစ်ပတ်ဈေးဝယ်ထွက်ဖို့ လမ်းညွှန်ပေးလိုက်ပါတယ်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

# ထီအထူးဆုကျပ်သိန်း ၁၅၀၀ စတင်ချီးမြှင့်မည်

## ထိုဆုအပါအဝင် ဆုမဲပေါင်း ၁၀၀၀ကျော် ထပ်တိုးချီးမြှင့်ခြင်းဖြစ်

**မေဝင်းမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၅**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ထီအထူးဆုကြီးတိုးမြှင့်လိုက်ခြင်းက ထီဈေးကွက်ကို စိတ်ဝင်စားမှု ပိုများလာစေမည်ဖြစ်သည်**

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲက လာမည့်ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့်(၂၇၇)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ အထူးဆုကြီး ကျပ်သိန်း ၁,၅၀၀ ဆုချီးမြှင့်မည်ဖြစ်ပြီး၊ ထိုဆု အပါအဝင် ဆုမဲပေါင်း ၁,၀၀၀ ကျော်ကိုတိုးမြှင့်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သတင်းရရှိသည်။

ကျပ်သိန်း၁,၅၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၁,၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ နှစ်ဆု၊ ကျပ်သိန်း ၂၀၀ လေးဆု နှင့် ကျပ်သိန်း ၁၀၀ မင်္ဂလာစုံတွဲယူနစ် ၁၅ ယူနစ်အပါအဝင် ဆုမဲ ပေါင်း ၁၆,၁၉၃ ဖွင့်လှစ်ပေးမည် ဖြစ်ကာ (၂၇၆)ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲထက် ဆုမဲပေါင်း ၁,၁၈၆ ဆုတိုးမြှင့်ခွဲဝေပေးမည်ဖြစ်ကြောင်းသိရသည်။

"အထူးဆုတိုးမြှင့်ပေးလိုက်ပေမယ့် ထီလက်မှတ်တန်ဖိုးမပြောင်းဘဲ ၂၀၀ ကျပ်နဲ့ပဲရောင်းပေးမှာပါ။ ထီထိုးတဲ့သူတွေစိတ်ဝင်စားမှုတိုးပွားလာအောင် ဆုကြီး တိုးမြှင့်ပေးလိုက်တာဖြစ်ပါတယ်။ အရင်ကတည်းကအထူးဆုကြီးတိုးမြှင့်ဖို့အစီအစဉ်ရှိတာပါ" ဟုအောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုလ ၃ ရက်နေ့စွဲဖြင့် အထူးဆုကြီးတိုးမြှင့်ချီးမြှင့်မည်ဟု ကြေညာချက်ထုတ်ပြန်ပြီးနောက် ယနေ့အောင်ဘာလေထီဈေးမှာ ဈေးကွက်အတွင်း အထူးမင်္ဂလာစုံတွဲမှာ ၇,၄၀၀ ကျပ်ဈေးရှိနေပြီး၊ ၂၇ လမ်းရှိထီဈေးကွက်တွင် ကျပ် ၆,၅၀၀ မှ ၆၈,၀၀ ထိရောင်းချပြီး ထီတစ်စောင်ချင်းဈေးမှာ ၃၀၀မှ ၄၀၀ ကျပ်ဈေးရှိသည်ဟု ထီဈေးကွက်မှစုံစမ်းသိရသည်။

၂၀၁၁ဒီဇင်ဘာလကအောင်ဘာလေထီမှာ နယ်ဈေးကွက်ဖြစ်သည့် မန္တလေး၊ နေပြည်တော်၊ ဧရာဝတီနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် ပစ္စည်းပြတ်သည်အထိ ရောင်းအားကောင်းခဲ့ပြီး ရန်ကုန်ဈေးကွက်တွင် အရောင်းပုံမှန်ဖြင့်ရှိခဲ့သည်ဟု ဈေးကွက်မှစုံစမ်းသိရသည်။

အပိုဂုဏ်ပြုဆုငွေပေးခွင့်မပြုတော့သော်လည်း အောင်ဘာလေ ထီဈေးမှာအရောင်းဆိုင်အချို့တွင် ဈေးမာနေခြင်းစသည့် ဈေးကွက်အနေအထားများကြောင့် ထီအကွရာလုံးရေများကို တိုးကာရောင်းချစေခြင်းဖြစ်သည်ဟု ဆိုသည်။









7 DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

# ကြမ်းခင်းမှ အပူငွေ့ထွက်သောနေရာ ဆက်မထွက်တော့



အေးမြတ်သူ

ရန်ကုန်၊ ဇန်နဝါရီ-၆

ဒေါပုံမြို့နယ် ဇေယျသီရိ ၃ လမ်းတွင် ဇန်နဝါရီ ၂ရက်က ဖြစ်ပွားခဲ့သော နေအိမ်ကြမ်းခင်းမှ အပူငွေ့များထွက်ခြင်းမှာ ဆက်လက်မဖြစ်ပေါ်တော့ကြောင်း အိမ်ပိုင်ရှင်ဦးညီညီလွင်ကပြောသည်။

အဆိုပါ နေအိမ်သည် ရေသန့်ရောင်းဝယ်ရေးနှင့် မင်္ဂလာလက်ဖွဲ့ကြွေပန်းကန်များ ထုပ်ပိုးခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ယခုဖြစ်ပွားရာနေရာမှာ ပန်းကန်ကွဲများထားရာနေရာဖြစ်သည်။ အခင်းဖြစ်သည့်နေ့က ယင်းပန်းကန်ကွဲကို ကိုင်ကြည့်ရာက သာမန်ထက် အပူရှိန်လွန်ကဲနေကြောင်း သိရသည်ဟု အိမ်ပိုင်ရှင်ကပြောသည်။

"အရင်ကတည်းက ပန်းကန်ကွဲတွေကို အဲဒီနားမှာထားတာ။ အဲဒီအကွဲကို သွားကိုင်ကြည့်တော့ ပူမှန်းသိတာ။ အောက်ကအပူက အဲဒီပန်းကန်ကို ဟပ်နေတာ"ဟု ဦးညီညီလွင်ကပြောသည်။

အပူငွေ့ထွက်စဉ်က ထိုနေရာကိုရေလောင်းထားသော်လည်း ယခုရေထပ်မလောင်းရတော့ပေ။ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မီးသတ်နှင့်မြို့နယ်မှူးရုံးတို့က လာရောက်ကြည့်ရှုစစ်ဆေးပြီး အပူငွေ့ထွက်ရခြင်း၏ အကြောင်းရင်းကိုပြောမသွားသေးဘဲထူးခြားမှုရှိပါက သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်ရန် ဖုန်းနံပါတ်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

လွန်ခဲ့သော ၁၀နှစ်ခန့်က အဆိုပါအပူငွေ့ထွက်ရာနေရာအနီးနား၌ ကလေးငယ်နှစ်ဦး စွန်လွှတ် ရာက ဓာတ်တိုင်နှင့်စွန်ငြိ၍ စွန်ကြိုးဆွဲနေရင်း မြေကြီးထဲမှ အုန်းခနဲ အသံထွက်လာပြီး ကလေးငယ်နှစ်ဦး အနက် တစ်ဦးမှာ ဒဏ်ရာရ၍ နောက်တစ်ဦးမှာ သေဆုံးသွားခဲ့ကြောင်း ၎င်းက ပြောသည်။ ယခင်က ယင်းနေရာသည် အမှိုက်ပုံကြီးဖြစ်၍ မြေဖို့ကာ အိမ်ဆောက်နေထိုင်ကြခြင်းဖြစ်သည်။

# One More က သေဆုံး ဒဏ်ရာရသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် စစ်ဘေးဒုက္ခသည်များကို လှူဒါန်း

နေလင်းထွန်း

ရန်ကုန်၊ ဇန်နဝါရီ-၄

One More ၏ ဒီဇင်ဘာလအတွက် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေများအား မင်္ဂလာဒုံမြို့နယ်ရှိအိတ်ချ်အိုင်ဗီကူးစက်ရောဂါကုဆေးရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မေတ္တာမွန်ဂိုဒေါင်မီးလောင်ပေါက်ကွဲမှုကြောင့်သေဆုံးခဲ့သောမီးသတ်ဝန်ထမ်းငါးဦးနှင့် ဒဏ်ရာရမီးသတ်ဝန်ထမ်းများ၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဗန်းမော်မြို့နယ်၊ မန်စီမြို့နယ်တို့ရှိ စစ်ဘေးဒုက္ခသည် စခန်းနှင့် ရွှေ့ပြောင်းစာသင်ကျောင်းများသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း One More ကို ဦးဆောင်နေသူတစ်ဦးဖြစ်သည့် ကိုပြည်သွေးနိုင်က ပြောသည်။

လစဉ် ကျပ်တစ်ထောင်ထည့် ဝင်လှူဒါန်းနိုင်သည့် အစီအစဉ်တွင် ယခုလ၌ စေတနာရှင် ၁၁,၀၄၅ ဦးပါဝင်ခဲ့ပြီး စုစုပေါင်း လှူဒါန်းငွေ ၁၁,၀၄၅,၀၀၀ ရရှိကာ ဂျပန်နိုင်ငံမှ ၅၀ ဦးနှင့် ဒူဘိုင်းမှ ၁၈ ဦး ပါဝင်ခဲ့ကြသည်။

အလှူငွေများကို မင်္ဂလာဒုံရှိ ဆေးရုံသို့ ကျပ် ၃၂ သိန်းတန် အာထရာဆောင်းစက်တစ်လုံး၊ မီးသတ်ဝန်ထမ်းများအတွက် ကျပ် ၂၅ သိန်းနှင့် ကချင်ပြည်နယ်ရှိ ရွှေ့ပြောင်းစာသင်ကျောင်းများအတွက် ကျပ်၅,၃၄၅,၀၀၀ပေးပို့လှူဒါန်းခဲ့ကြောင်း ကိုပြည်သွေးနိုင်က ပြောသည်။

One More သည် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ တစ်လလျှင် ကျပ်တစ်ထောင်စီထည့်ဝင်လှူဒါန်းငွေဖြင့်ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအခါ ငါးကြိမ်မြောက် လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်သည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## လောကကောင်းကျိုး ဆောင်ရွက်ခြင်း

မရေတွက်နိုင်အောင်များလှတဲ့ အတိတ်ဘဝတွေမှာ မွေးခဲ့ကြ၊ သေခဲ့ကြရတယ်ဆိုတာကို သိမြင်နားလည်ပြီးရင်တော့ ကျွန်ုပ်တို့ဟာ တဖြည်းဖြည်းလောကီစည်းစိမ်ချမ်းသာကို တပ်မက်တဲ့ လောဘတဏှာတွေ လျော့ပါးလာမှာဖြစ်တယ်။ အဲဒီအဆင့်ကိုရောက်ရင် ဘယ်နတ်ကမှ ကျွန်ုပ်တို့ကို အကူအညီမပေးနိုင်တော့ပါဘူး။ အဲဒီ အဆင့်ကိုရောက်ရင် ကိုယ့်အားကိုယ်ကိုး လုပ်ကြရတော့မှာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်တို့ဟာ လောကီစည်းစိမ်တွေကို ခံစားရဖို့အတွက် ကြိုးပမ်းနေကြတာမဟုတ်တော့လို့ပဲဖြစ်တယ်။ လောကကြီးရဲ့ အမြဲမရှိ အပြေးအလွှားပြောင်းလဲဖြစ်ပျက်နေတဲ့ အနိစ္စတရားကြီး၊ အနိစ္စသဘာဝကြီးကိုသိနားလည်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖို့ လောကီစည်းစိမ်ချမ်းသာတွေအပေါ်မှာ တပ်မက်စွဲလမ်းစိတ်ကို လျော့နည်းပပြောက်အောင် အားထုတ်နေရတယ်။ ဒါကြောင့် သူဟာ သူ့မှာ ရရှိထားတဲ့ လောကီစည်းစိမ်ချမ်းသာတွေကို ကံမကောင်းအကြောင်း မလှတဲ့ လူသားတွေကိုပါ ခွဲဝေသုံးစွဲနိုင်အောင် ပေးဝေစွန့်ကြတတ်တယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ အများကောင်းစားရေး၊ အများသက်သာချောင်ချိရေးအတွက် မျှဝေခံစားအကျိုးပြုနိုင်ကြတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ကိုယ့်ဘာသာကိုယ်အားထုတ်ခဲ့လို့သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးတဲ့အခါ၊ သူရခဲ့တာ သူ့ကိုယ်ကျိုးတစ်ခုတည်းအတွက်သာ အသုံးမပြုဘဲ လောကတ္ထစရိယလောကကောင်းကျိုးကို ဆောင်ရွက်နိုင်ဖို့အတွက် ၄၅ ဝါပတ်လုံး လူတွေအတွက် သာမက နတ်တွေ၊ ဗြဟ္မာတွေ အ ကျိုးအတွက်ပါ အသုံးပြုဆောင်ရွက်တော်မူခဲ့တယ်။



ရည်ညွှန်းကိုးကား ။ ။ 'ဗုဒ္ဓဘာ သာဝင်တွေ ယုံကြည်ကြတာက' ဆန်းလွင်(ရှင်အာဒိစ္စရံသီ) (၁၉၃၈-၂၀၀၂)

## စာ-၉၊ နေညိုချိန်ပလက်ဖောင်းပေါ်က ဘဝတစ်ခု မှ

သို့သော် ထိုဆုံးဖြတ်ချက်သည် ခဲယဉ်းစွာဖြင့် အကြိမ်ကြိမ်အခါခါစဉ်းစားပြီး ချခဲ့ရခြင်း ဖြစ်သည်။ ထို့အတွက် လွန်ခဲ့သော တစ်နှစ်ဝန်းကျင်၏ နေသာသော တစ်နေ့မှစတင်ကာ အဘွားဒေါ်သီသီတစ်ယောက် ယောဂီရောင်ဝတ်စုံပြည့် ခပ်နွမ်းနွမ်းကို ဝတ်ဆင်ကာ ပလက်ဖောင်းများ၏ဘေးတွင် အလှူခံခြင်းအလုပ်ကို စတင်ခဲ့ရသည်။

"အစပိုင်းမှာ အရမ်းကိုပဲ ရှက်ရပါတယ်။ လူတွေရဲ့မျက်နှာတွေကို လုံးဝမကြည့်ရဲဘူး။ အခုထိလည်း မကြည့်ရဲပါဘူး။ အဘွားရဲ့ မျက်နှာရှေ့တည့်တည့်မှာ မီးစတွေ ဖြတ်ဖြတ်သွားသလိုမျိုး ပိုက်ဆံလှူတဲ့သူတွေကို မျက်နှာပူရပါတယ်"ဟု နောက်ထပ် မျက်ရည်စများဖြင့် ဆက်လက်ဆိုလာပြန်သည်။

တစ်ကြိမ်တစ်ခါမျှ တွေးထင်မထားဖူးသည့် ဘဝတစ်ခုကို ရုတ်ခြည်းကူးပြောင်းလိုက်ရသည့် အတွက် ဘဝတွင် အားငယ်စိတ်များ ဝင်လာခြင်းနှင့်အတူ တစ်ခါတစ်ရံတွင် အလှူခံရလာသည့် ပိုက်ဆံများကိုကိုင်ကာ မျက်ရည်များကျရသည်။

"ပထမဆုံး အလှူခံရလာတဲ့နေ့မှာ ရှစ်ရာရတယ်။ အဘွားဒီအလုပ်ကို လုပ်ရတာ လူတွေကိုလည်းအရမ်းကို အားနာပါတယ်။ အဘွားအလုပ်မလုပ်ချင်လို့ဒီလိုတောင်းရတာမဟုတ်ပါဘူး။ ကိုယ်တစ်ပိုင်းသေနေတဲ့အဘွားညီမကို လုပ်ကိုင်ကျွေးမွေးဖို့က အဘွားတစ်ယောက်ပဲရှိတာ"ဟု ပါးပြင်မှ မျက်ရည်စများကို လက်ဖြင့် ခပ်ကြမ်းကြမ်းသုတ်လိုက်ရင်း အဘွားအိုကပြောသည်။

ထို့အတွက် နေ့လယ် သုံးနာရီဝန်းကျင်တွင် နေထိုင်ရာအိမ်မှ စတင်ထွက်ခွာလာကာ ပလက်ဖောင်းလေးများ၏ဘေး၌ ထိုင်ပြီး အလှူခံခြင်းအလုပ်ကိုစတင်တော့သည်။

ည ခုနစ်နာရီ၊ ရှစ်နာရီ ဝန်းကျင်တွင် အလှူခံခြင်းအလုပ်ကို ရပ်နားကာ နေအိမ်တည်ရှိရာ အင်းစိန်သို့ပြန်ရတော့သည်။

ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခုအတွင်းရှိသွပ်မိုး၊ ထရံကာ ပျဉ်ထောင်အိမ်လေးများကြားမှ ယိုင်နဲ့နဲ့ အိမ်လေးတစ်လုံးမှာ သူမတို့မှီခိုရာနေရာဖြစ်သည်။ အိမ်၏ကြမ်းပြင်ထက်တွင်အသက် ၆၀ကျော် အမျိုးသမီးကြီးတစ်ဦး မလှုပ်မယှက် လဲလျောင်းနေသည်။

ထိုအဘွားအိုမှာဒေါ်သီသီ၏ ညီမဆိုသူပင်ဖြစ်သည်။ အိမ်ပေါ်ရောက်သည်နှင့် အဘွားဒေါ်သီသီ က ကိုယ်တစ်ပိုင်းသေနေသူညီမ၏ အိပ်ရာထက်က စွန့်ပစ်ထားသော ကျင်ကြီးကျင်ငယ်များကိုသုတ်သင် ရှင်းလင်းသန့်စင်ပေးသည်။

အစာမဝါးနိုင်သည့် ညီမဖြစ်သူကို လက်ဖက်ရည်၊ ကော်ဖီစသည့် အရည်တစ်မျိုးနှင့် ပေါင်မုန့်ကဲ့သို့ အပျော့စာအစာမျိုးကို ရောကာခွံ့ကျွေးရသည်။

ပန်းရောင်းခဲ့စဉ်က နေ့စဉ်မပျက်သောက်ခဲ့ရသည့် ချိုဆိမ့်လက်ဖက်ရည်တစ်ခွက်ကို ယခုအချိန်တွင် သောက်နိုင်စွမ်းမရှိတော့သော်လည်း ညီမဖြစ်သူအတွက်တော့ မပျက်စေရ။

အဘွားဒေါ်သီသီ အနေဖြင့် တစ်နေ့ စားသောက်စရိတ် တစ်ထောင်ကျပ်သာ ကုန်သည်။

"အဘွားက ဟင်းကိုတော့ အပြင်မှာဝယ်စားပါတယ်။ ဖြစ်သလိုပေါ့။ အဘွားအတွက် သိပ်မကုန်ပါဘူး" ဟု နောက်ဆုံးလက်ကျန်လက်ဖက်ရည်ကိုမော့သောက်လိုက်ကာပြောသည်။

ကိုယ်အောက်တစ်ပိုင်းသေနေသည့် ညီမဖြစ်သူနှင့် အသက်အရွယ်ကြီးရင့်လာပြီဖြစ်သည့် အဘွားဒေါ်သီသီတို့ကို ဈေးရောင်းစဉ်ကတည်းက ရင်းနှီးလာခဲ့သော မိသားတစ်စုက စေတနာအပြည့်ဖြင့် ခေါ်တင်ထားသည်။

သို့သော် အဘွားဒေါ်သီသီ ယခုလုပ်ကိုင်နေရသည့် အလှူခံခြင်းအလုပ်ကို အိမ်ရှင်ဇနီးမောင်နှံ သိထားသည်လား၊ မသိဘဲ နေသည်လားဆိုသည့်အတွေးကိုပင် မတွေးရဲအောင်ဖြစ်နေသည်။

စေတနာဖြင့် အခမဲ့အိမ်ပေါ် ခေါ်တင်ထားပေးသည့် မိသားစုက သူမကို လူအများထံတွင် ပိုက်ဆံအလှူခံနေရသည့်ဆိုခြင်းကိုသိရှိသွားကာငြိုငြင်သွားမည်ကို အလွန်စိုးရိမ်နေခြင်းဖြစ်သည်။

"အဘွားကနေ့လယ်လောက်ဆို ဒီနားခဏ၊ ဟိုနားခဏ၊ ကိစ္စလေးရှိလို့ပါဆိုပြီး ထွက်ထွက်လာတာ။ သူတို့သိလားမသိလားတောင် မတွေးရဲဘူး။ သူတို့ကိုလည်း အရမ်းကျေးဇူးတင်ရပါတယ်"ဟု ဆိုလာပြန်သည်။

ယခုလုပ်ကိုင်နေရသည့် အလှူခံခြင်းအလုပ်ကို မလုပ်ကိုင်မီက တရားစခန်းတစ်ခုတွင် ရာသက်ပန်ဝင်ကာ ညီမဖြစ်သူကိုပါ သူမနှင့်အတူတူနေထိုင်စေနိုင်ရန် တရားရိပ်သာများသို့ သွားရောက်လျှောက်ထားခြင်းများပြုလုပ်ခဲ့သော်လည်း မည်သည့်နေရာကမျှ ညီမဖြစ်သူကို လက်မခံခဲ့ပေ။

"အဘွား ဘုန်းကြီးကျောင်းတွေတရားစခန်းတွေသွားလျှောက်ပါတယ်။ ဒါပေမဲ့ အဲ့ဒီလိုနေရာတွေက ဂိလာနပုဂ္ဂိုလ်ကိုလက်ခံလို့မှမရတာပဲ။ ဘုန်းဘုန်းတစ်ပါးကမိန့်တယ်။ နာမကျန်းဖြစ်နေတဲ့ လူမမာကို စောင့်ရှောက်တာဟာ ငါဘုရားကို စောင့်ရှောက်တာနဲ့ အတူတူပဲလို့မိန့်တာနဲ့ အဘွားလည်း ညီမလေးကို သူ့ရဲ့နောက်ဆုံးအချိန်အထိအဘွားအကောင်းဆုံးစောင့် ရှောက်သွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်"ဟု လက်ကျန်ရွှေကြည်မုန့်လေးကို ဇွန်းလေး ထဲထည့်ကာ ပြောသည်။

အဘွားအိုထံတွင်အတောင့်တဆုံးအရာတစ်ခုရှိနေသည်။ ယခုအသက်အရွယ်တွင် အေးချမ်းစွာ တရားအားထုတ်နေထိုင်လိုခြင်းပင်ဖြစ်သည်။

သို့သော် ဘဝပေးအခြေအနေအရ ဖြစ်လိုသည့်ဆန္ဒ မြိုသိပ်ကာရသည့်အချိန်လေးအတွင်းမှာပင် တရားအားထုတ်ခြင်းကို သူမ လုပ်ကိုင်သည်။

ပိုက်ဆံလှူဒါန်းသူများကိုညအိပ်ရာဝင်ခါနီးတိုင်း မေတ္တာပို့ဆုတောင်းပေးခြင်းကို ဒေါ်သီသီ မပျက်ကွက်ခဲ့။

တစ်နေ့လျှင် နှစ်ထောင်ဝန်းကျင်ရသည့် အလှူခံငွေများဖြင့် ညီအစ်မနှစ်ဦး စားသောက်ရေးနှင့် ဆေးဖိုးဝါးခများကို သုံးစွဲရသည်။

ညီမဖြစ်သူ၏ နောက်ဆုံးအချိန်အထိ အကောင်းဆုံးပြုစုစောင့်ရှောက်ပေးသွားမည်ဖြစ်ပြီး တစ်ဦးတည်းကျန်နေခဲ့သည့်အခါ ရာသက်ပန် တရားစခန်းတစ်ခုတွင် ခိုလှုံကာ တရားအလုပ်များကို လုပ်ကိုင်သွားမည်ဆိုသည့်ဆုံးဖြတ်ချက်ကိုတော့ ခိုင်မာစွာချထားသည်ဟု ဆိုသည်။

ယခုလိုဘဝမျိုးကို နောက်ထပ်မရအောင် တရားအလုပ်ဖြင့် သူမကြိုးစားသွားချင်သည်။

သို့သော် အဘွားက ထိုသူမအတောင့်တဆုံးအရာကိုအမြန်ဆုံး လုပ်ကိုင်နိုင်ပါစေဟုလည်း ဆုမတောင်းရဲပေ။ အဖြစ်ချင်ဆုံးအရာတစ်ခုကို စဉ်းစားမိလိုက်တိုင်း အိပ်ရာထက်က လှုပ်ရှားမှုမရှိ၊ အသိဉာဏ်မရှိတော့သော ညီမဖြစ်သူကို မြင်ယောင်လာမိသည်။

ထို့အတွက် အဘွား တစ်ယောက် ပလက်ဖောင်းဘေးလေးများပေါ်တွင် ဘယ်အချိန်အထိ ထိုင်နေရဦးမလဲဆိုသည်ကိုအဘွားကိုယ်တိုင်ပင်မသိနိုင်တော့ပေ. . .။

7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် အောက်တိန်းရောင်းအားတက်

အေးမြတ်သူ

ရန်ကုန်၊
ဇန်နဝါရီ - ၉



ဇန်နဝါရီ ၁ ရက်မှစ၍ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီကို နှုန်းရှင်ဖြင့် ရောင်းချခဲ့ပြီးနောက် ဓာတ်ဆီရောင်းအားအနည်းငယ်ကျပြီး အောက်တိန်း (Octane)ဆီရောင်းအားတက်လာကြောင်း ရန်ကုန်မြို့တွင်းရှိပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့မှ တာဝန်ရှိသူများကပြောသည်။

အောက်တိန်းဆီကို ကားသစ်များသာမက ယခုအခါတက္ကစီနှင့်အိမ်စီးကားများပါ အသုံးပြုလာကြသည်။ အချို့ဓာတ်ဆီတက္ကစီကားများသည် ဓာတ်ဆီနှစ်ဂါလန်နှင့် အောက်တိန်းတစ်ဂါလန် ရောစပ်၍ မောင်းကြသကဲ့သို့ အောက်တိန်းဆီသီးသန့်ဖြင့်မောင်းကြသည့် တက္ကစီကားများပင်ရှိလာကြောင်း သတင်းရရှိသည်။ ဇန်နဝါရီ ၉ ရက်တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၃,၃၅၀ ကျပ်၊ အောက်တိန်းတစ်ဂါလန်လျှင် ၃,၆၀၀ ကျပ်ရှိခဲ့သည်။

"ဆီအရည်အသွေး အများကြီးကွာတယ်။ ဓာတ်ဆီကို လုံးဝမထည့်တော့ဘူး၊ အောက်တိန်းပဲထည့်တော့တယ်။ ကားမောင်းတဲ့အခါ အရသာအများကြီးကွာတယ်။ ကားဆွဲနှုန်းနဲ့ အင်ဂျင်အများကြီးသက်သာတယ်" ဟု တက္ကစီယာဉ်မောင်းတစ်ဦးကပြောသည်။

တက္ကစီယာဉ်မောင်းတစ်ဦးကလည်း "အစိုးရဆီ နှစ်ဂါလန်၊ အောက်တိန်း တစ်ဂါလန်ရောပြီး ထည့်မောင်းတယ်"ဟုပြောသည်။

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူက ယခင် ဓာတ်ဆီကို နေ့စဉ် ဂါလန်သုံးထောင်ကျော် ရောင်းရသော်လည်း နှုန်းရှင်ဖြင့် ရောင်းချသည့်နောက်ပိုင်း တစ်ရက်လျှင် ဂါလန် ၂၈၀၀ ဝန်းကျင်သာ ရောင်းရကြောင်းပြောသည်။ သို့သော် အောက်တိန်းကို ဓာတ်ဆီနှင့်ရောမောင်း၍ အောက်တိန်းရောင်းအားတက်လာသည်ဟု ၎င်းက ဆက်လက်ပြောသည်။

ပြည်တွင်းထုတ် ဓာတ်ဆီကို ယခင် ၂,၅၀၀ ကျပ်နှင့် ရောင်းချစေရာမှ နှုန်းရှင်ဖြင့် ရောင်းခွင့်ပြုသော်လည်း ဆိုင်များတွင် တစ်ရက်လျှင် ကားတစ်စီး နှစ်ဂါလန်နှုန်းသာ ရောင်းချသည်။ အောက်တိန်းမှာမူ လိုသလောက် ဝယ်နိုင်သည်။

## မျက်နှာဖုံး-အစားထိုးကားသွင်းမှုမူဝါဒများ ပြောင်းလဲ မှ

ထို့အပြင် အင်ဂျင်ပါဝါ ၁၃၅၀စီစီအောက် တင်သွင်းမည့် မော်တော်ယာဉ်များအတွက် ယာယီမှတ်ပုံတင်ကြေးကို ကျသင့် သတ်မှတ်ချက်ထက် ၃၀ ရာခိုင်နှုန်းလျှော့ပေါ့ကောက်ခံမည်ဖြစ်ကြောင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ယာဉ်လာအပ်တဲ့အခါမှာ ယခင်က ကားကောင်းရင် ၃၀ ရာခိုင်နှုန်းလျှော့တယ်။ မကောင်းရင် ၁၅ ရာခိုင်နှုန်းလျှော့တယ်။ အခု အားလုံးကို ၃၀ရာခိုင်နှုန်းလျှော့လိုက်တာပါ"ဟု အဆိုပါတာဝန်ရှိသူက ရှင်းပြသည်။

ကားတင်သွင်းခွင့်ပြုထားသော ပို့ကုန်သွင်းကုန်ကုမ္ပဏီများ၊ ကျောက်မျက်ကုမ္ပဏီများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သင်္ဘောသားများ၊ ဟိုတယ်နှင့်ခရီးသွားလာရေး ကုမ္ပဏီများ၊ ပြည်ပတွင် အလုပ်လုပ်နေသောဝန်ထမ်းများအတွက်ကားတင်သွင်းရာတွင် ၂၀၀၇မှ ၂၀၁၂မော်ဒယ်အထိ ဘယ်မောင်း၊ ညာမောင်းမသတ်မှတ်ဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။ ထိုကဲ့သို့ တင်သွင်းခွင့်ပြုထားသော ဟိုတယ်နှင့်ခရီးသွားလာရေးကုမ္ပဏီများအတွက် ကားအစီးရေ၁၀၀၀၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေသောလုပ်သားများအတွက်အစီးရေ၃၀၀၀၊ နိုင်ငံခြားသင်္ဘောသားများအတွက် အစီးရေ၃၀၀၀၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် အဖွဲ့အစည်းများအတွက် အစီးရေ ၄၇၀၀နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သံတမန်များအတွက် အစီးရေ ၃၀၀(မူလ)သတ်မှတ်ထားသည်ဟုသတင်းရရှိသည်။

စီးပွားကူးသန်းဝန်ကြီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန် ကုမ္ပဏီများအတွက် ၈၅ စီး၊ ယာဉ်အို ယာဉ်ဟောင်းလဲလှယ်ရေးတွင် လူစီးဦးရေ ၁၇၄၅စီး၊ Light Truck နှင့် Truck ကား ၆၁၉ စီး၊ Ni Ni Buy နှင့် ဘတ်စ်ကား ၂၆၂စီး စုစုပေါင်း ၁၇,၉၆၆ စီးအား ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်း ဦးသန်းအောင်ကပြောသည်။

ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဇန်နဝါရီ၅ ရက်အထိ ကား ၂၄၃၈၉ စီးအား စလစ်ထုတ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## စာ-၄၊ မိုဘိုင်းဆင်းမ်ကတ် ကျပ်၅၀၀၀ဖြင့် ရောင်းမည့်အစီအစဉ် လက်တွေ့ဖြစ်ပေါ်ရန် ရာခိုင်နှုန်းနည်းပါး မှ

"အခုက စီမံကိန်းအစပိုင်းမို့လို့ကျွန်တော်တို့က ဆင်းမ်ကတ်တစ်ကတ်ရဲ့တန်ဖိုးကို ၅,၀၀၀ သတ်မှတ်ထားတာပါ။ နောက်ပိုင်းဆိုရင် ဆင်းမ်ကတ်ကို အခမဲ့ပေးပြီး ဖုန်းခေါ်ဆိုခကိုပဲ ဒီအတိုင်းယူသွားမှာပါ။ ရည်ရွယ်ချက်ကတော့နိုင်ငံတကာအတိုင်းတယ်လီဖုန်းကို အခြေခံလူတန်းစားကအစ အသုံးပြုနိုင်ဖို့ပါ။ ပြီးတော့ သမ္မတပြောထားသလို ဆင်းရဲမွဲတေမှုနှုန်းပါးမှုလျှော့ချရေးအတွက် ဒီလိုတန်ဖိုးနည်းဖုန်းတွေကို အစိုးရရဲ့ လမ်းညွှန်ချက်အတိုင်း ထုတ်သွားမှာပါ"ဟုအထက်ပါမန်နေဂျင်းဒါရိုက်တာက သတင်းစာရှင်းလင်းပွဲအပြီးတွင် 7Day News ၏ ဆက်သွယ်မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

အဆိုပါ တယ်လီဖုန်းဝန်ဆောင်မှုကိုနိုင်ငံတော်သမ္မတရုံးမှ လုပ်ကိုင်ခွင့်ကိုချပေးလာမည်ဆိုပါက ငါးနှစ်စီမံကိန်းဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆုံး တစ်နှစ်အတွင်း ဆင်းမ်ကတ်တစ်သန်းကို3Gစနစ်ဖြင့်စတင်ရောင်းချပေးသွားရန် စီစဉ်ထားသည်ဟုသိရသည်။ ပထမဆုံးတစ်နှစ်အပြီးတွင် 3G မှ 4Gသို့ တိုးမြှင့်ဝန်ဆောင်မှုပေးသွားမည်ဟုလည်းသိရသည်။

နိုင်ငံတော်သမ္မတရုံးသို့ တိုက်ရိုက်တင်ပြထားသည်ဟုဆိုသော အဆိုပါကုမ္ပဏီ၏ စီမံကိန်းသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်သွားမည့် Business Plan မျိုးမဟုတ်ဘဲ နောက်ပိုင်းတွင် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲပေးသွားရန်စီစဉ်ထားခြင်းမျိုးဖြစ်ကြောင်း သိရသည်။

ထိုစီမံကိန်းကို နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုချက်ကျလာမည်ဆိုပါက နိုင်ငံတော်အစိုးရက ၄၀ ရာခိုင်နှုန်း၊ ရွှေပြည်တံခွန်ကုမ္ပဏီက ၃၀ ရာခိုင်နှုန်းနှင့် အများပြည်သူက ၃၀ ရာခိုင်နှုန်းဖြင့် ရှယ်ယာများဝယ်ယူထည့်ဝင်နိုင်ရန်ကြိုတင်စီစဉ်ထားပြီးဖြစ်ကြောင်းလည်း အထက်ပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

ရွှေပြည်တံခွန်ကုမ္ပဏီကယင်းစီမံကိန်းကို အများပြည်သို့ စတင်ရောင်းချရန် မျှော်လင့်ထားသည့်အချိန်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အခြားပုဂ္ဂလိကကုမ္ပဏီအချို့ ပူးပေါင်းဆောင်ရွက်ထားသည့်ကျပ်သုံးသိန်းဝန်းကျင် ဂျီအက်စ်အမ်ဖုန်းများစတင်ရောင်းချမည့်အချိန် ဖြစ်နေသည်။

ထိုတိုက်ဆိုင်မှုနှင့် ပတ်သက်ပြီး အထက်ပါပုဂ္ဂလိကကုမ္ပဏီ၏ တာဝန်ရှိသူက "အစိုးရရဲ့ ကျပ်သုံးသိန်းစီမံကိန်းနဲ့ ပတ်သက်လို့ မစိုးရိမ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က အစိုးရဝန်ထမ်းတွေ၊ အခြေခံလူတန်းစားတွေနဲ့နယ်စပ်ဒေသကလူတွေအတွက်အဓိကထားပြီး ရောင်းချပေးမှာဖြစ်လို့ပါပဲ။ ကျွန်တော်တို့ရဲ့ စီမံကိန်းကလည်းနိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်အတိုင်းဆောင်ရွက်ထားတာဖြစ်လို့ ခွင့်ပြုမိန့်ကမတ်လအတွင်း ကျလာဖို့ များပါတယ်"ဟုပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ကျပ်သုံးသိန်းတန် ဂျီအက်စ်အမ်ဖုန်း စီမံကိန်းသည် ပုဂ္ဂလိကကုမ္ပဏီများဖြစ်သော ထူးကုမ္ပဏီပိုင် E-Lite, Asia Mega Link, Fortune, MDS ကုမ္ပဏီတို့အပါအဝင် ပုဂ္ဂလိကကုမ္ပဏီ ၂၀ ကအကျိုးတူပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်သည်။

## မျက်နှာဖုံး-အရန်ဆန်တန်ချိန်တစ်သိန်း စတင်ဝယ်ယူမည်မှ

ယင်းသို့ဝယ်ယူရာတွင် စပါးကိုသာဝယ်ယူသိုလှောင်ထားမည်ဖြစ်ပြီး စပါးတစ်တင်းလျှင် ၄၆ပေါင်နှုန်းဖြင့် တန်ဖိုးငွေကျပ်သုံးထောင် သတ်မှတ်ဝယ်ယူမည်ဟုသိရသည်။ ဆန်တန်ချိန်တစ်သိန်းအတွက် စပါးတင်းသိန်း ၈၅၀နီးပါးဝယ်ယူမည်ဖြစ်သည်။

"ဒီစပါးတွေကိုတစ်ရာသီပဲသိုလှောင်ထားမှာပါ။ ဧည့်မထ အမျိုးအစား ၂၅ မှတ်တန် စပါးတွေကိုပဲဝယ်မှာပါ"ဟု အဆိုပါကော်မတီဥက္ကဋ္ဌဦးချစ်ခိုင်ကရှင်းပြသည်။

အရန်ဆန်တန်ချိန်တစ်သန်းအတွက် ကုန်ကျမည့်ကျပ်သန်းပေါင်းဘီလီယံ ၃၀အတွက် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကုမ္ပဏီနှင့် သမဝါယမတို့က အချိုးကျထည့်ဝင်မည်ဟုသိရသည်။

"ဒေသတစ်ခုနဲ့ တစ်ခုတော့ ဈေးတူမှာမဟုတ်ဘူး။ တစ်တင်းကိုသုံးထောင်ထက်မနည်းတဲ့ဈေးနဲ့ဝယ်မှာ"ဟု ဥက္ကဋ္ဌက ရှင်းပြသည်။

အရန်ဆန်အတွက် ဝယ်ယူရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်၊ ကျေးရွာများအထိဆင်းပြီး စက်ပိုင်များနှင့် လယ်သမားများထံမှ ဝယ်ယူမည်ဖြစ်ကြောင်းလည်းသိရသည်။

ယခုနှစ် အရန်ဆန်ဝယ်ယူမှုကို တန်ချိန်တစ်သန်း(၁၀သိန်း)ထိ ရည်မှန်းထားပြီး ကျန်ပမာဏကိုဆက်လက်ဝယ်ယူသွားမည်ဟု အဆိုပါကော်မတီမှသိရသည်။

## မျက်နှာဖုံး-ဩစတြေးလျက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုကို ဖြေလျှော့မည် မှ

သို့သော် လက်နက်တင်ပို့ရောင်းချမှုကိုမူ ဆက်လက်ကန့်သတ်သွားမည်ဖြစ်ကြောင်း မစ္စတာကီဗင်ရုဒ်က ပြောကြားခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများတွင် ဩစတြေးလျနိုင်ငံကစတင်ဖြေလျှော့ခြင်းဖြစ်သည်။ အမေရိကန်နှင့်ဥရောပသမဂ္ဂတို့၏ မြန်မာနိုင်ငံအပေါ် ထားရှိသော အရေးယူပိတ်ဆို့မှုများ ဆက်လက်ထားရှိ၊မရှိမှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်မှုအပေါ် တွင်သာ မူတည်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟေ့ဂ်တို့က ၎င်းတို့၏ မြန်မာနိုင်ငံခရီးစဉ်တွင် အသီးသီးပြောကြားသွားခဲ့ကြသည်။

ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုနှင့်ပတ်သက်၍ လာမည့်ဧပြီလတွင် ဆွေးနွေးဆုံးဖြတ်သွားရန်ရှိကြောင်း ဇန်နဝါရီ ၆ရက်၌ ဗြိတိန်ဝန်ကြီး ဝီလီယံဟေ့ဂ်က ပြောကြားခဲ့သည်။

## စာ-၆၊ ဘတ်ဂျက်ပြဋ္ဌာန်းမည့် လွှတ်တော် အစည်းအဝေးများ ဇန်နဝါရီ ၂၆ရက်တွင် စတင်မည် မှ

၂၀၁၁-၁၂ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ရေးဆွဲမှုကိုလွှတ်တော် အစည်းအဝေးများမှ မရေးဆွဲဘဲ သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရကို အာဏာလွှဲပြောင်းပေးခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ပထမအကြိမ်လွှတ်တော်အစည်းအဝေးမခေါ်ယူမီတွင် ပြဋ္ဌာန်းခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များမှာ အစည်းအဝေးတင်ပြရန်မေးခွန်းနှင့် အဆိုများကို ပေးပို့နေပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။ ဘတ်ဂျက်နှင့်ပတ်သက်၍ အရေးကြီးသော အကြောင်းအရာဖြစ်သည့် လိုငွေပြသည်ဆိုသော်လည်း နိုင်ငံ၏ ဝင်ငွေများကို ဒေါ်လာဖြစ်ပါက တစ်ယူနစ်လျှင် ခြောက်ကျပ်ဖြင့် တွက်ချက်ခြင်းဖြစ်၍ ပြင်ပနှုန်းအတိုင်း တွက်ချက်ပါက လိုငွေများစွာမပြနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောသည်။ ထို့ကြောင့် ဘတ်ဂျက်ရေးဆွဲပြဋ္ဌာန်းရာတွင် နိုင်ငံခြားငွေများပါဝင်လာပါက ငွေလဲနှုန်းသတ်မှတ်နိုင်ရေးမှာ အရေးကြီးကြောင်း ၎င်း၏အမြင်ကိုပြောသည်။ သို့သော် လက်ရှိတွင် ဒေါ်လာနှင့်မြန်မာငွေလဲနှုန်းပုံသေနှုန်းမှာ မသတ်မှတ်နိုင်သေးပေ။

## မျက်နှာဖုံး – ဒေါက်တာတူးဂျာ တစ်သီးပုဂ္ဂလအဖြစ် ကြားဖြတ်ရွေးကောက်ပွဲဝင်မည် မှ

ဒေါက်တာတူးဂျာသည် ၁၉၇၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ Kachin Indepenence Organization (KIO) တွင် ဆေးရုံအုပ်တာဝန်၊ ဗဟိုကော်မတီဝင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဒုဥက္ကဋ္ဌတာဝန်များကိုထမ်းဆောင်ခဲ့သည်။ ၂၀၁၀မတ်လတွင် ကချင်ပြည်နယ်တိုးတက်ရေးပါတီကို ဦးဆောင်ဖွဲ့စည်းပြီး ယခုအချိန်တွင် အဆိုပါပါတီမှ နုတ်ထွက်ထားသူဖြစ်ကြောင်း သိရသည်။

Health
7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ရင်သွေးယူတော့မည့်မိခင်၊ ဖခင်လောင်းများ ဖတ်ရန်

ဝတ်ရည်



ရင်သွေးငယ်ရယူရန် ဆုံးဖြတ်ထားသည်ဆိုပါက အောက်ပါစာ မူကို ဖတ်ရန်တိုက်တွန်းအပ်ပါသည်။

မမျှော်လင့်ဘဲ ကိုယ်ဝန်ဆောင်ကြသည့်သူများရှိသကဲ့သို့ မိမိရင်သွေးအတွက် ကြိုတင်ပြင်ဆင်၍ ရင်သွေးငယ်မွေးဖွားသူများလည်းရှိသည်။ ကြိုတင်ပြင်ဆင်သည်ဆိုရာတွင် ရင်သွေးငယ်အတွက် သင့်တင့်သောစီးပွားရေးအခြေအနေ၊ မိဘများ၏ အသက်အရွယ်၊ ကလေးတစ်ဦးနှင့်တစ်ဦး အသက်ကွာခြားချက်စသည်တို့ဖြစ်သည်။

ထိုသို့ ကြိုတင်ပြင်ဆင်ရာတွင်အရေးကြီးဆုံးမှာကလေးငယ်အားကျန်းမာသန်စွမ်းသောကလေးငယ်တစ်ဦးဖြစ်စေရန် မိခင်အနေဖြင့် ကြိုတင်ပြင်ဆင်ရမည့်ကျန်းမာရေးပြင်ဆင်မှုများသည်လည်း မမေ့လျော့သင့်သည့်အရာတစ်ခုဖြစ်သည်။

များသောအားဖြင့် ကိုယ်ဝန်ဆောင်ရန် ဆုံးဖြတ်လိုက်သည့်အချိန်တွင် ဇနီးမောင်နှံများမှာ အသုံးပြုနေသည့် ကိုယ်ဝန်တားဆေးများ မသုံးတော့ခြင်း၊ ယေဘုယျကျန်းမာရေးဂရုပြုခြင်း စသည်တို့လောက်သာ ပြုလုပ်လေ့ရှိသည်။ သို့သော် ကိုယ်ဝန်ဆောင်ချိန်တွင် ရင်သွေးငယ်အား ရောဂါပိုးများကူးစက်မှုမရှိစေရန်လည်း ကောင်း၊ သားဖွားပြီး မိခင်အနေဖြင့် ကျန်းမာလှပသော ခန္ဓာကိုယ်အား ပိုင်ဆိုင်နိုင်စေရန် အတွက်လည်း ကောင်း၊ ကြိုတင်ပြင်ဆင်မှု နည်းပါးနေသေးကြောင်း သားဖွားမီးယပ် ဆရာဝန်ကြီးများက ပြောကြားသည်။

“သားဖွားမီးယပ်အထူးကု ဆရာဝန်တွေ အများဆုံး တွေ့ကြုံရတာတော့ ကိုယ်ဝန်ဆောင် မိခင်လောင်းတွေက ဘာမှ ကြိုတင်ပြင်ဆင်မှုမရှိဘဲ မိခင်လောင်းဘဝကို ရောက်သွားကြတာများတယ်။ အဲဒီအခါ ကလေးအတွက် အရေးကြီးဆုံးအချိန်တွေ မသိလိုက်ဘဲ ဆုံးရှုံးသွားကြတာများတယ်”ဟု သားဖွားမီးယပ်အထူးကု ဆရာဝန်တွဲဖက်ပါမောက္ခ ဒေါက်တာစိုးလွင်ကပြောသည်။

ကိုယ်ဝန်ဆောင်နေစဉ်တွင် ပထမဆုံးကိုယ်ဝန်သုံးလသည် ကလေးငယ်အတွက် အရေးကြီးဆုံးသော အချိန်ဖြစ်ကြောင်း သိရှိရန်လိုအပ်သည်။ ထိုသုံးလအတွင်းတွင် ကလေးငယ်အတွက် အဓိကအစိတ်အပိုင်းများဖြစ်သည့် ဦးနှောက်၊ အသည်း၊ အဆုတ်စသည့် အင်္ဂါ အစိတ်အပိုင်းများအပြင် မျက်လုံး၊ ခြေ၊ လက်များ အသေးစိတ် စတင်ဖွံ့ဖြိုးသည့်အချိန်လည်း ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့သော အရေးကြီးလှသည့်အချိန်တွင် သတိမမူမိသည့် အပြုအမူ အချို့ကြောင့် မိမိရင်သွေးအား မွေးရာပါရောဂါများ၊ မသန်စွမ်းမှုများ ဖြစ်ပေါ်သွားစေနိုင်သည်။

“ဘယ်သူက စသတ်မှတ်လိုက်လည်း မသိပေမယ့် လူအများစု ထင်နေတာက ကိုယ်ဝန် ငါးလလောက်မှ ကိုယ်ဝန်အပ်ရမယ်ဆိုပြီး အပ်ကြတယ်။ အဲဒီတော့ ကလေးအတွက် အရေးကြီးဆုံးဖြစ်တဲ့ အချိန်ကာလတွေ လွန်သွားပြီ။ ဘာမှ လုပ်လို့မရတော့ဘူး”ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူ ဆရာဝန်တစ်ဦးက ပြောသည်။

ထိုကိုယ်ဝန်သုံးလအတွင်း အမှား တစ်စုံတစ်ရာဖြစ်ပါက ကလေးတွင် အင်္ဂါချွတ်ယွင်းခြင်း၊ လူစဉ်မမီခြင်း၊

စာ(၁၄)သို့

## အိပ်မပျော်သော ဆီးချိုဝေဒနာရှင်များ၏ သွေးထဲမှ သကြားဓာတ်ကို ထိန်းချုပ်ရန်ခက်ခဲ



**တွက်ဆန်၊ ဇန်နဝါရီ - ၃**

အမျိုးအစား-၁ ဆီးချိုရောဂါရှိသော လူငယ်များသည် ညဘက်အိပ်ပျော်ရန် ခက်ခဲတတ်ကြောင်းနှင့် ယင်းအတွက်ကြောင့်ပင် သွေးထဲမှ သကြားဓာတ်ကို ထိန်းချုပ်ရန်ခက်ခဲနိုင်ကြောင်း အမေရိကန် သုတေသီများကပြောသည်။

အရီဇိုးနားတက္ကသိုလ်မှ သုတေသီ မစ်ရှယ်လ်ပါဖက်နှင့်အဖွဲ့သည် အမျိုးအစား-၁ ဆီးချိုရောဂါရှိသူ အသက် ၁၀ နှစ်နှင့် ၁၆နှစ်ကြား လူငယ်၅၀ဦး၏ အိပ်စက်မှု ကျန်းမာရေးအခြေအနေကိုလေ့လာခဲ့သည်။ ယင်းသို့လေ့လာရာတွင် ဆီးချိုဝေဒနာရှင် ကလေးများသည် ပုံမှန်ကလေး များထက် အိပ်ချိန်နှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ချိန်နည်းပါးကြောင်းနှင့် ယင်းသို့ဖြစ်ခြင်းကြောင့် ၎င်းတို့၏ ကျောင်းပညာရေးကို ထိခိုက်ရသလို သွေးထဲမှသကြားဓာတ်ကိုလည်း မြင့်မားလာစေကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။

အစားအသောက် ဆင်ခြင်စားသုံးနေရင်းမှပင် ညဘက် အိပ်ပျော်ရန်ခက်ခဲသော အမျိုးအစား-၁ ဆီးချိုဝေဒနာရှင် လူငယ်များသည် ၎င်းတို့၏သွေးထဲမှ သကြားဓာတ်ကို ထိန်းသိမ်းရန် ရုန်းကန်ကြရကြောင်း သုတေသီများက ထုတ်ပြန်ချက်တွင်ဖော် ပြသည်။

အိပ်စက်မှုကျန်းမာရေးသည် လူငယ်များ၏ ကျောင်းပညာရေးနှင့် စာမေးပွဲအပေါ် သက်ရောက်မှု များစွာရှိကြောင်းနှင့် လူငယ်များတွင် အိပ်စက်မှုပြဿနာရှိနေပါက ကျွမ်းကျင်သူ ဆရာဝန်များနှင့်ပြသကာ ကုသမှုခံယူသင့်ကြောင်း သုတေသီများက အကြံပြုတင်ပြထားသည်။

—Ref: UPI

## အထူးကုဆရာဝန်များ ထပ်မံမွေးထုတ်နိုင်ရန် စီစဉ်

ဝတ်ရည်

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

ပြည်တွင်းတွင် အရေးပေါ် လူနာများအတွက် ပြုစုကုသနိုင်ရန် အထူးကုဆရာဝန်များပေါ်ပေါက်လာရေး အတွက် ဆွေးနွေးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဆေးတက္ကသိုလ်များတွင် ယခုရှိနေသည့်အထူးကုပညာရပ်များကဲ့သို့ အရေးပေါ်အထူးကုဆရာဝန်များမွေးထုတ်ပေးနိုင်ရေးအတွက်ပါ သင်ရိုးညွှန်းတမ်းများထားရှိမည်ဖြစ်ပြီး အရေးပေါ်ပြုစုကုသမှုများပိုမိုထိရောက်လာစေရန် ရည်ရွယ်ကြောင်း အရိုးခွဲစိတ်ဆရာဝန်ပါမောက္ခဇော်ဝေစိုးကပြောသည်။

“အခုလက်ရှိအချိန်မှာ အရေးပေါ်ဌာနတွေရှိပေမယ့် ပြုစုမှုကို တစ်ယောက်တည်းက သိနေတာမဟုတ်ဘူး။ အရေးပေါ်တစ်ခုခုဖြစ်လာရင် သက်ဆိုင်ရာဆရာဝန်ကိုလှမ်းခေါ်ရတယ်။ သက်ဆိုင်ရာဆရာဝန်ဆိုတာကလည်း ဥပမာနှလုံးခွဲစိတ်ဆရာဝန်ဆိုများများစားစားမရှိတဲ့အတွက် မလွယ်ကူဘူး။ အဲဒီချိန်မှာ ဒါတွေအားလုံးကို တက်ကျွမ်းတဲ့အရေးပေါ်ဆရာဝန်သာ မွေးထုတ်နိုင်ရင် လိုအပ်တဲ့ကုသမှုတွေကို စောစောစီးစီးရနိုင်တယ်”ဟု အဆိုပါဆရာဝန်ကပြောသည်။

အရေးပေါ်အထူးကုဆရာဝန်သည် ခွဲစိတ်ကုသခြင်းမျိုးမဟုတ်ဘဲ အရေးပေါ်လိုအပ်ချက်များအား ဦးဆုံးဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပြီး တစ်နှစ်၊ နှစ်နှစ်အတွင်းဖြစ်လာမည်ဖြစ်ကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။ ထိုအရေးပေါ်ဆရာဝန်များ မွေးထုတ်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံဆရာဝန်အသင်းတွင် နယ်ပယ်အသီးသီးမှ ပညာရှင်များ စည်းဝေးဆွေးနွေးပြီး အစည်းအဝေးရလဒ်အားကျန်းမာရေးဝန်ကြီးဌာနသို့ပေးပို့တင်ပြမည်ဖြစ်ကာ လမ်းညွှန်မှုများဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။



# Regional

7 DAY NEWS JOURNAL

Vol.10, No.43 · JANUARY 12, 2012


# ၂၀၁၁ နှစ်ကုန်ခါနီးတွင် မန္တလေးမြေဈေးအတက်အကျမြန်ဆန်

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ- ၆**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်ရှိ မြို့သစ်မြေကွက်များသည် တစ်လအတွင်း ဈေးအတက်အကျကြမ်းကာ အရောင်းအဝယ် ရပ်ဆိုင်းသွားကြောင်းဝါရင့်မြေပွဲစားတစ်ဦးက ပြောကြားသည်။

၎င်းကဆက်လက်၍ "မြို့သစ်မြေဈေးဝယ်လက်ထူးခြားတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်ကလည်း မန္တလေးမြို့သစ်မြေဈေးတွေဒီလိုဖြစ်ဖူးတယ်။ အချို့မြေပွဲစားကြီးတွေက အကွက်ငယ်လေးတွေကို ငါးဆက ဆယ်ဆထိ ဈေးမြင့်ပေးဝယ်ပြီး မြေဈေးအဆမတန် မြင့်လာအောင် ဈေးကစားတယ်။ သူတို့အကွက်ကြီးတွေကြိုက်ဈေးနဲ့ ပြန်ရောင်းချတာတွေလည်းရှိတယ်။ တချို့စီးပွားရေးလုပ်ငန်းရှင်ကတော့ ရွှေလည်းဈေးကစားမရ၊ မော်တော်ကားလည်း ဈေးကစားမရတော့ မြေမှာဈေးဝင်ကစားကြတယ်။ မန္တလေးမြို့ပေါ်မှာ စီးပွားရေးလုပ်ငန်းရှင် တချို့ဈေးကစားမှုကြောင့် မြေဈေးမြင့်တက်ခဲ့သလို ညီနောင်နိုင်ငံသားတွေကလည်းမြို့သစ်လမ်းမကြီးတွေဘေးမှာဈေးကြီးတွေပေးပြီးဝယ်ခဲ့ကြတာတွေရှိပါတယ်။ အခုတော့ မန္တလေးမြေဈေးက ငြိမ်သွားပါပြီ။ တရုတ်နှစ်သစ်ကူးလည်း နီးလာပြီဆိုတော့ အရောင်းအဝယ်တွေလည်းအေးကုန်ပါပြီ" ဟု ပြောပြသည်။



**မန္တလေးမြို့၏ တန်ဖိုးအမြင့်ဆုံးမြေကွက်များတည်ရှိရာ လမ်းတစ်ခုဖြစ်သော ၇၈ လမ်းတစ်နေရာကို ၂၀၁၀ က တွေ့ရစဉ်**

ဓာတ်ပုံ - အားမာန်

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်တွင် လွန်ခဲ့သော ၁၄ နှစ်က မြေကွက်ရထားသော ဝန်ထမ်းတစ်ဦးက" ကျွန်တော့ မြေကွက်ကို လွန်ခဲ့တဲ့ ခြောက်နှစ်ခန့်က သိန်း ၂၀၀ ပေးပါတယ်။ ၂၀၀၉ ခုနှစ်လောက်မှာ ကျပ်သိန်း ၃၀၀နဲ့ ၂၀၁၀ ခုနှစ်မှာ ကျပ်သိန်း၄၀၀ပေးပြီး ၂၀၁၁နိုဝင်ဘာ ဒုတိယပတ် မြေကွက်တွေဈေးတက်နေချိန်မှာ ကျပ်သိန်း ၁,၈၀၀ ပေးလို့ရောင်းလိုက်ပြီ"ဟု ၎င်း၏မြေကွက်ရောင်းချမှုနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

မန္တလေးမြို့တော်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "မန္တလေးမြို့မှာ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေအပါအဝင် နေ့စဉ် မြေအရောင်းအဝယ်၊ အလွှဲအပြောင်း စာချုပ် ၄၀ ခန့် လက်မှတ်ထိုးနေရပါတယ်။ တစ်လကို ဘိုးဘွားပိုင်မြေဂရန် မြေအရောင်းအဝယ် အလွှဲအပြောင်း အမှုတွဲပေါင်း ၁၂၀၀ ကျော်ခန့် ပုံမှန်လက်မှတ်ရေးထိုးပေးနေရပါတယ်" ဟု မန္တလေးမြေ အရောင်းအဝယ် အလွှဲအပြောင်းနှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။

မြေအကျိုးတော်ဆောင် ရှေ့နေတစ်ဦးက "မန္တလေးမြို့ပေါ်မှာ ဂရန်မပေါက်သေးတဲ့ မြေတွေလည်း အရပ်ကတိစာချုပ်နဲ့ ဝယ်နေကြပါတယ်။ အရပ်ကတိစာချုပ်ဟာ ဥပဒေအရ တရားမဝင်ပေမယ့် နေဖို့ထိုင်ဖို့ ခက်ခဲသူတွေ၊ ညီနောင်နိုင်ငံသားတွေက ဘာအာမခံချက်မှမရှိတဲ့ မြေတွေလည်း ဝယ်နေတာတွေ့ရတယ်။ မန္တလေးမြို့လယ်ဝင်းတွေမှာ ဂရန်မရှိဘဲနေတဲ့ အိမ်ထောင်စုတွေအများကြီးရှိတယ်။ မင်းတုန်းမင်းက ၁၂၂၁ ခုနှစ်မှာမန္တလေးမြို့တော်ကို စနစ်တကျအကွက်ရိုက်ပြီး ရတနာပုံနေပြည်တော်ဆိုပြီး တည်ခဲ့တာ နှစ်ပေါင်း ၁၅၂ နှစ်ရှိပါပြီ။ ဒုတိယကမ္ဘာစစ်အပြီး အနယ်နယ် အရပ်ရပ်က လူတွေက ရေကြည်ရာ မြက်နုရာဆိုပြီး မန္တလေးတက်လာကြတယ်။ အဲဒီလိုနေလာကြတာ နှစ်ပေါင်း ၆၀ ကျော်အထိ နေလာသူတွေရှိကြပေမယ့် ဂရန်မရှိဘဲ နေလာတဲ့ အိမ်ထောင်စုဟာ မန္တလေးမှာ ထောင်ချီပြီးရှိနေဆဲပါ" ဟု သူ၏အမြင်ကို ပြောသည်။

# နေပြည်တော် မတ်ပဲစိုက်ခင်းများ မြေဆောင်ရောဂါကြောင့် ပျက်စီးမှုနှင့် ကြုံရပြန်

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ- ၆**

နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးစပါးအပြီး စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများတွင် မြေဆောင်ရောဂါနှင့် မြေအောင်းပိုးများကြောင့် အပင်သေပျက်စီးဆုံးရှုံးမှုများနှင့် ကြုံရပြန်ကြောင်း ဒေသခံတောင်သူအချို့ပြောသည်။

မတ်ပဲဈေးမကောင်းသော်လည်း အပိုဝင်ငွေရရှိရန်အတွက် စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများတွင် ပဲပင်တစ်လသားခန့်မှာ စကားအပင်သေများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အများစုမှာ လုံးဝပျက်စီးသည်ဟုမဆိုနိုင်သော်လည်း အချို့စိုက်ခင်းများတွင်မူ စိုးရိမ်ရသည့်အခြေအနေထိရောက်ရှိနေကြောင်း နေပြည်တော်ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ကိုမျိုးဝင်းက ပြောသည်။

"ကျွန်တော်တို့ဝန်းကျင်မှာတော့ မနှစ်ကလိုပဲ ဖြစ်နေပြန်ပြီ။ ဖြစ်တာကတော့ အများစုပဲ။ ဒါပေမဲ့တချို့စိုက်ခင်းကနည်းနည်းပဲသေပြီး တချို့စိုက်ခင်းကျပြန်တော့လည်း အကွက်လိုက် သေကြတယ်။ အဲဒီလိုဖြစ်ရင်တော့ စိုးရိမ်ရတယ်။ မနှစ်ကလည်း ဒီလိုပဲ တံစဉ်လွတ်ဖြစ်သွားတယ်"ဟု ၎င်းကပြောကြားသည်။ ထိုကဲ့သို့သော ပျက်စီးဆုံးရှုံးမှုအတွက် လက်ရှိဈေးကွက်တွင် ဆေးဝါးမျိုးစုံရှိနေသော်လည်း ဖြေရှင်းမရခြင်းနှင့်ပတ်သက်ပြီး "ပဲမှာ ဆရာမရှိလို့ပဲ ပြောရမှာပဲ" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုဖြစ်စဉ်အတွက် စိုက်ပျိုးရေးပညာရှင်တစ်ဦးကိုဆက်သွယ်မေးမြန်းရာတွင်မူ"မနှစ်ကလည်းကျွန်တော်ပြောဖူးပါတယ်။ မြေကြီးကိုနွေထယ်ရေးလှန်ပြီး အခြောက်ခံဖို့၊ အဲဒါမှ မြေကြီးထဲက ရောဂါတွေပိုးတွေသေမယ်။ ဒီလိုသာဆေးတွေချည်းလိုက်သုံးနေမယ့်အစား အဲဒီလိုပြုမူလာအောင် များများလှုံ့ဆော်ပေးရမယ်ထင်တယ်"ဟု အကြံပြုပြောသည်။ မတ်ပဲဈေးကောင်းရရန် အလားအလာနည်းသောယခုနှစ်တွင်တောင်သူအချို့မစိုက်ပျိုးတော့ဘဲလှပ်ထားသော်လည်းမျိုးအဆင်သင့်ရှိထားသော တောင်သူများမှာမူ အပိုဝင်ငွေရရှိရန် စိုက်ပျိုးကြကြောင်း သိရသည်။ အဆိုပါမျိုးများကို ပြန်လည်စိုက်ပျိုးခြင်းဖြစ်သည့်အတွက် ယခုကဲ့သို့ရောဂါများကပ်ပါလာခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

# ဘီလူးချောင်းထဲ အမည်မသိ အမျိုးသမီး အလောင်းတွေ့ရှိ

**ကြီးမြင့်နိုင်**

**လှိုင်ကော်၊ ဒီဇင်ဘာ- ၃၁**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ သံတံတားအနီး ဘီလူးချောင်းထဲ၌ ဒီဇင်ဘာ ၂၆ ရက် နံနက်က အမည်မသိအမျိုးသမီးအလောင်းတစ်လောင်းတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

အမျိုးသမီးအလောင်းတစ်လောင်းအား ဘီလူးချောင်းထဲ မျောပါလာသည်ကိုဥတ္တရာရုံသစ်သားတံတားအနီး စတင်တွေ့မြင်ခဲ့ရပြီးသံတံတားအနီး၌ အဆိုပါနေ့ နံနက် ၁၁ နာရီအချိန်တွင် ဆယ်ယူရရှိကာ လွိုင်ကော်ဆေးရုံသို့မှုခင်းဆေးစာနှင့်အတူပို့ဆောင်ထားကြောင်းသိရသည်။ အလောင်းမတွေ့ရှိသေးမီ နာရီပိုင်းအတွင်းသေဆုံးခဲ့သည်ဟုယူဆရကြောင်း မည်သူမည်ဝါဖြစ်သည်ကို စုံစမ်းနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

အဆိုပါ အမျိုးသမီးမှာ အသက် ၃၅ နှင့် ၄၀ နှစ်ကြားအရွယ်ဖြစ်ပြီး အရပ် ၅ ပေ ၃ လက်မခန့်ဖြစ်ကြောင်း၊ အသားညို၍ မျက်နှာသွယ်ကြောင်း၊ ဆံပင်မှာ ကျောလယ်အထိရှည်ကြောင်း၊ ထူးခြားသည်မှာ ခါး၌ ကြွပ်ကြွပ်ကြိုးချည်နှောင်ထားပြီး ညှပ်ဖိနပ်တစ်ရန်မှာလည်း ခြေထောက်၌ စီးနင်းလျက် အနေအထားအတိုင်းပင်ရှိသေးကြောင်း အဆိုပါရဲတပ်ဖွဲ့ဝင်၏ ပြောကြားချက်အရ သိရသည်။

ထိုဖြစ်ရပ်နှင့်ပတ်သက်၍ လွိုင်ကော်ရဲစခန်းက သေမှုသေခင်းအမှတ် ၂၄/၂၀၁၁ ကိုရေးဖွင့်ပြီး ဆက်လက်စုံစမ်းလျက်ရှိသည်။




7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရန် ဒေသအသီးသီးမှ ဝါးများ မောင်တောနယ်စပ်သို့ ဝင်ရောက်

မောင်ကံ

**မောင်တော၊ ဇန်နဝါရီ- ၃**

မောင်တောနယ်စပ်ကုန်သွယ်ရေးမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့နေရသည့် ဝါးများမှာ ယခုနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်များလျှော့ထားသည့်အတွက် မောင်တောနယ်စပ်ဈေးကွက်သို့ဝင်ရောက်မှုများလာကြောင်း သိရသည်။

ယခင်နှစ်က ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်းဒေသထွက်ဝါးများသည် စစ်တွေ-ကျောက်တော် မီးရထားလမ်းအတွက် ပုဏ္ဏားကျွန်းချောင်း(ကင်းချောင်း)အား တမံပိတ်ခဲ့သဖြင့် အဆိုပါရေလမ်းကြောင်းမှ သယ်ယူလာသည့် ဝါး ဖောင်များအတွက်လမ်းကြောင်းပြောင်းလဲသွားပြီး သယ်ယူရသည့် ခရီးမှာလည်း ကွာဝေးသွားသဖြင့် မောင်တောနယ်စပ်သို့ ဝါးအဝင်နည်းခဲ့ကြောင်း ဝါးကုန်သည်တစ်ဦးက ပြောကြားသည်။

ယခုနှစ်တွင် ပုဏ္ဏားကျွန်းချောင်း(ကင်းချောင်းတမံ)အား ပြန်ဖယ်ရှားခဲ့ရာ အဆိုပါဒေသမှ ဝါးဖောင်များပြန်လည်ဝင်ရောက်မှုကောင်းလာကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့မည့် ဝါးများကို မယုမြစ်ကြောင်းအတိုင်း စက်လှေများဖြင့် တွန်းယူလာကြကြောင်း သိရသည်။


ဒေသအသီးသီးမှဝါးများ
မေယုမြစ်ကြောင်းအတိုင်း သယ်ယူလာပုံ




# ချိန်ခါမဟုတ်ရွာသွန်းသောမိုးကြောင့် လမ်းပိတ်နေသော အလောင်းတော်ကဿပ ဘုရားဖူးခရီးသည် ကိုးဆယ်ကျော်အား ကူညီ

ရန်နိုင်ကျော်

**မုံရွာ၊ ဇန်နဝါရီ-၂**

နှစ်ကုန်ပိုင်းတွင် အချိန်အခါမဟုတ် ရွာသွန်းခဲ့သော မိုးကြောင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သို့ ဘုရားဖူးသွားလာခဲ့သည့် ခရီးသည်(၉၀)ကျော်သည်လမ်းပိတ်မိနေခဲ့သဖြင့်တောင်ပေါ်ရှိသပိတ်ဆေးသစ်တောစခန်းနှင့်စံကျောင်းတော် အနီးတွင်(၃)ရက်ကြာတည်းခိုခဲ့ရကြောင်း အလောင်းတော်ကဿပ ဘက်စုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောကြားသည်။

"ဒီဇင်ဘာ(၂၇)ရက် နံနက်ပိုင်း အလောင်းတော်ကဿပ ဘုရားဖူးယာဉ်တွေပြန်ချိန်မှာချိန်ခါမဟုတ်မိုးရွာသွန်းခဲ့တဲ့အတွက် ရာသီလမ်းကို ယာယီပိတ်လိုက်တယ်။တောင်ပေါ်မှာဘုရားဖူးရာသီချိန်မဟုတ်တဲ့အတွက် စားသောက်ဆိုင်တွေလည်းမဖွင့်ရသေးတော့ တောင်ပေါ်က ဘုရားဖူးအယောက်ကိုးဆယ်ကျော်စားသောက်ရေး အခက်အခဲ မရှိအောင်ဂေါပကအဖွဲ့နဲ့ ဘုရားဖူးယာဉ်လိုင်းတွေပူးပေါင်းပြီး ကပိုင်ယာဉ်ရပ်နားစခန်းကစားသောက်ဆိုင်တွေကတစ်ဆင့်စားသောက်ဖွယ်ရာတွေနဲ့ ရိက္ခာတွေကို ဆိုင်ကယ်တွေနဲ့ပို့ပေးခဲ့ရတယ်"ဟု အလောင်းတော်ကဿပဂေါပကအဖွဲ့ဥက္ကဋ္ဌဦးမောင်မောင်က ပြောကြားခဲ့သည်။

ချိန်ခါမဟုတ်ရွာသွန်းခဲ့သောမိုးကြောင့် အလောင်းတော်ကဿပတောင်ပေါ်လမ်းပိုင်းမှာပျက်စီးမှု အနည်းငယ်သာကြုံတွေ့ခဲ့ရသည်။ အဆိုပါမိုးရွာသွန်းချိန်တွင်နယ်ဝေးမှကိုယ်ပိုင်ယာဉ်ငယ်တစ်စီးသည် တောင်ပေါ်လမ်းပိုင်းလွဲချော်ခဲ့ပြီးချောင်းငယ်အတွင်းသို့ဝင်ရောက်ခဲ့ကာ လမ်းပျောက်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါကိုယ်ပိုင်ယာဉ်ငယ်ယာဉ်မောင်းက လမ်းပိုင်းတွင်ကောင်းမွန်စွာဖောက်လုပ်ထားခြင်းမရှိဘဲရာသီလမ်းပိုင်း ဖွင့်လှစ်ခဲ့ခြင်းနှင့် ပတ်သက်၍ ယင်းမာပင်မြို့နယ်ကပိုင်ကျေးရွာအနီး ရာသီလမ်းဂိတ်ကို ပြောကြားခဲ့သည့်နောက်ပိုင်း ဒီဇင်ဘာလ (၂၇)ရက်နေ့လယ်မှစ၍ ယာယီ ပိတ်ဆို့ခဲ့ခြင်းကြောင့် တောင်ပေါ်ရှိဘုရားဖူးယာဉ်များ သွားလာရေးအခက်အခဲကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အလောင်းတော်ကဿပ ဘုရားဖူးခရီးသည်များ၏ ပြောကြားချက်အရ သိရသည်။

အလောင်းတော်ကဿပ တောင်ပေါ်တွင်လမ်းပိတ်ဆို့မှုကြုံတွေ့ခဲ့ရသော အလောင်းတော်ကဿပဝန်ဆောင်ဆရာတော်ကြီးများနှင့်ဂေါပကအဖွဲ့၏ဦးဆောင်မှုဖြင့်ဘုရားဖူးများသွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။အလောင်းတော်ကဿပရာသီလမ်းကို ယခုနှစ် ဇန်နဝါရီလပထမအပတ်အတွင်းဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး မုံရွာ အလောင်းတော်ကဿပဘုရားဖူးများအား ဇန်နဝါရီလ (၂) ရက်တွင်စတင်သွားလာခွင့်ပြုခဲ့သည်။ မုံရွာ - အလောင်းတော်ကဿပ တိုက်ရိုက်နေ့ချင်းပြန်ခရီးစဉ်များအဖြစ် ဦးညိုဝင်းနှင့် ရောင်းရင်းများ၊ မင်းသိန်းနှင့်ရောင်းရင်းများ စသည့် ဘုရားဖူး ပို့ဆောင်ရေးယာဉ်လိုင်းများမှ နေ့စဉ်ပြေးဆွဲလျက်ရှိပြီး အောင်ကမ္ဘာမှန်လုံယာဉ်အသင်းမှ အပတ်စဉ်ခရီးစဉ်များအဖြစ် ပြေးဆွဲလျက်ရှိသည်။

# စက်ဘီးဖြင့် ရန်ကုန် - မုံရွာ ခရီးနှင်မည့် အသက်ခုနစ်ဆယ်ကျော်အဘိုးအို

ကိုသက်(မုံရွာ)

**မုံရွာ၊ ဇန်နဝါရီ- ၄**

နတ်မောက်မြို့တွင်မွေးဖွားပြီး လက်ရှိအချိန်၌ ဟုမ္မလင်းမြို့တွင် နေထိုင်လျက်ရှိသော အသက် ၇၁ နှစ်အရွယ်ရှိအဘဦးကျော်စွာသည် မုံရွာ၊ရန်ကုန်အသွားအပြန်နှင့်မုံရွာ၊ပြည်အသွားအပြန် တစ်ကိုယ်တော်စက်ဘီးဖြင့်ကိုးကြိမ်မြောက်ခရီးနှင်ရန် ဇန်နဝါရီလ ၃ရက်တွင်မုံရွာမြို့သို့ သင်္ဘောဖြင့် ရောက်ရှိခဲ့ကြောင်း သိရသည်။


ဓာတ်ပုံ-ကိုသက်(မုံရွာ)

*ရန်ကုန်မှ မုံရွာသို့ စက်ဘီးစီးသွားမည်ဆိုသော အသက် ၇၁ နှစ်အရွယ် ဦးကျော်စွာကို တွေ့ရစဉ်*

"ဒီခရီးစဉ်က အဘအတွက် ကိုးကြိမ်မြောက် စက်ဘီးခရီးစဉ်ပေါ့။ အဘမိုင်ပေါင်းငါးသောင်းငါးထောင်ကျော်စက်ဘီးနဲ့ခရီးနှင်ပြီးပြီ။ ဒီခရီးနဲ့ဆိုရင်အဘစက်ဘီးစီးတာမိုင်ပေါင်းငါးသောင်းရှစ်ထောင်ကျော်သွားမယ်။ မုံရွာကနေရန်ကုန်ကို ဇန်နဝါရီလ ၅ ရက်မှာစထွက်မယ်၊ ထောက်ကြန့်ရောက်ရင်ပြန်လှည့်လာမယ်။ အသွား၊အပြန်အမြန်လမ်းအတိုင်း စီးမှာရက် ၂၀ လောက်ကြာမယ်မှန်းတယ်။ မုံရွာပြန်ရောက်တာနဲ့ပြည်ကိုမုံရွာ-ပုသိမ်လမ်းအတိုင်းအသွားအပြန်စီးမယ်" ဟု အဘဦးကျော်စွာကပြောသည်။

ဦးကျော်စွာသည်၂၀၀၃ခုနှစ်မှ စတင်၍စက်ဘီးဖြင့်တစ်ကိုယ်တော်ခရီးနှင်ခဲ့သူဖြစ်ပြီး ယခု ခရီးစဉ်မှာ၄င်းအတွက် ကိုးကြိမ်မြောက်ခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

၄င်း၏မိခင်မှာနတ်မောက်မြို့တွင် ယခုအချိန်ထိနေထိုင်လျက်ရှိပြီး မုံရွာ-ပြည်ခရီးစဉ်တွင် မိခင်အားဝင်ရောက်တွေ့ဆုံမည်ဖြစ်ကြောင်း၄င်းကပြောကြားသည်။

"အဘအခုလိုစက်ဘီးစီးနေတာကို လူငယ်တွေအတုယူစေချင်တယ်။ လက်ရှိလူငယ်တွေကဘီယာဆိုင်နဲ့ဂိမ်းဆိုင်တွေမှာပဲအချိန်ကုန်နေကြတယ်။ ကျန်းမာရေးလိုက်စားစေချင်တယ်၊အဘကတော့စက်ဘီးပဲစီးတယ်။ ဆိုင်ကယ်ရှိခဲ့ရင်တောင်မစီးဘူး" ဟု လူငယ်များကျန်းမာရေးလိုက်စားစေချင်ကြောင်းကို အဘဦးကျော်စွာက ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ပြည်ပမီဒီယာတွင် ထုတ်လွှင့်သွားသည့် ရွှေဆိုင်ကိစ္စ ကာယကံရှင် ပြန်လည်ရှင်းလင်း

ကျော်ဇေယျ

**နေပြည်တော်၊ ဇန်နဝါရီ-၆**

ရွှေဆိုင်မှ ရွှေနှစ်ကျပ်သားအလေးချိန်ရှိ ရွှေဆွဲကြိုးအား ခိုးယူသွားခဲ့၍ တရားလိုက တိုင်ကြားရာတွင် အမှုအပေါ် နေပြည်တော်ပျဉ်းမနားရဲစခန်းက လက်ခံဖွင့်ပေးခြင်း၊ ဆောင်ရွက်ပေးခြင်း လုံးဝမရှိဟု ပြည်ပမီဒီယာတစ်ခုက ယခုလ ၄ ရက်တွင် ထုတ်လွှင့်ခဲ့မှုအပေါ် ဦးသာရရွှေဆိုင်က ကာယကံရှင်ဦးညီညီသာမှ ပြန်လည်ရှင်းပြခဲ့ကြောင်း သိရသည်။

ယခုလ ၃ ရက် နေ့လယ် ၁ နာရီအချိန်ခန့်က နေပြည် တော်ပျဉ်းမနားရှိ ရွှေဆိုင်တစ်ဆိုင်မှ ရွှေဝယ်ဟန်ဆောင်ကာ ခိုးယူသည်ဟု ယူဆရသော လူသုံးဦးအား ဆိုင်တွင်းတပ်ဆင်ထားသော လုံခြုံရေးကင်မရာမှ တစ်ဆင့် ရိုက်ယူနိုင်ခဲ့သော်လည်း တရားခံအား လက်ရဖမ်းဆီးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

"ဆွဲကြိုးနှစ်ကျပ်သားကုံး တစ်ကုံး လျော့နည်းပျောက်ဆုံးတာကို သိသိချင်း ၁၀ မိနစ်အတွင်းမှာ ကျွန်တော်နဲ့ တာဝန်ရှိသူတွေ ဆိုင်မှာတပ်ထားတဲ့ လုံခြုံရေးကင်မရာက Record ကိုပြန်ရစ်ပြီးကြည့်တော့ ဆိုင်ထဲကို ရွှေဝယ်ချင်ယောင်ဆောင်ပြီး လာတဲ့ အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးနှစ်ဦးက လက်ဆင့်ကမ်းပြီး ခိုးယူသွားတာကို တွေ့ရပါတယ်။ ဒီလုံခြုံရေးကင်မရာက တပ်ဆင်ထားတာ တစ်နှစ်လောက်ပဲရှိသေးတယ်။ အခုတော့ အသုံးဝင်သွားပြီပေါ့ဗျာ" ဟု ဦးသာရ ရွှေဆိုင်မှ ဦးညီညီသာက ပြစ်မှုဖြစ်သွားပုံကို ပြောပြသည်။

ဆက်လက်၍ ၎င်းက ပြောဆိုရာ "ဒါကို အကျယ် အကျယ် မဖြစ်ချင်တာရယ်။ အမှုဖွင့်လိုက်ရင် တာဝန်ရှိသူတွေ တာဝန်တွေပိုများသွားမှာရယ် စိုးရိမ်လို့ အမှုဖွင့်တိုင်ကြားထားခြင်း လုံးဝ မရှိပါဘူး။ ဒီလိုဖြစ်သွားတယ်ဆိုတာပဲ အသိပေး ပြောဆိုထားခြင်းလောက်ပဲ ရှိပါတယ်။ ရဲတပ်ဖွဲ့က အမှုဖွင့်ပေးရမလားဆိုတော့ ကျွန်တော်က အမှုတော့ မဖွင့်ထားပါနဲ့ ပြစ်မှုကျူးလွန်သူတွေကိုမိမှပဲ ဖွင့်ရအောင်လို့တားထားပြီးရဲစခန်းဘက်တောင် မရောက်ပါဘူးဗျာ" ဟု အမှုဖွင့်ထားခြင်း မရှိကြောင်း ပြောဆိုသည်။

"တရားလိုကလည်း ရဲစခန်းကို အမှုဖွင့်လိုကြောင်းတိုင်ကြားထားတာ မရှိသလို သတင်းဌာနကိုလည်း ပေးပို့ထားတာ မရှိပါဘူး။ ကြားထဲက ဗျောသံကြားတရားနာ အဆင့်လောက်ကကြားတဲ့သတင်းကိုသတင်းဌာနဆီပို့တာပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီသတင်းဌာနက လူကလည်း ဖြစ်ရပ်မှန်ကို သိနိုင်မှာ မဟုတ်လောက်တော့ဖော်ပြမိတာလည်း ဖြစ်နိုင်ပါတယ်။ ရဲလက်စွဲမှာက အမှုဖွင့်ပေးလိုလို တိုင်ကြားတဲ့အမှုကို မဖွင့်ပေးရင် ရဲတပ်ဖွဲ့ကရာသက်ပန်ထုတ်ပယ်ပြီး ထောင်သုံးနှစ်ထိ ချမှတ်လို့ရကြောင်း ပြဋ္ဌာန်းထားပါတယ်" ဟု ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

# နံပါတ်မပါသော ထော်လာဂျီက မောင်းနေသော မီးရထားစက်ခေါင်းကို ဝင်တိုက်

စိုင်းသာအောင်

**ပြင်ဦးလွင်၊ ဇန်နဝါရီ- ၆**

စည်းကမ်းမဲ့ ထော်လာဂျီမောင်းနှင်မှုကြောင့် ရထားစက်ခေါင်းကို ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း မြန်မာ့မီးရထားတိုင်း (၁)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ၂၀၁၁ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မှ လားရှိုးသို့ ထွက်လာသော လူစီးအဆန်ရထားစက်ခေါင်းအမှတ် DF.2047 သည် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာဘူတာမှ အထွက် မိုင်တိုင် ၄၄၄/၁၃-၁၄ကြားအရောက်တွင် ယာဉ်မောင်းကို. . မောင်းလာသော ကောက်ရိုးများတင်ဆောင်လာသည့် ထော်လာဂျီအပြာရောင်(နံပါတ်မပါ)သည် အရှိန်မထိန်းနိုင်ဘဲ ရထားစက်ခေါင်းကို ဝင်တိုက်မိခဲ့ကြောင်း သိရသည်။

ယင်းသို့ဝင်ရောက်တိုက်မှုကြောင့်ရထားစက်ခေါင်းမှာ ပျက်စီးမှုမရှိသော်လည်း ထော်လာဂျီယာဉ်မောင်းမှာ ညာဘက်နားထင်ပေါက်ပြဲ၊ ဘယ်ဘက်ဒူးခေါင်းပေါက်ပြဲဒဏ်ရာရရှိသွားပြီး ထော်လာဂျီမောင်းသူ ကို. . . (၂၀)နှစ်အား မြန်မာ့မီးရထားနောင်ချိုရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

# မဏိသျှတရ နဝရတ်လက်စွပ်ရောင်းသော ရတနာဆိုင် နေပြည်တော်တွင်ဖွင့်

ထူးသန့်

**နေပြည်တော်၊ ဇန်နဝါရီ- ၄**

မဏိသျှတ္တရ ကျမ်းနှင့်အညီ ပြုလုပ်ထားသည်ဟုဆိုသော မဏိသျှတ္တရနဝရတ်လက်စွပ်အဓိကရောင်းချမည့် ရတနာအရောင်းဆိုင်ကို နေပြည်တော် သပြေကုန်းပွဲရုံတန်း အဆောက်အအုံတွင် ဇန်နဝါရီ ၄ ရက်၌ ဖွင့်လှစ်ခဲ့သည်။

လောကီရေးရာအရ ကျန်းမာရေး၊ စီးပွားရေးနှင့် လာဘ်လာဘများအတွက် ယုံကြည်သက်ဝင်စွာ ဝတ်ဆင်လေ့ရှိသော အဆိုပါ မဏိသျှတ္တရနဝရတ်လက်စွပ်များကို တန်ဖိုးငွေကျပ်ငါးသိန်းမှ သိန်း ၉၀ အထိ တန်ဖိုးသင့်အထည်များ ပြုလုပ်ထားရှိပြီး အမှာစာများအတွက် ၁၅ ရက်ကြိုတင်၍မှာယူရမည်ဖြစ်ကြောင်းအဆိုပါအရောင်းဆိုင်ရှင် ဦးမောင်မောင်ဆန်းက ဆိုသည်။

အဆိုပါ အရောင်းဆိုင်သို့ လာရောက်လေ့လာသော ဧည့်သည်တစ်ဦးက "နေပြည်တော်မှာ ဒီလိုနဝရတ်လက်စွပ်အဓိကရောင်းချတဲ့ဆိုင်ရှိတော့ကောင်းတာပေါ့။ သူ့အတွက်လည်း အဆင်ပြေနိုင်တယ်။ ကိုယ့်အတွက်လည်း ကိုယ်တတ်နိုင်သလောက်လေးတွေလေ့လာဝယ်ယူနိုင်တာပေါ့"ဟု သူ၏အမြင်ကိုပြောသည်။

ကျောက်မျက်ရတနာပြတိုက်အနီးတွင် ဖွင့်လှစ်ထားသည့် ၎င်းဆိုင်၌ ကျောက်စိမ်းဆင်းတုတော်များ၊ ကျောက်စိမ်းအရည်ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ အဆောင်ပစ္စည်းများ၊ ဌာနဆိုင်ရာအတွက်အထူးပြုလုပ်ထားသော ကျောက်စိမ်းအမှတ်တရ ပစ္စည်းများကိုလည်း ရောင်းချပေးသည်။ ကျောက်စိမ်းဆင်းတုထုလုပ်ရာတွင် ဝိနည်းတော်နှင့်အညီ ထုတ်လုပ်ထားခြင်း ဖြစ်ကြောင်း ဦးမောင်မောင်ဆန်းက ပြောသည်။

# တန်ဖိုးနည်း ရိတ်သိမ်းခြွေလှေ့စက်များ အစီးရေ ၁၀၀၀ ထိ တင်သွင်းရန် စီစဉ်ထားဟုဆို



*ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် ဒေသခံများ စပါးခြွေလှေ့စဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထူးသန့်

**နေပြည်တော်၊ ဇန်နဝါရီ- ၆**

လယ်သမားများ စုဖွဲ့ဝယ်ယူသုံးစွဲနိုင်သည့် ဈေးနှုန်းတစ်ရပ်သာရှိသော ရိတ်သိမ်းခြွေလှေ့စက်များကို အစီးရေ ၁၀၀၀ အထိ တင်သွင်းဖြန့်ချိသွားရန်အစီအစဉ်ရှိကြောင်း သမဝါယမ ဝန်ကြီးဌာနအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူကပြောကြားသည်။

ပြီးခဲ့သည့် မိုးစပါး ရိတ်သိမ်းချိန်အမီ ကျပ်သိန်း ၉၀ တန်ဖိုး ရှိရိတ်သိမ်းခြွေလှေ့စက်များ အစီးရေ ၁၀၀ ခန့် တရုတ်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း ၊ ၎င်းစက်များကို ရာသီအမီ လယ်သမားများက ဝယ်ယူအသုံးပြုလျက်ရှိကြောင်း စက်စွမ်းအားမှာ တစ်နာရီလျှင် စပါးစိုက်ခင်းတစ်ဧကကို ရိတ်သိမ်းနိုင်ကြောင်းလည်း အဆိုပါ တာဝန်ရှိသူကပြောသည်။

အထက်ပါစက်များ၏ စွမ်းအားမှာ တစ်နာရီလျှင် စပါးဧဝက်ကိုရိတ်သိမ်းနိုင်စွမ်းရှိကြောင်း ၎င်းစက်များကို နယ်စပ်ဒေသဝင်ပေါက်မှလည်း တင်သွင်းရန် ရှိကြောင်းသိရသည်။ ပြီးခဲ့သည့်မိုးစပါးရာသီက စပါးရိတ်သိမ်းခြွေလှေ့စက်ငှားရမ်းအသုံးပြုခဲ့ဖူးသူ လယ်သမားတစ်ဦးကလည်း "အဲဒီဈေးနဲ့ဆိုရင်တော့ အဆင်ပြေတာပေါ့။ လယ်သမား သုံး၊ လေးဦးလောက် စပ်ဝယ်ရင်ကိုရတယ်။ သူကဘာမှ လုပ်စရာမလိုဘူး။ အိတ်လိုက် ထမ်းရုံပဲ။ စရိတ်လည်း ချွေတာနိုင်တယ်" ဟု ၎င်း၏အမြင်ကိုပြောကြားခဲ့သည်။

# ကျောက်တော်မဟာမြတ်မုနိဘုရားအား ရွှေစင် ၁၁ ပိဿာခွဲဖြင့် သွန်းလုပ်ထားသည့် ထီးတော်တင်ရန်စီစဉ်

မြတ်စုမွန်

**ရန်ကုန်၊ ဇန်နဝါရီ-၇**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ရှိမဟာမြတ်မုနိဘုရားထီးတော်အား ရွှေစင် ၁၁ ပိဿာခွဲဖြင့် သွန်းလုပ်ထားသည့် ထီးတော်တင်လှူရန် စီစဉ်လျက်ရှိကြောင်း ရခိုင်ပြည်နယ်၊ ယဉ်ကျေးမှုဝန်ကြီး ဦးအောင်သန်းတင်က 7 Day News သို့ပြောကြားသည်။

ကာလတန်ဖိုးနှင့် တွက်ချက်လျှင် ကျပ်သိန်းရှစ်ထောင် ဝန်းကျင်တန်ဖိုးရှိအဆိုပါရွှေထီးတော်အား လာမည့်တပေါင်းလပြည့်နေ့(မတ်လ၊ ၇ရက်)တွင် တင်လှူပူဇော်သွားရန် စီစဉ်ထားကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ "အလိုတော်ပြည့်ဆရာတော်ကြီးနဲ့ပြည်နယ်အစိုးရဦးစီးပြီးလုပ်မှာပါ။ ဒီအလှူငွေတွေကို ဆရာတော်ကြီးဦးဆောင်ပြီး အလှူခံတာရယ်၊ ပြည်နယ်ကအလှူခံထားတာတွေရယ်ကရတာပါ"ဟု ရခိုင်ပြည်နယ် ယဉ်ကျေးမှုဝန်ကြီးဦးအောင်သန်းတင် ကပြောသည်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ရှိမဟာမြတ်မုနိဘုရားအား ယခင်က ကြေးဖြင့်သွန်းထားသည့် ထီးတော်တင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် ယခုကဲ့သို့ ရွှေစင်သွန်းလုပ်လှူဒါန်းမှုမျိုး မကြားဖူးခဲ့ကြောင်း ရခိုင်ပြည်နယ်၊ ရှေးဟောင်းမြို့တော်ဖြစ်ခဲ့သည့် မြောက်ဦးမြို့မှ သမိုင်းသုတေသီတစ်ဦးက ပြောသည်။ "ဒီလိုရွှေသားနဲ့ ထီးတော်တင်တာက သမိုင်းမှာ ဒါပထမဆုံးပါ။ အရင်တုန်းကမကြားဖူးခဲ့ဘူး" ဟု သမိုင်းသုတေသီ ဦးကျော်ထွန်းအောင်ကပြောကြားသည်။

# ကုန်သွယ်လုပ်ငန်းခွန် လျှော့ထားသော်လည်း ပြည်ပသို့ ဆားတင်ပို့မှုမရှိသေး

မောင်ကံ

**မောင်တော၊ ဇန်နဝါရီ-၃**

နယ်စပ်စခန်းများမှပြည်ပသို့ဆားများ တင်ပို့ရာတွင် ယခင်ကုန်သွယ်လုပ်ငန်းခွန် ၁၀ ရာခိုင်နှုန်းပေးဆောင်ခဲ့ရရာက လွန်ခဲ့သည့်နိုဝင်ဘာလမှ ဆားတင်ပို့ခွန်ကို လျှော့ချထားသော်လည်း စစ်တွေနှင့် မောင်တောနယ်စပ်များမှ ပြည်ပသို့ ဆားတင်ပို့မှုမရှိသေးကြောင်း သတင်းရရှိသည်။

ယခင်က ရခိုင်ပြည်နယ်မှာ နေလှန်းဆားကိုအများအပြားလုပ်ကိုင်ခဲ့သည့် ပြည်နယ်တစ်ခုဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်မှ ဆားဝယ်ယူမှု ရပ်ဆိုင်းခဲ့သည့်အချိန်မှစ၍ ဆားကွင်းလုပ်ကိုင်မှုများ တဖြည်းဖြည်းလျော့ကျလာခဲ့ရာ ယခုထိ ဆားကွင်းလုပ်ငန်းများ လုပ်ငန်း ပုံမှန် မစတင်နိုင်သေးကြောင်း ပေါက်တောမြို့နယ်မှ ဆားကွင်း လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

"ဆားဈေးကွက်ပျောက်သွားတဲ့ ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်လောက်ကစပြီး ဆားကွင်းတွေကို လုပ်ကိုင်မှု အားနည်းသွားခဲ့ပါတယ်။ ဆားကွင်းတွေက စပါးလည်းစိုက်လို့ အဆင်မပြေတော့ ပုစွန်ကန်တွေလုပ်ပစ်တာတွေများပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံအနေဖြင့် နိုဝင်ဘာလအတွင်းက ဧရာဝတီတိုင်းဒေသကြီးမှ ဆန်၊ ပဲမျိုးစုံနှင့် ဆားများကို ပုသိမ်မြို့မှ အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် လာရောက်ဆွေးနွေးမှုများရှိခဲ့သဖြင့် ရခိုင်ဒေသထွက် ဆားများတင်ပို့နိုင်ရန် ကြိုးစားနေကြသော်လည်း ယခုအထိ မတင်ပို့ရသေးကြောင်း နယ်စပ်ကုန်သွယ်သူတစ်ဦးက ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ၂၀၁၀ – ၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာမှ ဘင်္ဂလားဒေ့ရှ်သို့ ကန်ဒေါ်လာသန်း ၁၇၀ ကျော်ဖိုး ကုန်စည်တင်ပို့ခဲ့

**မာန်ယုကျော်**

**စစ်တွေ၊ ဇန်နဝါရီ - ၂**

မြန်မာနိုင်ငံမှအိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ကုန်ပစ္စည်းများတင်ပို့ရာတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၁၇၀ကျော်ဖိုး တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းတန်ဖိုး ပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၅ သန်းဖိုးသာရှိခဲ့ပြီး မြန်မာမှဘင်္ဂလားဒေ့ရှ်သို့တင်ပို့ခဲ့သည့် ကုန်ပစ္စည်းတန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၅ ဒသမ ၇၂သန်းဖိုးရှိခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် နှစ်နိုင်ငံအကြားကုန်ပစ္စည်းများ တင်ပို့ကြရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှမြန်မာနိုင်ငံသို့အဓိကထားတင်ပို့ကြသည့် ကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ အိမ်သုံးဆေးဝါးများ၊ နို့ထွက်ပစ္စည်းများနှင့် လျှပ်စစ်ဝါယာကြိုးများအပြင် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ သွပ်အမျိုးမျိုး၊ ထီး၊ ဖိနပ်၊ အချိုရည်မျိုးစုံ၊ ပေါင်ဒါဘူးမျိုးစုံ၊ စနိုးဘူးမျိုးစုံ၊ ပန်းသီး၊ လိမ္မော်သီး၊ ဆီသန့်ဘူး၊ ဆားနှင့် အဝတ်အထည်တို့ဖြစ်ကြကြောင်းသိရသည်။

"မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကုန်သွယ်ရေးနှုန်း ဒီထက်တိုးတက်လာဖို့အတွက် တစ်နိုင်ငံနဲ့ တစ်နိုင်ငံကို ဆက်သွယ်သွားလာနိုင်မယ့်လေကြောင်းလိုင်းတို့၊ကားရထားလမ်းတို့ဖောက်လုပ်နိုင်ရေးဟာ အဓိကကျလှပါတယ်။ အဲလိုဆက်သွယ်ရေးတွေ တိုးတက်ကောင်းမွန်လာရင်တော့ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်းကုန်ပစ္စည်းတင်ပို့မှုပမာဏတွေများလာပါလိမ့်မယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သူ၏အမြင်ကိုပြောကြားသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို ၁၉၉၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီးစစ်တွေနှင့်မောင်တောမြို့တို့တွင် ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကြောင်းနှင့် ယခုအခါ နှစ်နိုင်ငံကြား ကုန်သွယ်ရေးတိုးမြှင့်ရန် နှစ်နိုင်ငံကုန်သည်ကြီးများ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မန္တလေး-ပြင်ဦးလွင် စင်းလုံးငှား ယာဉ်လိုင်းသစ် ဖွင့်လှစ်

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ- ၆**

မန္တလေး-ပြင်ဦးလွင်တွင် ခရီးသွားများ၊ လေ့လာသူများသွားလာမှု ပိုမိုများပြားလာသဖြင့် ရွှေမန်းလွင် စင်းလုံးငှားယာဉ်ငယ်အသင်းကို မန္တလေးတိုင်းဒေသကြီး မထသ(အဝေးပြေး)မှ ဗင်၊ ဆလွန်းယာဉ်(၂၅)စီးဖြင့် ဇန်နဝါရီ ၁၂ ရက်တွင်စတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဈေးချိုတော်မှ ဈေးသည်တစ်ဦးက"တစ်လဥပုသ်ရက်ဈေးပိတ်ရက်မှာ နှစ်ခေါက်လောက် ပြင်ဦးလွင်ကိုသွားပါတယ်။ ခရီးသည်တင်ဆလွန်းကားကနည်းတော့ အချိန်ကြာကြာစောင့်ရတယ်။ သီးခြားတက္ကစီငှားတော့လည်း အနည်းဆုံး ရှစ်သောင်းကျပ်ကနေ တစ်သိန်းအထိပေးရတယ်။ လက်ရှိဗင်ကားတွေကရှေ့ခန်း၃,၅၀၀ကျပ်၊နောက်ခန်းသုံးဦးတင်တစ်ဦး ၂,၅၀၀ ကျပ်ပဲပေးရတယ်" ဟု ပြောသည်။

## မြန်မာ့ရုပ်သေးသဘင် မိုးလင်းပေါက် ဖျော်ဖြေမှုမရှိတော့သည့်နောက်ပိုင်း ရုပ်သေးပညာရှင်များ လျော့နည်းလာ

**မျိုးမင်းဦး**

**မုံရွာ၊**
**ဇန်နဝါရီ- ၂**

အညာဒေသရာသီအလိုက်ပွဲတော်ကြီးများတွင်မြန်မာကြိုးဆွဲရုပ်သေးသဘင်အား မိုးလင်းပေါက်ဖျော်ဖြေသည့်စနစ် ပျောက်ကွယ်လာသည့်နောက်ပိုင်းကြိုးဆွဲရုပ်သေးပညာရှင်များတစ်နှစ်ထက်တစ်နှစ်လျော့နည်းစပြုလာပြီဖြစ်ကြောင်း မန္တလေးမြို့မြန်မာ့ရုပ်သေးပညာရှင်ဒေါ်မမနိုင်ကပြောကြားသည်။

"မြန်မာ့ကြိုးဆွဲရုပ်သေးပညာရှင် ရွှေဘိုတင်မောင်တို့ ခေတ်ကတည်းကစစ်ကိုင်းမြို့ကောင်းမှုတော်ပွဲမှာမြန်မာ့ရုပ်သေးဇာတ်သဘင်ကိုညအလင်းပေါက်ဖျော်ဖြေခဲ့ကြတယ်။ ရွှေဘိုတင်မောင်တို့ရုပ်သေးပျောက်ကွယ်ပြီးနောက်ပိုင်းမှာစစ်ကိုင်းကောင်းမှုတော်ပွဲကွင်းမှာရှိတဲ့ရုပ်သေးဇာတ်ရုံနေရာမှာလှည်းကွင်းအဖြစ်နှစ်ပေါင်းနှစ်ဆယ်လောက်ကြာခဲ့တယ်။ နောက်ပိုင်းမန္တလေးမမနိုင်ရုပ်သေးဇာတ်အဖွဲ့ အစားထိုး ကပြခဲ့ပါတယ်။ ကောင်းမှုတော်ဘုရားကြီး ဂေါပကအဖွဲ့ကကောင်းမှုတော် ဘုရားပွဲတော်ကျင်းပတိုင်းရုပ်သေးဇာတ်ရုံကြီးမှာ နှစ်စဉ်ကပြဖျော်ဖြေဖို့ ပြောခဲ့ပေမယ့်ပြီးခဲ့တဲ့(၂၀၀၇)ခုနှစ်မှာမြန်မာ့ရုပ်သေးကိုလူငယ်တွေစိတ်မဝင်စားဖူးဆိုပြီး ရပ်နားခဲ့ရတယ်။ ညအလင်းပေါက်ဖျော်ဖြေတဲ့မြန်မာ့ရုပ်သေးဇာတ်အဖွဲ့တွေပျောက်ကွယ်လာတဲ့ နောက်ပိုင်း ကြိုးဆွဲရုပ်သေးပညာရှင်တွေလည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာတဲ့အတွက်မန္တလေးမြို့မှာမြန်မာရုပ်သေးဇာတ်အဖွဲ့တစ်ဖွဲ့ပဲရှိတော့တယ်"ဟု မန္တလေးမြို့ မြန်မာ့ရုပ်သေးပညာရှင် ဒေါ်မမနိုင်ကပြော သည်။

မြန်မာ့ရုပ်သေးပြုလုပ်ရာတွင် ပန်းပုပညာ၊ မျက်နှာခြယ်သရန်ပန်းချီပညာ၊ လည်ဆွဲ၊ လက်ကောက်ပြုလုပ်ရန် ပန်းတမော့ပညာ၊ ပန်းထိမ်၊ ပန်းရွဲ၊ အဝတ်အစားအချုပ်အလုပ်၊ မှန်စီရွှေချ၊ရွှေချည်ထိုး၊ ရွှေဆိုင်းချ၊ ဖန်ချက်လုပ်ငန်းတို့ပါဝင်သည်။မြန်မာ့ရုပ်သေးတွင် ကြိုးဆွဲပညာ၊ အဆို၊အငို၊ အပြောပညာ၊ စာပေ၊ ကျမ်းဂန်၊ ဝတ္ထု၊ တေးသီချင်း စသည့် ပညာရပ်များပေါင်းစည်း ပါဝင်နေ၍ မြန်မာ့အနုပညာ အရပ်ရပ်အတွက် ဆက်ထုံးဆုံရပ်ဟု ခေါ်ဆိုလေ့ရှိသည်။ မြန်မာ့ရုပ်သေးဇာတ်သဘင်အား ယဉ်ကျေးမှုဝန်ကြီးဌာနအပြင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ရုပ်သေးပညာရှင်များက ပြည်တွင်း ပြည်ပသို့ကပြဖျော်ဖြေလျက်ရှိကြောင်း သိရှိရသည်။

## ဘင်္ဂလားဒေ့ရှ် ပလတ်စတစ်ပစ္စည်းမျိုးစုံ မောင်တောနယ်စပ်ကုန်သွယ်ရေးမှ တင်သွင်း

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ-၃**

ယခင်တစ်ပိုင်တစ်နိုင်လမ်းကြောင်းဖြင့်သာ တင်သွင်းမှုရှိသည့် ဘင်္ဂလားဒေ့ရှ်ပလတ်စတစ်ပစ္စည်းမျိုးစုံကို တင်သွင်းမှုများလာသည့်အတွက် မောင်တောနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတင်သွင်းနေကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။



*ဘင်္ဂလားဒေ့ရှ်မှ တင်သွင်းလာသော ပလတ်စတစ်ပစ္စည်းမျိုးစုံ*

နယ်စပ်မှတင်သွင်းသည့် ပလက်စတစ်ပစ္စည်းများမှာ ရေပုံး၊ ထိုင်ခုံ၊ ရေကရားများဖြစ်ပြီး အဆိုပါပလတ်စတစ် ပစ္စည်းများကို မောင်တောနယ်စပ်မှတစ်ဆင့်ဘူးသီးတောင်၊ စစ်တွေဈေးကွက်နှင့် ရခိုင်ပြည်နယ်ဒေသအသီးသီးသို့ တင်ပို့ရောင်းချနေရကြောင်း သိရသည်။ "အရင်တုန်းကဆိုရင် ပလတ်စတစ်နဲ့လုပ်တဲ့ပစ္စည်းတွေ ဘင်္ဂလားဒေ့ရှ်က ဝင်တာနည်းပါတယ်။ အများဆုံးဝင်တာက သွပ်နဲ့လုပ်တဲ့ ပစ္စည်းတွေများပါတယ်။ အခုတော့ ဘာပစ္စည်းပဲဖြစ်ဖြစ် ဘင်္ဂလားဒေ့ရှ်က ဝင်လာတာများတယ်"ဟုအိမ်သုံးပစ္စည်းအရောင်းဆိုင်သည်တစ်ဦးက ပြောပြသည်။

လက်ရှိမောင်တော၊ ဘူးသီးတောင်ဒေသများတွင် အခြားနိုင်ငံထွက်ပစ္စည်းများထက် ဘင်္ဂလားဒေ့ရှ်မှထွက်သည့် ပစ္စည်းများကိုသာ အများဆုံးအသုံးပြုကြကြောင်း ဒေသခံများက ပြောကြားသည်။

## ကောလင်းပညာပါရမီပညာရေးကရုဏာရှင်အသင်း နှမ်းပါးကျောင်းသား၊ ကျောင်းသူလေးဦးကို ထောက်ပံ့မည်

**စိုင်းလူမင်း**

**ကောလင်း၊ ဇန်နဝါရီ-၃**

ပညာ ပါရမီပညာရေးကရုဏာရှင်အသင်းက ယခုနှစ်မှစ၍ ကောလင်း မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူ ၅ဦးကိုနှစ်စဉ်ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

"ပညာပါရမီပညာရေးကရုဏာရှင်အသင်းကို ကောလင်းမြို့နယ်၊ အိုင်ကြီးကျေးရွာက သူနာပြုတက္ကသိုလ်တက်ရောက်နေတဲ့ မချိုမြင့်ကိုအကြောင်းပြုပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ မချိုမြင့်ရဲ့ပညာဆက်လက်သင်ကြားဖို့ အခက်အခဲပေါ်ပေါက်လာတာနဲ့ ကျွန်တော်တို့သူငယ်ချင်းတစ်စုက ဝိုင်းဝန်းကူညီရင်း ၂၀၁၁ ခုနှစ်၊ မေလ ၂ ရက်မှာ လုပ်ဖြစ်သွားတာပါ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဆိုတဲ့ သတ်မှတ်ခွဲဝေမှုလည်း မရှိခဲ့ဘူး။ ခရိုင်အုပ်ချုပ်ရေးမှူးများရဲ့ မြို့နယ် အသင်းအဖွဲ့များ အမှုဆောင် စာရင်းကိုပေးပို့ဖို့ ပြောလာတဲ့အတွက် ကရုဏာရှင်တွေအားကိုးပြီး လက်လမ်းမီရာ လူများနဲ့သာ ကော်မတီအဖွဲ့ကို ယာယီအနေနဲ့ ဖွဲ့စည်းဖြစ်ခဲ့ပါတယ်" ဟု အသင်းဥက္ကဋ္ဌဦးရန်အောင်က ပြောသည်။"ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၀ ရက်မှာအသင်းကိုအသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး စုစုပေါင်း ရန်ပုံငွေ ၅,၆၃၀,၁၁၁ ကျပ်ရှိနေတာမို့ အသင်းအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ လက်ရှိ ထောက်ပံ့နေတဲ့ မချိုမြင့် သူနာပြု တက္ကသိုလ်ကို ကျပ် ၈၀,၀၀၀ နှုန်းနဲ့ ထောက်ပံ့ပြီး ကျောင်းစဖွင့်တဲ့လအတွက် ၁၆၀,၀၀၀ ထောက်ပံ့ကြမှာဖြစ်ပြီး အသစ်ထပ်မံ ထောက်ပံ့မယ့် ကျောင်းသား၊ ကျောင်းသူများကို တစ်လ ၅၀,၀၀၀ နှုန်းနဲ့ ထောက်မှာပါ။ ကျောင်းစဖွင့်တဲ့လအတွက် ၁၀၀,၀၀၀ ကျပ်ထောက်ကြမယ်လို့ဆုံး ဖြတ်ထားခဲ့တယ်။ တစ်လထောက်ပံ့မှုဟာ ၂၈၀,၀၀၀ ကျပ်ရှိပါတယ်။ ဖောင်ဒေးရှင်းတစ်ခုအနေနဲ့ဆိုရင် အခုဘဏ်တိုးနဲ့ ငွေသိန်း ၃၅၀ ဘဏ်မှာအပ်ထားနိုင်မှ ရနိုင်မယ့် ပမာဏဖြစ်ပါတယ်။ ကျွန်တော်တို့ ကတော့ကရုဏာရှင်တွေ အားကိုးယုံကြည်ပြီး ထောက်ပံ့ပေးတာဖြစ်တာမို့ ကျောင်းသားများအနေနဲ့ အဓိကပညာကိုသာ ရှေ့ထားကြိုးစားစေချင်ပါတယ်။ ဒါမှသာ ထောက်ပံ့ကြေးပေးရကျိုးနပ်သလို ကရုဏာရှင်များရဲ့ စေတနာအားလုံးကို အလုပ်နဲ့သက်သေပြရာမှာ ဖြစ်ပါတယ်။ ဒါမှသာ ကရုဏာရှင်များ ထပ်မံတိုးပွားလာမှာဖြစ်ပါတယ်"ဟု အသင်း၏ အတွင်းရေးမှူး ဦးခင်မောင်ဦးက ပြောသည်။

ပညာပါရမီ ပညာရေး ကရုဏာရှင် အသင်းက ထောက်ပံ့မည့် ကျောင်းသား၊ကျောင်းသူများမှာ မကြည်ကြည်စန်းသူနာပြုတက္ကသိုလ်(မန္တလေး)၊ မစောစန္ဒာဆေးတက္ကသိုလ် (မကွေး)၊ မောင်ကောင်းကျော်နည်းပညာ(ဆိုင်ဘာစီးတီး) တက္ကသိုလ်၊ မောင်သက်နိုင်ထူး ဆေးတက္ကသိုလ် (မကွေး)တို့ဖြစ်သည်။

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ တရုတ်စကားပြန် ကျား (၁) ဦး
၂။ တာဝန်ခံ စာရင်းကိုင်/စာရင်းစစ် ကျား၊ မ (၅)ဦး
၃။ Mechanical Engineer ကျား (၅) ဦး
(Mechatronic ဘွဲ့ဖြစ်ရမည်)
၄။ မြေတိုင်း (Surveyer) ကျား (၁) ဦး
နေထိုင်စားသောက်မှု စရိတ်ငြိမ်း စီစဉ်ပေးမည်။

**ရန်ကုန်ကာဝရောင်းကုမ္ပဏီ**
**အမှတ်(၃၅) ဦးထွန်းညိုလမ်း၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း- ၀၁-၆၁၀၈၅၃၃၊ ၀၁-၆၁၀၈၆၀၀၊ ၀၉-၅၀၄၀၀၉၈၈**

**ဝန်ထမ်းအလိုရှိသည်**

ဂျာနယ်နှင့်ကုန်ပစ္စည်းများကို စူပါမားကက် ဆိုင်များနှင့် ကိုယ်စားလှယ်ဆိုင်ကြီးများသို့ ဖြန့်ချိရန်အတွက် Inforithm-Maze မှ စိတ်ပါဝင်စားစွာ အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိသည်။

**ဖြန့်ချိရေး ဝန်ထမ်း ကျား (၂) ဦး**

- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ (သို့) အခြေခံပညာအထက်တန်း အောင်မြင်ရမည်
- အကျင့်စာရိတ္တနှင့် ကျန်းမာရေး အထူးကောင်းမွန်ရမည်
- မိမိအလုပ်ကို အချိန်မီပြီးစီးအောင် တာဝန်ယူလုပ်ကိုင်နိုင်ရမည်

➤ အထက်ပါအချက်များနှင့် ပြည့်စုံသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၂)ပုံ၊ ဘွဲ့လက်မှတ် မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄) ရက်အတွင်း အောက်ပါ လိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

(၁၀)ထပ်၊ လမ်းပြည့်စုံဝန်းပလာဇာ၊ အမှတ် (၃၇)၊ အလုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012



# ပြည်ပသို့ တရားဝင်သွားရောက်လုပ်ကိုင်နေသူများကို ကားအစီး ၃၀၀၀ တင်သွင်းခွင့်ပြုမည်ဟုဆို

**အောင်သူရ၊ အေးမြတ်သူ**
**ရန်ကုန်၊ ဇန်နဝါရီ-၅**

ပြည်ပတွင် တရားဝင်သွားရောက်လုပ်ကိုင်နေသော အလုပ်သမားများအား မော်တော်ယာဉ် အစီး ၃၀၀၀ တင်သွင်းခွင့်ပြုထားကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်က ပြောကြားသည်။

အဆိုပါကား အစီး ၃၀၀၀ တွင် ၂၀၀၇ မှ ၂၀၁၂ ခုနှစ်အတွင်း ထုတ်လုပ်သော လူစီးကားအမျိုးအစား ကားများကို တင်သွင်းခွင့်ပြုမည်ဟု အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။

လျှောက်ထားလိုသူအနေဖြင့် နိုင်ငံတော်သို့ဝင်ငွေခွန်ပေးဆောင်ပြီး မိမိဘဏ်စာရင်းတွင် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ အထက်ရှိသူကိုသာ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

ထို့အပြင် အလုပ်သမားမှတ်ပုံတင်ခြင်းအတွက် နိုင်ငံတော်သို့ အက်ဖ်အီးစီ၁၀၀ပေးသွင်းပြီးချလန်မူရင်း၊ မိတ္တူနှင့် ၂၀၁၂ခုနှစ်ဇန်နဝါရီလမတိုင်ခင် အခွန်ဆောင်ထားသောအခွန်ကျေကြောင်းသက်ဆိုင်ရာမြန်မာသံရုံး၏ ထောက်ခံချက်မူရင်းနှင့် မိတ္တူပါ ပြသရမည်ဖြစ်သည်။ ယခု သတ်မှတ်ထားသောစည်းကမ်းချက်များကြောင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နေသောလုပ်သားအများစုမှာ လျှောက်ထားနိုင်မည်မဟုတ်ကြောင်း အလုပ်သမားများက ဆိုသည်။

"ကိုရီးယားသွားတဲ့သူတော့ မသိဘူး။ ကျန်တဲ့လူတွေက ဒီကဘဏ်စနစ်ကြောင့်ဘဏ်ကငွေမလွှဲကြဘူး။ အလုပ်သမားမှတ်ပုံတင်ကိုအရင်ကလုပ်မသွားကြဘူး" ဟု ဒူဘိုင်းရောက် မြန်မာ ဝန်ထမ်းတစ်ဦးက ဆိုသည်။

ထို့အပြင် လျှောက်ထားသူအနေဖြင့် အလုပ်သမားကိုယ်တိုင်လက်မှတ်ရေးထိုးလျှောက်ထားရမည်ဖြစ်ပြီး ပြည်ပနိုင်ငံတွင် တရားဝင်အလုပ်လုပ်ကိုင်ကြောင်းကုမ္ပဏီ၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။ ထိုကဲ့သို့တင်သွင်းရာ၌ ဆိပ်ကမ်းအရောက် ကားတန်ဖိုးမှာ အနည်းဆုံးဒေါ်လာ၆၀၀၀ခန့်ကျသင့်နိုင်ကြောင်းနှင့် သက်ဆိုင်သော အခွန်အခများ ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။



*အေးရှားဝေါလ်ဆိပ်ကမ်းတွင်တွေ့ရသော အစားထိုးရန်တင်သွင်းလာသောကားအချို့*

ဓာတ်ပုံ-အားမာန်

လျှောက်ထားလိုသူများအနေဖြင့်ဇန်နဝါရီလ၆ ရက်မှစ၍ အစိုးရ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ၊ မရမ်းကုန်းမြို့နယ်တွင် လာရောက်လျှောက်ထားနိုင်သည်။

သက်ဆိုင်ရာက ထုတ်ပြန်သောစာရင်းအရ ပြည်ပနိုင်ငံတွင် တရားဝင်သွားရောက်လုပ်ကိုင်နေသူ ခုနစ်သိန်းနီးပါးရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ယာဉ်မောင်းအလိုရှိသည်**
အသက် (၅၀) ကျော်၊ ယာဉ်မောင်း (၁)ဦး အလိုရှိသည်။
**ဆက်သွယ်ရန်-**
**ဖုန်း-၀၁ ၃၉၂၆၃၇**

--------------------------

ယာဉ်မောင်း-ကျား(၁)ဦး၊အသက်(၃၀)နှစ်အထက်၊ဘွဲ့ရ၊ဆေးလိပ်၊ အရက်မသောက်သူ၊ ကွမ်းမစားသူဖြစ်ရမည်။ ကျန်းမာရေးနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရမည်။ ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
**ဆက်သွယ်ရန်-လပြည့်ဝန်းပလာဇာ(၁၀)လွှာ၊ ဒဂုံမြို့နယ်။**

--------------------------

The Embassy of the Republic of Korea is looking for a Barer for Ambassador's Residence.
For detailed information,
**Ph: - 527142(Ext; 144)**

--------------------------

၁။ အရောင်းဝန်ထမ်း - ကျား၊မ ၃၀ ဦး၊ ၂။ ငွေကိုင် - မ ၃၀ ဦး
City Mart Holding Co.,Ltd
အမှတ်(၁-၁၁)၊ ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

--------------------------

၁။ Marketing Manager - ကျား/မ ၃ ဦး၊ ၂။ Marketing - ကျား/မ ၂၀ ဦး၊ ၃။ Office Staff ဝန်ထမ်း - မ ၅ ဦး
FAMILY UNITED POWER CO., LTD
**ဖုန်း-၅၂၃၀၇၂၊ ၅၃၇၄၆၆**

--------------------------

Famale Administration Officer - 1 Post
STRATEGIC SYNERGY CO., LTD
Email; strategicsynergy.mm@ gmail
**ဖုန်း-၅၀၀၄၆၄၊**
**၀၉-၇၃၁၆၂၅၈၆**

--------------------------

၁။ Marketing ဝန်ထမ်း - ကျား၊မ (အတွေ့အကြုံ၃နှစ်)၊ ၂။ပရိဘောဂစက်ရုံ ဝန်ထမ်း (ကျွမ်းကျင်) (Supervisor Operator) - ကျား။
COFFER MANUFACTURING CO., LTD
**ဖုန်း-၀၉-၇၃၁၅၃၆၁၅**

--------------------------

အင်တာနက်ကျွမ်းကျင်ဝန်ထမ်း - ၁ ဦး။
SPEEDY Internet Center
**ဖုန်း-၆၆၀၁၆၃**

--------------------------

၁။ စာရင်းကိုင် - မ ၃ ဦး၊ ၂။ အရောင်းဝန်ထမ်း - ကျား၊မ ၅ ဦး၊ ၃။ ရောင်း/မောင်း - ကျား ၅ ဦး။
Deluxe Formula Industrial Co., Ltd
**အမှတ်(၂၉)၊ပန်းတည်းဝန်ဦးရွှေဘင်လမ်း၊စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။**

--------------------------

၁။ Japanese Language Instructor - ကျား/မ ၂ ဦး၊ ၂။ စားသောက်ကုန်လုပ်ငန်း - ကျား ၂ ဦး၊ ၃။ ဆောက်လုပ်ငန်း - ကျား ၃ ဦး။
Better Life Education & Career Supporting Centre
**ဖုန်း-၃၈၂၅၂၉၊**
**၀၉-၅၁၁၈၈၁၂**

--------------------------

၁။ Business Development Assistant - ကျား ၂ ဦး၊ ၂။ ယာဉ်မောင်း - ကျား ၂ ဦး။
Delta International Limited
**ဖုန်း-၅၆၂၂၅၂၊ ၅၆၂၂၅၃**

--------------------------

၁။ အမျိုးသမီးဆံပင်ညှပ်/ကောက် (ကျွမ်းကျင်) - မ ၅ ဦး၊ ၂။ ခေါင်းနှိပ်၊ လျှော်၊ မျက်နှာသစ်(ကျွမ်းကျင်) - မ ၅ ဦး၊ ၃။ ခြေသည်း/လက်သည်းပန်းချီ(ကျွမ်းကျင်) - မ ၃ ဦး။
**ဖုန်း-၀၉-၇၃၀၉၆၅၇၂**

--------------------------

Marketing - Female 1 Post
Royal Golden Hand Co., Ltd
**ဖုန်း-၀၉-၇၃၁၃၆၆၁၂**

--------------------------

Japanese Language Instructor - 2 Posts (အသက် ၂၃-၃၀ နှစ်အတွင်း၊ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲLevel 2 အထက်)
B.L.ACTY Co., Ltd
**Tel:09-73112506**

--------------------------

စက်ချုပ်ကျွမ်းကျင် - မ ၃ ဦး (နေ+စား)စီစဉ်ပေးမည်။
**ဆန်းဥယျာဉ်အပ်ချုပ်ဆိုင်**
**ဖုန်း-၂၁၀၁၇၃**

--------------------------

၁ ။ Marketing Executive - ကျား/မ ၂ ဦး၊ ၂။ Office Assistant - မ ၅ ဦး၊ ၃။ Sale and Marketing - ကျား ၁၀ ဦး၊ ၄။ Assistant Account - မ ၂ ဦး၊ ၅။ သန့်ရှင်းရေး - မ ၁ ဦး။
**ဖုန်း-၅၇၂၂၀၀၊ ၅၇၂၂၇၁**

--------------------------

ကွန်ပျူတာစာစီစာရိုက်ပညာသင်/ကျွမ်းကျင်သူ - ၃ ဦး
Dream City Computer
**ဖုန်း-၀၉-၇၃၀၅၂၄၃၃**

--------------------------

စားသောက်ဆိုင်စားပွဲထိုး အလိုရှိသည်။
**ဖုန်း-၀၉-၄၉၂၅၇၇၄၆**

--------------------------

သန့်ရှင်းရေးဝန်ထမ်း - ၂ဦး
ရွှေပုပ္ပါးအထူးကုဆေးခန်း
မ W1၊ ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းမြို့နယ်။
**ဖုန်း-၅၅၆၃၁၆၊၅၅၆၀၀၁**

--------------------------

တီဗွီကြော်ငြာရိုက်ကူးရန် အမျိုးသားမော်ဒယ်သရုပ်ဆောင် (၅) ဦး၊ အသက်(၂၃)နှစ်အထက်၊ ဂစ်တာတီးတတ်သူ(သို့) ဘောလုံးကန်နိုင်သူဖြစ်ရမည်။
**ဖုန်း-၃၇၄၀၆၂**
**(ရုံးချိန်တွင်းသာ)**

--------------------------

Admin Executive (Female-1), Driver (For Foreign Company), Branding Officer (Female), Deputy General Manager (Sales & Engineering)- must be Doctor (Male & Female),
**Ph: 01-393051, 394824**

--------------------------

ပြင်ဦးလွင်၌ တာဝန်ထမ်းဆောင်ရန် ခေါင်းလျှော် (၂)ဦး၊ ခြေသည်း၊ လက်သည်းသန့်ရှင်းရေးနှင့် ပန်းချီဆွဲ(၁)ဦး၊ မေအလှပြုပြင်ရေး၊
**ဖုန်း-၀၉ ၅၀ ၉၅၈၆၉**

--------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Myanmar Engineering Society
Process and Products Show
2012
အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပြပွဲကြီး
January (13/14/15) 2012
အင်ဂျင်နီယာနည်းပညာဆိုင်ရာ
စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများနှင့် အတူ
✔ စက်မှုထုတ်ကုန်များ၊ Electronics ပစ္စည်းများ
✔ ဆောက်လုပ်ရေးနှင့် အိမ်အလှဆင်ပစ္စည်းများ
✔ စက်နှင့်စက်ပိုင်းဆိုင်ရာအပိုပစ္စည်းများ
✔ အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ
✔ ပညာရေးဝန်ဆောင်မှုနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ
စသည်ဖြင့် ပါဝင်ပြသမည် ဖြစ်ပါသည်။
ဆက်သွယ်ရန်
Young Engineer Committee
095511611, 01519673-6 (Ext-123)
Time : 9:00 AM to 5:00 PM
Venue: အမျိုးသားအားကစားပြိုင်ပွဲရုံ (၂)
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနီး
တက္ကသိုလ်များလှိုင်နယ်မြေ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Sponsored by
A M C
SUPER MEGA
SUPER MEGA ENGINEERS GROUP & TRADING CO., LTD.
UNIQUE INNOVATIVE TRADING CO.,LTD.
JOTUN
TWJS


CHINDWIN COLLEGE
CHINDWIN COLLEGE
School of Engineering
Be a Global Engineer
■ တင်လတ် (85 Mechanical) နှင့်ကျော်နီဝင် (86 Electrical)
၂၀၀၇ ခုနှစ် တွင်တည်ထောင်သည်။
■ မြန်မာနိုင်ငံတွင်ပထမဦးဆုံးနှင့်လက်ရှိအချိန်အထိတစ်ခုတည်းသော
Edexcel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
■ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းMES Affiliated Collegeဖြစ်သည်။
■ တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course
၅လမှ ၁၀လအတွင်း တက်ရောက်နိုင်သည်။
■ IFC ပြီးဆုံးသူများနှင့် တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ်သင်တန်း
တက်ရောက်နိုင်သည်။
■ ချင်းတွင်းကောလိပ်တွင်HND (Electrical & Electronics) သို့မဟုတ်Mechanical
ရရှိပြီးလျှင် B E (Hons) Final Year ကို Electrical & Electronics, Mechatronic
နှင့်Mechanical တို့ကို ဆက်လက်တက်ရောက်နိုင်သည်။
■ ချင်းတွင်းကောလိပ် ပထမသုတ်နှင့် ဒုတိယသုတ် HND ဘွဲ့ရများ
University of Wolverhampton, University of Sunderland,
University of Coventry B E (Hons) Final Year သို့တိုက်ရိုက်
ဝင်ခွင့်ရရှိခဲ့ပြီးဖြစ်သည်။
■ တန်းခွဲသစ်များ ကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင်စတင်မည်ဖြစ်သည်။
Coventry University
AUSTON
University of Sunderland
edexcel
WOLVERHAMPTON
ဆက်သွယ်ရန်
ချင်းတွင်းကောလိပ် (ရန်ကုန်)
အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဗိုလ်တစ်ထောင်မြို့နယ်
ဖုန်း - ၀၉ - ၇၃၀၆၈၃၇၆၊ ၀၁ - ၂၉၇၆၇၃၊ ၀၉ - ၈၅၁၅၁၁၂
ချင်းတွင်းကောလိပ် (မန္တလေး)
စံပယ်ဆောင်၊ ဂရိတ်ဝေါ တိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား
ဖုန်း - ၀၉ - ၂၀၀၁၂၀၀၊ ၀၂ - ၇၄၁၇၉

Education

7DAY NEWS JOURNAL

Vol.10, No.43 · JANUARY 12, 2012

# ပညာရေးရန်ပုံငွေပွဲ ကျပ်သိန်း ၅၀၀ ကျော်ရရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးစီးဆောင်ရွက်သော ဂီတဖျော်ဖြေပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားများအတွက် ပညာရေးရန်ပုံငွေ ကျပ်သိန်းငါးရာကျော်ရရှိခဲ့ကြောင်း ပညာရေးကွန်ရက်ကို ဦး ဆောင်နေသည့် ကိုဖြိုးမင်းသိန်းကပြောသည်။

ပြည်တွင်းမှ ဂီတသမားအများစု ပါဝင်သီဆိုဖြေဖျော်ခဲ့သော ဂီတပွဲတော်အား ဒီဇင်ဘာလ ၃၀ရက်တွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂီတသမားများ လက်မှတ်ရေးထိုးထားသောတီရှပ်တစ်ထည်ကို အမျိုးသမီးလုပ်ငန်းရှင်တစ်ဦးက ကျပ် ၁၂၅ သိန်းပေး၍ဝယ်ယူခဲ့သည်။

"ရန်ပုံငွေ အလှူငွေက အများဆုံးရတာပါ။ လက်မှတ်ရောင်းလို့ရတာလည်းရှိပါတယ်။ ပြည်နယ်တွေက စာသင်ကျောင်းတွေနဲ့ တိုင်းရင်း သားတွေ ပညာသင်ယူနေတဲ့ ကျောင်းတွေကို လှူဒါန်းသွားမှာပါ။ မန္တလေးမှာလည်း ဂီတပွဲကျင်းပဖို့ ရည်ရွယ်ထားပါတယ်"ဟု ကိုဖြိုးမင်းသိန်း က ပြော သည်။

ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် ပညာရေးရန်ပုံငွေဂီတပွဲတော်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများအတွက် ကျပ် ၅၁,၅၁၇,၀၄၀ ရရှိခဲ့ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ပညာရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေရန်အတွက် လူအား၊ ငွေအား ပံ့ပိုးပေးကြရန် မေတ္တာရပ်ခံထားသည်။

# ပညာရေးကဏ္ဍအတွက် ဒိန်းမတ်က ကန်ဒေါ်လာ ၄ ဒသမ ၅ သန်းလှူဒါန်း

**သီဟ၊ မေဝင်းမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၆**

ဒိန်းမတ်နိုင်ငံမှမြန်မာနိုင်ငံ ပညာရေးကဏ္ဍအတွက်လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ၄ ဒသမ ၅ သန်းကိုယခုနှစ်မှစ၍ လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိမြို့နယ်ပေါင်း ၂၅ မြို့နယ်မှ ကျောင်းနေအရွယ်ကလေးငယ် ၆၅၀,၀၀၀ အတွက် ပညာရေးဆိုင်ရာထောက်ပံ့ကူညီမှုများကိုဆောင်ရွက်မည်ဖြစ်သည်ကြောင်း ယူနီဆက်(မြန်မာ) ဌာနကိုယ်စားလှယ်မစ္စတာရာမက်ရှ်ရရက်စ်သာက အလှူငွေလက်မှတ်ရေးထိုးပွဲတွင် ပြောကြားသည်။

"ဒိန်းမတ်နိုင်ငံက ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ ရေနှင့်သန့်ရှင်းမှုစတာတွေ ဆောင်ရွက်နိုင်ဖို့လှူဒါန်းရာမှာ ပညာရေးအတွက်ကိုတော့ အများဆုံးပံ့ပိုးကူညီခဲ့ပါတယ်။ Multidonor Education Fund (MDEF)ရဲ့ အစီအစဉ်နဲ့ လာမယ့် လေးနှစ်အတွင်းမှာ သင်ကြားရေးဆိုင်ရာသင်တန်းတွေ၊ စာသင်ခန်းသုံးပစ္စည်းတွေ၊ ဖတ်စာအုပ်တွေ၊ကျောင်းသုံးပစ္စည်းတွေထောက်ပံ့ပေးသွားဖို့ရည်ရွယ်ထားပါတယ်"ဟု မစ္စတာရာမက်ရှ်ရရှက်စ်သာကပြောသည်။



**မစ္စတာခရစ်စတီးယန်းဖရစ်ဘာ့နှင့် မစ္စတာရာမက်ရှ်ရှရက်စ်သာတို့ကို လက်မှတ်ရေးထိုးအပြီးတွေ့ရစဉ်**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)မှတစ်ဆင့် ပညာရေးကဏ္ဍအတွက် ဒိန်းမတ်နိုင်ငံမှလှူဒါန်းလျက်ရှိသည့်Multidonor Education Fund (MDEF) ဒုတိယအဆင့်စီမံကိန်းအတွက်သုံးစွဲရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းပေးအပ်သည့် လက်မှတ်ရေးထိုးပွဲကို ယနေ့ပြုလုပ်ခဲ့ပြီး ဒိန်းမတ်နိုင်ငံဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ခရစ်စတီးယန်းဖရစ်ဘာ့နှင့် ယူနီဆက်ဌာနကိုယ်စားလှယ်မစ္စတာရာမက်ရှ်ရှရက်စ်သာတို့က လက်မှတ်ရေးထိုးခဲ့သည်။

'ပညာရေးဆိုတာလူမှုအဖွဲ့အစည်းတိုင်းအတွက် အခြေခံဖြစ်ပါတယ်။ ပညာရေးက တစ်ကမ္ဘာလုံးက ကလေးတွေအတွက်အရေးကြီးပါတယ်။ ဒိန်းမတ်က မြန်မာနိုင်ငံအတွက်ဒီနှစ်ထဲမှာ ကူညီလှူဒါန်းမှုတွေအများကြီးလုပ်သွားမှာပါ။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေး၊ ပညာရေး၊အသက်မွေးဝမ်းကျောင်း၊ လူမှုအဖွဲ့အစည်းတွေကို ထောက်ပံ့တာတွေ၊ ဒီမိုကရေစီတိုးတက်ထွန်းကားရေးစတာတွေမှာကူညီသွားမှာပါ။ မြန်မာနိုင်ငံ ပညာရေးကဏ္ဍအတွက် ယူနီဆက်က တစ်ဆင့် ဆောင်ရွက်နိုင်ဖို့အတွက် အလှူရှင်တွေရဲ့ စုပေါင်းရန်ပုံငွေကို ၂၀၀၆ခုနှစ်ကတည်းက စတင်ပံ့ပိုးပေးခဲ့ပါတယ်" ဟု ဒိန်းမတ်နိုင်ငံဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာခရစ်စတီးယန်းဖရစ်ဘာ့ကပြောကြားသည်။

# ပညာသင်ဆုဆိုင်ရာ သိကောင်းစရာများ

**နေလင်းထွန်း**

ပညာသင်ဆုအခွင့်အလမ်းဆိုင်ရာ သိကောင်းစရာများအပေါ် အကြံပြုချက် ၂၆(A မှ Z အထိ)ထဲမှ A မှ M အထိအချက် ၁၃ ချက်ကိုယခင်အပတ်က ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုအပတ်တွင် N မှ Z အထိ အကြံပြုချက် ၁၃ ချက်ကို Brightsparks မဂ္ဂဇင်းမှတစ်ဆင့် ဘာသာပြန်ဆို ဖော်ပြလိုက်ပါ သည်။

**Never-Say-Die Attitude**
**(ပျော်ပျော်နေသေခဲ)**

ဒီဂရီဘွဲ့သင်တန်း တက်ရောက် နေသော ကျောင်းသားတစ်ယောက်၏ ဘဝသည် လက်တွေ့သင်ခန်းစာများ၊ ပရောဂျက်များနှင့် အလုပ်များနေပါလိမ့်မည်။ သို့သော် လူမှုဘဝကိုတော့ မေ့လျော့နေလို့မရပါဘူး။ အချိန်ကို ကောင်းစွာစီမံခန့်ခွဲပါ။ ရမှတ် ကောင်းတွေ ထိန်းထားနိုင်မှာ ဖြစ်သလို ပျော်ပျော်ရွှင်ရွှင်နဲ့ သင်ခန်းစာတွေကို လေ့လာနိုင်မည်ဖြစ်သည်။

Organisation Skill
(စည်းစနစ်ကျနမှု)

မိမိပညာရေးဆိုင်ရာ မှတ်တမ်း၊ အထောက်အထားများကို စနစ်တကျ စုစည်းထားပါ။ ပညာသင်ဆုအတွက် မည်သည့်အချိန်တွင် လူတွေ့အင်တာဗျူးခေါ် ဆိုမည်ကို တိတိကျကျ မသိနိုင်ပါ။ တက္ကသိုလ်တက်ရောက်ရမည့်အချိန်၊ ပညာသင်ဆုလျှောက်ထားရမည့် နောက်ဆုံးရက် စသည့်အရေးကြီးသော နေ့ရက်များကို ရေးမှတ်ထားပြီး မိမိဆောင်ရွက်ရမည့်ကိစ္စများကို စာရင်းပြုစုထားရမည်။

Passion (ဝါသနာကြီးမှု)

ဘယ်လိုအရာကစိတ်အားတက်ကြွမှုဖြစ်စေလဲဆိုတာပညာသင်ဆုရွေးချယ်ခံရသူများကို မေးမြန်းကြည့်ရင် သူတို့ရဲ့အဖြေက ဝါသနာကြီးမှုဆိုတာ တွေ့ရလိမ့်မည်ဖြစ်သည်။ လက်ရှိအသက်အရွယ်မှာ မိမိအနာဂတ် အလုပ်အကိုင်အခွင့်အလမ်း ပန်းတိုင်ကို ရောက်ရှိရေးအတွက် ကြိုးပမ်းနေမှုများသာမကဘဲ မိမိစိတ်ဝင်စားဝါသနာပါသော အကြောင်းအရာများကိုလည်း မြင်သာအောင် ပြသနိုင်ရမည်ဖြစ်သည်။ မိမိဝါသနာပါသော ဘာသာရပ်ကို လေ့လာသင်ယူခြင်းသည် အောင်မြင်မှုလမ်းကြောင်းတွင် ခြေတစ်လှမ်းချလိုက်ခြင်းဖြစ်သည်။

Questions (မေးခွန်းမေးခြင်း)

တရုတ်စကားပုံတစ်ခုအရ "မေးခွန်းတစ်ခု မေးလိုက်သောသူတစ်ယောက်အနေဖြင့် ငါးမိနစ် အရူးဖြစ်သွားသော်လည်း မမေးလိုက်ရသောသူသည် အမြဲတမ်း အရူးဖြစ်သွားလိမ့်မည်"ဟုဆိုထားသည်။ မိမိသိလိုစိတ်ပြင်းပြသော မည်သည့်မေးခွန်းကိုမဆိုမေးမြန်းရန် ကြောက်ရွံ့မနေပါနှင့်။

စာ(၂၂)သို့

မြေကွက်ဝယ်လိုသည်
သန်လျင်-ကျောက်တန်း၊ ဒဂုံမြို့သစ်
သန်လျင်- ကျောက်တန်း စံချိန်မှီ(အဆင့်-၁၊ အဆင့်-၂ အဆင့်-၃၊ ဖလမ်းမြို့ပြ သီလဝါ အောင်ချမ်းသာတိုးချဲ့အဆင့်-၂)
အရှေ့ပိုင်း- 3, 6, 9, 11, 13, 14, 15, 118, 119, 120, 121, 122, 124, 130, 131, 132, 134, 136
ဆိပ်ကမ်း- 60, 61, 65, 69, 77, 78, 79, 80, 81, 82, 83, 84, 85, 86, 90, 91, 145, 146
မြောက်ပိုင်း- U9, U10 နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)ရှိ မြေကွက်များ ဝယ်လိုပါသည်။
ဖုန်း-၀၁ ၂၀၆၂၁၁၊ ၀၉ ၄၃၁ ၇၀၁၆၈


EUREKA Academy
English, Korea သင်တန်းကျောင်း Native speaker
English Seminar
Korea class-EPS,TOPIK
(call first before seminar-reservation)
Ph: 09 43105314 Address:

MBF CENTRE ACCA Dip IFR FIA LCCI
Lectures Team:
U Khin Mg Linn
B.Com(A.A), R.A, D.F.P, Dip in MCMIS(Netherlands)
Daw Ei Thandar Win
B.Com (CPA), DA, ACCA Final
Daw Nwe Nwe Win
B.Com (CPA), DMA, DA, ACCA Final
Daw Lwin Mot Mot Aye
Group Diploma In Accounting
U Myo Thit Aung
B.Com(Hons), Dip IFR
HRM
Daw Lae Lae Win
B.Com, M.Com, DMA, DA
ACCA Final
Daw Khin Thuzar Tun
B.Deb, DA, ACCA Part II
ACCA
FIA
LCCI
No (9), 2nd Floor, Hledan Road and SAYTANA Street, Kamaryut Township, Hledan, Yangon.
Ph 01-511399, 095174173, 095092752, 0973995999. E-mail - mbf.uk@gmail.com

# Technology

7DAY NEWS JOURNAL

Vol.10, No.43 · JANUARY 12, 2012

# ကျပ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများ ကြိုတင်ငွေဖြည့်စနစ်သုံးမည်

ယုဇနကိုကို

**ရန်ကုန်၊ ဇန်နဝါရီ-၃**

ကျပ်တစ်ဆယ့်ငါးသိန်း တန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ ကို လာမည့် အချိန်အနည်းငယ်အတွင်းတွင် ကြိုတင်ငွေဖြည့်ကတ်စနစ်များသို့ ပြောင်းလဲပေးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများအား ကြိုတင်ငွေဖြည့်ကတ်စနစ်သို့ပြောင်းလဲသည်ဆိုရာတွင် ဖုန်းအသုံးပြုခ ပေးဆောင်ရသည့်စနစ်တစ်ခုလုံးကို ပြောင်းလဲပစ်လိုက်ခြင်းမျိုးမဟုတ်ဟု ယင်းလုပ်ငန်းမှ သိရသည်။

ဂျီအက်စ်အမ်အသုံးပြုသူများအနေဖြင့် လက်ရှိဖုန်းဘီလ်များကို ဆက်သွယ်ရေးရုံးများသို့ သွားရောက်ပေးဆောင်နေရသည့် စနစ်နှင့်ကြိုတင်ငွေဖြည့်ကတ်စနစ်တို့အနက်မှ ကြိုက်နှစ်သက်သည့် ဝန်ဆောင်မှုကို သုံးစွဲနိုင်မည်ဖြစ်သည်။


ဂျီအက်စ်အမ်ဖုန်းအသုံးပြုနေသော အမျိုးသမီးတစ်ဦး

ဓာတ်ပုံ - စိုးဇေယျာထွန်း(အီးပီအေ)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အဆိုပါဖုန်းများကို Prepaid Card စနစ်သို့ပြောင်းလဲ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ယခုလပထမပတ်အတွင်းတွင် ဂျီအက်စ်အမ်ဖုန်းနံပါတ်များသို့ အကြောင်းကြားစာများ (SMS-Short Message System) ပေးပို့ခဲ့ကြောင်းသိရသည်။

ထိုသို့ပေးပို့ရာတွင် အဆိုပါ ကြိုတင်ငွေဖြည့်ကတ်စနစ်ဖြင့် အသုံးပြုလိုသူများသည်မြန်မာ့ဆက်သွယ်ရေး၏ အကြောင်းကြားစာကို "YES" ဟုပြန်လည်ပေးပို့လိုက်ရုံဖြင့် ထိုဝန်ဆောင်မှုအသစ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကိုယ်ကကြိုတင်ငွေဖြည့်စနစ်ကိုသုံးချင်ရင် ရက်စ်လို့ပြန်ပို့လိုက်ရုံပဲလို့သိရတယ်။ ပြီးမှ ဆက်သွယ်ရေးရုံးကိုသွားပြီးတော့ ကိုယ့်ဖုန်းက ငွေလက်ကျန်ကို သွားပြီးရှင်းရမယ်။ ပြီးရင်တော့ ပရီပိတ်ဒ်ကတ်ဝယ်ပြီးသုံးလို့ရပြီလို့သိရပါတယ်" ဟု ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအစ်အမ်ဖုန်းအသုံးပြုသူ ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦး ကပြောသည်။

ကာလကြာရှည်စွာ ဆက်သွယ်ရေးရုံးများသို့ ကိုယ်တိုင်ငွေသွင်းခြင်းဖြင့်အသုံးပြုနေရသည့် ကျပ်တစ်ဆယ့်ငါးသိန်းတန် အဆိုပါဖုန်းများကို လက်ရှိတွင်တွင်ကျယ်စွာအသုံးပြုနေပြီဖြစ်သည့် ကျပ်ငါးသိန်းတန် ဖုန်းများ၏ Prepaid Card များဖြင့် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်ဟု သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကမူ ယင်းကဲ့သို့ ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများကို ကြိုတင်ငွေဖြည့်ကတ်စနစ်သို့ ၂၀၁၂ ဖေဖော်ဝါရီလဝန်းကျင်တွင် ပြောင်းလဲပေးသွားနိုင်ရန် ဆောင်ရွက်နေကြောင်း ပြီးခဲ့သည့်လအနည်းငယ်က 7Day News သို့ ပြောကြားခဲ့သည်။

# ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းဝန်ဆောင်ခများ ပြောင်းလဲ

ယုဇနကိုကို

**ရန်ကုန်၊ ဇန်နဝါရီ-၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၎င်းတို့၏ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ၏ ဝန်ဆောင်မှုနှုန်းထားများကို ယခုလပထမပတ်အတွင်း စတင်ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၏ နှုန်းထားများ ပြောင်းလဲရာတွင် တိုးမြှင့်လိုက်သည့်ဝန်ဆောင်မှုများရှိသလို ပေးဆောင်သည့် နှုန်းထားများ လျှော့ချလိုက်သော ဝန်ဆောင်မှုအချို့လည်း ပါရှိလာသည်။

All in FE ဟူသည့် နိုင်ငံခြားငွေများဖြင့် ပေးဆောင်ရသည့် တယ်လီဖုန်းလိုင်းနှင့်ဆက်စပ်ဝန်ဆောင်မှုများကို ကျပ်ငွေဖြင့်ပေးဆောင်ရန်ပြောင်းလဲရာတွင် ကနဦးတပ်ဆင်ခ အမေရိကန်ဒေါ်လာ ၁,၁၀၀ ပေးသွင်းပြီးပါက မူလနှုန်းထားဖြစ်သည့် ၅၄၀ ကျပ်မှ ၆,၀၀၀ ကျပ်သို့ ပြောင်းလဲလိုက်ပြီဖြစ်သည်။

ထိုသို့ပြောင်းလဲလိုက်သည့် နှုန်းထားသည် နိုင်ငံသားပိုင်ကုမ္ပဏီများနှင့် သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ကြောင်း မြန်မာ့ဆက်သွယ်ရေး၏ တရားဝင်ထုတ်ပြန်သောကြေညာချက်အရသိရသည်။

ထို့အပြင် မည်သည့်ဖုန်းနံပါတ်ကိုမဆို နံပါတ်များပြောင်းလဲရာတွင် မူလပြောင်းလဲခနှုန်းထားဖြစ်သည့် ၂၄၀ ကျပ်မှ ကျပ်တစ်သိန်းခွဲသို့ အဆပေါင်းများစွာ တိုးမြှင့်သတ်မှတ်လိုက်သည်။

သို့သော် ထိုပြောင်းလဲခနှုန်းထားမှာမူ ဖုန်းနံပါတ်ပြောင်းလဲလိုသူတိုင်းအားလုံးအတွက် မဟုတ်ဘဲ သက်ဆိုင်ရာဌာန၏ သီးခြားခွင့်ပြုချက်ဖြင့်သာ ပြောင်းလဲပေးမည်ဖြစ်ပြီး လုပ်ငန်းအတွက် အရေးတကြီးလိုအပ်သော အစိုးရဌာနဆိုင်ရာများကိုအဓိကဦးစားပေးမည် ဖြစ်ကြောင်းသိရသည်။

နောက်ထပ်တိုးမြှင့်ပြောင်းလဲလိုက်သည့် ဝန်ဆောင်ခနှုန်းထားမှာ All in FE ဖက်စ်ဖုန်းမှ ပြည်တွင်းသုံးဖက်စ်ဖုန်းအဖြစ် ပြောင်းလဲခြင်းအတွက် (ကနဦးတပ်ဆင်ခ အမေရိကန် ဒေါ်လာ ၁,၁၀၀ ပေးသွင်းပြီးသူများ) နှစ်စဉ်ကြေးကိုသုံးထောင်ကျပ်မှ ခြောက်ထောင်ကျပ်အထိ တိုးမြှင့် လိုက်ခြင်းဖြစ်သည်။

ထို့အပြင် တယ်လီဖုန်းလိုင်းများ၏ လျှို့ဝှက်ကုတ်နံပါတ်များ (SCN-Security Code Number) များထည့်သွင်းခအတွက် ငါးရာကျပ်မှ ငါးထောင်ကျပ်သို့လည်းကောင်း၊ လိုင်းခွဲနံပါတ်များ တပ်ဆင်ခအတွက် ၁၂၀ ကျပ်မှ ၂၀၀၀ ကျပ်သို့လည်းကောင်း၊ လိုင်းခွဲတစ်လိုင်း အသုံးပြုခအတွက် နှစ်စဉ်ကြေးကို ကျပ် ၂၄၀ မှ ကျပ် ၃,၀၀၀ သို့လည်းကောင်း အသီးသီးပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်သည်။

စာ(၂၄)သို့

အရောင်း၊အဝယ်၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်း၊အဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို INTEGRA Systems Company ၄၂-ဒီ၊ အတ္တသိဒ္ဓိလမ်းသစ်ဖောက်ရန်ကုန်မြို့တွင် ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း- **01-557638, 09-73085653**



# LG က အလွန်ပါးလွှာသော ၅၅ လက်မ တီဗီများရောင်းချမည်

**နယူးယောက်၊ ဇန်နဝါရီ - ၂** ကိုရီးယားနည်းပညာကုမ္ပဏီ အယ်လ်ဂျီအီလက်ထရွန်နစ်သည် အလွန်ပါးလွှာပြီး OLED ခေါ် Organic Light-Emitting Diodes မျက်နှာပြင်ဖြင့် ထုတ်လုပ်မည့် ၅၅ လက်မအရွယ် တီဗီများကို ယခုနှစ်အတွင်း ရောင်းချသွားမည်ဟုသိရသည်။

LG ကုမ္ပဏီသည် ယင်းတီဗီကြီးများကို ဇန်နဝါရီ ၁၀ ရက်တွင် စတင်မည့် နိုင်ငံတကာလူသုံးကုန်အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ (CES)၌ စတင်ပြသမည်ဟု ကြေညာထားသည်။ အယ်လ်ဂျီ၏ ကိုရီးယားပြည်တွင်းပြိုင်ဘက် ဆမ်ဆောင်းကလည်း ထိုပြပွဲတွင် OLED တီဗီများ ပြသသွားမည်ဟုဆိုသည်။



အယ်လ်ဂျီ၏ အမေရိကန်ဌာနခွဲ ဒါရိုက်တာ တင်မ်အလက်ဆီက ကုမ္ပဏီသည် အဆိုပါတီဗီများကို ၂၀၁၂ ခုနှစ်၏ စတုတ္ထသုံးလပတ်တွင် ရောင်းချဖွယ်ရှိကြောင်း၊ ဈေးနှုန်းကိုမူ မထုတ်ပြန်ရသေး ကြောင်းဆိုသည်။ ဆန်းစစ်သူတစ်ဦးကမူ ယင်းတီဗီများကို ဒေါ်လာ ၅,၀၀၀ နှင့် အထက်ဈေးဖြင့် ရောင်းချနိုင်ကြောင်း ခန့်မှန်းထားသည်။

OLED တီဗီများသည် ရုပ်ထွက်အရည်အသွေး ပိုမိုကောင်းမွန်ကာ ထုထည်အလွန်ပါးလွှာသည်အထိ ထုတ်လုပ်နိုင်သည်။ အယ်လ်ဂျီ၏ ယခု ၅၅ လက်မ တီဗီသည် အထူ လေးမီလီမီတာ (တစ်လက်မ၏ ၁၆ ပုံတွင် သုံးပုံ အရွယ်-၃/၁၆)သာရှိကာ အလေးချိန် ၁၆ ဒသမ ၅ ပေါင်ရှိသည်ဟုသိရသည်။ *—Ref: AP*




# တ ုတ်နိုင်ငံတွင် ပထမဆုံး သရီးဒီ ုပ်သံလိုင်း စမ်းသပ်ထုတ်လွှင့်

**ဘေဂျင်း၊ ဇန်နဝါရီ - ၃** တရုတ်နိုင်ငံပိုင် ရုပ်သံဌာနသည် နိုင်ငံ၏ ပထမဆုံး သရီးဒီရုပ်သံလိုင်း ထုတ်လွှင့်နိုင်ရန်အတွက် ရုပ်သံပရိသတ်များဖြင့် စမ်းသပ်မှုပြုလုပ်ခဲ့သည်။ ဆင်ဟွာသတင်း၏ အဆိုအရ အဆိုပါသရီးဒီရုပ်သံလိုင်းကို သရီးဒီတီဗီများ၊ အထူးမျက်မှန်များနှင့် သရီးဒီလိုင်းချိတ်ဆက်မည့် စက် Set-top box များ အသုံးပြုကာ ကြည့်ရှုနိုင်သည်ဟုဆိုသည်။

သရီးဒီရုပ်သံလိုင်းကို ယခုအခါ တစ်နေ့လျှင် သုံးကြိမ်(တစ်ကြိမ် လေးနာရီခွဲ)ထုတ်လွှင့်ပေးနေပြီး အကများ၊ ကာတွန်းရုပ်ရှင်များ၊ ရုပ်ရှင်ကားများ၊ အားကစားအစီအစဉ်များ ပါဝင်သည်ဟုသိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၁ ရက်က အခမဲ့အနေဖြင့် စမ်းသပ်စတင်ခဲ့သည့် ယင်းသရီးဒီ ရုပ်သံလိုင်းကို နိုင်ငံတော်ပိုင် ချိုင်းနားဗဟိုရုပ်သံဌာနနှင့် ဘေဂျင်းရုပ်သံ၊ ရှန်ဟိုင်းမီဒီယာ၊ ကျန်စုရုပ်သံ၊ တီယန်ကျင်းရုပ်သံ၊ ရှန်ဇင်းရုပ်သံတို့က ပူးပေါင်းထုတ်လွှင့်ပေးခဲ့သည်။

အဆိုပါ သရီးဒီရုပ်သံလိုင်းကို ဇန်နဝါရီ ၂၃ရက်တွင် တရားဝင်စတင်မည်ဖြစ်ပြီး ယင်းကာလမှာ တရုတ်နှစ်သစ်ကူး အားလပ်ရက်နှင့်တိုက်ဆိုင်နေသည်။

ဆင်ဟွာသတင်း၏ အဆိုအရ တရုတ်နိုင်ငံတွင် ရုပ်သံစက်လုံးရေ သန်း ၅၀၀ ခန့်ရှိပြီး အင်တာနက်အသုံးပြုသူ သန်း ၅၀၀ ကျော်ရှိနေသည်။ တရုတ်နိုင်ငံသည် အလျင်မြန်ဆုံး ကြီးထွားနေသော ရုပ်ရှင်ဈေးကွက်တစ်ခုဖြစ်ကာ ပြီးခဲ့သည့် ၂၀၁၁ တွင် ရုပ်ရှင်ဝင်ငွေ ၆၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီးဝင်ငွေဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ ရရှိခဲ့သည်။

*—Ref: AFP*

## စာ(၂၃) - ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းဝန်ဆောင်ခများ ပြောင်းလဲ မှ

ထို့အပြင် မူလဝန်ဆောင်ခနှုန်းထားများမှ လျှော့ချလိုက်သည့် ဝန်ဆောင်မှုများမှာ နိုင်ငံသားပိုင်နှင့် နိုင်ငံခြားသားပိုင် ကုမ္ပဏီ All in FE ဖက်စ်ဖုန်းများအား FE (နိုင်ငံခြားငွေ)မှ ကျပ်ငွေသို့ပြောင်းလဲရာတွင် မူလနှုန်းထား ကျပ်ငါးသိန်းမှ ကျပ်ငါးသောင်းသို့လည်းကောင်းလျှော့ချပေးလိုက်သည်။

ထိုကဲ့သို့ဆက်သွယ်ရေးလုပ်ငန်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်နှုန်းထားများကို ပြောင်းလဲသတ်မှတ်ပြင်ဆင်ခြင်းများကို ယခုလ ၂ ရက်တွင်စတင်သတ်မှတ်လိုက်ခြင်းဖြစ်ပြီး ထိုပြောင်းလဲမှုသည် ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ပြုလုပ်သည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် သက်ဆိုင်ရာဌာနအလိုက်တာဝန်ရှိသူများက သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ပြောင်းသမျှတွေ ကောင်းခဲ့လေသလား

■ အာဝါသ



ကုန်လွန်ခဲ့တဲ့ ၂၀၁၁ထဲကဖြစ်ပေါ်ပြောင်းလဲမှုတွေဆိုတာ ၂၀၁၀ ရဲ့ အခင်းအကျင်းတချို့နဲ့ စတင်ခဲ့ရတာမို့ ချဉ်းနင်းဝင်ရောက်လာတဲ့ ၂၀၁၂ ဟာဆိုရင်လည်း နှစ်ဟောင်းကမြစ်ဖျားခံလာတဲ့ အဆက်အစပ်တစ်ခုလို့သာပြောရပါလိမ့်မယ်။

အတိတ်ကို ပြန်စဉ်းစားသတိရကြည့်ကြစို့ဆိုရင် ၂၀၁၁ ဟာကျွန်တော်တို့အားလုံးအတွက် မျှော်လင့်ခြင်း နှစ်သစ်တစ်ခုဖြစ်ခဲ့တယ်လို့ဆိုနိုင်မှာပါပဲ။ ဒါကိုကျွန်တော်တို့ချင်းသာမက ကမ္ဘာတစ်ခုလုံးကလည်း သိမှတ်လက်ခံခဲ့ကြတယ်။ အရင်က ကျွန်တော်တို့သက်တမ်းအတွင်း တစ်ခါမှမကြားခဲ့ရဖူးတဲ့ အသံတွေဟာနားထဲပြည့်လျှံလို့ လာတယ်။ မမြင်ဖူးတဲ့ ပုံရိပ်မြင်ကွင်းတွေဟာဆိုရင်လည်း မယုံကြည်နိုင်ဖွယ် တကယ်ဖော်ဆောင်နေတဲ့ ပြောင်းလဲမှုတွေဟာ သမ္မတကြီးပြောခဲ့ဖူးတဲ့ "ခေတ်ပြောင်းနေပြီဖြစ်တဲ့အတွက် စနစ်ကိုပါ ပြောင်းလဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာမှာ လုပ်နည်းလုပ်ဟန်တွေ၊ ကြိုးနီစနစ်ဆက်လက်ကိုင်စွဲထားသူတွေ၊ တာဝန်သိမှု၊ တာဝန်ယူမှုကင်းမဲ့ပြီး အဂတိလိုက်စားမှုများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဆိုတာလို အပြစ်ဆို အငြင်းပွားစရာမလိုလောက်အောင် ကြိုဆိုစရာကောင်းနေပေမယ့် အောက်ခြေလူထုအဖို့ နှောင်တည်းမှုတွေက လွတ်မြောက်ပြီလို့ ရှင်းရှင်းဆိုနိုင်သေးတာ မဟုတ်ဘဲ အချို့သော ဌာနဆိုင်ရာတွေမှာ ဓလေ့ထုံးစံတွေ အရင်အတိုင်းဆက်လက်ရှင်သန်မြဲ ရှင်သန်နေတာမျိုးဟာ ပြီးပြည့်စုံတဲ့ စင်းလုံးချောကိုပဲ မျက်စိရှေ့မှောက်ရောက်လာခဲ့တယ်။ ကုန်ကုန်ပြောရရင် အရင်က ကျွန်တော်တို့ကြုံရလိမ့်မယ် ထင်မထားတဲ့ အံ့သြစရာအဖြစ်အပျက်တွေဟာ မကြာလှတဲ့ ကာလတစ်ခုအတွင်းမှာတင်ပဲ တစ်မုဟုတ်ချင်း ဆိုသလို ပေါ်ထွန်းလာခဲ့တယ်။

ဒါကြောင့်လည်း ကုန်ခဲ့တဲ့ ၂၀၁၁ အတွင်းမှာ "အပြောင်းအလဲ"ဆိုတဲ့ စကားလုံးဟာ လူတွေရဲ့ နှုတ်ဖျားနဲ့ စာနယ်ဇင်းစာမျက်နှာတွေထက် ရေပန်းအစားဆုံးဝေါဟာရအဖြစ် တွင်ကျယ်ခဲ့ရတယ်။ တစ်ချိန်တည်းမှာပဲ ဘာတွေ ပြောင်းပြီး ဘာတွေမပြောင်းဖူးဆိုတဲ့ နှိုင်းယှဉ်ပြောဆိုမှုတွေဟာ လူထုကြားမှာ ခပ်စိပ်စိပ်ရှိလာခဲ့ပြီး၊ နှစ်ကုန်ပိုင်းနီးကပ်လာချိန်မှာတော့ ပေါ်ထွက်ခဲ့သမျှ အပြောင်းအလဲတွေထဲက ဘယ်ဟာကောင်းပြီး ဘယ်ဟာမကောင်းဘူးဆိုတဲ့ ဆန်းစစ်သုံးသပ်ချက်အချို့ကိုပါ ဖော်ထုတ်လာကြတာတွေ့ရှိလိုက်ရတယ်။

အခု ဆောင်းပါးမှာ တင်ပြလိုတာက ပြောင်း၊ မပြောင်းနဲ့ ကောင်း၊ မကောင်းဆိုတာတွေကို စိစစ်အကဲဖြတ်နေဖို့ထက် မြန်မာနိုင်ငံမှာ ဖြစ်ပေါ်တိုးတက်မှုတွေ အထိုက်အလျောက်ရှိလာခဲ့ပြီလို့ ဆိုကြတဲ့ ယုံကြည်ယူဆလောက်ဖွယ် ကောက်ချက်အပေါ် ပြည်သူလူထုနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ အခြေခံကျကျ တကယ့်လက်တွေ့ဖြစ်ရပ်တွေက ဘယ်နည်းဘယ်ပုံ၊ ဘယ်အတိုင်းအတာထိ ထင်ဟပ်ပြနေသလဲဆိုတာ သိသာစေလိုခြင်းသာ ဖြစ်ပါတယ်။

အထူးသဖြင့် အပြောင်းအလဲလို့ဆိုရာမှာ အထက်ပိုင်းက အပြောင်းအလဲဖြစ်ပြီလို့ယူဆနိုင်ဖို့ မေးခွန်းထုတ်စရာပါ။

အလားတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအမံတစ်ခုဖြစ်တဲ့ အတိုးနှုန်းသက်သာစွာနဲ့ ငွေထုတ်ချေးပေးမှုအချို့ရှိနေပေမယ့်လည်း အလုပ်အကိုင် အခွင့်အလမ်းရှားပါးနေမှု၊ ကုန်ဈေးနှုန်း ကြီးမြင့်မှုနဲ့ အခွန်အခပေးဆောင်ရမှုတွေ မသက်သာလှတာဟာ ဆင်းရဲမှုဝဲဂယက်ထဲက ရုန်းထွက်နိုင်ဖို့ လောလောဆယ် ခဲယဉ်းနေဦးမယ်။ တစ်နည်းပြောရင် ဝင်ငွေနည်းလူတန်းစားတွေအတွက် ကြောင့်ကျမှု ကြီးစိုးခံနေရဆဲ ဝန်ထုပ်ဝန်ပိုးတွေအဖြစ် အလေးထားစရာ စဉ်းစားရမှာတွေပေ့ါ။

မကြာသေးမီက တစ်ရပ်ကွက်တည်းနေ မိတ်ဆွေတစ်ဦး ရုတ်တရက် ဖောက်ပြန်လာတဲ့ ကျန်းမာရေးအခြေအနေကြောင့် ပြည်သူ့ဆေးရုံသွားတက်ရာမှာ အထွေထွေဝယ်ခြမ်းကျခံရမယ့် စရိတ်ငွေချက်ချင်း အဆင်မပြေလို့ လျစ်လျူရှုပစ်ထားခံရတာ သိလိုက်ရတော့၊ စာနာစိတ်နဲ့ အထိတ်တလန့်ဖြစ်မိသလို သြော် သိသာထူးခြားတဲ့ အပြောင်းအလဲတွေ ဘယ်တော့များမှ ခံစားရနိုင်မလဲလို့ မရဲတရဲပဲတွေးတောကြည့်နေမိတယ်။

ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်မှာတော့ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်ထဲ စားပွဲထိုးကလေးငယ်တွေရဲ့ တာဝန်ကျေအော်ဟစ်နေသံတိတ်ဆိတ်မသွားသေးတာ၊ စာသင်ခန်းနဲ့ မိဘဈေးဗန်းကြား ဗျာများပြေးလွှားနေကြတဲ့ ကျောင်းသားအရွယ်လူမမယ်ကလေးတွေ မြင်မြဲမြင်နေရသေးတာ၊ ဘတ်စ်ကားစီး ခရီးသွားတွေရဲ့ နိစ္စဓူဝ ညည်းတွားစိတ်ပျက်သံနဲ့စတဲ့ ကမောက်ကမနိုင်မှုတွေဟာလည်း နဂိုအခြေအနေကို ဆက်ခံဖော်ညွှန်းနေဆဲ ထင်ဟပ်ချက်တွေအဖြစ် လူတိုင်းမျက်စိခလုတ်တိုက်မိကြမှာဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်ထဲက လူထုနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့၊ တစ်နည်းအားဖြင့် အစိုးရအာဏာပိုင်တွေနဲ့နိုင်ငံသားတွေရဲ့ ထိပ်တိုက်အဖြစ်ဆုံး ကိစ္စရပ်တွေထဲမှာ ဇူလိုင် ၂၈ ရက် သုဝဏ္ဏဘောလုံးကွင်း ရုန်းရင်းဆန်ခတ်မှုနဲ့ စက်တင်ဘာလအတွင်းဖြစ်ပွားခဲ့တဲ့ စီတန်းလှည့်လည်ဆန္ဒပြပွဲတွေလည်း အပါအဝင်လို့ ဆိုရပါမယ်။ ဒီဖြစ်စဉ်ဖြစ်ရပ်တွေအတွင်း တာဝန်ရှိအာဏာပိုင်တွေရဲ့ ပြည်သူလူထုအပေါ် ဆက်ဆံကိုင်တွယ်ဖြေရှင်းခဲ့ပုံဟာ အရင်ခေတ်ကိုစတင်တော့မယ့် နိမိတ်ပုံတွေလို့မှတ်ယူချင်စရာကောင်းလောက်အောင် ညင်သာပျော့ပျောင်းခဲ့တာမို့၊ မြစ်ဆုံဆုံးဖြတ်ချက်ပြီးရင် ထူးလည်းထူးခြား၊ မည်မည်ရရလည်း အရှိဆုံးဖြစ်ခဲ့ပါတယ်။ သို့ပေမဲ့ နိုင်ငံတကာပြိုင်ပွဲတစ်ခု ကျင်းပနေစဉ်မှာပစ်ပေါက်ခဲ့တဲ့ နိုင်ငံသားအချို့ရဲ့ ဗရုတ်သုတ်ခ လုပ်ရပ်တွေက နိုင်ငံ့ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေခဲ့ရပြီး ဒီဖြစ်ရပ်ကပဲ ခေတ်နဲ့အညီမြင့်တက် ပြောင်းလဲမလာသေးတဲ့ ပြည်သူလူထုရဲ့ စရိုက်လက္ခဏာကို မီးမောင်းထိုးပြပေးလိုက်တယ်။

ချွတ်ခြုံကျ ဘဝက ရုန်းထလွန်မြောက်နိုင်ဖို့အရှိန်ယူဟန်ပြင်နေချိန်မှာပဲ စက်တင်ဘာ ၁ ရက်မြို့ပတ်ရထားတိမ်းမှောက်မှုနဲ့ နိုဝင်ဘာ ၁၂၊ ၁၇ ရက်တွေက တံတားဦးမြို့အနီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ် ဖြစ်ပွားခဲ့တဲ့ ကားမှောက်မှုတွေက ခရီးသွားပြည်သူတွေရဲ့ အသက်အန္တရာယ်စိတ်ချဘေးကင်းရေးမှာ မရေရာ၊ မသေချာမှုတွေအဖြစ် သက်သေခံညွှန်ပြနေသလိုပါပဲ။ ဒီဖြစ်ရပ်တွေထဲက အဝေးပြေးခရီးသည်တင်ယာဉ် တိမ်းမှောက်မှုတစ်ခုတည်းမှာတင် ကံဆိုးသူအဖြစ်မဲ့ခရီးသွားစုစုပေါင်းတစ်ဦးသေဆုံးပြီး ၃၀ လောက်လည်း ဒဏ်ရာရရှိခဲ့ရပါတယ်။

နိုဝင်ဘာလထဲမှာပဲ ကြားသူတိုင်းကြက်သီးမွေးညင်းထခဲ့ရတဲ့ အနိဋ္ဌာရုံသတင်းနှစ်ပုဒ် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထပ်မံပေါ်ထွက်ခဲ့ပြန်ပါတယ်။ တစ်ခုက မြို့လယ်ခေါင်မှာ ဒါရိုက်တာ တစ်ဦးသေဆုံးခဲ့တဲ့ လူသတ်မှုဖြစ်ပြီး တစ်ပတ်သာခြားတဲ့ ဒုတိယတစ်ခုကမြောက်ဥက္ကလာကမျက်နှာဖုံးစွပ်အုပ်စုဖွဲ့လူသတ်မှု သတင်းဖြစ်ပါတယ်။ ဒီမတိုင်ခင် စက်တင်ဘာ ၂၈ ရက်ကလည်း ကျောက်ပန်းတောင်းမြို့အနီးမှာ ဂျပန်နိုင်ငံသူတစ်ဦးသတ်ဖြတ်ခံရတဲ့ သတင်းက ပြည်တွင်းရော ပြည်ပမှာပါ ဟိုးလေးတကျော် ဖြစ်သွားသေးတာမို့ တိုက်ဆိုင်တာတစ်ခုကို ပြောရရင် ဒီအဖြစ်အပျက်တွေ မဖြစ်ပွားမီ ရက်ပိုင်းလေးလောက်ကပဲ ဒေါ်အောင်ဆန်းစုကြည်က အခမ်းအနားတစ်ခုကို တက်ရောက်စဉ် မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးအတွက် မဖြစ်မနေ ဦးစားပေးလုပ်ဆောင်ဖို့လိုအပ်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါသေးတယ်။ အရင်က ဒီလိုသဏ္ဍာန်တူလူသတ်မှုမျိုး မြန်မာနိုင်ငံမှာ မရှိခဲ့ဖူးသေးတာမို့ အခုဖြစ်ရပ်တွေကို ဖော်ပြတဲ့ဂျာနယ်တွေထဲက တစ်စောင်က "ရန်ကုန်မြို့လယ်ခေါင်က အက်ရှင်ကားဆန်ဆန် လူသတ်မှု" လို့ ခေါင်းစဉ်တပ်ခဲ့သလို အခြားတစ်ခုမှာလည်း "ဥပဒေစိုးမိုးမှုကို ခြောင်ကျကျစိန်ခေါ်သွားသော မြောက်ဥက္ကလာလူသတ်မှု"လို့ ခေါင်းစဉ်ပေးဖော်ပြရေးသားခဲ့တာ စဉ်းစားဆင်ခြင်ဖွယ်ဖတ်ရှုခဲ့ရတယ်။

ဒီကြားထဲ ငွေသိန်းပေါင်းသောင်းဂဏန်းချီ လိမ်လည်သွားတဲ့ ပဲလောကရဲ့ အရှုပ်တော်ပုံသတင်းက ပပျောက်ကင်းစင်ပြီလို့ အများထင်ထားရာက ပြန်ပေါ်လာသေးတာမို့ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ကြရပြန်တယ်။

နှစ်ကုန် ဖို့ နှစ်ရက်အလို ဒီဇင်ဘာ ၂၉ ရက်ဟာ ရှေ့ဆက်ရမယ့်အနာဂတ်နှစ်သစ်တွေတိုင်းအတွက် မမေ့ကောင်းစရာ နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ထားသင့်လောက်အောင် မြို့တော်ဟောင်းကြီးမဟာရန်ကုန်မှာကမ္ဘာပျက်တဲ့ ညတစ်ညအလား ထင်မှတ်မှားခဲ့ရတယ်။ အချို့က အခြားဂြိုဟ်တစ်လုံး လာဝင်တိုက်တာဖြစ်ရမယ်လို့ အိပ်ချင်မူးတူးနဲ့ ကနဦးမှတ်ချက်ပြုကြသလို အချို့ကလည်း ရောမင‌လျှင်ကြီးအမှတ်နဲ့ ကြောက်လန့်တကြား ခုန်ချဆင်းပြေးခဲ့ကြတယ်။ ၉၀ အရွယ် ဖခင်အိုကတော့ ကမ္ဘာစစ်နဲ့ ကြုံဖူးခဲ့သူပီပီ "ဟီရိုရှီးမား"လို့ ယောင်ယမ်းပြီးနှုတ်က တစ်ခွန်းတည်းထွက်သွားတာကြားလိုက်ရတယ်။ အနီးဆုံးက စက်ကွင်းမလွတ်ခဲ့ရှာသူရပ်ကွက်သားတွေနဲ့ မီးသတ်သမားလူစွန့်စားတွေအဖို့မှာတော့ ပြေးချိန်ရှောင်ချိန်လေးမှ မရလိုက်ဘဲ စတေးသွားခဲ့ကြရတယ်။ ဘယ်ရှောင်ချိန်ရပါမလဲ။ သူတို့မျက်ကွယ်က အန္တရာယ်က သူတို့အသက်တွေထက် တန်ဖိုးပိုရှိနေတာကိုး။

တကယ်တော့ ဒီဖြစ်ရပ်ဟာ ပင်လယ်ကလာတဲ့ ဆူနာမီလို "သဘာဝဘေး" မဟုတ်သလို မြေအောက်က မိုင်းတွင်းပြိုကျတဲ့ မတော်တဆမှုမျိုးလည်း မဟုတ်ပါဘူး။ မထိန်းချုပ်နိုင်၊ မကွယ်ဝှက်စတမ်းဝန်ခံရကြမယ်ဆိုရင် လူရဲ့ နမော်နမဲ့နိုင်တဲ့ ပေါ့ဆမှု သက်သက်လို့သာ မှတ်ယူရပါမယ်။ အခု မီးလောင်ပေါက်ကွဲမှုဖြစ်ရပ်ကြီး ဖြစ်ပွားခဲ့လို့အပြီး ပထမဆုံးသတိရလိုက်တာက ရပ်ကွက်အသီးသီးနဲ့ နေ့စဉ်ထုတ် သတင်းစာတွေက တစ်ဆင့် မီးသတ်ဦးစီးဌာနရဲ့ ပုံမှန်သတိပေး နှိုးဆော်ချက်ဖြစ်တဲ့ "ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော မည်သည့်လောင်စာကိုမှ သိုလှောင်ထားခြင်း မပြုရ"ဆိုတာကိုပါပဲ။

ထိတ်လန့် ချောက်ချားဖွယ်ကောင်းလှတဲ့ ဒီအဖြစ်အပျက်မှာ လောင်ကျွမ်းရုံမက ဓာတ်ပြုပေါက်ကွဲမှုကိုပါ ဖြစ်စေတတ်တဲ့ ဓာတုပစ္စည်းတွေကို လူနေရပ်ကွက်အနီးအနားမှာ သိုလှောင်သိမ်းဆည်းထားခြင်းကြောင့်သာ အခုလောက်ထိ အသက်နဲ့အိုးအိမ်ပျက်စီးဆုံးရှုံးရမှုတွေ ကြီးမားခဲ့တာဖြစ်နေတဲ့အတိုင်း "ဆင်ခြင်မှုကင်းမဲ့ခြင်းဟာ ဒုက္ခကင်းမဲ့ခြင်းဟာ ဒုက္ခအားလုံးရဲ့ အကြောင်းရင်း" ဆိုတဲ့ နီတိစကားလည်းရှိထားတာမို့ မတော်တဆမှုထက် ပေါ့ဆမှုက အကျိုးဆက်ဆိုးဝါးပြင်းထန်တတ်တာအပြုသဘောလက်ခံသင့်ကြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ပြောင်းလဲမှုဆိုတာကို ချဉ်းကပ်လေ့လာကြည့်တဲ့အခါ "သရုပ်မှန်အပြောင်းအလဲ"နဲ့ "သဏ္ဍာန်တူအပြောင်းအလဲ"ဆိုပြီး ကွဲပြားမှုနှစ်ခုရှိနေတာတွေ့ရမှာဖြစ်ပါတယ်။ သရုပ်မှန်အပြောင်းအလဲ၊ တစ်နည်းပြောရင် အပြုသဘော ဆောင်ပြောင်းလဲမှု (Constrctive Change)ကိုဖော်ဆောင်လျှောက်လှမ်းနိုင်တဲ့ တိုင်းပြည်က နိုင်ငံတော်တည်ငြိမ်မှုနဲ့ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုဆီ လျင်မြန်စွာရောက်ရှိနိုင်ပြီး သဏ္ဍာန်တူအပြောင်းအလဲ၊ ဒါမှမဟုတ် အပေါ်ယံပြောင်းလဲမှု (Characteristic Change) နဲ့ ဆုပ်ကိုင်ချိတ်ကြတဲ့ တိုင်းပြည်မှာတော့ တည်ငြိမ်မှုကင်းမဲ့စေတဲ့ ပဋိပက္ခတွေ ကြုံတွေ့ရလေ့ရှိရုံမက နိုင်ငံဖွံ့ဖြိုးမှုလည်း နှေးကွေးနောက်ကျကျန်နေတတ်ပါတယ်။

သရုပ်မှန်အပြောင်းအလဲမှာ ရှိရမယ့် လက္ခဏာတွေက အထက်နဲ့အောက်၊ အတွင်းနဲ့အပြင်၊ အပြောနဲ့အလုပ် မူဝါဒရောလက်တွေ့ကျင့်စဉ်ပါ ဟန်ချက်လည်းကျ၊ မျှခြေလည်း ညီတဲ့ အစီအမံကောင်းတွေကို အကောင်အထည်ဖော် စွမ်းဆောင်နိုင်မှုပဲ ဖြစ်တယ်ဆိုတာ အစီရင်ခံတင်ပြလိုက်ရပါတယ်။ ။

ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# မီဒီယာဥပဒေမှ သတင်းထောက်များ၏ မျှော်လင့်ချက်

သီဟ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လူတိုင်းလူတိုင်းသည် မိမိ၏ ထင်မြင် ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပိုင်ခွင့်ရှိရမည်ဖြစ်ပြီး မည်သည့် မီဒီယာမဆို သတင်းအချက်အလက်များ ရယူခြင်း၊ ထိန်းသိမ်းထားခြင်း၊ ပြန်လည်ဖြန့်ဝေခြင်းများအပေါ်တွင်လည်း မည်သို့သောလွှမ်းမိုးခြယ်လှယ်ချုပ်ကိုင်ခြင်း မရှိစေရဟု ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၁၉ တွင်ဖော်ပြထားသည်။

အဆိုပါ အပိုဒ်အား မီဒီယာလွတ်လပ်ခွင့်လှုပ်ရှားသူများနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများက Article 19 ဟူသောအမည်ဖြင့် လူသိများကြသည်။

အဆိုပါ အပိုဒ်၏ ဆိုလိုရင်းသည် ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် နေထိုင်လျက်ရှိကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့၏ ထင်မြင်ယူဆချက်များအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့် ရရှိရေးဟူသော အချက်ကိုဆိုလိုရင်းဖြစ်သည်ဟု သိရသည်။

အလားတူ မြန်မာနိုင်ငံသည်လည်းယခုနှစ်ပိုင်းအတွင်း နိုင်ငံရေး အပြောင်းအလဲများဖြစ်ပေါ်လာပြီးနောက်ပိုင်းတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သည့် အရပ်သားအစိုးရတစ်ရပ်ပေါ်ထွက်လာပြီဖြစ်သည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လွတ်လပ်စွာပြောဆိုရေးသားခွင့်ဆိုင်ရာ အချက်တစ်ချက်ပါရှိသည်။

ယင်းအချက်မှာပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းအပိုဒ် ၃၅၄ တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ်ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲခွင့်ရှိသည်ဟုပါရှိသည်။

အဆိုပါ အပိုဒ်၏ အပိုဒ်ခွဲ (က)တွင် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားဖြန့်ဝေခွင့် ရှိသည်ဟူသည့် အချက်ပါရှိသည်။

အထက်ပါ အပိုဒ်များ၏ ဆိုလိုရင်းမှာလည်း မြန်မာနိုင်ငံသားတိုင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းဘောင်အတွင်းမှ လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့် အခွင့်အရေးကို ရရှိနေပြီဖြစ်သည်။

အဆိုပါ အပိုဒ်နှင့်စပ်လျဉ်း၍လည်း မီဒီယာ လွတ်လပ်ခွင့်ရရှိစေရန်အတွက် မီဒီယာသမားကျခံရမည့် အပြစ်များနှင့် အခွင့်အရေးများပါသည့် မီဒီယာဥပဒေတစ်ရပ် ရေးဆွဲနေပြီဖြစ်ကြောင်း ပထမအကြိမ်ပြည်သူ့လွှတ်တော်၏ ဒုတိယပုံမှန်အစည်းအဝေးတစ်ရပ်တွင် တရားဝင်ပြောကြားသွားသည်။

ထိုသို့ ပြောကြားပြီးသည့်နောက်ပိုင်း မီဒီယာလောကသားများသည် မိမိတို့နှင့်တိုက်ရိုက်သက်ဆိုင်လာမည့် မီဒီယာဥပဒေပေါ်တွင် စိတ်ဝင်စားမှု အရှိန်အဟုန်များမြင့်တက်လာခဲ့သည်။

ထွက်ပေါ်လာမည့် မီဒီယာဥပဒေပေါ်တွင်လည်း မျှော်လင့်ချက်များ၊ စိုးရိမ်မှုများနှင့် အတူစောင့်မျှော်လျက်ရှိကြသကဲ့သို့ အမြင်အမျိုးမျိုးဖြင့်လည်း စောင့်မျှော်လျက်ရှိနေကြသည်။

ယင်းမီဒီယာဥပဒေနှင့်ပတ်သက်၍ အလွတ်တန်းသတင်းသမားတစ်ဦးဖြစ်သူ ဦးစည်သူအောင်မြင့်က “မီဒီယာလို့ပြောလိုက်တော့ အားလုံးပါစေချင်တယ်။ ပုံနှိပ်မီဒီယာတစ်ခုတည်းမဟုတ်ဘူး၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ပုံနှိပ် အားလုံးကိုပါစေချင်ပါတယ်”ဟု ထွက်ပေါ်လာမည့် မီဒီယာဥပဒေနှင့်ပတ်သက်၍သူ၏ မျှော်လင့်ချက်ကိုပြောပြသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သည့် ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံအဖြစ် အသွင်ပြောင်းလာပြီဖြစ်ရာ ဒီမိုကရေစီစနစ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် စာနယ်ဇင်း မီဒီယာဆိုင်ရာလွတ်လပ်ခွင့်ရရှိရေးသည်လည်း ဒီမိုကရေစီ၏ အင်္ဂါရပ်တစ်ခုပင်ဖြစ်သည်ဟု ဝါရင့်စာနယ်ဇင်းသမားများကပြောသည်။

ထွက်ပေါ်လာမည့် မီဒီယာဥပဒေသည်လက်ရှိအချိန်တွင် စာနယ်ဇင်းတစ်ခုတည်းကိုသာ ဦးတည်ရေးဆွဲမည့်မီဒီယာဥပဒေဖြစ်မည်လား သို့မဟုတ် မီဒီယာကဏ္ဍအားလုံးအတွက် ပါဝင်ရေးဆွဲထားသည့်ဥပဒေဖြစ်မည်လားဆိုသည်ကိုမူ မည်သူမျှ အတပ်ပြောနိုင်ခြင်းမရှိသေးပေ။

သို့သော် စာနယ်ဇင်းသမားများအနေဖြင့်မိမိတို့နှင့်သက်ဆိုင်သည့် စာနယ်ဇင်းဆိုင်ရာ လွတ်လပ်ခွင့်များနှင့်ပတ်သက်၍ကြိုတင်မျှော်လင့်လျက်ရှိနေကြသည်။

ထွက်ပေါ်လာမည့် မီဒီယာဥပဒေတွင် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ အနိမ့်ဆုံးအနေအထားအားဖြင့် အာဆီယံနိုင်ငံများ၌ စာနယ်ဇင်းလွတ်လပ်ခွင့်အများဆုံး ရရှိလျက်ရှိကြသည့် ထိုင်း၊ ဖိလစ်ပိုင် စသည့်နိုင်ငံများတွင်ရရှိသည့် စာနယ်ဇင်း လွတ်လပ်ခွင့် အဆင့်ထက်မနိမ့်သည့် လွတ်လပ်ခွင့်မျိုးရရှိစေချင်ကြောင်း မြန်မာ့ဓန မဂ္ဂဇင်းနှင့် Open News ဂျာနယ်မှ အယ်ဒီတာချုပ် ဦးသီဟစောကပြောသည်။

“အာဆီယံ နိုင်ငံတွေထဲမှာ အတင်းကျပ်ဆုံး အနိမ့်ဆုံးဆိုတာမဖြစ်ဘဲနဲ့ သူများနဲ့ တန်းတူ လွတ်လပ်ခွင့်လောက်တော့ရသင့်တယ်လို့ထင်တယ်၊ မြန်မာလူမျိုးတွေက အစိုးရ ထိန်းကျောင်းနေရသေးတယ်ဆိုရင် မြန်မာလူမျိုးတွေကပဲ အရမ်းညံ့သလိုဖြစ်နေမယ်”ဟု ဦးသီဟစောကပြောသည်။

ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့်စာနယ်ဇင်းမဏ္ဍိုင်ဟူ၍ မဏ္ဍိုင်လေးရပ်ရှိသည်။

အဆိုပါ မဏ္ဍိုင်လေးရပ်သည် တစ်ခုနှင့်တစ်ခု အမှီအခိုကင်းကင်း၊ လွှမ်းမိုးချုပ်ကိုင်မှုကင်းကင်းနှင့် ရပ်တည်လျက်ရှိနေကြပြီး မဏ္ဍိုင်တစ်ခုနှင့်တစ်ခုထိန်းညှိလျက်ရှိကြသည်။

စာနယ်ဇင်းမဏ္ဍိုင်သည် ဒီမိုကရေစီ တိုင်းပြည်တစ်ခုတွင်လေးခုမြောက် မဏ္ဍိုင် စတုတ္ထမဏ္ဍိုင်အဖြစ် လွတ်လပ်စွာရပ်တည်ခွင့်ရသည့် မဏ္ဍိုင်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ဒီမိုကရေစီစနစ်အား အကောင်အထည်ဖော်ကျင့်သုံးနေပြီဖြစ်ရာ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းမဏ္ဍိုင်သည် အခြားမဏ္ဍိုင်တစ်ခုခု၏ ထိန်းချုပ်လွှမ်းမိုးမှုအောက်တွင်မရှိဘဲ အမှီအခိုကင်းကင်းနှင့် လွတ်လပ်စွာရပ်တည်ခွင့်ရမည့် ဥပဒေမျိုး ထွက်ရှိလာမည့်မီဒီယာဥပဒေတွင် ပါရှိရန် စာနယ်ဇင်းလောကသားများ မျှော်လင့်လျက်ရှိနေကြသည်။

“ရှေ့က မဏ္ဍိုင်သုံးခု ခိုင်ခိုင်မာမာရှိရင် နောက်ဆုံးတစ်ခုကလည်းခိုင်မာမှာပဲ။ တစ်ခုရှိတာက အဲဒါကို စတုတ္ထမဏ္ဍိုင်တစ်ခုလိုမျိုးဖြစ်စေချင်တယ်ဆိုရင် ရှေ့က မဏ္ဍိုင်တစ်ခုခုအောက်ထဲ သွားထားရင် သဘာဝကျပါ့မလား”ဟု ဦးသီဟစောက ပြောသည်။

ဆက်လက်၍ ဦးသီဟစောက လက်ရှိရပ်တည်နေရသည့် မြန်မာနိုင်ငံ၏ စာနယ်ဇင်း ရပ်တည်မှုအခြေအနေနှင့်ပတ်သက်၍လည်း“လောလောဆယ်ဆိုရင် ကျွန်တော်တို့က မဏ္ဍိုင်နံပါတ်၁ ဖြစ်တဲ့ အုပ်ချုပ်မှုအောက်ကို ရောက်နေတယ် မဏ္ဍိုင်နံပါတ် ၁ ရဲ့အောက်ကိုရောက်နေတော့ လွတ်လပ်စွာပြောဆိုရေးသားမှုတို့ဆိုတာ ဖြစ်နိုင်မယ် မထင်ဘူး”ဟု ဆက်လက်ပြောကြားသည်။

စာနယ်ဇင်းများ၏ ရပ်တည်မှုအနေဖြင့် စာနယ်ဇင်းများသည် မည်သည့်မဏ္ဍိုင်အောက်တွင်မှ ရှိမနေဘဲ သီးခြားလွတ်လပ်သည့် Press Council ကဲ့သို့သော အဖွဲ့အစည်းတစ်ခု၏ အထိန်းအကွပ်အောက်တွင်သာ ရှိနေစေလိုကြသည်။

စာနယ်ဇင်းများနှင့် အခြားမီဒီယာများ၏ လုပ်ငန်းလုပ်ဆောင်ပိုင်ခွင့် အနေဖြင့်လည်း စာနယ်ဇင်း (သို့မဟုတ်)မီဒီယာတစ်ခုခု၏ လုပ်ပိုင်ခွင့်လိုင်စင်အား သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် မည်သည့်နိုင်ငံသားမဆို လုပ်ကိုင်လိုပါက လုပ်ကိုင်ပိုင်ခွင့်ရှိစေချင်ကြကြောင်း သိရသည်။

လက်ရှိအခြေနေသည် စာနယ်ဇင်း(သို့မဟုတ်)မည်သည့်မီဒီယာတစ်ခုခုကိုမဆို လုပ်ကိုင်လိုပါက လုပ်ကိုင်လိုသူသည်မည်သည့် အရည်အချင်းနှင့် ပြည့်မီပါက လုပ်ကိုင်ခွင့် ပေးမည်ဟူသည့် မူဝါဒမရှိသေးကြောင်း ကိုစည်သူအောင်မြင့်ကပြောသည်။

“အခုလောလောဆယ်မှာ ဘယ်လိုနိုင်ငံသား အရည်အချင်းနဲ့ပြည့်ရင် လုပ်ပိုင်ခွင့်ပေးမယ်ဆိုတဲ့ မူဟာ မရှိတဲ့ အခါကျတော့ ပေးချင်တဲ့သူကိုပေးတယ် မပေးချင်တဲ့သူကို မပေးဘူးဆိုတာ ဒီနေ့အထိရှိနေတုန်းပဲ၊ လျှောက်တိုင်းလည်း မရဘူး၊ ဒီဟာကြီးက မရှိသင့်တော့ဘူး” ဟု ကိုစည်သူအောင်မြင့်က ဆက်လက်ပြောကြားသည်။

ထို့အပြင် ထွက်ရှိလာမည့် မီဒီယာဥပဒေတွင် သတင်းမီဒီယာသမားများ၏ သတင်းရယူခွင့် အခွင့်အရေးဆိုင်ရာများနှင့် ပတ်သက်၍လည်း အကာအကွယ်ပေးသည့် ဥပဒေလည်းထည့်သွင်းပေးစေလိုကြကြောင်း သိရသည်။

“သတင်းအချက်အလက်တွေကို ရယူတဲ့နေရာမှာ အကာအကွယ်ပေးတဲ့ဟာမျိုးပါသင့်ပါတယ်၊ နိုင်ငံတော် လျှို့ဝှက်ချက်တွေတော့ မပါဘူးပေါ့၊ အများပြည်သူ သိသင့်တာဆိုရင်တော့ မတားဆီးမပိတ်ပင်ဖို့ပေါ့။ အဲဒါမျိုးက ကမ္ဘောဒီးယား မီဒီယာဥပဒေမှာ တော်တော်များများ ရေးထားတယ်”ဟု ဦးသီဟစောကပြောသည်။

ကမ္ဘောဒီးယား မီဒီယာဥပဒေ၏ သတင်းအချက်အလက်များတောင်းခံခြင်း ဟူသည့် အပိုဒ်တွင်“ သတင်းအချက်အလက်များတောင်းခံရာတွင် စာဖြင့်ရေးသားတောင်းခံရမည်ဖြစ်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းဆီမှ မိမိရေးသားတောင်းဆိုလိုသည့် သတင်းအချက်အလက်မှာ မည်သို့သော သတင်းအချက်အလက်မျိုးဖြစ်သည်ကို ရှင်းရှင်းလင်းလင်း ရေးသားတောင်းခံရမည်”ဟု သတင်းအချက်အလက် တောင်းခံမှုအပိုင်းအားရေးသားထားသည်။

ထို့အပြင် သက်ဆိုင်ရာ အဖွဲ့အစည်း၏ တောင်းခံလာသည့် သတင်းအချက်အလက်အပေါ်တွင် တုံ့ပြန်ရမည့် တာဝန်အနေဖြင့်လည်း“ သက်ဆိုင်ရာ အဖွဲ့အစည်းကို အုပ်ချုပ်နေသည့် အခွင့်အာဏာရှိ အရာရှိအနေနှင့် တစ်ဘက်မှတောင်းခံလာသော သတင်း အချက်အလက်များကို ရက်ပေါင်း သုံးဆယ်အတွင်း စာရေးပြီး တုံ့ပြန်ဖြေဆိုပေးရမည်။ တောင်းခံလာသော သတင်းအချက်အလက်များကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဖြေဆိုရန် ငြင်းပယ်ပါက ငြင်းပယ်ရသည့်အကြောင်း အရင်းကို စာဖြင့် ရှင်းရှင်းလင်းလင်းဖော်ပြရမည်”ဟု ရေးသားထားသည်ကို တွေ့ရသည်။

ထွက်ရှိလာမည့် မီဒီယာဥပဒေအပေါ်တွင် မည်သို့သောအချက်များပါစေချင်သည်၊ မည်သို့သောအချက်များ မပါစေချင်သည် အစရှိသဖြင့် စာနယ်ဇင်းလောကသားများ စိုးရိမ်တကြီး စိတ်ဝင်စားမှုရှိနေကြသည်။

သို့သော် မီဒီယာဥပဒေသည် အမှန်တကယ်ရှိသင့်သည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း ယူဆသူများလည်းရှိကြသည်။

“ကျွန်တော်တို့ ဖြတ်သန်းလာတဲ့ ကာလတစ်လျှောက်မှာ မီဒီယာဥပဒေဆိုတာ မဖြတ်သန်းခဲ့ဖူးဘူး၊ အဲဒီတော့ ဥပဒေတစ်ခုပေါ်လာဖို့ပဲ အရေးကြီးတယ်။ မီဒီယာဥပဒေက ပေးထားတဲ့ အခွင့်အရေး ကျွန်တော်တို့မှာ မရှိဘူး။ ဥပဒေတစ်ရပ်ထွက်လာရင်တော့ မီဒီယာသမားတွေအတွက် ဘယ်အထိသွားလာခွင့်ရှိတယ်ဆိုတာ သိလာမယ်၊ မီဒီယာသမားတွေရဲ့လုပ်ပိုင်ခွင့်ကို သိလာမယ်”ဟု မြန်မာတိုင်းမ်ဂျာနယ်မှ စာတည်းမှူး(မြန်မာ) ဦးဇော်မြင့်ကပြောသည်။

သို့သော် မီဒီယာဥပဒေတစ်ရပ်အား လွှတ်တော်တွင် ဆွေးနွေးကြမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ ဆန္ဒဖော်ထုတ်ခွင့် အစရှိသည့်အရာများအား မဆန့်ကျင်သည့်ဥပဒေမျိုးနှင့်မီဒီယာလောကသားများကို မချုပ်ချယ်သော ဥပဒေတစ်ရပ်ဖြစ်ရန် လိုအပ်ကြောင်း ရန်ကုန်မီဒီယာဂရုပ်မှဥက္ကဋ္ဌ ဦးကိုကို(စက်မှုတက္ကသိုလ်)ကပြောသည်။

စာနယ်ဇင်းလောကသားများသည် မိမိတို့၏ လုပ်ပိုင်ခွင့်နှင့် လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်များအတွက် စာနယ်ဇင်း လွတ်လပ်ခွင့်အား အပြည့်အဝရရှိစေလိုကြသည်။

သို့သော် စာနယ်ဇင်းလောကအားချုပ်ကိုင်မှုများသည်သက်ဆိုင်ရာ အစိုးရတိုင်းတွင် အနည်းနှင့်အများရှိကြသော်လည်း ဒီမိုကရေစီအစိုးရ၏ ချုပ်ကိုင်မှုနှင့် ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ အာဏာရှင်အစိုးရများ၏ ချုပ်ကိုင်မှုသည်များစွာကွာခြားမှုရှိသည်ဟုဟံသာဝတီသတင်းစာ၏အယ်ဒီတာချုပ်ဟောင်းဦးဝင်းတင်က ပြောကြားသည်။

အကယ်၍ အထက်ပါ အချက်အလက်များအားဖောက်ဖျက်မိပါကလည်း ဖျောက်ဖျက်သည့် အယ်ဒီတာများနှင့်သတင်းထောက်များသည် ထောင်ကျသည်ဟူ၍ မရှိဘဲ တရားစွဲဆိုခြင်းလောက်သာ ရှိကြောင်း သိရသည်။

သို့သော် ဆိုရှယ်လစ်၊ ကွန်မြူနစ်နှင့် အာဏာရှင်နိုင်ငံများတွင်မူ တားမြစ်ထားသည့် အချက်များအား ဖောက်ဖျက်ပါက သတင်းစာတိုက်အား ချိတ်ပိတ်ခြင်း၊ သတင်းထောက်များ၊ အယ်ဒီတာများအား ထောင်ဖမ်းချုပ်ခြင်း၊ ထောင်ချခြင်းများပြုလုပ်လေ့ရှိကြကြောင်း သိရသည်။

“ ဒီမိုကရေစီနိုင်ငံတွေမှာရှိတဲ့ ချုပ်ချယ်မှုဥပဒေဆိုတာက အမျိုးသားလုံခြုံရေး ဥပဒေလိုဟာမျိုး၊ အသရေဖျက်မှုလိုဟာမျိုးတွေ၊ ကြော်ငြာတွေနဲ့ပတ်သက်လို့ သူများရဲ့ အခွင့်အရေးကို ထိခိုက်တဲ့ဟာမျိုး ဒါမှမဟုတ်ရင်လည်း မှတ်ပုံတင် ဥပဒေကို ဖောက်ဖျက်တဲ့ကြော်ငြာတို့၊ သတင်းဖော်ပြချက်လိုဟာမျိုး မလုပ်ရဘူးဆိုတာ လောက်ပဲရှိတယ်” ဟုဦးဝင်းတင်ကပြောသည်။

နိုင်ငံရေးပြောင်းလဲစနိုင်ငံများသည် မီဒီယာလွတ်လပ်ခွင့်အားနောက်ဆုံးမှသာပေးလေ့ရှိကြောင်း သိရသည်။ သို့သော် မည်သို့ပင်ဆိုစေကာမူ စာနယ်ဇင်းသမားများသည် စတုတ္ထမဏ္ဍိုင်တစ်ရပ်ပီပြင်စွာပေါ် ထွက်လာနိုင်ရန်အတွက်နည်းအမျိုးမျိုးဖြင့် လှုပ်ရှားရုန်းကန်သွားကြမည်သာဖြစ်သည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.43 • JANUARY 12, 2012

## ဗြိတိန်ပါလီမန် အတွေ့အကြုံနှင့် အကြံကောင်းများရယူရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကမ်းလှမ်း

**ထူးသန့်**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

ဒီမိုကရေစီ၏ မိခင်ကြီးဟု ဂုဏ်ပြုခေါ်ဝေါ်နေကြသော ဗြိတိန်ပါလီမန်၏ အတွေ့အကြုံများကို မျှဝေပေးစေလိုကြောင်းနှင့် ကောင်းမွန်သော အကြံဉာဏ်များကိုလည်း ရယူလိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝီလီယံဟေ့ဂ်နှင့် တွေ့ဆုံစဉ်ကမ်းလှမ်းပြောကြားခဲ့သည်။

၎င်းအပြင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဗြိတိန်ပါလီမန်ရေးရာများကို လေ့လာခွင့်ရမည်ဆိုပါက အရည်အချင်းမြှင့်တင်ရေးတွင် များစွာအထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား လေ့လာရေးခရီးစဉ်ဖိတ်ကြားမည်ဆိုပါက ကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရာတွင် များစွာအကျိုးရှိမည်ဟု ယုံကြည်ကြောင်းလည်း သူရဦးရွှေမန်းက ပြောကြားခဲ့သည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် "ယခုလိုလာရောက်စဉ်အတွင်း နယ်ပယ်အသီးသီးကို လေ့လာကြည့်ရှုသွားစေလိုပါတယ်။ အပြုသဘောဆောင်တဲ့ ဝေဖန်သုံးသပ်ချက်များကိုလည်း ကြားသိလိုပါတယ်။ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို ကြိုးစားဆောင်ရွက်နေသောကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများတွင် အဆွေတော်အနေဖြင့် ကောင်းမွန်သော အကြံဉာဏ်များပေးနိုင်မည်ဟု မျှော်လင့်မိပါတယ်"ဟူ၍ ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လွှတ်တော်အသီးသီးတို့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်မှာ တစ်နှစ်ပင်မပြည့်သေး၍ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း လွှတ်တော်ရေးရာကိစ္စများတွင် အတွေ့အကြုံနည်းသေးကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များ၏ အရည်အချင်းကိုမြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ လိုအပ်သည်များကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားနေကြောင်းလည်း ဆက်လက်ပြောကြားသည်။

ယနေ့တွေ့ဆုံသော အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌအား သင့်လျော်သည့် အချိန်တွင်မြန်မာနိုင်ငံသို့ လာရောက်ရန်ဖိတ်ကြားပါကြောင်းလည်း မေတ္တာရပ်ခံ ပြောကြားခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတို့ ယုံကြည်ချက်အကျဉ်းသားများလွှတ်ပေးရန် တိုက်တွန်း

**အေးမြကျော်**

**ရန်ကုန် - ဇန်နဝါရီ ၆**

မြန်မာနိုင်ငံသို့ နှစ်ပေါင်း၅၀ကျော်အတွင်း ပထမဆုံးလာရောက်သော ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟေ့ဂ်သည် မြန်မာနိုင်ငံသမ္မတအပါအဝင် အစိုးရအဖွဲ့ထိပ်တန်းတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျန်ရှိနေသောသော ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများကို အမြန်ဆုံးလွှတ်ပေးရန်တိုက်တွန်းပြောကြားခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တာဝန်ရှိသူများနှင့်တွေ့ဆုံအပြီးတွင်ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း အကျဉ်းကျခံနေရတဲ့ ယုံကြည်ချက်အကျဉ်းသားတွေအားလုံးကို လွှတ်ပေးသင့်တယ်ဟု သတင်းထောက်တစ်ဦး၏မေးခွန်းကိုပြန်လည်ဖြေကြားရာတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ(အချို့)ကိုလွှတ်ပေးခဲ့တာ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့တာ၊ မီဒီယာပိုင်းမှာ ဖြေလျှော့မှုအချို့ကိုပြုလုပ်လာတာတွေကို အသိအမှတ်ပြုပါတယ်။ အားလုံးသိတဲ့အတိုင်း ဒီထက်ပိုပြီး လုပ်ဆောင်မှုတွေပြုလုပ်လာဖို့လိုပါတယ်။ ကျန်ရှိနေသေးတဲ့ ယုံကြည်ချက်အကျဉ်းသားတွေကို လွှတ်ပေးဖို့လိုပါသေးတယ်" ဟု ဝန်ကြီးက ယနေ့နံနက်တွင်ပြောကြားခဲ့သည်။

အစိုးရအနေနှင့်တိုက်ပွဲများဖြစ်ပွားနေသည့်တိုင်းရင်းသားဒေသများတွင် လူသားချင်းစာနာထောက်ထားမှုများ ပိုမိုလုပ်ဆောင်လာရန်၊ ကျင်းပရန်ရှိသည့် ကြားဖြတ်ရွေးကောက်ပွဲတွင်လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်မျှော်လင့်ကြောင်းလည်း နှစ်ဦးလုံးပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီ ၆ ရက်နံနက်ပိုင်းတွင် သူမ၏အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခေါင်းဆောင်များနှင့်အတူ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးကို လက်ခံတွေ့ဆုံခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒိန်းမတ်နိုင်ငံမှ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့သည်။

## မြန်မာ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒိန်းမတ်ဝန်ကြီး ဆွေးနွေး


ဓာတ်ပုံ - ဝေယံ

**ဒေါ်အောင်ဆန်းစုကြည်နှင့် ဒိန်းမတ်ဝန်ကြီးတို့တွေ့ရစဉ်**

**ဝေယံ၊ အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

ဒီမိုကရေစီအရေးကိစ္စတင်မဟုတ်ဘဲ အကူးအပြောင်းကာလတွင် မြန်မာနိုင်ငံသားတစ်ဦးချင်း၏ ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြောင်း ဒိန်းမတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခရစ်စတီးယန်းဖရစ်ဘာ့ကဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့ညနေ ၃ နာရီ၌ တစ်နာရီကျော်ကြာ တွေ့ဆုံမှုအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

"ကျွန်တော်တို့ဆွေးနွေးတာ ဒီမိုကရေစီအရေးကိစ္စတင်မဟုတ်ပါဘူး။ ဒီကာလမှာ မြန်မာနိုင်ငံသား မိသားစုတွေ၊ ကလေးတွေ၊ လယ်သမားတွေ၊ လူ့အဖွဲ့အစည်းတွေဖွံ့ဖြိုးတိုးတက်မှုအတွက် ဘာတွေလုပ်နိုင်မလဲဆိုတာတွေကိုပါ ထည့်သွင်းဆွေးနွေးခဲ့တယ်" ဟု မစ္စတာခရစ်စတီးယန်းဖရစ်ဘာ့က ပြောကြားခဲ့သည်။

အကျဉ်းသားအရေးသည် ဒီမိုကရေစီသွားသောလမ်းကြောင်းတွင် အရေးကြီးသော ပြဿနာတစ်ခုဖြစ်သည်ဟု ဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

ထို့အပြင် ဝန်ကြီးက ၎င်းတို့စိုးရိမ်မကင်းဖြစ်နေသော တိုင်းရင်းသားလူမျိုးစုများနှင့် လူမျိုးစုများကြားက ပြဿနာများ၊ လူ့အခွင့်အရေး ပြဿနာများကိုလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်မည်ဟုယုံကြည်မျှော်လင့်ကြောင်းလည်း ဒိန်းမတ်ဝန်ကြီးက ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးခရစ်စတီးယန်းဖရစ်ဘာ့သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အထိ လာရောက်သည့်ခရီးစဉ်အတွင်း နေပြည်တော်ရှိအစိုးရဌာနအကြီးအကဲများ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားနိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

## တရားသူကြီး၊ စည်ပင်ဝန်ထမ်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ပတ်သက် တိုင်ကြားမှု အများဆုံး

**မြတ်စုမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

မဲဆန္ဒရှင်ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်အတွင်း၌ ဆွေးနွေးပေးစေလိုသော အကြောင်းအရာများကို ပါတီသို့ လာရောက်ပေးပို့ကြရာတွင် တရားသူကြီးများလာဘ်စားသည့်ကိစ္စ၊ စည်ပင်ဝန်ထမ်းများ၏ အနိုင်ကျင့်ဗိုလ်ကျမှု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ အာဏာပြဗိုလ်ကျမှုနှင့် ငွေကြေးချမ်းသာကြွယ်ဝသူများက လယ်ယာမြေများ သိမ်းယူခြင်းကိစ္စစသည့်တို့မှာ အများဆုံးဖြစ်ကြောင်း ဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ ဦးသိန်းညွန့်က ပြောသည်။

လာမည့် ဇန်နဝါရီ ၂၆ တွင် ပြုလုပ်မည့် ပထမအကြိမ် တတိယပုံမှန်လွှတ်တော် အစည်းအဝေးများတွင် မဲဆန္ဒရှင်ပြည်သူလူထု၏ လိုအပ်ချက်နှင့် ဆွေးနွေးစေလိုသော အကြောင်းအရာများကို အချိန်မရွေးလာရောက်ပြောကြားနိုင်ရန် ဖွင့်လှစ်ထားရာ ရောက်ရှိလာသော တိုင်စာများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့က ရောက်လာတဲ့ တိုင်စာတွေနဲ့ပတ်သက်ပြီး အခြေခံဥပဒေဇယားအလိုက် လွှတ်တော်အမတ်တွေက သက်ဆိုင်ရာအချက်တွေကို တာဝန်ခွဲယူပြီး မေးမြန်းဆွေးနွေးသွားမှာပါ"ဟုဦးသိန်းညွှန့်က 7Day News သို့ပြောသည်။

ဒီမိုကရေစီပါတီသစ်သည် မဲဆန္ဒရှင်ပြည်သူလူထုက လိုအပ်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ အချိန်မရွေးလာရောက်ပြောဆိုတိုင်ကြားနိုင်ရန် စီစဉ်ထားကြောင်း အထက်ပါ ပုဂ္ဂိုလ်ထံမှ သိရသည်။

"လွှတ်တော်ထဲမှာ ဆွေးနွေးတဲ့အခါ ဘယ်သူတွေ အလုပ်လုပ်တယ်ဆိုတာ လူထုက လွတ်လပ်စွာ ရွေးချယ်မှာပဲ။ ဘယ်သူတွေ ကူညီတာ၊ မကူညီတာထက် လူထုအတွက် လိုအပ်တာတွေကို လုပ်ရမှာပဲ။ ဒီမိုကရေစီပါတီဆိုပြီး ပါတီတွေက အများကြီးဖြစ်လာပြီး ပြီးခဲ့တဲ့ လွှတ်တော်မှာ ပုဒ်မ ၅ ညကို ဖျက်သိမ်းပေးဖို့ အဆိုတင်တာတောင် ထောက်ခံမဲက ၇ မဲပဲ ရခဲ့တယ်" ဟု ဒီမိုကရေစီပါတီသစ်မှ ဥက္ကဋ္ဌဦးသိန်းညွှန့်က ပြောကြားသည်။

7DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

## ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ မဲဆန္ဒနယ်သုံးခုတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီအနေဖြင့် လာမည့်ကြားဖြတ် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် သုံး နေရာမှ ဝင်ရောက်ရွေးကောက်ခံရန် စီစဉ်ထားကြောင်း အဆိုပါ ပါတီဥက္ကဋ္ဌ ဦးအုန်းလွင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိတံတားဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ အုတ်တွင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

တံတားဦးမြို့နယ်တွင် ပြည်သူ့လွှတ်တော်လစ်လပ်နေရာအတွက် ပါတီဝင်ဦးစန်းထွန်း(ယခင်ကြေးနန်းနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး)က ဝင်ရောက်ရွေးကောက်ခံမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးရှိ အုတ်တွင်းမြို့နယ်တွင် အမျိုးသားလွှတ်တော်လစ်လပ်နေရာအတွက် ယခင်စီးပွားရေးလုပ်ငန်းရှင် ဦးသက်ဦးက ဝင်ရောက်ယှဉ်ပြိုင်မည်။ တောင်တွင်း၊ နတ်မောက် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မှ ဦးအောင်သန်းတင့်က ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

“ဒီလူတွေကို ဒေသအလိုက်လုပ်ဆောင်နိုင်မှုပေါ်ကြည့်ပြီး ရွေးထားတယ်။ တံတားဦးမြို့နယ်နဲ့တောင်တွင်းကြီးမြို့နယ်ကတော့သေချာနေပြီ။ အုတ်တွင်းကတော့ ရွေးနေတုန်းပဲ”ဟု အဆိုပါပါတီဥက္ကဋ္ဌက ပြောသည်။

“ဒီနေရာတွေမှာ ဝင်ပြိုင်ဖို့လုပ်ထားပေမယ့် ဒီမိုကရေစီ ၁၀ ပါတီနဲ့တော့ပြန်တိုင်ပင်ဦးမယ်။ တခြားပါတီတွေက ဒီနေရာတွေမှာ အားကောင်းတဲ့သူတွေ ရှိနေရင်တော့ နေရာပြောင်းရွှေ့တာတွေ ဖြစ်သွားနိုင်တယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

## ဒီမိုကရေစီပါတီသစ် ရန်ကုန်မဲဆန္ဒနယ် သုံးခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

ဧပြီ၁ရက်တွင်ပြုလုပ်မည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဒီမိုကရေစီပါတီသစ်က ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်များမှ လစ်လပ်မဲဆန္ဒနယ်များတွင်ပါဝင်ယှဉ်ပြိုင်ရွေးကောက်ခံရန် ကြိုတင်စီစဉ်လျက်ရှိကြောင်း ပါတီဥက္ကဋ္ဌဦးသိန်းညွန့်ကပြောကြားသည်။

“ဒီပွဲမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ သူနိုင်ကိုယ်နိုင် အပြိုင်ကြမယ်ဆိုတဲ့စိတ်နဲ့ဝင်ရွေးချယ်ခံကြမှာပါ”ဟု ဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ ဦးသိန်းညွန့်က 7Day News သို့ပြောသည်။

မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်တွင် ဦးဘုန်းမြင့်ကလည်းကောင်း၊ ဒဂုံဆိပ်ကမ်းမဲဆန္ဒနယ်တွင် တရားရုံးချုပ်ရှေ့နေ ဦးဝင်းရွှေကလည်းကောင်း၊ မရမ်းကုန်းမဲ ဆန္ဒနယ်တွင် အဆိုတော် ရသကလည်းကောင်း အသီးသီးဝင်ရောက် ရွေးချယ်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်ရွေးကောက်ပွဲကို ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝင်မှာပါ။ ရွေးကောက်ပွဲအတွက် နယ်တွေထွက်သီချင်းဆိုပြီး ပိုက်ဆံစုနေတယ်။ ပြည်သူ့လွှတ်တော်နေရာက ဝင်ပြိုင်မှာဆိုတော့ ပညာရေးနဲ့ပို့ဆောင်ဆက်သွယ်ရေးကိစ္စတွေအတွက် အပြောင်းအလဲတွေရအောင် လုပ်ချင်ပါတယ်။ နိုင်ငံတကာပညာရေးလို ပွင့်လင်းတဲ့ပညာရေးစနစ်ရအောင်၊ အသက်အန္တရာယ်လုံခြုံမှုရှိတဲ့ ဘတ်စ်ကားသွားလာရေးစနစ်တွေပြုပြင်ချင်တယ်”ဟု မရမ်းကုန်းမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် အဆိုတော်ရသက ပြောသည်။

ဒီမိုကရေစီပါတီသစ်သည် ၂၀၁၀ ရွေးကောက်ခံကိုယ်စားလှယ်များဖြစ်သော အင်န်ဒီအက်ဖ်ပါတီဝင်ဟောင်းဖြစ်သည့် ဦးသိန်းညွန့်၊ ဦးကြည်မြင့်တို့က ဦးဆောင်တည်ထောင်ထားသောပါတီဖြစ်သည်။

## ကျားဖြူပါတီ ကြားဖြတ်ရွေးကောက်ပွဲတွင် သုံးနေရာသာဝင်ရောက်ယှဉ်ပြိုင်မည်

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၅**


ရှမ်းတိုင်းရင်းသားများ ဒီမိုကရက် တစ်ပါတီအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒုတိယသမ္မတ၏ မဲဆန္ဒနယ်အပါအဝင် မဲဆန္ဒနယ်သုံးနယ်တွင်သာ ပါဝင်ယှဉ်ပြိုင်မည်ဟု ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးစောသန်းမြင့် ကပြောသည်။

ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီက ကလေး၊ လားရှိုးနှင့် မိုးကောင်းမဲဆန္ဒနယ်များတွင်သာ ယှဉ်ပြိုင်မည်ဖြစ်သကဲ့သို့ အဓိကယှဉ်ပြိုင်ဘက်ပါတီများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့သာဖြစ်နိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအနေဖြင့်ပါတီစည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်ပြီးပြီဖြစ်သောကြောင့် ယခုကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရမည်ဟု မျှော်လင့်ကြောင်း ဦးစောသန်းမြင့်ကပြောကြားသည်။

“ကျွန်တော်တို့NLDနဲ့တော့နည်းနည်းညှိဖို့လိုပါတယ်။ အောက်ခြေပိုင်းမှာတော့ ပြောထားကြပါတယ်။ ပါတီဗဟိုအဖွဲ့က ပြောဖို့ပဲကျန်တော့တယ်”ဟု ယှဉ်ပြိုင်ဘက်ပါတီများနှင့် ညှိနှိုင်းမှုအခြေအနေကိုလည်း ဦးစောသန်းမြင့်က ပြောကြားသည်။

လားရှိုးမြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မှ ယခုဒုတိယသမ္မတဖြစ်နေသော ဒေါက်တာစိုင်းမောက်ခမ်းက ကိုယ်စားလှယ်အဖြစ်အနိုင် ရရှိခဲ့သောကြောင့် ယခုလစ်လပ်လျက်ရှိသည့် အဆိုပါမဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက အဓိကယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါမဲဆန္ဒနယ်၌ပြည်ခိုင်ဖြိုးပါတီနှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။






7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပါတီ ရလဒ်ကောင်းဖြင့် အနိုင်ရသည်ကို မြင်လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

အေးမြကျော်

ရန်ကုန်၊
ဇန်နဝါရီ - ၈

ဧပြီ ၁ ရက်တွင်ကျင်းပသွားမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် အလွန်ကောင်းမွန်သည့်ရလဒ်များဖြင့် အနိုင်ရသည်ကို တွေ့မြင်လိုကြောင်း ဇန်နဝါရီ ၆ ရက်နေ့ နံနက်ပိုင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံအပြီး ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားလိုက်သည်။



NLDပါတီဝင်ခွင့်ပုံစံများကို ဖြန့်ဖြူးရန်ပြင်ဆင်နေစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တရားဝင်နိုင်ငံရေးပါတီအဖြစ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကဇန်နဝါရီ၅ရက်နေ့တွင် အမှတ်စဉ် ၄၇ ဖြင့် အတည်ပြုခွင့်ပြုခဲ့ပြီး နောက်တစ်ရက်တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်ဝန်ကြီးနှင့်တွေ့ဆုံအပြီး သတင်းထောက်များ၏ မေးမြန်းချက်ကို ဖြေကြားရာတွင် မကြာမီ ကျင်းပတော့မည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ်တွေ့မြင်လိုကြောင်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က "တစ်နေ့က ရုပ်ရှင်ပွဲတော်မှာ သတင်းထောက်တစ်ယောက်က ကျွန်မကို မေးတယ်။ အိပ်မက်ထဲမှာ နေနေတာလားလို့။ ကျွန်မပြန်ဖြေလိုက်တယ်။ မဟုတ်ပါဘူး။ ဒါဟာအလုပ်ပါ။ ကျွန်မတို့အလုပ်တွေ အရမ်းကြိုးကြိုးစားစားလုပ်ဖို့လိုပါတယ်။ ကျွန်မတို့ အတူတကွလက်တွဲရင်း မြန်မာပြည်သူတွေရဲ့အိပ်မက်တွေကို ဖြည့်ဆည်းပြီး အမှန်တကယ် ဖြစ်လာအောင် လုပ်ဆောင်ပေးဖို့ အလုပ်တွေလုပ်ဖို့လိုပါတယ်"ဟု သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသွားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်နိုင်ငံရေးပါတီအဖြစ် ရပ်တည်သွားရန် ဒီဇင်ဘာ ၂၃ ရက်နေ့က နေပြည်တော်တွင် သွားရောက်မှတ်ပုံတင်ခဲ့ပြီး ဇန်နဝါရီ ၅ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ပါတီဝင်ရောက်လိုသူများအတွက် ပါတီဝင်ခွင့်ပုံစံများကို ဇန်နဝါရီ ၉ရက်မှ စတင်ကာ ဖြန့်ဝေပေးနေပြီး တစ်စောင်လျှင် ၁၀၀ ကျပ်နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း အဖွဲ့ချုပ်မှ သိရသည်။

## သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်စွာခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်တို့ကို ရာထူးမှ နုတ်ထွက်ခွင့်ပြု

ရန်ကုန်၊ ဇန်နဝါရီ- ၇

ပြည်ထောင်စုဝန်ကြီးတစ်ဦးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တစ်ဦးတို့က ရာထူးမှ နုတ်ထွက်ခွင့်ပြုရန် တင်ပြထားမှုအပေါ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇန်နဝါရီ၆ရက် ရက်စွဲဖြင့် အမိန့်နှစ်ခုထုတ်ပြန်၍ နုတ်ထွက်ခွင့်ပြုလိုက်သည်။

မတ်လ ၃၁ ရက်မှစတင်၍ တိုင်းပြည်အုပ်ချုပ်မှုတာဝန်ယူခဲ့သော ဦးသိန်းစိန်အစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးတစ်ဦးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တစ်ဦးတို့ ပထမဆုံး ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်သည် ကျန်းမာရေးအခြေအနေအရ ရာထူးမှနုတ်ထွက်ခွင့်ပြုရန်တင်ပြသည့်အတွက်အခြေခံဥပဒေပုဒ်မ ၂၃၅၊ပုဒ်မခွဲ(ခ)နှင့်ပြည်ထောင်စုအစိုးရအဖွဲ့ပုဒ်မ ၆၈၊ပုဒ်မခွဲ(က)တို့အရ မိမိသဘောဆန္ဒအလျောက် ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်းကို နိုင်ငံတော် သမ္မတရုံးက ကြေညာခဲ့သည်။ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဝန်ကြီးသုံးဆယ်ဦး ခန့်အပ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဦးကျော်စွာခိုင်နေရာတွင် အစားထိုးခန့်အပ်ခြင်းရှိမရှိနှင့်ပတ်သက်၍မူ အမိန့်ကြေညာစာတွင်ဖော်ပြမထားပေ။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်မှာလည်း ကျန်းမာရေးအခြေအနေအရနုတ်ထွက်ခွင့်ပြုရန် တင်ပြလာသည့်အတွက် အခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂ ပုဒ်မခွဲ (က)တို့အရ မိမိသဘောဆန္ဒအရ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက ကြေညာခဲ့သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ် ယခင် ၁၄ဦးရှိခဲ့သည်။ ဒီဇင်ဘာ ၂၁ ရက်တွင် ထားဝယ်မြို့နယ် မင်္ဂလာလမ်း ထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်ဦးမြတ်ကိုတက်ရောက်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။






7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ကျောက်မီးသွေးလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းခြင်းအပေါ် သူတို့၏အမြင်များ

အိမ်ဖြူမွန်



**ဦးကျော်သူ**
**(ပေါင်းကူးအင်န်ဂျီအို)**

ညာဏ်အမြော်အမြင်ရှိတဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်တစ်ခု။ အဲဒီ့အတွက်ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းက ကြီးတယ်။ အဲဒီ့ထဲမှာ ရေနံဓာတုနဲ့ ပတ်သက်တဲ့ up stream၊ down stream၊ middle stream တွေ၊ သံမဏိစက်ရုံတွေလည်းပါတယ်။ အဲဒီ့စက်ရုံအများစုက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတယ်။ ထိခိုက်မှုနည်းတဲ့ဟာကို အစိုးရရော ပြည်သူတွေရော ပညာရှင်တွေရော ပိုလေ့လာပြီး အချိန်ယူစဉ်းစားကြဖို့တိုက်တွန်းချင်တယ်။

**ဦးဝင်းမျိုးသူ**
**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် (Ecodev)**

ကောင်းတာပေါ့။ ဝမ်းသာပါတယ်။ ဒီနေရာမှာလစ်လပ်သွားတဲ့စွမ်းအင်ကို ဘယ်လိုသုံးမယ်လို့ စဉ်းစားထားလဲ။ ကျောက်မီးသွေးက ထားဝယ်တစ်ခုတည်းမဟုတ်ဘူး။ တခြားမှာရော လုပ်မယ်လို့ကြားတယ်။ ပြည်သူ့အသံကို နားထောင်တာကောင်းပါတယ်။ အခုလုပ်မယ့် ၄၀၀ မဂ္ဂါဝပ်ကိုလည်း ဒီထက်မက ဆန်းစစ်လေ့လာစေချင်တယ်။ ပြည်သူရယ် ပညာရှင်ရယ် အစိုးရရယ် အပြန်အလှန် ပြည့်ပြည့်စုံစုံ ဆွေးနွေးစေချင်တယ်။ အစိုးရအနေနဲ့ လစ်ဟာတာကို ဘယ်လိုလုပ်မယ်ဆိုတာ ထည့်သွင်းစဉ်းစားမှုကိုလည်း ချပြစေချင်တယ်။

**ဦးသန့်ဇင်(DDA ထားဝယ်ဖွံ့ဖြိုးရေးအသင်း)၊ သဘာဝပတ်ဝန်းကျင်လေ့လာသူ၊ (ထားဝယ်အရေးပါဝင်လှုပ်ရှားသူ)**

၄,၀၀၀ မဖြစ်တော့ဘူးဆိုတော့ဝမ်းသာတယ်။ ၄၀၀ လုပ်ဖို့ ဆန်းစစ်မယ်လို့ကြားတယ်။ကျောက်မီးသွေးက၄,၀၀၀ပဲဖြစ်ဖြစ်၊၄၀၀ပဲဖြစ်ဖြစ် ထိခိုက်နစ်နာမှုအနည်းနဲ့အများရှိတယ်။ လေ့လာဆန်းစစ်မှုကို ပြည်သူလူထုကို ပွင့်ပွင့်လင်းလင်းချပြစေချင်တယ်။ ဘယ်သူတွေက လေ့လာဆန်းစစ်မှုကိုလုပ်နေတာလဲ၊လေ့လာဆန်းစစ်မှုလုပ်တဲ့အထဲမှာ ကျွမ်းကျင်ပညာရှင်တွေ၊ အများက လေးစားတဲ့သူတွေ ပါဝင်စေချင်တယ်။

သိရသလောက်ဆိုရင်တော့ သူတို့လုပ်မယ့် စီမံကိန်းထဲမှာ အရင်ဆုံး ၂၀၁၁ ကနေ ၂၀၁၄ အထိ ဆောက်လုပ်ရေးလုပ်မယ်။ မဂ္ဂါဝပ် ၄၀၀ ကို စလုပ်မယ်လို့ သိရတယ်။အဲဒီ့ကနေတစ်ဆင့်ထပ်တိုးလာပြီးတစ်သောင်းအထိလုပ်မယ်လို့ Plan ထဲမှာ ရေးထားတယ်။ ၄၀၀ စလုပ်မယ်ဆိုရင်တော့ စက်ပစ္စည်းတွေဝယ်ပြီး တဖြည်းဖြည်း တိုးထုတ်လုပ်လို့ရတယ်။ အဲဒါကို သံသယရှိတယ်။

**ဦးသိန်းလွင်**
**(သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး)**

တကယ်တော့ ကျောက်မီးသွေးကထွက်တဲ့ အမှုန်အမွှားတွေက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတယ်။ သက်နုကျောက်မီးသွေးဆိုရင် ထွက်တဲ့စွမ်းအင်ကနည်းလို့ များများမီးရှို့ရတယ်။ အမှုန်ထွက်တာပိုများတယ်။ ဆာလဖာဒိုင်အောက်ဆိုဒ် ပါခဲ့ရင် အက်ဆစ်မိုးဖြစ်စေတယ်။ တခြားစွမ်းအင်ထုတ်စရာမရှိတဲ့ နိုင်ငံတွေအတွက်တော့ စဉ်းစားရမယ့် အချက်ပေါ့။ မြန်မာနိုင်ငံမှာတော့ ရေစွမ်းအင်၊ လေစွမ်းအင်တွေ၊ သဘာဝဓာတ်ငွေ့စွမ်းအင်တွေ ထုတ်သုံးလို့ရတဲ့ဟာတွေ အများကြီးရှိတယ်။ တီကျစ်က အကောင်းဆုံးနမူနာပါပဲ။ မဆောက်ရဘူးလို့ မဆိုလိုပါဘူး။ မဖြစ်မနေ ဆောက်ခဲ့ရင်လည်းမီးခိုးနည်းတဲ့အထောက်အကူပစ္စည်းတွေ တပ်ဆင်သင့်တယ်။ ဒါပေမဲ့ ဒါက ငွေကုန်ကြေးကျများတော့ လုပ်ငန်းရှင်တွေက မလုပ်ချင်ဘူး။

အခု ရပ်လိုက်တာကိုတော့ ဝမ်းသာပါတယ်။ ကြိုဆိုပါတယ်။ ၄၀၀ ပဲဖြစ်ဖြစ်၊ ၄၀၀၀ ပဲဖြစ်ဖြစ် ဒုက္ခပေးတတ်တော့ အခု ၄၀၀ ကို ဆန်းစစ်ရင်လည်း အမှုန်ထွက်နည်းတဲ့ အထောက်အကူပစ္စည်းတွေ တပ်ဆင်သင့်တယ်။ စွန့်ပစ်အမှိုက်တွေကိုလည်း စနစ်တကျလုပ်စေချင်တယ်။ ဒါမှ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအသွင်ကိုဆောင်မှာပါ။

## မျက်နှာဖုံး-ထားဝယ်ရေနက်ဆိပ်ကမ်းမှ မဂါဝပ် ၄၀၀၀ ကျောက်မီးသွေးလျှပ်စစ်စက်ရုံ စီမံကိန်းရပ်ဆိုင်း မှ

သို့သော် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် လတ်တလော အရေးပေါ်လိုအပ်နေသော မဂ္ဂါဝပ် ၄၀၀ ရရှိရန်အတွက်ကိုမူ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်သင့်မလုပ်သင့်ကို စဉ်းစားနေဆဲဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ အဆိုပါ ကျောက်မီးသွေး၊ လျှပ်စစ်ဓာတ်အားထုတ်ယူရန် တစ်လလျှင် ကျောက်မီးသွေးတန်ချိန်သန်းပေါင်း ၁၁ ဒသမ ၄ လို အပ်မည်ဖြစ်ပြီး၊ တန်ချိန် ၁၆၀,၀၀၀ ထိ တင်ဆောင်နိုင်သော သင်္ဘောကြီး တစ်လလျှင် ၁၀ စီးမှ ၁၆ စီး ဖြတ်သန်းသွားလာရမည်ဖြစ်သည်။ ထို့သို့ ဖြတ် သန်းသွားလာမှု လုပ်လ-ာပါက ရေ ကြောင်းသွားလာမှု အခက်အခဲ ဖြစ်နိုင်ကြောင်း ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိကျန်းမာရေးလေ့လာဆန်းစစ်မှုဆိုင်ရာအဖွဲ့မှ ကျွမ်းကျင်သူတစ်ဦးက 7 Day News သို့ ပြောကြားခဲ့ဖူးသည်။

ကျောက်မီးသွေးစက်ရုံမှ ကုဗမီတာ ၂၀ ဒသမ ၆ သန်းနှင့် ရေချိုသုံးစွဲမှု တစ်နေ့လျှင် ကုဗမီတာ ၆၀၀၀ တန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

"အင်မတန် ဝမ်းသာစရာကောင်းတဲ့ သတင်းပေါ့။ ပြည်သူတွေရဲ့ အသံကိုနားထောင်တယ်။ ပြည်သူတွေရဲ့အသံကိုနားထောင်ပေးတာဝမ်းသာစရာပဲ"ဟုသဘာဝပတ်ဝန်းကျင်လုပ်ငန်းများ လုပ်ဆောင်နေသူတစ်ဦးဖြစ်သောဦးစိုးညွှန့်ကပြောသည်။



အမှတ် (၁၀၇၊ ၁၀၉)၊ ဒုတိယထပ်၊ အနော်ရထာလမ်း (ဗညီဒိုးဘာန်းလမ်းထောင့်)၊ WWW တာဝါ၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# လူကစတင်ရင် ဘဝက စတင်တယ်

■ အိန်ဂျယ်လင်း

"လျှောက်ရင် အဆုံးအထိ လျှောက်ပါ။

သေသေချာချာနားထောင်၊
ရယ်မောဖို့လည်း မမေ့နဲ့။
ကစားတဲ့ အခါ စိတ်လွတ်ကိုယ်လွတ်ရှိပါစေ။
ကျန်းမာခြင်းကို လေ့ကျင့်။
အမြဲတမ်းလေ့လာသင်ယူ။
နောင်တမပါဘဲ
ရွေးချယ်တတ်ပါစေ။
မိတ်ဆွေတွေကို
နှစ်လိုခင်မင်။


ကိုယ်တိုင်ခေါင်းဆောင် မဟုတ်ရင်လည်း ခေါင်းဆောင်ကောင်းရဲ့နောက်ကိုလိုက်။

ကိုယ်နှစ်သက်မြတ်နိုးတာကို ကိုယ်လုပ်။

ကိုယ်လိုချင်တာအားလုံးရနေသလိုမျိုး ဘဝကိုရှင်သန်နေထိုင်သွားကြရအောင်" တဲ့။

ဒါမေရီအန်းရဲ့ နာမည်ကျော်ကဗျာတစ်ပုဒ်ပါ။ တကယ်တော့ ကျွန်တော်တို့အပါအဝင် လူတွေအားလုံးလိုလိုဟာ ကျွန်တော်တို့ အမှန်တကယ်တန်ဖိုးထားတဲ့အရာတွေ၊ ကျွန်တော်တို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ အိပ်မက်တွေ၊ မျှော်လင့်ချက်တွေကို အကြောင်းအမျိုးမျိုးပြပြီး ရွှေ့ဆိုင်းထားလေ့ရှိကြတယ်။ 'တကယ်လို့ အခြေအနေတွေတည်ငြိမ်သွားရင်. . .'၊ 'ဘွဲ့ရပြီးသွားရင်. . .'၊ 'ဒီသင်တန်းတက်လို့ပြီးရင်. . .'၊ 'အခုထက်ပိုပြီး ပညာတွေအများကြီးတတ်လာခဲ့ရင်. . .'၊ 'တကယ်လို့ ကလေးတွေမွေးလာခဲ့ရင်. . .'၊ 'ကလေးတွေ အရွယ်ရောက်သွားရင်. . .'၊ 'ငါကျန်းမာရေးပြန်ကောင်းလာခဲ့ရင်. . .'၊ 'လက်ထပ်ပြီးရင်တော့ . . .'၊ 'ကွာရှင်းပြီးလို့ လွတ်လွတ်လပ်လပ်ဖြစ်သွားခဲ့ရင်. . .'၊ 'ပင်စင်ယူပြီးတော့မှပဲ. . .'၊ 'ရာထူးတိုးခဲ့ရင်. . .'၊ 'လခတိုးရပြီးမှ . . .'၊ 'အိမ်ပိုင်ရပြီးမှ. . .'၊ '. . .'၊ '. . .'၊ စသည်ဖြင့် မဆုံးနိုင်တဲ့ ကွက်လပ်တွေပြီးတော့မှပဲ ဘဝကို တကယ်စတင်မယ်ဆိုပြီး လူတွေက ရွှေ့ဆိုင်းထားတတ်ကြတယ်လေ။

အဲဒီလို အကြောင်းပြချက်တွေနဲ့ လူတွေက သူတို့ရဲ့ စိတ်ဝိညာဉ်အတွင်းကတကယ့်တောင့်တချက်တွေကို မေ့ထားတတ်ကြတယ်။ ပြီးတော့ သူတို့ကထင်တတ်ကြသေးတယ်။ သူတို့ရဲ့ တောင့်တမျှော်လင့်ချက်တွေနဲ့ကိုက်ညီအောင် ဘဝကြီးက သူ့ဘာသာလိုက်ညှိပေးလိမ့်မယ်ပေါ့။ အခြေအနေအကြောင်းတရားတွေက သူ့ဘာသာပေါင်းစုံလာပြီးတော့ သူတို့စိတ်ကြိုက်အနေအထားမျိုးကိုရောက်လာလိမ့်မယ်လို့လည်း စိတ်ထဲကကြိတ်ပြီးမျှော်လင့်တတ်ကြတယ်။ ဒါပေမဲ့ တကယ်တမ်းက ဘယ်တော့မှ ဒီလိုဖြစ်ရိုးထုံးစံမရှိဘူးလေ။ ဘဝဟာ နေမြဲ၊ သွားမြဲ၊ ဖြစ်ပျက်မြဲအတိုင်းပဲ ဆက်ပြီးဖြစ်ပျက်သွားလေ့ရှိတယ်။ မျှော်လင့်တောင့်တချက်တွေဟာဘယ်တုန်းကမှ အလိုလို ရောက်လာရိုး ထုံးစံမရှိဘူး။ ရည်မှန်းချက်တွေနဲ့ပတ်သက်ရင် ဘဝက ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မျက်နှာလိုက်ရိုးထုံးစံမရှိဘူး။ လူတွေရဲ့ အနာဂတ်



မျှော်မှန်းချက်တွေ၊ အိပ်မက်တွေ၊ နှစ်သက်အားရမှုတွေ၊ ဆန္ဒပြည့်ဝမှုတွေ၊ အောင်မြင်မှုတွေ၊ စိတ်ကူးပုံရိပ်တွေ၊ ပြည့်ဝမှုတွေ၊ ဆန္ဒဇောတွေ၊ မျှော်မှန်းချက်တွေအားလုံးဟာ လူတွေကိုယ်တိုင်က စတင်ခြင်း မရှိဘဲနဲ့ ဘယ်တော့မှ သူတို့ဘာသာစပြီးဖြစ်တယ်လို့မရှိပါဘူး။

ကျွန်တော်ငယ်ငယ်တုန်းက အိပ်မက်တစ်ခု ရှိခဲ့တယ်။ 'ငါကြီးလာရင် အနုပညာသည်တစ်ယောက်ဖြစ်ချင်တယ်'ပေါ့။ အတော်အရွယ်ကြီးလာတဲ့ အထိလည်း ဒီအိပ်မက်က အိပ်မက်အတိုင်းပဲ ရှိနေပါသေးတယ်။ ဒါနဲ့ တစ်ရက်မှာတော့ အဲဒီဝါကျကို 'ငါဟာအနုပညာရှင်တစ်ယောက်ဖြစ်တယ်'လို့ ပြောင်းပစ်လိုက်တယ်။ ကျွန်တော့်အမြင်ပြောင်းသွားတာနဲ့ ဘဝကလည်းတစ်ခါတည်းလိုက်ပြောင်းသွားတော့တယ်။ ကျွန်တော်ကိုယ့်ဘဝ ကိုယ်နောက်ကြောင်း ပြန်ကြည့်လိုက်တဲ့ အချိန်ကျတော့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် သတိမထားမိဘဲ အနုပညာရှင်တစ်ယောက်ရဲ့ ဘဝပုံစံအတိုင်း နေထိုင်မိလျက်သားရှိနေတာကို သွားပြီးသတိထားမိလာတယ်။ ကျွန်တော်သွားနေတဲ့ ဘဝလမ်းကမြင်တတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်မှသာ ထင်ထင်ရှားရှားမြင်နိုင်တဲ့လမ်းကြောင်းဖြစ်နေပါတယ်။ အနုပညာရှင်တစ်ယောက်အဖြစ် ဘဝကို စလိုက်တာဟာ ကျွန်တော့်နှလုံးသားရဲ့ တောင့်တချက်တွေကို ဖွင့်ထုတ်အကောင်အထည်ဖော်လိုက်တာလည်းဖြစ်ပါတယ်။ အရင်တုန်းက တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတဲ့ ကျွန်တော့်ရဲ့ ဖန်တီးမှုလက်ရာတွေက ရဲရဲတင်းတင်းထင်ထင်ပေါ်ပေါ် ဖြစ်လာကြတယ်။ ဆုပ်ဆုပ်ကိုင်ကိုင်ပိုပြီးရှိလာတာ သေချာတယ်။ ကျွန်တော်ဟာ ဘဝရဲ့ပိတ်ထားခဲ့တဲ့ တံခါးတစ်ချပ်ကိုတွန်းဖွင့်လိုက်ပြီး ကိုယ့်အိပ်မက်အတိုင်းကိုယ်တကယ်နေထိုင်နိုင်ပါလားဆိုတာကို သွားတွေ့ရတယ်။

လူတိုင်းရဲ့ဘဝမှာနေ့စဉ်နေ့တိုင်း မဖြစ်မနေလုပ်နေရတဲ့ အလုပ်တွေအများကြီးရှိနေတတ်ပါတယ်။ ဒါတွေကြားထဲကမှ ကိုယ်တကယ်ရည်ရွယ်တဲ့ ပန်းတိုင်အတွက် မဖြစ်မနေလုပ်ဆောင်သွားဖို့က အရေးအကြီးဆုံးအလုပ်ဖြစ်တယ်ဆိုတာ သိထားဖို့လိုတယ်။ လူ့ဘဝရဲ့ စက္ကန့်တိုင်း၊ စက္ကန့်တိုင်းမှာ ကိုယ့်ရဲ့ ဘဝရည်ရွယ်ချက်ကို ပွေ့ဖက်ထွေးပွေ့ထားနိုင်ဖို့ လိုတယ်လေ။ ဘဝဟာ သင့်ဘက်က စတင်လိုက်တာနဲ့ အမှန်တကယ်စတင်တာဖြစ်ပါတယ်။

အိပ်မက်မက်ချင်တယ်ဆိုရင် အခုကစပြီး မက်လိုက်ပါတော့။

စိတ်ကူးတစ်ခုရှိတယ်ဆိုရင် ဖွင့်ထုတ်ပြီး အကောင်အထည်ဖော်လိုက်တော့။

တပ်မက်တမ်းတမှုတစ်ခုရှိတယ်ဆိုရင် အဲဒါကို အသိအမှတ်ပြုလိုက်ပါတော့။

မစ်ရှင်တစ်ခုရှိတယ်ဆိုရင် သစ္စာရှိရှိ အကောင်အထည်ဖော်ပါတော့။

ရဲရင့်မှုတစ်ခုရှိနေတယ်ဆိုရင် အကောင်အထည်ဖော်လိုက်ပါတော့။

အချစ်တစ်ခုရှိနေတယ်ဆိုရင် ထုတ်ဖော်ဖွင့်ဟလိုက်တော့။

အရင်းအမြစ်တွေရှိနေတယ်ဆိုရင် ထုတ်ပြီးသုံးစွဲလိုက်တော့။

ပေါကြွယ်ဝမှုတွေရှိနေရင် မျှဝေလိုက်တော့။

ဘဝဟာ သင်အမှန်တကယ်နေထိုင်တဲ့ အချိန်မှာ အမှန်တကယ် စတင်ပါတယ်။ ။

*Ref: 'From Life Begins When You Do ' by Mary Anne Radmacher*

---

# 'ဇေ' တစ်လုံးပိုင်ရှင်တွေများလား

ခင်မောင်ဌေး(ပညာရေး)

ကျွန်တော့်စိတ်ထဲတွင် အမှတ်ထင်ထင်ရှိနေသည့်သတင်း ၃-၄ ခုရှိနေသည်။ ထိုသတင်းများကို ဖတ်ပြီးသောအခါ အမိနိုင်ငံအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ယူနေရသော တာဝန်ရှိသော နိုင်ငံသားတစ်ဦးအနေဖြင့် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်အပေါ် မှာမည်ကဲ့သို့အလေးအနက်ထားသည် မည်မျှတာဝန်ယူရမည်ကို ပိုင်းခြားသိမြင်ရန် လိုအပ်နေသေးကြောင်း မှန်းဆကြည့်မိသည်။

ပထမသတင်းတစ်ခုမှာ မြစ်ဆုံစီမံကိန်းဖြစ်သည်။ ဤစီမံကိန်းနှင့် ဆက်စပ်၍ အိမ်နီးချင်းနိုင်ငံမှ ကွန်တိန်နာကားကြီးများ အဆက်မပြတ်ဝင်ထွက်သွားလာနေကြောင်း သိရသည်။ ဤသို့သွားလာရာတွင် ကွန်တိန်နာကားကြီးများဖြင့် မည်သည့်ပစ္စည်းများကို ယူဆောင်လာသည်၊ မည်သည့်ပစ္စည်းများပြန်လည်ယူသွားကြသည်ကို မသိနိုင်ခြင်းပင်ဖြစ်သည်။ လွှတ်တော်တွင် ဤမေးခွန်းမျိုးမေးသွားဖူးသည်ဟု ကျွန်တော် ထင်ပါသည်။ မြန်မာနိုင်ငံမြောက်ဖျားဒေသသည် မြန်မာ့ရတနာသိုက်ကြီးရှိရာ သစ်တောသယံဇာတပေါကြွယ်ဝရာ နေရာတစ်ခုဖြစ်ပါသည်။ စီမံကိန်းတစ်ခုကို လုပ်ဆောင်ခွင့်ရရုံဖြင့် တံခါးမရှိ ဓားမရှိဝင်စေထွက်စေ လက်မှတ်ရရှိထားဘိအလား လုပ်ဆောင်နေခြင်းမျိုး ခွင့်ပြုထားလိမ့်မည် မထင်ပါ။ ကျွန်တော်တို့ငယ်ငယ်က တောင်ပေါ် လမ်းမကြီးတစ်ခုအခမဲ့ ဖောက်လုပ်ပေးမည်။ (ငွေကြေးကုန်ကျစရာမလို) လမ်းဖောက်ခအဖြစ် လမ်းဖောက်ရာမှ ထွက်ရှိလာသည့် မြေစာများကိုသာ ယူသွားမည်ဟု ဆိုသည်။ ထိုအချိန်က မြန်မာ့မြေစာများမပေးလို၍ ဖောက်လုပ်ပေးမှုကို လက်မခံခဲ့ဟု ကြားဖူးသည်။ မြန်မာ့မြေက ရွှေဆိုလည်းဟုတ်၊ ငွေဆိုလည်းဟုတ်၍နေသောကြောင့် ဖြစ်နိုင်ပါသည်။

တစ်လောကသတင်းတစ်ပုဒ်ကြားရပြန်သေးသည်။ မြန်မာ့ကမ်းခြေတွင် စင်ကာပူမှ သင်္ဘောများသဲလာစုပ်သည့်သတင်းဖြစ်သည်။ ကျွန်တော်နားလည်သလောက်တွေးကြည့်ရသည်မှာ ဤနေရာသည် မြန်မာ့ရေပိုင်နက်ဖြစ်သည်။ ကမ်းလွန်ရေပိုက်နက်ထဲမှာပင်မဟုတ် မြန်မာ့ကမ်းနီးဒေသအတွင်းမှ သဲများအဆမတန်စုပ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်ပျက်စီးရသည်ဟု သဘာဝထိန်းသိမ်းရေးပညာရှင်များက ဆိုနေကြသည်ကို ကြားရသည်။ စင်ကာပူသည်ရန်ကုန်မြို့၏ မြို့ပြတည်ဆောက်ပုံကိုအတုယူရုံသာမက မြန်မာ့သဲကိုပါ တရားဝင်ရော တရားမဝင်ပါယူငင်၍ မြို့ပြသစ်တိုးချဲ့ရန် လုံးပန်းနေပြန်လေပြီ။ သဲရောင်းရသည်ဆိုလျှင် နိုင်ငံဝင်ငွေရသည်။ ခိုးယူအစုပ်ခံရသည်ဆိုလျှင် နစ်နာသည်။ ထို့ထက်ဆိုးသည်က ကိုယ့်နိုင်ငံနယ်နိမိတ်တွင်းသို့ဝင်ရောက်ကျူးကျော်လာသည်ကိုပင် မသိလေသလောသို့တည်းမဟုတ် သဘောတူခွင့်ပြုထားသလောစသည့်မေးခွန်းများ အစီအရီပေါ် ထွက်လာပါသည်။

နောက်သတင်းတစ်ခုကတော့ ဟိုတယ်များတွင် လုံခြုံရေးကင်မရာများတပ်ဆင်ရန် ညွှန်ကြားလာသည့်သတင်း (7 Day News ဒီဇင်ဘာ ၁၅) ဖြစ်သည်။ အကြောင်းရင်းမှာမြန်မာနိုင်ငံတွင်းသို့ရောက်ရှိလာသော နိုင်ငံခြားသားငါးဦးတွင် အင်ဒိုနီးရှားနိုင်ငံသားနှစ်ဦးမှာ ပြည်ဝင်ခွင့်ဗီဇာ မပါရှိသည်ကို တွေ့ရသည်။ ဟိုတယ်တစ်ခုမှာ တာဝန်သိစွာလက်မခံဘဲ ကျန်ဟိုတယ်တစ်ခုကမူလက်ခံထားခဲ့သည်ကိုတွေ့ရလေသည်။ နိုင်ငံခြားသားတစ်ဦးပြည်ဝင်ခွင့်ဗီဇာ(တုံးမထုဘဲ)မည်သို့ဝင်ခွင့်ရခဲ့ကြသနည်း။ ရန်ကုန်မြို့ပေါ် သို့ပင် ခြေချနိုင်လေပြီ။ ကျွန်တော်တို့သာအခြားတစ်နိုင်ငံတွင်း ဤသို့ဝင်ရောက်ခဲ့လျှင် နယ်စပ်ကဆိုလျှင်လည်း နယ်စပ်မှာပင် ကွိ ခနဲနေပေလိမ့်မည်။ လေဆိပ်ကဆိုလျှင်လည်း လေဆိပ်တွင် ကွိ ခနဲနေမည်မှာ ဧကန်ပင်။ ဤကဲ့သို့ တုံးမထုဘဲ ဝင်ရာထွက်ရာလမ်းကြောင်းများ ပွင့်နေလေပြီလော။ စဉ်းစားစရာပင်။

နောက်သတင်းတစ်ခုမှာ တရုတ်နိုင်ငံသားများ ဒေသအနှံ့တွင် ဖရဲနှင့် သခွားများတရားမဝင်လာရောက်စိုက်ပျိုးနေ (7 Day News ဒီဇင်ဘာ ၁၅)ပင်ဖြစ်သည်။ ဖရဲစိုက်သည့်နေရာအားလုံးတွင် တရုတ်များရှိသည်။ ပိုးသတ်ဆေးမတရားသုံးစွဲမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်စေသည်။ အကာအကွယ်မရှိသုံးစွဲနေ၍ ကင်ဆာဖြစ်နိုင်ကြောင်း စသဖြင့် သိရသည်။ တရားမဝင်လာရောက် စိုက်ပျိုးနေခြင်းဆိုသည်မှာ သတိပြုစရာဖြစ်နေသည်။ မည်သို့သော ပုံစံမျိုးဖြင့် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသနည်း။ တစ်ဧကလျှင် ကျပ်နှစ်သိန်းမှ လေးသိန်းအထိပေးကာငှားရမ်းလုပ်ကိုင်နေကြသည်။ တရားဝင်ပြုလုပ်ပါက ဒေသဖွံ့ဖြိုးရေးအတွက်လည်း များစွာအထောက်အကူပြုမည်။ နိုင်ငံလည်း ဝင်ငွေတိုးနိုင်သည်။ ယခုကဲ့သို့ တရားမဝင်ဝင်ရောက် လုပ်ကိုင်နေမှုများကား ဝင်စေထွက်စေလက်မှတ်ရထားနေသည့် အလားတွေးစရာရှိနေပါသည်။ ဤသို့ဆိုလျှင်မကြာမီအလုံးအရင်းဖြင့် တရားမဝင် ဝင်လာဖွယ်ရှိ သည်။



မြန်မာနိုင်ငံတွင် အရပ်ဘက်အစိုးရတက်လာပြီးသည်ဘက် ကာလများ၌ ထင်သာမြင်သာရှိသော အပြောင်းအလဲအချို့ကို တွေ့မြင်လာရပြီဖြစ်သည်။

စာ(၄၀) သို့

## ကြက်သွန်နီတစ်လုံးနှင့် မိသားစုသုံးစု

လှတင့်ဆွေ(ပိန်းဇလုပ်)

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁ နာရီ ၅၅ မိနစ်က ဖြစ်ပွားခဲ့သော မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း မီးလောင်ပေါက်ကွဲမှုနှင့် ပတ်သက်၍ ကုမ္ပဏီအနေဖြင့် ကူညီလှူဒါန်းနိုင်ရန် ကျွန်တော် ထိုနေ့ညနေ ၅ နာရီတွင် အခင်းဖြစ်ပွားရာသို့ သွားရောက်ခဲ့ပါသည်။ ကျွန်တော့် တစ်သက်အတွေ့အကြုံအရ တစ်ခါမှ မကြားခဲ့ဘူးသော ပေါက်ကွဲမှု အသံဆိုးကြီးနှင့် ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ခဲ့သော ကျင်းကြီးက ၁၅ ပေအနက်ရှိပြီး ပေ ၄၀ အကျယ်တောင်ရှိသည်ဟု သိရှိခဲ့ရသည်။

ကယ်ဆယ်ရေး စခန်းတွင် လိုအပ်မည့်အချက်အလက်များ ရယူခဲ့ပြီး တက္ကစီစီး၍ ပြန်လာခဲ့ပါသည်။ သေဆုံးသူ ၁၇ ဦးနှင့်ပတ်သက်၍လည်းကောင်း၊ ထိုအထဲမှ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း အသက်စွန့်သွားသော မီးသတ်ရဲဘော် ၅ ဦးနှင့်လည်းကောင်း၊ ဒဏ်ရာရသူ ၈၀ ကျော်အတွက်လည်းကောင်း တက္ကစီသမားနှင့် သဘောတူညီစွာ ဝမ်းနည်းစကားဆိုခဲ့မိကြပေသည်။ စိတ်တူကိုယ်တူ ဂုဏ်ပြုစကားပြောဖြစ်ခဲ့ကြသည်။ သွေးချင်းများပေကိုး။

ကျွန်တော်ရန်ကုန်က တက္ကစီသမားတော်တော်များများကို ကြည့်၍မရ။ အလိုလိုပင် မုန်းနေမိသလိုလို။ မုန်းရသည့်ဖြစ်စဉ်များကလည်း ရှိခဲ့ဖူးသည်။ ကျွန်တော်တို့လို တောပုံစံပေါက်နေသည့် လမ်းမသိသူကို ပိုက်ဆံပိုတောင်းတတ်သည်။ လမ်းမသိမှန်းရိပ်မိပါက လှည့်ပတ်ခေါ်သည်။ စကားဝဲပါကပိုတောင်းသည်။ အချို့မပြောမဆို စီးကရက်ခဲပြီး အမျိုးသမီးငယ်များအား ငမ်းချင်သေးသည်။ ဈေးပုတ်ပြတ်ပြောပြီးသော်လည်း လမ်းတွင်လူထပ်တင်ချင်သေးသည်။ လူလည်လုပ်လွန်းသည်ဟုသာ ထင်နေမိသည်။

ဈေးစကားပြောရာတွင်လည်း အချို့တက္ကစီယာဉ်မောင်းများက ဈေးနည်းသည်ထင်လျှင် မိုက်ရိုင်းစွာ ပြော၍ မိုက်ရိုင်းသော အမူအရာပြ၍ ထွက်သွားတတ်သေး၏။ အမှန်တွင် တက္ကစီယာဉ်မောင်းများမှာလည်း လူထုဝန်ဆောင်မှုပေးသည်ဆိုသော အချက်မမေ့သင့်ပေ။

သို့သော် ဒီတက္ကစီသမားက ထိုမီးလောင်ပြင်နားက လှည်းတန်းဈေးအထိ ၂,၅၀၀ ကျပ်တောင်း



ပါသည်။

ကျွန်တော်ကလည်း ကျေနပ်၍ဈေးမဆစ်ဘဲ လိုက်ခဲ့သည်။ အိမ်ပြန်ရောက်လို့ ရန်ကုန်ကို ကျွမ်းဝင်တဲ့ဇနီးသည်ကို ဒီခရီး တက္ကစီဘယ်လောက်ပေးရမယ် ထင်သလဲလို့မေးကြည့်တာ ၂၅၀၀ ကျပ်တော့ ပေးရလိမ့်မယ်တဲ့။

ဒါနဲ့ပဲ ကျဆုံးမီးသတ်ရဲဘော် စွန့်စားမှုကို ဂုဏ်ပြုစကားဆိုခဲ့သူ တက္ကစီခ ၂၅၀၀ ကျပ်ယူခဲ့သူ၊ ထူးထူးခြားခြား၊ ရိုးရိုးသားသားတက္ကစီယာဉ်မောင်းနှင့် စကားများပြောဖြစ်ခဲ့ကြသည်။

ကျွန်တော်မှပင်စ၍ "ခင်ဗျား ကားက အပ်ရမယ့်အလှည့်တောင်နီးလာပြီနော်။ ဒီနံပါတ်တွေ ဘယ်လအပ်ရမှာလဲ"ဟု မေးရာ

"အဲဒါ ခက်တော့တာပေါ့ ဆရာရယ်။ ကျွန်တော်တို့က ကားဟောင်းတွေ အပ်ရမယ်ဆိုတာ စကြားတော့ ကားအသစ်တွေ စီးရတော့မယ်ဆိုပြီး တော်တော်စိတ်ကူးယဉ်ခဲ့ကြတယ်။ သိန်း ၂၀၀ အောက်လောက်ဆိုရင်ပဲ ကားကောင်းတစ်စီးလောက်မောင်းရပြီလို့ တွက်ခဲ့ကြတာ။ ခုတော့ ကားဈေးတွေက သိန်း ၃၀၀၊ ၃၅၀ အောက်က မကျဘူးဆရာ"

"ဘယ်လိုဖြစ်တာလဲဗျ။ ဘာဖြစ်လို့ မကျတာလဲ။ နည်းနည်းလောက်ရှင်းပြစမ်းပါဦး"ဟု ဆိုခဲ့ရာ ၎င်းက ပါမစ်စာရွက်ဝယ်တဲ့ဈေး၊ ဂျပန်မှာကားဝယ်တဲ့ဈေး၊ အခွန်က ၁၆၅ ရာခိုင်နှုန်းနဲ့ သင်္ဘောတင်ခ၊ အထွေထွေဆောင်ရွက်ခတွေနဲ့ ပွဲစားတွေက သူတို့အတွက် အမြတ်ကျန်အောင်ပါဆိုတော့ ဈေးကထင်သလောက် မကျပါဘူးဆရာရယ်" တဲ့ ၎င်းက ဆက်ပြီး

"Show Room တွေသွားကြည့်တော့လည်း ရောင်းပြီး၊ ရောင်းပြီးဆိုတဲ့ကတ်တွေက ကားတွေမှာ အကုန်ကပ်ထားတာတွေ့ရတယ်ဆရာ"

"တစ်ခါပြီးတော့ ချယ်ရီဝက်ဂွန်ကားလေးတွေလည်း ဒီပွဲစားတွေ လက်ထဲပဲအကုန်ရောက်ပြီး ဈေးထိန်းထားတာက ပွဲစားတွေပဲဖြစ်နေတုန်းပဲဆိုတော့ ဘယ်မှာဈေးကကျမှာလဲ ဆရာရယ်"တဲ့။

အစိုးရကလည်း လုပ်ပေးတုန်း ကိုင်ပေးတုန်းက စေတနာအပြည့်နဲ့ ဖြစ်မှာပါ။ ကုန်သည်ပွဲစားကပဲ ပညာပိုသွားလို့လားဟု ကျွန်တော်တွေးနေစဉ် တက္ကစီယာဉ်မောင်းက

"နောက်တစ်ချက်က ဒီဆရာ့နောက်က ဂက်စ်အိုးလေးတစ်လုံးပေါ့ဆရာ" "ဘာဖြစ်လို့လဲဗျ။ ဒီဂက်စ်အိုးလေးက"ဟုဆိုကာ ကားနောက်ခန်းက ဂက်စ်အိုးလေးတစ်လုံးကို ရုတ်တရက်လှည့်ကြည့်ပြီး မေးမိသည်။

"ဒီဂက်စ်အိုးတပ်ထားတဲ့ ကားတစ်စီးအပ်လိုက်ရင်ပြန်ဝယ်တဲ့ကားမှာ ဂက်စ်အိုးပြန်လည်တပ်ဆင်ခွင့်နဲ့ပတ်သက်လို့ ဘာမှတိတိကျကျ ထုတ်ပြန်ကြေညာထားတာ မရှိဘူးဆရာ၊ ဘယ်မှာမှ သွားစုံစမ်းလို့လည်း မရဘူး"

"ဒီဂက်စ်အိုးလေးတစ်လုံးနဲ့ မိသားစုသုံးစု ထမင်းစားနေရတာဆရာရဲ့"

"ဗျာ၊ ဘယ်လိုမိသားစုသုံးစုလဲ။ ဘယ်လိုလဲဗျာ။ နည်းနည်းရှင်းပါဦး"

"ဆရာရယ်၊ ပထမတစ်စုက ကားပိုင်ရှင်မိသားစု၊ ဒုတိယတစ်စုက နေ့ဘက်ယာဉ်မောင်း မိသားစု၊ တတိယတစ်စုက ညဘက်ယာဉ်မောင်းမိသားစု၊ ဒီသုံးစု မှီခိုနေရတာဆရာ။ တကယ်လို့ ကားသစ်ဝယ်ပြီး ဂက်စ်အိုးတတ်ခွင့်မရှိလို့ ဆီနဲ့မောင်းရပါပြီတဲ့၊ ကားပိုင်ရှင်က ပေးမမောင်းရင် မိသားစု နှစ်စုတော့ အနည်းဆုံး အခက်အခဲတွေ့မှာ အမှန်ပဲဆရာ"

တက္ကစီယာဉ်မောင်းများ အပေါ် အမြင်မကြည်လင်ခဲ့မိသော အလိုလိုမုန်းနေမိသော ကျွန်တော် ဒီတစ်ယောက်နဲ့တွေ့မှပဲသနားမိလာသည်။ အနည်းဆုံး မိသားစုသုံးစုမှနှစ်စုထိ ဆိုပါလား။ လူဦးရေဖြင့်ဆိုလျှင် ပျမ်းမျှ ၁၅ ယောက်မှ ၁၀ ယောက်ဖြစ်မည်။

အိမ်ကကလေးတွေကဂက်စ်အိုးတံဆိပ်ကို ကြက်သွန်နီဥဟု ခေါ်ဝေါ်နေကြသည်။

အိမ်ကသားသမီးတွေ ပြောပြောနေတဲ့ ကြက်သွန်နီဥတစ်လုံးတံဆိပ်တပ်ထားတဲ့ဂက်စ်အိုးတပ် တက္ကစီကား ၂၀,၀၀၀ ဆိုပါက အိမ်ထောင်စု ၆၀,၀၀၀ လူဦးရေ သုံးသိန်းခန့် စားဝတ်နေရေးအခက်အခဲဖြစ်သွားနိုင်သည်ကိုစိတ်တွက်တွက်ပြီး တွေးနေမိသည်။ တာဝန်ရှိသူများအနေဖြင့် အဖြေတော့ ရှိမှာပါ။ မျက်နှာလွှဲခဲပစ်တော့မလုပ်တန်ကောင်းပါဘူးဟု အကောင်းဘက်မှလည်း တွေးနေမိသည်။ စီအင်န်ဂျီကားများသို့ ရောင်းသော ဓာတ်ငွေ့အကန့်အသတ်ရှိ၍ ထိုကားအရေအတွက် ကန့်ထားသည်ဟု သိပါသည်။ သို့သော် ပြည်ပရောင်းချမှုကိုပင် တိုးရောင်းနိုင်လျှင် ပြည်တွင်းအတွက်လည်း တိုးရောင်းနိုင်မည်ဟု ယုံကြည်ပါသည်။

ယာဉ်မောင်းက "ဆရာလှည်းတန်းဘယ်နားလဲ"

"အဲဒီလှည်းတန်းဈေးရှေ့ ရပ်လို့ရမယ့် နေရာမှာသာ ရပ်ဗျာ" ဟု ဆိုရာ သူက "ဒီဆိုင်းဘုတ်သတိပေးချက်အရတော့မြားအတွင်းမည်သည့် ယာဉ်မျှမရပ်ရတဲ့ ဆရာ။ ဒါပေမဲ့ ရပ်ထားတာကလည်း ပြည့်နေတာပဲ"

အေးဗျာ။ ကျွန်တော်တို့လည်း "ဒါပေမဲ့ ခဏပေါ့ဗျာ" ဟု ဆိုလိုက်ရာ ယာဉ်မောင်းသည် လှည်းတန်းဈေးကျော်ပြီး လွတ်လွတ်ကျွတ်ကျွတ် နေရာရောက်မှ ရပ်ပေးလေသည်။

ထိုတက္ကစီယာဉ်မောင်းအပါအဝင် ယာဉ်ပိုင်ရှင်နှင့် နေ့၊ ညယာဉ်မောင်းမိသားစုများသည် တက္ကစီဘေးမှကြက်သွန်နီဥလေးတွေကိုတော့ မက်မောစွာကြည့်နေကြပါလိမ့်မည်ဟုထင်ပါသည်။

သူတို့ မိသားစု၏ စားဝတ်နေရေးအတွက် မဟုတ်ပါလား။ ကြက်သွန်နီဥအသစ်များ တပ်ခွင့်ရနိုင်ကြပါစေ။ ။

JOKE

### အာဖဂန်နစ္စတန်မှာ

ဆမ်၏ရှစ်နှစ်မြောက်မွေးနေ့တွင် သူ့အဖေက ဘောလုံးပွဲတစ်ပွဲသို့ ခေါ်သွားသည်။ ဘောလုံးပွဲ မစတင်မီ အမေရိကန်ရေတပ်ဘင်ခရာအဖွဲ့ထွက်လာရာ ဆမ်က စေ့စေ့စပ်စပ်လိုက်ကြည့်နေသည်။

"ဆမ်၊ သား ဘာတွေများ ဒီလောက်စိတ်ဝင်စားနေတာလဲ" ဟု ဖခင်ဖြစ်သူကမေးရာ

"သားတို့ဘုရားကျောင်းက အစ်ကိုကြီးမတ်နဲ့ဒေးဗစ်တို့များ ပါမလားလို့ ရှာနေတာဖေဖေ" ဟု ဆို၍ ဖခင်ဖြစ်သူက

"သူတို့က အာဖဂန်နစ္စတန်ရောက်နေတယ်လေကွာ"

"ဟုတ်တယ်ဖေဖေ၊ သားသာ စစ်ဘင်ခရာအဖွဲ့ထဲပါနေရင်လည်း အာဖဂန်နစ္စတန်ရောက်နေတယ်လို့ပြောမှာပဲလေ ဖေဖေ" ဟုဆိုကာ ဘင်ခရာအဖွဲ့ကို ဆက်ကြည့်နေပါတော့သည်။

### အမာခံပရိသတ်

ကျွန်တော်သည် စာအုပ်ဆိုင်တစ်ဆိုင်တွင် စာအုပ်အသစ်တစ်အုပ်ဝယ်ရင်း စာရေးဆရာလက်မှတ်ရရန်စောင့်ဆိုင်းနေစဉ် ဝယ်ယူလာသော စာအုပ်ကို လှန်လှောကြည့်ရှုနေရာ ကျွန်တော်၏နောက်နားမှ အမျိုးသမီးကြီးတစ်ဦးက "ငါဖတ်ဖူးတဲ့ စာအုပ်တွေထဲမှာတော့ ဒီစာအုပ်ကအကောင်းဆုံးပဲ။ လက်ကကို မချနိုင်ဘူး" ဟုပြောလိုက်သည်။ ကျွန်တော်ဘာမှပြန်မပြောရသေးခင်မှာပင် စာရေးဆရာဖြစ်သူက မော့ကြည့်ရင်း

"တော်ပါတော့ မာမီရယ်" ပြောလိုက်သံကို ကြားရပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရိန်းရိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL
# Business
Vol.10, No.43 • JANUARY 12, 2012

## အင်းမရဲဘော်စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းဖြင့် ခတ္တရာဟသာကုမ္ပဏီဝယ်ယူ

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၅**

ပြည်ခရိုင်တွင် အာမခံဖြင့် စိုက်ပျိုးခဲ့သော အင်းမရဲဘော်စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းဖြင့် ၂၀၁၁ ဒီဇင်ဘာ ၂၉ရက်တွင် စတင်ဝယ်ယူနေပြီဖြစ်ကြောင်း ခတ္တရာဟသာကုမ္ပဏီမှ သိရသည်။

၂၀၁၁ မိုးစပါးစိုက်ချိန်တွင် ယင်းစပါးမျိုးကို ကုမ္ပဏီက လယ်သမားများအား စတင်ရောင်းချပေးထားပြီး စပါးပေါ်ချိန်တွင် တင်းတစ်ရာလျှင် ကျပ်လေးသိန်းဖြင့် ပြန်လည်ဝယ်ယူမည်ဟု အာမခံထားသည်။

ယင်းကဲ့သို့ အာမခံဈေးနှုန်းပေးရခြင်းသည် တောင်သူများမျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရန်၊ မျိုးရောနှောမှုကင်းရှင်းပြီး တောင်သူများ ထိုက်တန်သည့်ဈေးနှုန်းရရှိစေရန်၊ ပြည်ပသို့ဆန်တင်ပို့ရာတွင်လည်း အရည်အသွေးကောင်းသည့်ဆန်များတင်ပို့နိုင်ရန် ရည်ရွယ်ကြောင်း အဆိုပါကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်ကဆိုသည်။

"ဒီမျိုးကိုစိုက်ရင် ဈေးကွက်ရှိလို့ဒီဈေးပေးဝယ်မယ်လို့အာမခံပေးထားတာပါ"ဟု ခတ္တရာဟသာကုမ္ပဏီမှ ဥက္ကဋ္ဌကလည်း ထပ်မံရှင်းပြသည်။

လက်ရှိပြည်ခရိုင်တွင် စိုက်ဧကလေးသိန်းကျော်ရှိသော်လည်း အာမခံဖြင့်စိုက်ပျိုးနိုင်သည့်ဧကမှာ ၃,၀၀၀ ကျော်သာရှိသည်။ ယင်းကဲ့သို့ပင် ဓနုဖြူမြို့နယ်တွင်လည်း ကဥ္စုကျွန်းသာအထူးပြုကုမ္ပဏီက တစ်ဧကလျှင် တင်းတစ်ရာအထက်ထွက်ပါက ကျပ်လေးသိန်းဈေးပေးဝယ်ရန် အာမခံခဲ့သည်။ စပါးထွက်သည့်အချိန်တွင်တောင်သူလယ်သမား ၁၆၁ ဦးသာရှိကြောင်းလည်း အဆိုပါကုမ္ပဏီ၏ ဓနုဖြူမြို့နယ် တာဝန်ခံတစ်ဦးက ပြောသည်။

၂၀၁၁ တွင် တောင်သူလယ်သမားများမှာ ရာသီဥတု၏ ထိုးနှက်ချက်ကြောင့် လယ်များရေမြုပ်ပြီး ပျက်စီးမှုများ၊ အထွက်လျော့မှုများရှိသည်။ ယင်းအပြင် စပါးပေါ်ချိန်တွင် စပါးဈေးနှုန်းကျဆင်းမှုကလည်း တောင်သူများကို ပိုမိုထိခိုက်စေသည်။

"ကျွန်တော်ကတော့ ရှေ့နှစ်ကျမှ စိုက်ရမယ်။ ဒီနှစ်တော့ အလုပ်မဖြစ်ဘူး"ဟု ပြည်ခရိုင်မှ လယ်သမားတစ်ဦးကဆိုသည်။

၂၀၁၁ မိုးစပါးပေါ်ချိန်တွင် ဒေသတွင်း၌စပါးဈေးသည် တင်းတစ်ရာလျှင် ကျပ်သုံးသိန်းဝန်းကျင်သာဈေးရှိသည်။ ယင်းကြောင့် တောင်သူများ စိုက်ပျိုးစရိတ်နှင့် နှိုင်းယှဉ်ပါက အမြတ်ငွေမှာ လွန်စွာနည်းပါးနေသည်။ အာမခံဖြင့် ဝယ်ယူသည့်စနစ်မှာလည်း ဒေသအချို့တွင်သာရှိနေသဖြင့် မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေးမှာ စိုးရိမ်စရာဖြစ်နေကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက ဆိုသည်။

## ပုံစံ၁၉အတွက် အာမခံကြေးသွင်းရန်မလိုတော့

**မေဝင်းမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၅**


ပြည်ပသွားရောက်ရန် ပတ်စ်ပို့ပြုလုပ်နေသူများကို ရုံးသစ်ရှေ့တွင် ပြီးခဲ့သည့် ဩဂုတ်လက တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ပသို့ထွက်ခွာမည့်သူများစိစစ်ရေး အဖွဲ့ရုံးတွင် ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် သက်သေခံလက်မှတ်ပုံစံ ၁၉ (ပုံစံ-ဂ) ပြုလုပ်ရာ၌ ယခုလ ၁ ရက်မှစ၍ မြန်မာ့စီးပွားရေးဘဏ်တွင်ငွေသွင်းရန်မလိုဘဲ ဆောင်ရွက်ရမည်ကြောင်း သိရသည်။

ပုံစံ-ဂ အတွက်နိုင်ငံအလိုက် ဘဏ်ငွေသွင်းရသည့်ပမာဏကို ယခင်က ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တရုတ်၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ပါလက်စတိုင်း၊ လာအိုနိုင်ငံဆိုပါက ၄၅၀၀ ကျပ်၊ ကိုရီးယားနိုင်ငံဆိုပါက ၅၂၀၀ ကျပ်၊ ဘရူနိုင်း ၆၉၀၀ ကျပ်၊ ထိုင်ဝမ် ၉,၃၀၀ ကျပ်၊ ဩစတြေးလျ ၁၀, ၀၀၀ ကျပ်၊ စင်ကာပူ ၁၁,၀၀၀ကျပ်၊ ဟောင်ကောင် ၁၁,၃၀၀ ကျပ်၊ ကူဝိတ်၊ ကာတာ၊ ယူအေအီး၊ အစ္စရေး ၁၁,၆၀၀ ကျပ်၊ အမေရိက ၁၉,၃၀၀ ကျပ်၊ ပြင်သစ် ၂၀,၀၀၀ ကျပ်၊ အင်္ဂလန်၊ ဂျပန် ၂၂, ၄၀၀ ကျပ်သတ်မှတ်ပေးဆောင်စေရာမှ ဝင်ငွေခွန်ကင်းလွတ်သည့်ကြေညာချက်ထုတ်ပြန်ပြီးနောက် ပေးဆောင်ရန် မလိုအပ်တော့ခြင်းဖြစ်သည်။

ပုံစံ-ဂ ပြုလုပ်မည်ဆိုပါက သန်းခေါင်းစာရင်းမူရင်း၊ မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ မိတ္တူ၊ နိုင်ငံကူးလက်မှတ်ထုတ်ရန် စလစ်မူရင်း၊ မိတ္တူ၊ ချိတ်ပိတ်ထားသည့်ပုံစံ ၁၇၊ ခြောက်လအတွင်း ရိုက်ကူးထားသည့်ဓာတ်ပုံနှင့် နိုင်ငံကူးလက်မှတ်ရှိပါက မိတ္တူယူဆောင်လာရမည်ဖြစ်ပြီး ဘဏ်ငွေသွင်းရန်မလိုအပ်တော့သဖြင့်မြန်ဆန်စွာလုပ်ဆောင်နိုင်ပြီဖြစ်သည်ဟု ဆိုသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၀၅ | ၈၂၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၀၅ | ၈၂၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၂၀ | ၆၃၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၅ | ၁၀၅၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ၂၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၀ | ၁၂၅ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၄၂ | | ကျပ် |

၂၀၁၂ ဇန်နဝါရီ ၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၇၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၉၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၈၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၂. ၆၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၂၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၆၀. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၄၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၆၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၆၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၃၁. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၁၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၄၉ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၇၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၈၀၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၇၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၀၉၄၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၁၆. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၁၃. ၀၆၀ |
| ငွေ | ၁ အောင်စ | ၂၈. ၆၈၃ |
| ကြေးနီ | ပေါင် | ၃၄၃. ၅၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၀၆၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ ဇန်နဝါရီ ၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ရွှေအရောင်းအဝယ် ပြန်သွက်လက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၇**

ရွှေဈေးပြန်တက်လာ၍ တက်ဈေးမျှော်ကာ ဝယ်ယူသူများကြောင့် အရောင်းအဝယ်သွက်လာကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်တွင် ရွှေတစ်ကျပ်သားလျှင် ကျပ် ခုနစ်သိန်းကျော်ရှိနေခဲ့သော ရွှေဈေးနှုန်းများသည် နှစ်ကုန်ပိုင်းဖြစ်သော ဒီဇင်ဘာလလယ်တွင် ခုနစ်သိန်းအောက်သို့ စတင်ကျဆင်းကာ ရောင်းအားကောင်းခဲ့သည်။

သို့သော် ယခုဇန်နဝါရီ ၆ ရက်တွင် ကျပ် ခုနစ်သိန်းကျော်သို့ပြန်ရောက်လာချိန်တွင် စောင့်ကြည့်နေသော လုပ်ငန်းရှင်အချို့က ဈေးနှုန်းအတက်ကို မျှော်ကာ ဝယ်ယူနေကြကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"အခုဈေးက ခုနစ်သိန်းကျော်စတက်လာတော့ ဈေးဆက်တက်မယ်မှန်းပြီး လုပ်ငန်းရှင်အချို့ပြန် ဝယ်လာတာကြောင့် ဈေးကွက်က ရောင်းအားဆက်တက်နေတာ"ဟု အောင်သမာဓိရွှေဆိုင်မှ ဆိုင်တာဝန်ခံကိုဝင်းငယ်က ပြောသည်။

ဈေးနှုန်းအတက်ဘက်သို့ သွားမည်ဟု ယူဆကာ ဝယ်ယူသူများကြောင့် ယခုရက်ပိုင်း၌ ရွှေအပိုင်းဝယ်ယူသည့်ဈေးကွက်နှင့် ဖြတ်စဝယ်ယူသည့်ဈေးကွက်တွင် ဝယ်လိုအားများသိသာစွာ မြင့်တက်လာကြောင်းသိရသည်။

ယခုရက်ပိုင်းတွင် ရွှေဝယ်လိုအား တက်လာခြင်းကြောင့် ရွှေဆိုင်များ၏ ရောင်းအားမှာလည်း ထက်ဝက်နီးပါးမြင့်တက်လာခဲ့သည်ဟု ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းများသည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၉၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေ ရာမှ ယခုဇန်နဝါရီ ၇ ရက်တွင်

စာ(၃၄)သို့



7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# အထွက်တိုးပုလဲသွယ်ကို မျိုးစပါးအဖြစ် တစ်နိုင်ငံလုံးဧက ၁၄,၀၀၀ စိုက်ပျိုးရန်စီစဉ်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

အထွက်တိုးစပါးတစ်မျိုးဖြစ်သည့် ပုလဲသွယ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် မျိုးစပါးအဖြစ် ဧက ၁၀၀ စီစိုက်ပျိုးထုတ်လုပ်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က လမ်းညွှန်ထားကြောင်း မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်က ပြောသည်။

ယင်းစပါးမျိုးသည် တရုတ်နိုင်ငံမှ တင်သွင်းလာသည့်စပါးမျိုးဖြစ်ပြီး မိုးစပါးတွင် တစ်ဧကလျှင် တင်း ၁၄၀ ထိ ထွက်နိုင်ကာ နွေစပါးတွင် တင်း ၂၀၀ ထိ ထွက်နိုင်သည့် စပါးမျိုးဟုဆိုသည်။ ထိုစပါးမျိုးကို အထူးပြုကုမ္ပဏီများရှိသည့်ဒေသတွင်ဝန်ကြီးဌာနနှင့်ပူးပေါင်းထုတ်လုပ်မည်ဖြစ်ပြီး ကုမ္ပဏီများမရှိသည့် တိုင်းနှင့်ပြည်နယ်များတွင် လယ်ဆည်ဝန်ကြီးဌာနက ဦးဆောင်၍လုပ်ကိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

"ဒီစပါးမျိုးစေ့ကို ပြည်တွင်းမှာ လုံလုံလောက်လောက် ထုတ်နိုင်ရင် တစ်ဧကအထွက်နှုန်းက မြင့်တက်လာမယ်" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

လက်ရှိအချိန်၌ အဆိုပါစပါးမျိုးစေ့ကို တရုတ်နိုင်ငံမှ ဝယ်ယူရာတွင် တစ်ကီလိုလျှင် ၃,၅၀၀ ကျပ်ဝန်းကျင်ဖြင့် တစ်ဧက ၃၅,၀၀၀ ကျပ်ထိ ကုန်ကျသည်။

"ကျွန်တော် နွေစပါးမှာ စစိုက်ဖို့ စီစဉ်ထားတယ်။ မိုးစပါးက ရေနစ်လို့ အထွက်ဆုတ်ခဲ့တယ်။ နွေစပါးကိုပဲ အဓိကထားလုပ်ရမှာပါ" ဟုပြည်ခရိုင်မှ လယ်သမားကိုတင်ကိုဦးက ဆိုသည်။

ပုလဲသွယ်မျိုးစပါးသည် အထွက်တိုးစပ်မျိုးစပါးဖြစ်သည့်အတွက် စိုက်ပျိုးနည်းစနစ် သွင်းအားစုဖိုး စသည်တို့သည် သာမန်စပါးမျိုးထက် ပိုမိုကုန်ကျသည်။ ၎င်းစပါးကို စိုက်ပျိုးမည်ဆိုပါက တစ်ဧက ကုန်ကျစရိတ်မှာ ၁၅၀,၀၀၀ ကျပ်မှ ၂၀၀,၀၀၀ ကျပ်ကြားကုန်ကျမည်ဖြစ်ကြောင်းသတင်းရရှိသည်။




# အပိုကုန်ကျစရိတ်များ ထပ်တိုးလာ ငါးအစာထုတ်လုပ်သော စက်ရုံအချို့ရပ်ဆိုင်း

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**

အပိုကုန်ကျစရိတ်များ မြင့်မားနေသေးသောကြောင့်ငါးစာထုတ်လုပ်သည့် စက်ရုံအချို့ လုံးဝရပ်ဆိုင်းထားရကြောင်း မြန်မာနိုင်ငံငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အပိုကုန်ကျစရိတ်များမှာ လမ်းအသုံးပြုခကြီးမြင့်ခြင်း၊ ကုန်တင်ဆောင်မှုလျှော့ချသတ်မှတ်လိုက်ခြင်းကြောင့် တန်ဆာခများမြင့်တက်သွားခြင်း၊ ရထားခနှင့် ရေယာဉ်ခဈေး မြင့်လာခြင်း၊ လျှပ်စစ်ဓာတ်အားခဈေးနှုန်းမြင့်လာခြင်း၊ အစာကုန်ကြမ်းများ ပြည်ပမှ ဝယ်ယူတင်သွင်းရခြင်းနှင့် ငါးမွေးတောင်သူများအား ငါးစာတောင့်ကို အကြွေးစနစ်ဖြင့် နှစ်ရှည်မရောင်းနိုင်တော့ခြင်းများကြောင့်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ကိုယ်ပိုင်ငါးကန်နဲ့ ကိုယ်ပိုင်အစာစပ်စက်ရုံ တွဲလျက်ရှိသူတွေနဲ့ ငါးစာတောင့်ကို အကြွေးစနစ်နဲ့ဖြန့်ဖြူးနိုင်သူတွေက လွဲလို့ကျန်တဲ့စက်ရုံလုပ်ငန်းရှင်တွေဟာ လုံးဝရပ်ဆိုင်းထားရတဲ့ အခြေအနေအထိ ရောက်ရှိနေပါတယ်" ဟု ငါးစာစက်ရုံပိုင်ရှင်များ၏ လက်ရှိအခြေအနေကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က ပြောသည်။

အထက်ပါကဲ့သို့ငါးစာထုတ်လုပ်သည့် စက်ရုံများလုပ်ငန်းရပ်နားလိုက်ရသည့်ဖြစ်စဉ်မှာငါးမွေးမြူရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းအခြေအနေ ကျဆင်းမှုအကျိုးဆက်များနှင့်လည်း ပတ်သက်ကြောင်း ၎င်းကပြောသည်။

ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သည့် လုပ်ငန်းများသည် ငါးမွေးမြူရေးလုပ်ငန်းများအပေါ် တည်မှီ၍ ရောင်းဝယ်ထုတ်လုပ်မှုဆောင်ရွက်ရသောကြောင့် ငါးမွေးမြူရေးအခက်အခဲဖြစ်ပေါ်လာသည့်အခါ ငါးစာရောင်းဝယ်ထုတ်လုပ်ရေးလုပ်ငန်းများ အပေါ်တွင်ပါ အကျိုးသက်ရောက်မှုကွင်းဆက်များ ဖြစ်ပေါ်လာခဲ့သည်။

ယခုအခါ ငါးမွေးမြူရေးသမားများအား ငွေရင်းစိုက်ထုတ်ကာ ငါးစာအကြွေးချပေးနိုင်သည့် ပမာဏမှာလည်းငါးမွေးကန်ဧက ၂၀၀,၀၀၀ ရှိရာတွင် ဧက ၃၅,၀၀၀ ဝန်းကျင်အတွက်သာရှိသောကြောင့် ငါးစာစက်ရုံများ ပိတ်လိုက်ရခြင်းဖြစ်ကြောင်း စာရင်းဇယားများအရ သိရှိရသည်။

ထို့ကြောင့် ငါးစာကုန်ကြမ်းဖြစ်သော ဆီထွက်သီးနှံကြိတ်ခဲ့ရာမှ ထွက်လာသည့် ဘေးထွက်ပစ္စည်းများမှာလည်း ကြိတ်ခွဲမှုနည်းပါး၍ ဈေးတက်လာသောကြောင့် ပြည်ပမှတင်သွင်းနေရသည်။ ထိုအခါ အပိုကုန်ကျစရိတ်များမှာ ပိုမိုမြင့်မားကာ ငါးစာထုတ်စက်ရုံများလုပ်ငန်းရပ်တန့်လိုက်ရကြောင်း သတင်းရရှိသည်။

"တစ်နေ့ တန်သုံးရာထွက်တဲ့ အစာစက်ရုံကို လျှော့ကြိတ်နေရတယ်" ဟုပြည်ပမှ အစာကုန်ကြမ်းအား တစ်ဆင့်ပြန်ဝယ်ကာ စက်ရုံလည်ပတ်နေသေးသော ရွှေတောင်ငွေတောင်ငါး၊ ပုစွန်အစာတောင့်စက်ရုံမှဒေါက်တာသက်မှူးက ပြောသည်။

ထိုသို့ပြည်ပမှ ငါး၊ ပုစွန် အစာကုန်ကြမ်းကို ဝယ်ယူတင်သွင်းရာတွင် အခွန်ငွေပေးဆောင်နေရသော်လည်း ၂၀၁၅ ခုနှစ်၌ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဇုန် (AFTA)သို့ရောက်ရှိပါက ပြည်ပမှ အတားအဆီးမဲ့စွာ ငါး၊ ပုစွန်အစာများဝင်ရောက်လာမှုကြောင့်ပြည်တွင်းရှိအစာစပ်စက်ရုံအားလုံး ပိတ်သွားနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဦးနှင်းဦးက ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်းအပေါ် အခြေပြု၍ ငါးစာထုတ်လုပ်သည့်စက်ရုံ ၂၃ ရုံရှိခဲ့ရာ နေ့စဉ် ၁,၈၃၀ တန်ထုတ်လုပ်နိုင်စွမ်းရှိခဲ့ကြောင်း သတင်းရရှိသည်။

စာ(၃၃) - ရွှေအရောင်းအဝယ် ပြန်သွက်လက် မှ

တစ်ကျပ်သားလျှင် ၇၀၇,၀၀၀ ကျပ်ထိမြင့်တက်လာ၍ တစ်ကျပ်သားပေါ်တွင် ကျပ် ၁၅,၀၀၀ ဝန်းကျင်ဈေးတက်လာခဲ့သည်။

"ဒီရက်ပိုင်းဈေးတက်တာက ကမ္ဘာ့ဈေးအတက်အကျထက် ဒေါ်လာဈေးအတက်အကျကြောင့် ဈေးနှုန်းပြောင်းလဲတာများတယ်" ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ဈေးကွက်အနေအထားကို သုံးသပ်ပြောသည်။

ယခုရက်ပိုင်းတွင် ကမ္ဘာ့ ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၆၁၆ ကျပ်ဝန်းကျင်တွင် ရှိနေပြီး အမေရိကန်ငွေဈေးမှာ တစ်ယူနစ်လျှင် ၈၁၀ ကျပ်ဝန်းကျင်တွင် ရှိနေသည်။


# 7DAY BOOK REVIEW

ဆိုဗီယက်စာရေးဆရာကြီး အီလျာအာရင်ဘတ်၏ The Memories စာအုပ်အတွဲကို ဆရာမြသန်းတင့်က 'လူများ၊ သက္ကရာဇ်များ'ဟူ၍ ဘာသာပြန်ဆိုထားရာယင်းကိုအာလျတွေ့မိ၍လားမသိ စာရေးဆရာ ကျော်ဝင်းက 'လူများ၊ ခွေးများ. . .'အစချီ၍ စာအုပ်တစ်အုပ်ထွက်ခဲ့ဖူးသလိုယခုလည်း 'လူများ၊ နေရာများနှင့် နိဒါန်းများ'ဟူ၍ အမည်ပေးထားသော "အဝေးမြင်"အမည်ရှိ စာအုပ်ထွက်ရှိလာသည်။ စာအုပ်ပါ စာအများစုမှာ Wave မဂ္ဂဇင်းတွင်ရေးသားခဲ့သော စာများဖြစ်ကြသည်။

စာအုပ်တွင် စုစုပေါင်း စာစု အပုဒ် ၅၀ ပါဝင်ပြီး လူများ(People)နေရာများ (Places) နိဒါန်းများ(Premises)နှင့် နောက်ဆက်တွဲ(Appendix)ဟူ၍ လေးခန်းခွဲကာ ဖော်ပြထားသည်။ လူများ(People)အခန်းတွင် ပင်ကိုရေးနှင့် ဘာသာပြန် ဆောင်းပါးများပါဝင်ပြီး ပင်ကိုရေးများ အနက် အဝေးမြင်နိုင်ငံရေးသမားကြီးများ၊ အဝေးမြင်စာရေးဆရာကြီးများ၊ အဝေးမြင်စာရေးဆရာ နိုင်ငံရေးသမားကြီးများ၊ အဝေးမြင်လူထု၊ အဝေးမြင်တြိဂံ၊ အဝေးမြင်ဖလင်နှင့်အဝေးမြင်ဇာတ်ခုံဟူ၍ဗဟိုထိတွေ့ဆက်ဆံခဲ့ရသော၊ စာမှတစ်ဆင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသော လူပုဂ္ဂိုလ်တို့၏ အကြောင်းကို အလွမ်းနှင်းရည်ဆွတ်ဖျန်းရေးသားထားသည်မှာ စာကြောင်းတိုင်း၌ လွမ်းငွေ့တဝေဝေဖြင့် ဖတ်ရှုရပါမည်။ ထိုကဏ္ဍတွင် မြန်မာ့နိုင်ငံရေးနှင့် စာပေအနုပညာနယ်ပယ်မှ ထင်ရှားသူများဖြစ်ခဲ့သော ဦးနု၊ သခင်သန်းထွန်း၊ ဦးဘငြိမ်း၊ ဦးသိန်းဖေမြင့်၊ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ မောင်စူးစမ်း၊ သခင်တင်မြ၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ နတ်နွယ်၊ ကျော်ဆွေ၊ မြတ်လေး၊ ကောလိပ်ဂျင်နေဝင်း၊ လူငယ်ကြည်ခိုင်၊ ဘီအီးဒီအောင်သိုက်၊ မန္တလေးသိန်းဇော်၊ ဒေါ်အမာစိန်၊ ဒေါင်းမလေး၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေး၊ သားဂျာနယ်ကျော်၊ တက္ကသိုလ်ထွန်းနောင်တို့၏ အနီးအဝေးပုံရိပ်များကို တို့ထိရေးသားထားသည်။ ထို့အပြင် Time, Newsweek, Economist မဂ္ဂဇင်းကြီးများတွင် ပါဝင်ခဲ့သော နိုင်ငံတကာမှ နိုင်ငံရေးသမား၊ စီးပွားရေး ပညာရှင်၊ တွေးခေါ်မှုဒဿနပညာရှင်များ၏ အကြောင်းဆင့်ပွားခံစားဆောင်းပါးများအဖြစ် ဖတ်ရှုရပါမည်။

နေရာများ (Places) ကဏ္ဍတွင် ကမ္ဘာကျော်မဂ္ဂဇင်းကြီးများ၌ ပါဝင်ခဲ့သော နယူးယော့၊ ဟားဗားနား၊ မွန်ဘိုင်း၊ ပတ်တရား၊ ဟိုချီမင်း၊ စင်ကာပူစသည့်မြို့တော် အက်ဆေးများ၏ ဘာသာပြန်ဆိုချက်ကို ဖတ်ရမည်ဖြစ်ပြီး နိဒါန်းများ(Premises)အခန်းတွင်မူ ဒဂုန်တာရာ၊ ဂျော့ဆိုးရော့စ်၊ ဂါးဒီးယန်းဦးစိန်ဝင်း၊ ဦးသန့်၊ ဖရန်ဆစ်ဖူကူယားမား၊ ဟန်တင်တန်နှင့် မီယာရှီးမားတို့ ရေးသားခဲ့သော ထင်ရှားသည့် စာအုပ်များကို ပြန်လည်သုံးသပ်ချက်အဖြစ် ဖတ်ရှုရပါမည်။ နောက်ဆက်တွဲ(Appendix)အခန်းတွင် ပင်ကိုရေးနှင့် ဘာသာပြန်အက်ဆေးငါးပုဒ်ကို ဖတ်ရှုရမည်ဖြစ်သည်။

စာရေးဆရာကျော်ဝင်း၏ ယခုစာအုပ်ကို "စာပဒေသာ"စာအုပ်ဟု ခေါ်ဆိုနိုင်ပြီး ကျော်ဝင်း၏ ဟန်အတိုင်းလေးနက်သည့် အိုင်ဒီအိုလိုဂျီများအား အတို့အဆိတ်လေးများဖြင့် ချော့မြူထားပြီး ရသပါးပါးသုတ်လိမ်းထားခြင်းဖြင့် စာဖတ်သူအား ဆွဲခေါ်သွားပါမည်။ Plastic Rainbow Book Publication ကတန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




အဝေးမြင်
(လူများ၊ နေရာများနှင့် နိဒါန်းများ)
ကျော်ဝင်း

# Knowledge ဗဟုသုတ

## အာကာသကို စူးစမ်းလေ့လာဖို့ ကုန်ကျစရိတ်ဘယ်လောက်ရှိသလဲ

အာကာသအတွင်းစူးစမ်းလေ့လာမှုပြုလုပ်ခြင်းသည် ယင်း၏အလုံးစုံသော ပြီးမြောက်အောင်မြင်မှုအတွက်ဆိုပါလျှင် ကုန်ကျစရိတ်နှင့်မျှခြေကောင်းကျိုးရှိသော လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ လကိုလေ့လာသည့် Apollo Moon အစီအစဉ်ဆိုလျှင်အမေရိကန်ဒေါ်လာ ၁၅၆ ဘီလီယံကုန်ကျစရိတ်ရှိသည်။ ၁၉၈၁ ခုနှစ်ကတည်းကအစပြု ဆောင်ရွက်လာခဲ့သည့် နာဆာ၏အာကာသစူးစမ်းလေ့လာမှု ၁၃၅ ခုအတွက် တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၁၉၆ ဘီလီယံ မှ ၁ ဒသမ၅ ဘီလီယံအထိ ကုန်ကျစရိတ်ရှိသည်ဟု ဆိုသည်။

အေပီသတင်းဌာန၏ပြီးခဲ့သည့်နှစ်ကထုတ်ပြန်ခဲ့သည့်သတင်းအရ အာကာသသို့လေ့လာစူးစမ်းမှုအတွက် ကုန်ကျစရိတ်သည် အီရတ်နှင့် အာဖဂန်နစ္စတန်စစ်ပွဲများအတွက် အစိုးရခန့်မှန်းအသုံးစရိတ် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံ၏ခြောက်ပုံပုံတစ်ပုံထက်ပင်နည်းသည်ဟုသိရသည်။

*—Source:Reader's Digest*







## ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လိုရာအောင်မြင်မည်။ ကြန့်ကြာနေသည်များပြန်လည်ရရှိမည်။ အခက်အခဲအနှောင့်အယှက်များ ကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့် ခက်ခဲနေသည့်ကိစ္စများ လျင်မြန်စွာ ပြီးမြောက်မည်။ ခရီးသွား၍ ကောင်းသည်။ လုပ်ငန်းလုပ်၍ အဆင်ပြေမည်။ အကြံသစ်အောင်မြင်မည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ အတူနေအုပ်စုများနှင့် ပြဿနာဖြစ်၍ လမ်းခွဲရမည်။ လူသစ်များနှင့် ဆက်ဆံရမည်။



## TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရည်မှန်းချက်များအောင်မြင်မည်။ လုပ်သလောက် ထိထိရောက်ရောက်တိုးတက်မည်။ ငွေကြေးကံကောင်းမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မျက်နှာပွင့်လန်းမည်။ ပြောရေး၊ ဆိုရေးအောင်မြင်မည်။ အရောင်းအဝယ်လုပ်ငန်း လုပ်သူများအဆင်ပြေမည်။ လုပ်ငန်းခွင်မှသူများ လုပ်ငန်းအဆင့်တိုးတက်မည်။ အသေးစားထိခိုက်တတ်သည်။ ကျန်းမာရေး ထိခိုက်တတ်သည်။ ဂရုစိုက်ပါ။




## GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စာရင်းဇယားအလွန်ရှုပ်ထွေးနေမည်။ ကိုယ့်ကိစ္စကိုယ်ဦးစားပေး၍ မရ။ တစ်မျိုးပြီး တစ်မျိုးမရိုးရအောင် လုပ်နေရသည်များ သူတစ်ပါးအတွက်သာဖြစ်မည်။စေတနာ့ဝန်ထမ်းအလုပ်များလုပ်နေရမည်။ ကျေးဇူးကန်းသောသူများနှင့် တွေ့မည်။ ငွေကုန်မည်။ အပျက်အယွင်းများမည်။ ပြဿနာ အနှောင့်အယှက်များဖြေရှင်းရမည်။ ရန်များမည်။



## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရွေးချယ်မှုလမ်းကြောင်းမှားယွင်း၍ စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။ အခွင့်ကောင်းများရလျက် လက်တွေ့ဆောင်ရွက်မှုတွင် ထင်သလောက်မပေါက်သလိုဖြစ်မည်။ တာဝန်ယူခြင်း၊ အာမခံခြင်းများ လျှော့ပါ။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများ ထိပ်တိုက်ဖြေရှင်းရမည်။ အားနာလွယ်၊ ယုံလွယ်မှုအပေါ် အခွင့်အရေး ယူသူများနှင့် တွေ့ရတတ်သည်။ အရာရာသတိရှိပါ။ လူယုံမထားရပါ။



## LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်အေးချမ်းသာဖွယ်သတင်းစကားများကြားမည်။ အလိုရှိရာ ဆောင်ရွက်နိုင်သည်။ အောင်မြင်မှုနှင့် တက်လမ်းများဖန်တီးနိုင်သည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ထင်ရှားသော အပြောင်းအလဲနှင့် တိုးတက်မှုများရရှိမည်။ ကာလအတန်ကြာ နောက်နှေးနေသော ကိစ္စများ ပြန်လည်အဆင်ပြေသောအနေအထားရှိသည်။ စုပေါင်းလုပ်ငန်းအကျိုးပေးသည်။



## VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ပိတ်နေသည့် လမ်းကြောင်းများ ပြန်ပွင့်မည်။ ခက်ခဲသည့် ပြဿနာများ ဖြေရှင်းအောင်မြင်မည်။ သူတစ်ပါးအပေါ် စေတနာကောင်းထားခြင်း၏ ကောင်းသောအကျိုးတုံ့ပြန်မှုရရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ရန်အနှောင့်အယှက်များဖယ်ရှားနိုင်မည်။ ဦးတည်ချက်ပြောင်းရမည်။ အရပ်ဝေးတိုင်းတစ်ပါးမှ အတတ်ပညာများကို ယှဉ်ပြိုင်အောင်မြင်မည်။



## LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပြဿနာဟောင်းများ ဖြေရှင်းရမည်။ ငွေမချေးရ၊ သူတစ်ပါးအပေါ် လွန်ကဲစွာ ယုံကြည်ခြင်း၊ လိုက်လျောခြင်း၊ အားနာခြင်းကြောင့် မလိုလားအပ်သော စိတ်အနှောင့်အယှက်များဖြစ်တတ်သည်။ အခက်အခဲအတားအဆီးများစွာကြားမှ တိုးတက်မှုကို ဖန်တီးရမည်။ ဥစ္စာတိုးပွားမည်။ အကြံအောင်မြင်မည်။ အကြွေးတောင်း၍ ကောင်းသည်။ မင်္ဂလာစကားများပြောရခြင်း၊ ချမ်းမြေ့ပျော်ရွှင်ခြင်းများရှိမည်။



## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အရာရာသတိရှိရမည်။ ကျန်းမာရေးအညံ့ဂရုစိုက်ရမည်။ နေအိမ်တွင် တစ်ဦးပြီး တစ်ဦးဖျားနာတတ်သည်။ အပျောက်အရှုအပျက်အစီးများမည်။ သူခိုးသူဝှက်အန္တရာယ်ရှိသည်။ စွန့်စားပြီး လုပ်သောကိစ္စများရှောင်ရမည်။ ပုံမှန်လုပ်ငန်းများကို စနစ်တကျအေးအေးချမ်းချမ်းဆောင်ရွက်သွားပါ။ အခက်အခဲကြားမှ တိုးတက်မှုများရှာဖွေရမည်။ စန်းပွင့်မည်။ ရည်မှန်းသလောက်အောင်မြင်မည်။ မေတ္တာရေးကံကောင်းမည်။



## SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လမ်းသစ်ပွင့်မည်။ လုပ်နေသည့်ကိစ္စအပြင် သီးသန့်ထပ်ဆင့်ကံသစ်ပေါ်မည်။ ခရီးကိစ္စများပေါ်ပေါက်အကျိုးပေးမည်။ အရပ်ဝေးမှ အဆက်အသွယ်ကောင်းများရရှိမည်။ သစ္စာမဲ့သောသူများနှင့် တွေ့မည်။ အတိုက်အခံများနှင့် ကြုံတွေ့တတ်သည်။ ပစ္စည်းပျောက်တတ်သည်။ မိဘအကြီးအကဲကျန်းမာရေး အညံ့ရှိမည်။ အလုပ်ပြောင်းရန်ကြံစည်က ကောင်း၏။ ပညာရေးတွင် စိတ်ဝင်စားမှုအားနည်းမည်။



## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လိုရာပြည့်မည်။ ရွေးချယ်ရန်အခွင့်အလမ်းများ ပေါ်ပေါက်မည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ ချစ်သူခင်သူသံယောဇဉ်ရှိသူများနှင့် ခေတ္တယာယီခွဲနေရမည်။ တစ်ခုထက်ပိုသော လုပ်ငန်းများ ဆောင်ရွက်၍ ငွေဝင်မည်။ အောင်မြင်ခြင်း၊ တိုးတက်ခြင်းများရရှိမည်။ ပြဿနာဟောင်းများ ဖြေရှင်းနိုင်မည်။



## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မှန်းသည်တစ်မျိုး လက်တွေ့တစ်မျိုးဖြစ်မည်။ စီစဉ်ထားသည့်ကိစ္စများကို ပြောင်းလဲပြီး ဆောင်ရွက်ရမည်။ ပေါ်လာသည့် အခြေအနေများကို ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ဉာဏ်သုံးပြီး ဖြေရှင်းပါ။ အာမခံခြင်း၊ တာဝန်ယူခြင်းများ၊ တတ်အားသမျှ ရှောင်ပါ။ အသွားအလာဂရုစိုက်ပါ။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်ရမည်။ သူတစ်ပါးကြောင့် မိမိတွင် ထိခိုက်တတ်သည်။



## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ထူးခြားသောအတွေ့အကြုံများတစ်မျိုးပြီးတစ်မျိုး ကြုံမည်။ အကြံသစ်များ အောင်မြင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ ငွေကြေးကိစ္စစကားပြောဆို၍ အဆင်ပြေမည်။ အလုပ်သစ်များ ဆောင်ရွက်သင့်သည်။ စကားအတိုက်အခံများပြောရတတ်သည်။ လူမျိုးကွဲအကျိုးပေးမည်။ ပညာရေးကံကောင်းမည်။ အကြွေးတောင်း၍ ကောင်းသည်။ မျက်စိတွင် မတော်တဆထိခိုက်တတ်သည်။

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# သယံဇာတကျိန်စာ ရှောင်လွှဲနိုင်ဖို့ရာ

**ကြည်နေဝင်းမင်း**



လစ်ဗျားနိုင်ငံသားတွေဟာ ဘဝသစ် ပိုင်ဆိုင်လာခဲ့ပါပြီ။ နောက်ဆုံးမှာတော့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်ပြီဆိုတဲ့ ခံစားချက်တွေရှိလာပြီ။ ဆယ်နှစ်ကြာခဲ့တဲ့စစ်ပွဲ ပြီးဆုံးသွားချိန်မှာ အီရတ်နိုင်ငံသားတွေလည်း အလားတူ ခံစားမိကြပါလိမ့်မယ်။ နှစ်နိုင်ငံစလုံးက ရေနံထုတ်လုပ်တဲ့နိုင်ငံတွေပါ။ ဒါနဲ့အတူ ချမ်းသာကြွယ်ဝမှုတွေဟာ သူတို့လူ့အဖွဲ့အစည်းကို ပြန်လည်တည်ဆောက်ရာမှာ ကြီးမားတဲ့အားသာချက်ကြီးဖြစ်လိမ့်မယ်ဆိုတဲ့ နိုင်ငံသားတွေရဲ့ မျှော်မှန်းချက်လည်းရှိနေပါတယ်။

တစ်ချိန်တည်းမှာပဲ အာဖရိကတိုက်မှာ ဂါနာနိုင်ငံက ရေနံကို ပထမဦးဆုံးအကြိမ် စတင်ထုတ်လုပ်နေပါပြီ။ တကယ်တော့ အနောက်အာဖရိကကနေ မွန်ဂိုလီးယားအထိ နိုင်ငံများစွာပဲ ရေနံနဲ့သဘာဝတွင်းထွက်ပစ္စည်းချမ်းသာကြွယ်ဝမှုတွေ အမြောက်အမြား ရှာဖွေတွေ့ရှိလာကြတယ်။ ကမ္ဘာ့ဈေးကွက်မှာရေနံနဲ့သဘာဝတွင်းထွက်ပစ္စည်းဈေးနှုန်းတွေ စံချိန်တင်ဈေးနှုန်းရောက်လာခဲ့တာကလည်း 'ထောပြီ ပွပြီ' ဆိုတဲ့ ခံစားချက်တွေကိုပိုပြီးမြှင့်တင်ပေးလိုက်ပါတယ်။

နိုင်ငံများစွာပဲ ဒီလိုအနေအထားမျိုးရရှိခဲ့ဖူးပါတယ်။ သဘာဝအရင်းအမြစ် သိန်းဆု၊ သန်းဆုတွေပေါက်ပြီး ရင်ခုန်လှိုက်မောမှင်တက်ခဲ့ရာကနေ ဒီစန်းပွင့်မှုဟာ စိတ်ပျက်စရာ အဆုံးသတ်သွားပြီး အခွင့်အရေးကို အလဟဿဖြုန်းတီးမိရာကနေ နိုင်ငံသားတွေအတွက်လည်းပိုကောင်းတဲ့ ဘဝအခြေအနေရောက်ရှိအောင် မလုပ်ဆောင်နိုင်ခြင်းဖြစ်ပါတယ်။ သို့သော်လည်း လစ်ဗျားမှာပဲဖြစ်ဖြစ် ဂါနာမှာပဲဖြစ်ဖြစ် ဒီနေ့ခေတ်နိုင်ငံရေးခေါင်းဆောင်တွေအတွက် အားသာချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ခေါင်းဆောင်တွေဟာ သမိုင်းကိုသတိပြုမိထားကြပြီး နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ သဘာဝအရင်းအမြစ်သယံဇာတကျိန်စာကို ဘယ်လိုရှောင်လွှဲရမလဲဆိုတာ သိချင်ကြတယ်။ ဆေးကုသဖို့ရာအတွက် ပထမဦးဆုံး ဘာရောဂါဖြစ်တာလဲဆိုတာ ဖော်ထုတ်ရပါတယ်။ ဘာကြောင့်များ ရေနံကြွယ်ဝချမ်းသာမှုဟာ ကောင်းချီးပေးတာဖြစ်နိုင်သလို မကြာခဏဆိုသလို ကျိန်စာတိုက်သလိုဖြစ်နေရတာလဲ။

စီးပွားရေးပညာရှင်တွေကတော့ သဘာဝအရင်းအမြစ်တွင်းထွက်တွေ တင်ပို့ရောင်းချတဲ့နိုင်ငံတွေအပေါ် ကျရောက်နိုင်တဲ့ အန္တရာယ်ထောင်ချောက်ခြောက်ခုကို ဖော်ထုတ်ထားပါတယ်။ (မိမိထုတ်ရောင်းသော သဘာဝရင်းမြစ်)ကုန်ပစ္စည်းရဲ့ ဈေးနှုန်းအပြောင်းအလဲအတက်အကျ မြန်ဆန်ခြင်း၊ အပြိုင်အဆိုင်ထုတ်လုပ်လာမှုကြောင့် ဘေးသို့ ရောက်ရှိသွားခြင်း၊ ဒတ်ချ်ရောဂါ(နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှုစန်းပွင့်နေ၍ ငွေကြေးတန်ဖိုး အလွန်မြင့်တက်လာကာ အခြား သမားရိုးကျကုန်ပစ္စည်းတင်ပို့သူများ၏ ယှဉ်ပြိုင်နိုင်မှုကို ပျက်စီးသွားစေခြင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြုပြည်ပြုအဖွဲ့အစည်း၊ စိတ်ကူးများချောင်ထိုးခံရခြင်း၊ ပြည်တွင်းစစ်၊ သဘာဝအရင်းအမြစ်များ အလွန်လျင်မြန်စွာ ကုန်ဆုံးသွားခြင်း၊ လုံလောက်သော စုဆောင်းမှုမရှိခြင်းတို့ဖြစ်ပါတယ်။ အထူးသဖြင့် ရေနံဈေးနှုန်းဟာ အတက်အကျမြန်ပါတယ်။ လွန်ခဲ့တဲ့ငါးနှစ်အတွင်း ဈေးနှုန်းဘောင်ဘင်ခတ်နေမှုက သတိပေးနေသလိုပါပဲ။ မကြာခင်က ဖြစ်ပေါ်ခဲ့တဲ့ဈေးနှုန်းထိုးတက်မှုဟာ အလွယ်တကူပဲ ပေါက်ထွက်သွားနိုင်ပါတယ်။ အထူးသဖြင့် ကမ္ဘာ့စီးပွားရေးနွေးကွေးလာရင် အဲဒီလိုဖြစ်နိုင်ပါတယ်။

ဈေးနှုန်းအတက်အကျ မြန်တာကိုက ကုန်ကျစရိတ်များပြီး ဈေးနှုန်းအပြောင်းအလဲ အရိပ်လက္ခဏာတွေကို ထိထိရောက်ရောက် မတုံ့ပြန်နိုင်ဘဲ ရှိနေတတ်ပါတယ်။ (သဘာဝအရင်းအမြစ်)ကုန်ပစ္စည်းဈေးနှုန်း တစ်ဟုန်ထိုးထိုးတက်မှုက အခြား အရှိန်ရစပြုနေတဲ့ကုန်ထုတ်လုပ်ငန်းနဲ့နိုင်ငံတကာမှာ ကုန်သွယ်နေတဲ့ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများမှ လုပ်သားများ၊ အရင်းအနှီးများနဲ့ မြေယာများကို ဆွဲဆောင်သွားပါတယ်။ အဲဒီလိုပဲ အစိုးရကလည်း ဝမ်းသာအားရသုံးစွဲမှုတွေ တိုးမြှင့်ရင်း ကြီးမားတဲ့အခြေခံအဆောက်အအုံ စီမံကိန်းတွေနဲ့ ဖောင်းပွတဲ့အစိုးရ လစာနှုန်းထားတွေ ဖြစ်ပေါ်လာပါတယ်။ ဒါတွေကို ရေနံနဲ့ သဘာဝအရင်းအမြစ်ဈေးနှုန်းတွေ ကျဆင်းလာချိန်မှာ ဆက်လက်ထိန်းသိမ်းမထားနိုင်ပါဘူး။ အဲဒီအချိန်မှာပဲ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ အခွံချည်းပဲကျန်ခဲ့တယ်ဆိုရင်တော့ ပိုလို့သာဆိုးပါတော့တယ်။

ရေနံနဲ့ သဘာဝအရင်းအမြစ်ဈေးနှုန်းတွေ အမြဲတမ်း မြင့်နေတယ်ဆိုရင်တောင် ထောင်ချောက်တွေ အများကြီးရှိပါသေးတယ်။ အစိုးရတွေဟာ ရေနံနဲ့ သဘာဝသယံဇာတပစ္စည်းတွေကို ဆက်လက်ထိန်းချုပ်ထားနိုင်ပြီး ဘဏ္ဍာရေးအရ ဖူလုံအောင်လုပ်ဆောင်နိုင်တယ်ဆိုရင်တောင်မှ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ တိုင်းပြည်ပြုအဖွဲ့အစည်းနဲ့ စိတ်ကူးစိတ်သန်းတွေကို ဖွံ့ဖြိုးအောင်လုပ်ဖို့ ပျက်ကွက်နေတတ်ပါတယ်။ အဲဒီလို တိုင်းပြည်တွေမှာ အာဏာရှင်ဆန်ဆန် လူ့အဖွဲ့အစည်းဖြစ်လာပြီး အဲဒီကုန်ပစ္စည်းသဘာဝအရင်းအမြစ်ကို လက်လှမ်းမီရေးဟာတစ်ခုတည်းသောမက်လုံးဖြစ်လာပါတယ်။ အဆိုးဆုံးအခြေအနေမှာ အဲဒီယှဉ်ပြိုင်မှုကနေ ပြည်တွင်းစစ်အထိတောင် ဖြစ်လာနိုင်ပါတယ်။ သဘာဝအရင်းအမြစ်ကြွယ်ဝချမ်းသာမှုမရှိတဲ့နိုင်ငံတွေမှာတော့ ဗဟိုက ထိန်းချုပ်မှုလွှတ်ထားတဲ့ စီးပွားရေးပုံစံကို ပြုစုပျိုးထောင်ရုံကလွဲပြီး အခြားရွေးချယ်စရာမရှိပါဘူး။ အဲဒီကနေ လူတစ်ဦးချင်းစီက အလုပ်လုပ်ပြီး ငွေကြေးစုဆောင်းဖို့ မက်လုံးဖြစ်ပေါ်လာပြီး စက်မှုထွန်းကားတဲ့နိုင်ငံတွေပေါ်ထွက်လာပါတယ်။

နောက်ဆုံး အန္တရာယ်ကတော့ ရေနံနဲ့ သဘာဝအရင်းအမြစ်တွေ အလွန်လျင်မြန်တဲ့နှုန်းနဲ့ကုန်ဆုံးသွားခြင်းဖြစ်ပါတယ်။ အဲဒီနေရာမှာလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့မဆိုထားနဲ့ ရေရှည်အတွက် ထိန်းသိမ်းမှုမရှိဘဲ ကုန်ဆုံးသွားတာဖြစ်ပါတယ်။

ဒီတော့ သဘာဝအရင်း အမြစ်တွေဟာ ကျိန်စာအတိုက်ခံရတယ်ဆိုတာထက် ကောင်းချီးပေးခြင်းဖြစ်လာအောင် နိုင်ငံတွေအနေနဲ့ ဘာတွေများ လုပ်ဆောင်နိုင်ပါသလဲ။ တချို့ မူဝါဒတွေနဲ့ အခိုင်အမာအတွေးအခေါ်တွေဟာ စမ်းသပ်ခံရပြီး ကျဆုံးခဲ့ပါတယ်။ အဲဒီကျရှုံးခဲ့တဲ့အထဲမှာ ကမ္ဘာ့ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ ဈေးနှုန်းအတက်အကျ အပြောင်းအလဲတွေကို ဈေးနှုန်းထိန်းချုပ်မှု၊ ကုန်ပစ္စည်းတင်ပို့ခြင်းထိန်းချုပ်မှု၊ ဈေးကွက်ဘုတ်အဖွဲ့တွေနဲ့ ထိန်းချုပ်မှု စတဲ့မူဝါဒတွေလည်း ပါဝင်ပါတယ်။

ဒါပေမဲ့ အချို့နိုင်ငံတွေကလည်း အောင်မြင်ခဲ့ပါတယ်။ ဒီတော့ သူတို့ရဲ့ မဟာဗျူဟာတွေကို လစ်ဗျား၊ အီရတ်၊ ဂါနာ၊ မွန်ဂိုလီးယားနဲ့ အခြားနိုင်ငံတွေမှာလည်း အတုယူလုပ်ဆောင်နိုင်ပါတယ်။ အဲဒီနည်းလမ်းတွေထဲမှာ မက္ကစီကိုနိုင်ငံလို ရေနံဈေးကွက်များမှတစ်ဆင့် ရေနံတင်ပို့မှု ဝင်ငွေများကို တန်ဖိုးမလျော့အောင် ကာကွယ်ထားခြင်းပါဝင်သလို ချီလီနိုင်ငံလို ဘတ်ဂျက်စည်းမျဉ်းစည်းကမ်းတွေ စနစ်တကျတည်ဆောက်ခြင်း၊ ဒါမှမဟုတ် ဘော့ဆွာနာနိုင်ငံလိုအစိုးရချမ်းသာကြွယ်ဝမှုကို စီမံခန့်ခွဲဖို့ ပရော်ဖက်ရှင်နယ်မန်နေဂျာများကို အပ်နှင်းထားခြင်းမျိုးပါဝင်ပါတယ်။

တကယ်တော့ သယံဇာတပစ္စည်းတွေဟာ ကျိန်စာမဖြစ်သင့်ပါဘူး။ ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ အမွေအနှစ်တွေကိုနောင်လာမယ့်အနာဂတ်မျိုးဆက်တွေ ကောင်းစားရေးအတွက် စနစ်တကျ စီမံခန့်ခွဲရမှာပဲဖြစ်ပါတယ်။

*—Ref: Escaping the Oil Curse*

*By Jeffrey Frankel*

နီလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့



Photo - Reuters

# ဖိလစ်ပိုင်တောင်ပိုင်းတွင် မြေပြို လူ ၂၅ဦးသေဆုံး

**မနီလာ၊ ဇန်နဝါရီ - ၅**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း အသေးစား ရွှေတူးဖော်ရေးလုပ်ငန်းတစ်ခုတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ လူပေါင်းများစွာ မြေကြီးအောက်ရောက်ခဲ့ရပြီး အနည်းဆုံး ၂၅ ဦး သေဆုံးခဲ့ကြောင်းနှင့် ယင်းမတိုင်မီ ၎င်းတို့မိုင်း၏အထက်မှ တောင်ပြိုကျမည်မှာ သေချာသလောက်ရှိသည်ဟု အစိုးရ အရာရှိများက သတိပေးခဲ့ကြောင်း သိရသည်။

မြေပြိုမှုမှာ ယင်းဒေသရှိ နေထိုင်သူများ အိပ်ပျော်နေချိန် ည ၃ နာရီတွင် ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးကြောင်း အတည်ပြုပြီးသူများအပြင် နောက်ထပ် လူ ၁၀၀ ခန့်အပျက်အစီးများအောက် ရောက်နေသည်ဟု ခန့်မှန်းရကြောင်း ကွန်ပိုစတယ်လာခရိုင် အုပ်ချုပ်ရေးမှူး အာတာရီအွိုင်က ပြောကြားသည်။

အလောင်းများ တူးဖော်ရန်နှင့် အသက်ရှင်နေသူများအား ကယ်ဆယ်ရန် တပ်ဖွဲ့ဝင် ၁၂၀ သည် ယင်းဒေသသို့ဦးတည်ထွက်ခွာသွားပြီဖြစ်ကြောင်း ဖိလစ်ပိုင်စစ်တပ်မှ ဒုတိယဗိုလ်မှူးကြီး ကာမီလိုလီဂါယိုက ပြောသည်။

ပြီးခဲ့သည့်နှစ်ကပင် ယင်းဒေသအထက်ရှိ တောင်ကြောမှာ တည်ငြိမ်မှုမရှိဘဲ အချိန်မရွေး မြေပြိုမှုများဖြစ်ပေါ်လာနိုင်သည်ဟု ဘူမိဗေဒပညာရှင်များကပြောကြားသတိပေးခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် အတွင်းဝန် ရာမွန်ပါဂျီက ပြောကြားသည်။

—*Ref: AP*

# စင်ကာပူသမ္မတ လစာကို ၅၁ ရာခိုင်နှုန်းဖြတ်တောက်မည်



Photo - Getty Images

**စင်ကာပူ၊ ဇန်နဝါရီ - ၄**

ပြီးခဲ့သည့် ၂၀၁၀ တွင် စင်ကာပူသမ္မတ၏ နှစ်စဉ် လစာမှာ ဒေါ်လာ ၃,၁၆၇,၅၀၀ (သုံးသန်းတစ်သိန်းခြောက်သောင်းခုနစ်ထောင့်ငါးရာ)ရှိခဲ့သော်လည်း ယင်းသမ္မတလစာကို မကြာမီကာလအတွင်း ၅၁ ရာခိုင်နှုန်း ဖြတ်တောက်သွားရန် ရှိနေကြောင်း သိရသည်။

စင်ကာပူအစိုးရ၏ ဝန်ကြီးလစာများ ပြန်လည်သုံးသပ်ရေးကော်မတီ၏ အဆိုအရ ယင်းသို့ သမ္မတလစာကို ဖြတ်တောက်ရန် အစီအစဉ်ရှိကြောင်း သိရခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံတွင် သမ္မတမှာ နိုင်ငံအကြီးအကဲဖြစ်သော်လည်း ဝန်ကြီးချုပ်ကဲ့သို့ အာဏာမရှိပေ။ ဝန်ကြီးချုပ်ကသာ နိုင်ငံတော်မူဝါဒများချမှတ်ခြင်း၊ တိုင်းပြည်အုပ်ချုပ်ရေးအတွက် တိုက်ရိုက်တာဝန်ခံခြင်းများ ပြုလုပ်ရသည်။

ထို့ကြောင့် အစိုးရ၏ လစာသုံးသပ်ရေးကော်မတီက သမ္မတလစာကို ဝန်ကြီးချုပ်လစာနှင့် ထပ်တူသာ ပေးရန် နှစ်ပြည့်ဆုကြေးနှင့် နှစ်စဉ် အပိုထောက်ပံ့မှုများပေးရန်၊ သို့သော် စွမ်းဆောင်ရည်ဆုကြေး (Performance Bonus)နှင့် နိုင်ငံတော်ဆုကြေး (National Bonus)တို့ မပေးဘဲ ဖြတ်တောက်ရန် ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် စင်ကာပူသမ္မတသည် ယခုနှစ်တွင် နှစ်စဉ် လစာ ဒေါ်လာ ၁,၅၄၀,၀၀၀ သာရရှိမည်ဖြစ်ပြီး ၂၀၁၀ နှစ်ကုန်တွင် ရခဲ့သည့် တစ်နှစ်တာ လစာထက် ၁,၆၂၇,၅၀၀ ဒေါ်လာလျော့နည်းမည်ဖြစ်သည်။ ထို့ပြင် ၎င်း၏ စုစုပေါင်း တစ်နှစ်တာ လစာမှာ အသစ်ပြင်ဆင်လိုက်သည့်စနစ်အရ တစ်နှစ်လျှင် ဒေါ်လာ ၂ ဒသမ ၂သန်းရရှိမည့် ဝန်ကြီးချုပ်တစ်နှစ်တာ လစာ၏ ၇၀ ရာခိုင်နှုန်းသာ ရရှိမည်ဖြစ်သည်။

လစာကော်မတီ၏ထုတ်ပြန်ချက်အရ ၂၀၁၀ တွင် စင်ကာပူဝန်ကြီးချုပ်၏ တစ်နှစ်တာ လစာမှာ ဒေါ်လာ ၃,၀၇၂,၂၀၀ ဖြစ်ကြောင်းသိရသည်။ လက်ရှိသမ္မတ မစ္စတာတိုနီတန်သည် အစိုးရကခန့်အပ်သော လစာကော်မတီ၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ကြောင်း ပြီးခဲ့သည့်သြဂုတ်လက သမ္မတရာထူး မရမီကပင် ပြောကြားခဲ့ပြီးဖြစ်သည်။

—*Ref: CNA*



# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 50,560 |
| Intel P4 Core i3 3.3 GHz (1155,2120) Processor | 96,380 |
| Intel P4 Core i5 2.8 GHz (1155,2300) Processor | 139,830 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 160,370 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 235,420 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 48,190 |
| MSI PH61A-P35 (B3) | 78,210 |
| ASUS P5G41T-MLX (775) | 48,980 |
| ASUS P8H61-MLX Plus (1155) | 62,410 |
| ASUS P8H67MLE (1155) | 90,850 |
| Gigabyte G41MT-S2(775) | 48,980 |
| Gigabyte P61-USB3 (B3) (1155) | 86,110 |
| Gigabyte H61M-S2 (B3) (1155) | 71,100 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 37,920 |
| 1 GB DDR2 (800) Kingston | 13,430 |
| 2 GB DDR2 (800) Kingston | 20,540 |
| 4 GB DDR3 (1333) Kingston | 17,380 |
| **Harddisk** | |
| 500 GB Seagate SATA | 70,310 |
| 1000 TB Seagate SATA | 94,800 |
| 2 TB Seagate SATA | 110,600 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 38,710 |
| MSI N430GT 1GB PCI Express Card | 65,570 |
| MSI N430GT 2GB PCI Express Card | 69,520 |
| ASUS ENGTX520 1GB PCI Express Card | 48,980 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 60,040 |
| ASUS EHA 6670 Formula 1GB DDR5 PCI Express Card | 90,850 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 40,290 |
| Gigabyte Geforce N430 OC 1GB PCI Express Card | 69,520 |
| **Memory Stick** | |
| Toshiba 4 GB | 6,500 |
| Apacer 4 GB | 7,500 |
| Sony 8 GB | 12,500 |
| Kingston 8 GB | 7,000 |
| **UPS** | |
| Numeric (600 VA) UPS | 31,600 |
| Numeric (1000 VA) UPS | 63,200 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 31,600 |
| East (1.2KVA) UPS | 59,250 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,400 |
| Liteon 8X Blu-ray Disc Combo | 112,000 |
| Liteon DVD Writer (SATA) | 24,000 |
| **အိတ်ဆောင်တီပီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဇန်နဝါရီ(၇) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၇)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၆၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၃,၆၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၄၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၂၉၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၇)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၀,၀၀၀ |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၃၅၀-၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပိန်း) | ၁ ပိဿာ | ၄,၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ(၇)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၅၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀- ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၃,၃၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၉၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀-၂,၁၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၆၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၇၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၈၀၀ |

ဇန်နဝါရီ (၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၁၅၀ |
| ဆပ်ဖ် | ၉၇ | ၆ဂ | ၃၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၁၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၀၀ |
| မတ်တူး | ၉၉ | ၆ဂ | ၃၀၀ စွန်းစွန်း |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆ဂ | ၃၅၀ |
| ပါဂျဲရို | ၉၇ | ၆ဂ | ၄၂၀ |

ဇန်နဝါရီ(၇)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Jan (1) | Jan (2) | Jan (3) | Jan (4) | Jan (5) | Jan (6) | Jan (7) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

Environment

7 DAY NEWS JOURNAL

Vol.10, No.43 · JANUARY 12, 2012

# ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း အခြေခံအဆောက်အအုံများအတွက် အီတာလျံထိုင်းကုမ္ပဏီက ၂၀၁၂ တွင် ၁၂ ဘီလီယံ ကျော်သုံးမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း တည်ဆောက်မှုအတွက် ယခုနှစ်တွင် အီတာလျံ-ထိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီက အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံသုံးစွဲရန် ဘဏ္ဍာရေးဆိုင်ရာ အစီအမံများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက်ထုတ် ထိုင်းနိုင်ငံဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ကားလမ်းနှင့် ဆိပ်ကမ်း တည်ဆောက်ရေးအတွက်အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ၊ မီးရထားလမ်းတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ၊ လျှပ်စစ်ဓာတ်အား ၄၀၀၀မီဂါဝပ်ထုတ်ယူမည့်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား စက်ရုံအတွက် အမေရိကန်ဒေါ်လာခုနစ်ဘီလီယံသုံးစွဲသွားမည်ဟု အဆိုပါ သတင်းတွင် ဖော်ပြထားသည်။ ဆိပ်ကမ်းနှင့် ကားလမ်း တည်ဆောက်ရေးအတွက် ငွေထုတ်ချေးရန် ဂျပန်ဘဏ်နှင့် တရုတ်ငွေချေးသူများက စိတ်ဝင်တစား ဆွေးနွေးမှုများရှိကြောင်း ယင်းကုမ္ပဏီဥက္ကဋ္ဌ Premchai Karnasuta ၏ပြောကြားမှုကို ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။



**ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်မည့်မြေနေရာ** ဓာတ်ပုံ-နေလင်းထွန်း

အီတာလျံ ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီက မြန်မာအစိုးရထံ ထားဝယ်တွင် ရိုင် (Rai) ပေါင်း ၁၆၀၀,၀၀၀ (တစ်မိုင်လျှင် ၂ ဒသမ ၅၆ ဧကေ) ၇၅ နှစ် လုပ်ပိုင်ခွင့်ရထားသည်။ အီတာလျံ ထိုင်းဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက ယခုနှစ် အတွင်း ၎င်းတို့ လုပ်ပိုင်ခွင့်ရသော မြေဧရိယာ၏ ၅၀,၀၀၀ rai (one rai= 2.56 ဧက) သို့မဟုတ် ၃၀ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံသူများကို ရောင်းချမည်ဖြစ်သည်။

ယင်းမြေဧရိယာ၏အကောင်အထည်ဖော်မည့်စီမံကိန်းမှ ရေနံနှင့်သဘာဝဓာတ်ငွေ့စက်ရုံ(၈၇၀၀ rai)၊ ရေနက်ဆိပ်ကမ်း (၆၁၀၀ rai)၊ သံမဏိစက်ရုံ(၁၃၇၅၀ rai)၊ ရေနံဓာတုစက်ရုံ (၁၇၂၂ rai)၊ ဓာတ်မြေဩဇာ စက်ရုံ (၂၄၀၀ rai)၊ စွမ်းအင်စက်ရုံ (၂၃၀၀ rai) ဆောက်လုပ်ရန် လျာထားသည်။

သံမဏိစက်ရုံတွင် ရင်းနှီးမြှုပ်နှံရန် ဂျပန်နှင့်တရုတ်နိုင်ငံမှ အီတာလျံထိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီက လာရောက်ဆွေးနွေးမှုများ ရှိကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

## မြန်မာနိုင်ငံကို REDD နှင့် ကိုက်ညီသော နိုင်ငံအဖြစ် အသိအမှတ်ပြု

**အိဖြူမွန်** **ရန်ကုန်၊ ဇန်နဝါရီ-၅**

ကုလသမဂ္ဂလက်အောက်ခံ UN REDD အစီအစဉ်က မြန်မာနိုင်ငံအား သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအဆင့်အတန်းနိမ့်ကျသော သစ်တောများထိန်းသိမ်းခြင်းဖြင့် ကာဗွန်လျှော့ချသော နည်းလမ်း REDD နှင့် ကိုက်ညီသောနိုင်ငံအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် နီးစပ်သော ပုဂ္ဂိုလ်များထံမှ သတင်းရရှိသည်။

UN-REDD အစီအစဉ်က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောကြွယ်ဝသော တောကောင်းသော နိုင်ငံများအား အဖွဲ့ဝင်အဖြစ် သတ်မှတ်လေ့ရှိသည်။ အဖွဲ့ဝင်ပေါင်း ၃၆ နိုင်ငံရှိပြီး အာရှပစိဖိတ်၊ လက်တင်အမေရိက၊ အာဖရိကမှ နိုင်ငံအများစုပါဝင်သည်။ ထိုသို့အသိအမှတ်ပြုခံရခြင်းမှာအာဆီယံနိုင်ငံများအဖွဲ့တွင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့ပြီးလျှင် မြန်မာနိုင်ငံသည် ငါးနိုင်ငံမြောက်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံဖြစ်လာခြင်းကြောင့် REDD နည်းလမ်းအကောင်အထည်ဖော်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ၊ ကူညီထောက်ပံ့ငွေများ၊ သတင်းအချက်အလက်များရလာနိုင်ကြောင်း REDD နည်းလမ်းအား ကျွမ်းကျင်နားလည်သူတစ်ဦးက ပြောသည်။ "UN-REDD အဖွဲ့ကပေးတဲ့ Capacity တွေရနိုင်တယ်။ အဓိက နည်းပညာတွေရနိုင်တယ်။ ကိုယ့်အစီအစဉ်နဲ့ REDDအကောင်အထည်ဖော်ရင်တောင် ငွေကြေးထောက်ပံ့မှုတွေရနိုင်တယ်။ အခု UNDP က တစ်ဆင့်UN-REDD က ကိုယ့်အစီအစဉ်နဲ့ လုပ်တဲ့အစည်းအဝေးပွဲတွေတောင် ဖိတ်နေပြီ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မြန်မာနိုင်ငံအားUN-REDDက ၂၀၁၁ ဒီဇင်ဘာတတိယပတ်တွင် အသိအမှတ်ပြုအဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ယင်းအသိအမှတ်ပြုအဆိုပြုလွှာကို UNDP က ဦးဆောင်၍ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးရုံးခွင့်ပြုချက်ဖြင့် အဆိုပြုလွှာတင်ခြင်းဖြစ်သည်။ နိုဝင်ဘာလတွင် UN-REDDအဖွဲ့ အသိအမှတ်ပြုမည့်သတင်းများထွက်ပေါ်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာတတိယပတ်တွင် တရားဝင်အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။ UN-REDD အစီအစဉ်ကို ဥရောပနှင့်အမေရိကတိုက်နိုင်ငံများက အဓိကငွေကြေးထောက်ပံ့မှုပေးသည်။ယင်းနိုင်ငံများအနက် နော်ဝေနိုင်ငံသည် ကူညီထောက်ပံ့မှုအများဆုံးပေးသောနိုင်ငံဖြစ်သည်။

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက သစ်တောရေးရာ မူဝါဒအသစ်များကို အကောင်အထည်ဖော်ရန်မျှော်လင့်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၃**

ဦးစီးဌာန အသစ်တစ်ခုအနေဖြင့် မကြာမီပေါ်ထွက်လာမည်ဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနကယခင်သစ်တောရေးရာမူဝါဒများအပြင် အသစ်များကိုပါ အကောင်အထည်ဖော်ရန် မျှော်လင့်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ပြောသည်။

၂၀၁၁ ဒီဇင်ဘာ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသောပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက မကြာမီ အသစ်ဖွဲ့စည်းမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက လုပ်ဆောင်သွားမည့်သတင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ အထက်ပါပုဂ္ဂိုလ်အချို့က သုံးသပ်ပြောကြားခြင်းဖြစ်သည်။

"ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ၃၀ ရာခိုင်နှုန်းထိန်းမယ်ဆိုတာက နဂိုကတည်းက ရည်မှန်းချက်ပဲလေ။ သစ်ထုတ်တာကို တစ်နှစ်ထက်တစ်နှစ် လျှော့ထုတ်လုပ်မယ်ဆိုတာကလည်း အရင်က ရည်မှန်းချက်ပဲ။ နောက်ထပ် ရည်မှန်းချက်အသစ်တွေလုပ်ဖို့ မျှော်လင့်ပါတယ်။ ဥပမာ - CF (Community Forest) ကို ပြန့်ပွားအောင်ဘယ်လိုလုပ်မလဲလို့။ နောက်ထပ်အသစ်ထွက်လာမယ့် ဥပဒေကို ဗီဗီပြင်ပြင်ထိန်းသိမ်းဖို့ ဘယ်လိုလုပ်မလဲဆိုတာမျိုးကို ဦးစားပေးလုပ်သင့်တယ်"ဟု သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းမှ ဥက္ကဋ္ဌ ဦးအုန်းက ပြောသည်။ ၁၉၉၅ ခုနှစ်သစ်တောမူဝါဒထုတ်ပြန်ချက်တွင်သစ်တောဖုံးလွှမ်းမှုကောင်းသော နေရာများကို သစ်ထုတ်လုပ်ခြင်းနှင့် သစ်တောသုံးစွဲမှုစနစ်တကျဖြစ်စေရေးအတွက် တစ်နိုင်ငံလုံး သစ်တောဖုံး လွှမ်းမှုဧရိယာ၏ ၃၀ ရာခိုင်နှုန်းပြည့်အောင်ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအဖြစ် နှစ်သုံးဆယ်အတွင်း နှစ်အလိုက်တိုး၍ လုပ်ဆောင်သွားရန် သတ်မှတ်ခဲ့သည်။

"နဂိုကတည်းကလုပ်မယ်ဆိုတဲ့ ရည်မှန်းချက်ပဲ။ ပြတ်ပြတ်သားသားဆောင်ရွက်မယ့်Action Plan တွေကို အောင်မြင်အောင် လေ့လာဆန်းစစ်မှုတွေ လုပ်ဖို့ လိုတယ်" ဟု မြန်မာနိုင်ငံ ငှက်ဝါသနာရှင်အသင်းမှ ဥက္ကဋ္ဌ ဦးစိုးညွှန့်ကပြောသည်။

ယခုအသစ်ဖွဲ့စည်းမည့် ဦးစီးဌာနအသစ် တာဝန်ယူထမ်းဆောင်မည့်သူများသည် (၂၀၁၁ ခုနှစ်) တွင် ဖျက်သိမ်းခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင် (NCEA) မှ ဝန်ထမ်းဟောင်းများ ပြန်လည်ခန့်အပ်ရန်အလားအလာရှိပြီး လုပ်ဆောင်မည့် ရည်မှန်းချက်စီမံကိန်းများသည်လည်း မူလလုပ်ဆောင်ထားသော အရာများသာဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင်သစ်တောရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် (FAO) အက်ဖ်အေအို ထုတ်ပြန်ချက် ၂၀၁၀ စာရင်းအရ ၅၂ ရာခိုင်နှုန်း ရှိသည်။ ၁၉၉၅ ခုနှစ်က ထုတ်ပြန်ခဲ့သော သစ်တောမူဝါဒရေးရာ ရည်မှန်းချက်ကို ဆောင်ရွက်ခဲ့ရာ မူလရည်မှန်းချက်ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော(၃၀ ရာခိုင်နှုန်း)အနက် (၂၆ ဒသမ ၄ ရာခိုင်နှုန်း)ပြီးစီးပြီဖြစ်ကြောင်း ဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မတ်လစာရင်းဇယားများတွင် ဖော်ပြထားသည်။

**Environment Cartoon**





Tourism
7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# နာဂပွဲတော်ကို လေရှီးမြို့တွင် ဇန်နဝါရီ ၁၅ ရက် ကျင်းပမည်

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ-၅

ယခုနှစ်တွင်ကျင်းပမည့်နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့၌ ဇန်နဝါရီလ ၁၅ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက သတင်းထုတ်ပြန်သည်။

အဆိုပါ ရိုးရာပွဲသို့ သွားရောက်လိုသော နိုင်ငံခြားသား ခရီးသွားများအနေဖြင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ၁,၅၀၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်းမြန်မာနိုင်ငံခရီး သွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုနှစ်တွင်ကျင်းပမည့် ပွဲတော်သို့ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း တက်ရောက်ရန်ရှိကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းအထွေထွေအတွင်းရေးမှူး ဦးတင်ထွန်းအောင်ကပြောသည်။အဆိုပါခရီးစဉ်အား ရန်ကုန်မြို့မှ ဟုမ္မလင်းမြို့သို့ လေယာဉ်ဖြင့် သွားရောက်မည်ဖြစ်သည်။ ဟုမ္မလင်းမှ တစ်ဆင့် ထမံသီသို့ ရေယာဉ်ဖြင့် သွားရောက်မည်ဖြစ်ပြီးထမံသီမှ၄၁မိုင်ဝေးသော လေရှီးမြို့သို့ မော်တော်ယာဉ်ဖြင့် သွားရောက်မည်ဖြစ်သည်။

ထို့အပြင် လားဟူနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီလ ၂၄ ရက်တွင် ကျိုင်းတုံမြို့၌ ကျင်းပမည်ဖြစ်ပြီး ထိုပွဲတော်သို့နှင့် လီရှော တိုင်းရင်းသားများပါ လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



နာဂပွဲတော်မှ ရိုးရာအကဖြင့် ဖျော်ဖြေနေသော နာဂလုံမျိုးပြုများ ဓာတ်ပုံ - AFP

## ရသေ့တောင် ဗုဒ္ဓခြေတော်ရာ ဘုရားပွဲတော်ကျင်းပ

မာန်ယုကျော်

ရသေ့တောင်၊ ဇန်နဝါရီ-၂

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် မုန်စဲကျွန်းရှိမြစ်ကမ်း၌တည်ရှိသော ဗုဒ္ဓခြေတော်ရာဘုရားပွဲတော်ကို ယခုလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဘုရားပွဲတော်ကိုပြည်တွင်းပြည်ပသာသနာပြုကျေးဇူးတော် အရှင်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်တော်ဆရာတော် ဘဒ္ဒန္တအရိယဝံသက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဇန်နဝါရီလ ၆ ရက်မှ ၈ ရက် (ပြာသိုလဆန်း ၁၃ ရက်မှ ပြာသိုလပြည့်နေ့အထိ) ၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ပွဲတော်ရက်များအတွင်း ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်(၁၀၈)ပါးအားလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများအဖြစ်ရခိုင်ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ အကအလှမျိုး၊ ဇာတ်သဘင်များ ပါဝင်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ယခုကျင်းပမည့် ဗုဒ္ဓခြေတော်ရာမှာ ရသေ့တောင်မြို့နယ်၊ မုန်စဲကျွန်းရှိ နမ္မဒါမြစ်ကမ်းတွင်တည်ရှိပြီး စစ်တွေ-ဘူးသီးတောင် ရေကြောင်းခရီးလမ်း၌ ကျရောက်လျက်ရှိသည်။ စစ်တွေနှင့် ဘူးသီးတောင်သို့အစုန်၊ အဆန်ပြေးဆွဲ ပေးနေကြသည့် သင်္ဘောများသည် အဆိုပါဗုဒ္ဓခြေတော်ရာဘုရားတည်ရှိရာ ဆိပ်ကမ်းသို့ ယခုကဲ့သို့ပွင့်လင်းရာသီ စနေ၊ တနင်္ဂနွေရက်များတွင် ဆိုက်ကပ်တတ်ပြီး မိုးရာသီတွင်မူ လှိုင်းလေများကြောင့် ဆိုက်ကပ်ပေးနိုင်ခြင်း မရှိကြောင်း သိရသည်။

# ငပလီသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုတိုး

ပိုင်စိုး

သံတွဲ၊ ဇန်နဝါရီ-၂

၂၀၁၁ ခုခရီးသွားရာသီက ငပလီကမ်းခြေသို့ ဧည့်သည်ဝင်ရောက်မှုမှာ ယမန်နှစ်ကထက် ၃၀ ရာခိုင်နှုန်းခန့် တိုးလာကြောင်း ငပလီကမ်းခြေဟိုတယ်များမှ စုံစမ်းသိရသည်။

ယမန်နှစ်က ဒေါ်လာဈေးကျဆင်းမှုကြောင့် ဟိုတယ်အများစုတွင် အခန်းခနှင့် ဝန်ဆောင်ခများကို ၃၀ရာခိုင်နှုန်းထိ တိုးမြှင့်သတ်မှတ်ခဲ့သော်လည်း ဧည့်သည်ဝင်ရောက်မှုများသောကြောင့် အခန်းခဈေးနှုန်းမြင့်နေခြင်းသည် ပြဿနာမဟုတ်ကြောင်း ငပလီကမ်းခြေဟိုတယ်ဇုန်ဥက္ကဋ္ဌ ဦးကျော်စွာမောင်မောင်က ပြောသည်။ "ဧည့်သည်မလာခင်ကတော့ ဈေးနှုန်းအကြောင်းပြောကြတာပဲ။ ခုဧည့်သည်တွေ အဝင်များလာတော့ ဒါက အဓိကမကျတော့ဘူး။ အခန်းရဖို့ပဲ အဓိကကျတော့တယ်" ဟု ၎င်းကပြောသည်။

ဟိုတယ်လုပ်ငန်းများပြန်လည်လည်ပတ်သည့် အောက်တိုဘာလတွင် ဧည့်သည်ဝင်ရောက်မှုနည်းခဲ့သော်လည်း နိုဝင်ဘာလမှစ၍ ယခုအချိန်ထိ ဧည့်သည်ရရှိမှုမှာ ယမန်နှစ်ကထက်စာလျှင် ၂၀ မှ ၃၀ ရာခိုင်နှုန်းထိ ပိုများလာကြောင်း သိရသည်။ ငပလီကမ်းခြေဟိုတယ်များသည် နိုင်ငံခြားသားဧည့်သည်အများစုလာရောက်ကြ၍ ကမ်းခြေလုံခြုံရေးကို ပိုမိုဂရုစိုက်ရန်လည်း လိုအပ်ကြောင်း ဟိုတယ်ဇုန်ဥက္ကဋ္ဌက ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၅ရက်၊ ခရစ္စမတ်နေ့က သံတွဲဒေသခံအများအပြားသည် ငပလီကမ်းခြေသို့ အပန်းဖြေသွားရောက်ခဲ့ကြပြီး ဟိုတယ်ဝန်းကျင်ကမ်းခြေတွင် ဆိုင်ကယ်စီးလာသော လူငယ်တစ်ဦးနှင့် ဟိုတယ်လုံခြုံရေးဝန်ထမ်းတစ်ဦးတို့၏ ဖြစ်ရပ်ကိုရည်ညွှန်း၍ ၎င်းက ပြောခဲ့ခြင်းဖြစ်သည်။ ဒေသခံလူငယ်တစ်ဦးသည် ဟိုတယ်တစ်ခု၏ ရှေ့ဘက်ကမ်းခြေသို့ဆိုင်ကယ်စီးနင်းဝင်ရောက်ခဲ့ရာ လုံခြုံရေးဝန်ထမ်းက တားမြစ်ခဲ့ရာတွင် မကျေနပ်၍ ထိုလူငယ်က အဖော်များနှင့်အတူ ၎င်းဝန်ထမ်းအား ရိုက်နှက်ခဲ့ကြောင်း သတင်းရရှိသည်။

ဟိုတယ်ဇုန်ကမ်းခြေတွင် ဆိုင်ကယ်စီးနင်းခြင်းမပြုရန်ဒေသ အာဏာပိုင်များက အမိန့်ထုတ်ထားသည်ဟု ဟိုတယ်များမှ တာဝန်ခံများကပြောသော်လည်း သံတွဲဒေသခံအများစုက မသိရှိဟု ဆိုသည်။

လင်းသာရွာရှိကမ်းခြေတွင်မူ ဒေသခံများလည်း ဆိုင်ကယ်မစီးကြကြောင်းနှင့် ဧည့်သည်များ ဆိုင်ကယ်ငှားရမ်းပါကလည်းကမ်းခြေတွင်မစီးရန် ကြိုတင်မှာကြားကြောင်း Amata ဟိုတယ်မှ မန်နေဂျာတစ်ဦးက ပြောသည်။

နိုင်ငံခြားသား ဧည့်သည်တစ်ဦးအား ဆိုင်ကယ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ဖူးကြောင်း ဟိုတယ်ဇုန်ဥက္ကဋ္ဌက ပြောသည်။ "တကယ်တော့ ဒီဒေသဟာ အစစအရာရာ အေးချမ်းပါတယ်။ ဒီလိုမတော်တဆမှု အန္တရာယ်ဖြစ်ခဲ့ရင်တော့ အားလုံးအတွက် မကောင်းဘူးပေါ့"ဟု ၎င်းကပြောသည်။

ယခုကဲ့သို့ဖြစ်ရပ်များကြောင့် ကမ်းခြေလုံခြုံရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများ အနေဖြင့် ပညာပေးခြင်း၊ အရေးယူခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ပြုလုပ်သင့်ကြောင်း အဆိုပါဟိုတယ်မန်နေဂျာက ပြောသည်။

## ချောင်းသာကမ်းခြေတွင် အမြန်ရေယာဉ် ငှားရမ်းနိုင်

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ-၇

ချောင်းသာကမ်းခြေတွင် ပင်လယ်ပြင်သို့သွားရောက်လည်ပတ်နိုင်သော စပိဘုတ်(အမြန်ရေယာဉ်)များငှားရမ်းပေးနေပြီဖြစ်ကြောင်း ရွှေဟသ်ာဟိုတယ်တာဝန်ခံကိုလှိုင်မွန်က ပြောသည်။

"၁၂ ယောက်စီး၊ ၈ ယောက်စီး၊ ၆ ယောက်စီးနဲ့ ၄ ယောက်စီးတစ်စီးစီရှိပါတယ်။ တစ်နာရီကို ကျပ်ခုနစ်သောင်းနဲ့ငှားပေးနေပါတယ်" ဟု ကိုလှိုင်မွန်က ဆိုသည်။ အဆိုပါစပိဘုတ်များအားဖိုက်ဘာဖြင့် ပြုလုပ်ထားပြီး ယမဟာစက်တပ်ဆင်ထားကာ တစ်နာရီလျှင် ရေမိုင် ၄၀ ကျော်မောင်းနှင်နိုင်ကြောင်း သိရှိရသည်။

ထိုစပိဘုတ်များဖြင့် ငွေဆောင်ကမ်းခြေသို့ သွားရောက်ပါက မိနစ် ၂၀ ခန့်သာကြာမြင့်ပြီး သဲဖြူကျွန်းနှင့်အပါအဝင် အခြားသောနေရာများကိုလည်း သွားရောက်လည်ပတ်နိုင်သည်။




ချောင်းသာကမ်းခြေမှ အပန်းဖြေနေကြသူများ

ODYSSEY
Travels & Tours Co., Ltd.
Domestic & International Air Ticketing
ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်
Call us to fly....
- Quick Services
- Home Delivery
Yangon Office
Ph: (+ 951) 373199, 240545, (+ 959) 73187799, 73197799, Fax: (+ 951) 240545
Mandalay Office
Ph : (+952) 21212, (+959) 43103822, (+959) 2007250, Fax : (+952) 21212

7DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

## The Cartoon Logo





















7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ၂၀၁၁ အတွင်း ကမ္ဘောဒီးယားတွင် တုပ်ကွေးကြောင့် ကလေးငယ် ၇၂ဦး သေဆုံးခဲ့

**ဖနွမ်းပင်၊ ဇန်နဝါရီ – ၃**

ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ ပြီးခဲ့သည့် ၂၀၁၁ အတွင်း တုပ်ကွေးရောဂါကြောင့် သေဆုံးရသည့် ကလေးငယ် အနည်းဆုံး ၇၂ဦးရှိခဲ့ကြောင်းသိရသည်။

ယင်းဌာန၏ အစီရင်ခံစာတစ်ခုတွင် ၂၀၁၀ ၌ တုပ်ကွေးရောဂါကြောင့်သေဆုံးသူကလေး ၃၈ဦးသာရှိခဲ့ရာ ၂၀၁၁ တွင် ၈၉ ရာခိုင်နှုန်းတိုးကာ သေဆုံးသူ ၇၂ ဦးအထိ ရှိလာခြင်းဖြစ်ကြောင်းသိရသည်။ ထို့ပြင် မှတ်တမ်းများအရ ၂၀၁၁ တွင် တုပ်ကွေးရောဂါဖြစ်ပွားမှုပေါင်း ၁၅,၈၀၅ မှုရှိခဲ့ကာ ၂၀၁၀ တွင် ၁၂,၅၀၀ မှုဖြစ်ပွားခဲ့သည်နှင့်ယှဉ်ပါက ၂၆ ရာခိုင်နှုန်းပိုတိုးလာကြောင်းသိရသည်။


ကျန်းမာရေးဝန်ကြီးဌာနမှ တုပ်ကွေးရောဂါထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူး အန်ဂန်ချန်သာက "တုပ်ကွေးရောဂါဟာ သုံးနှစ်ကနေ ငါးနှစ်တာကာလအတွင်းမှာ ကြီးကြီးမားမားအတိုင်းအတာနဲ့ ဖြစ်ပေါ်တတ်ပါတယ်။ ၂၀၁၁ ကတော့ အများကြီးဖြစ်ခဲ့တဲ့နှစ်ပါပဲ။ ဒါကြောင့် ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုနှုန်းဟာ နှစ်ဆနီးပါးလောက် မြင့်တက်ခဲ့တာဖြစ်ပါတယ်"ဟုပြောသည်။

၎င်းက နိုင်ငံ၏ ပြည်နယ်အများစုတွင် ပြီးခဲ့သည့်နှစ် ဩဂုတ်နှင့်အောက်တိုဘာလအတွင်း ကာလကြာမြင့်စွာ ရေကြီးရေလျှံမှုများကြောင့် တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း ပိုမိုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံသည် တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် တစ်နှစ်လျှင် ကန်ဒေါ်လာခုနစ်သန်းခန့်သုံးစွဲနေရသည်။ ယင်းနိုင်ငံတွင် မိုးရာသီစတင်သည့်မေလမှအောက်တိုဘာလအထိ ကာလမှာ ပုံမှန်အားဖြင့် တုပ်ကွေးရောဂါ စတင်ဖြစ်ပွားတတ်သောကာလဖြစ်သည်။

—*Ref: Xinhua*



## အိန္ဒိယပြည်နယ်တစ်ခု ကျားမျိုးစိတ်ထိန်းသိမ်းရေး ကွန်မန်ဒိုတပ်ဖွဲ့ ဖွဲ့စည်း

**နယူးဒေလီ၊ ဇန်နဝါရီ – ၄**

အိန္ဒိယနိုင်ငံတောင်ပိုင်းမှ ကာနက်တကပြည်နယ်သည် ၎င်း၏ သစ်တောများအတွင်း မုဆိုးများနှင့် မှောင်ခိုသမားများ၏ အန္တရာယ်မှ ကျားမျိုးစိတ်များကိုကာကွယ်ရန် အထူးကွန်မန်ဒိုတပ်ဖွဲ့တစ်ဖွဲ့ဖွဲ့စည်းထားသည့် ပထမဆုံးပြည်နယ်ဖြစ်လာသည်။

အင်ဒိုအေးရှင်းသတင်းအဆိုအရကာနက်တကပြည်နယ်သည် ကျားမျိုးစိတ်ထိန်းသိမ်းကာကွယ်ရေး ကွန်မန်ဒိုတပ်ဖွဲ့ကို တပ်ဖွဲ့ဝင် ၅၇ဦးဖြင့် ဖွဲ့စည်းထားပြီး ကာနက်တကနှင့် တမီးလ်နာဒူးပြည်နယ် နယ်စပ်မှ ဘန်ဒီပူရ်နှင့်နာဂါဟိုးအမျိုးသားဥယျာဉ်များမှ ကျားရိုင်းထိန်းသိမ်းရာနေရာများတွင် ချထားမည်ဖြစ်သည်။

အဆိုပါကျားမျိုးစိတ် အထူးထိန်းသိမ်းရေးတပ်ဖွဲ့ကို သစ်တောထိန်းသိမ်းရေးအရာရှိ ၁၄ ဦးနှင့် လူငယ်တောခေါင်း ၄၀ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ တောနက်ထဲတွင် ရှင်သန်နေထိုင်ရေးနှင့် လက်နက်မျိုးစုံ အသုံးပြုတတ်ရေးအတွက် ပြည်နယ်ရဲသင်တန်းကျောင်း၌ သုံးလကြာ သင်တန်းပေးထားသည်ဟုသိရသည်။

—*Ref: Xinhua*

## ကိုရီးယားဇာတ်လမ်းများ ထုတ်လွှင့်မှုလျှော့ချရန် တရုတ်တိုင်ပေအာဏာပိုင်များ တိုက်တွန်း

**တိုင်ပေ၊ ဇန်နဝါရီ – ၄**

တရုတ်တိုင်ပေ မီဒီယာထိန်းသိမ်းရေးအဖွဲ့ဖြစ်သည့် အမျိုးသားဆက်သွယ်ရေးကော်မရှင်(NCC)သည် တိုင်ပေတွင် ထုတ်လွှင့်နေသော ရုပ်သံအစီအစဉ်များ၌ ကိုရီးယားဇာတ်လမ်းများ ထုတ်လွှင့်မှုလျှော့ချကာ ပြည်တွင်းရုပ်သံရှိုးများဦးစားပေးတင်ဆက်ရန် တိုက်တွန်းထားကြောင်းသိရသည်။

NCC ၏ ပထမဆုံး တိုက်တွန်းမှုကို ဒေသခံ ဂျီတီဗီရုပ်သံကရရှိခဲ့ပြီး ထိုရုပ်သံလိုင်းသည် ကိုရီးယားဒရာမာဇာတ်လမ်းတွဲများ အဓိကထုတ်လွှင့်နေသောလိုင်းဖြစ်သည်။ ဂျီတီဗီကလည်း လာမည့် ဇွန်လမှစ၍ ကိုရီးယားကားများထုတ်လွှင့်မှုပမာဏလျှော့ချပြီး ပြည်တွင်းရုပ်သံအစီအစဉ်များ အစားထိုးပေးသွားမည်ဟု ဆိုထားသည်။ NCC သည် ယခင်ကလည်း ဂျီတီဗီအား ကိုရီးယားဒရာမာမဟုတ်သော တိုင်ပေကားများပြသရန် နေ့စဉ် ညနေ ၆ နာရီမှ ၁၂ နာရီကြား အနည်းဆုံး တိုင်ပေရုပ်သံအစီအစဉ်များကို တစ်နာရီခန့်ပြသရန် တိုက်တွန်းခဲ့ဖူးသည်။

ယခုနှစ်များအတွင်း အာရှနိုင်ငံများတွင် ကိုရီးယားဇာတ်လမ်းတွဲများနှင့် ပေါ့ပ်ဂီတအဖွဲ့များ လူကြိုက်များလာခဲ့ပြီး နိုင်ငံများစွာ၏ ရုပ်သံအစီအစဉ်များတွင်လည်း ၎င်းတို့က လွှမ်းမိုးနိုင်ခဲ့သည်။ သို့ရာတွင် ကိုရီးယားဇာတ်လမ်းများကို အလွန်အမင်းပြသနေခြင်းအပေါ် ကန့်ကွက်မှုများလည်း ထွက်ပေါ်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လက ဂျပန်နိုင်ငံတွင် ရုပ်သံပရိသတ်အချို့သည် ဒေသခံ ဖူဂျီတီဗီလိုင်း၌ ကိုရီးယားဒရာမာကားများချည်း ပြသနေမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့ဖူးသည်။

—*Ref: CNA*

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012



## Leader's Profile

# စပိန်ဝန်ကြီးချုပ်သစ်
# မာရီယာနို ရာဟွိုင်း

ရဲမင်း

မာရီယာနို ရာဟွိုင်းဘရေးသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် စပိန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သူဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်းဟိုဆေးမာရီယာအက်ဇနာလက်ထက်ကပင်စပိန်အစိုးရအဖွဲ့တွင် ပါဝင်လာခဲ့ပြီး အတိုက်အခံခေါင်းဆောင်အဖြစ်လည်း ရပ်တည်ခဲ့သူစပိန်ပြည်သူ့ပါတီ၏ နိုင်ငံရေးသမားဖြစ်သည်။

မာရီယာနိုအား၁၉၅၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ဆန်တီယာဂိုဒီကွန်ပိုစတယ်လာ ဒေသတွင် မွေးဖွားခဲ့ပြီး ယင်းမြို့ဆန်တီယာဂိုတက္ကသိုလ်မှပင် ဘွဲ့ရရှိခဲ့သည်။ အသက် ၂၄ နှစ်အရွယ်မှာပင် အစိုးရအလုပ်ဝင်ရောက်ရန် ပြိုင်ဆိုင်မှု အလွန်ပြင်းထန်သော ဝင်ခွင့်စာမေးပွဲကိုအောင်မြင်ခဲ့ပြီး နိုင်ငံ၏ အသက်အငယ်ဆုံးမြူနီစပယ်အရာရှိဖြစ်လာသည်။

မာရီယာနိုသည်၁၉၈၁ ခုနှစ်တွင် နိုင်ငံရေးလောကသို့ စတင်ဝင်ရောက်ခဲ့သည်။လက်ယာယိမ်းပြည်သူ့ညွန့်ပေါင်းပါတီဝင်အဖြစ်နှင့် ဂါလီစီယာဒေသပါလီမန်တွင် လက်ထောက်တစ်ဦး ဖြစ်လာခဲ့သည်။၁၉၈၂တွင်ဂါလီစီယာပြည်နယ်ပါလီမန်၏ ဆက်ဆံရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၁၉၈၆ခုနှစ်တွင်မွန်တီဗီဒရာခရိုင်ဒေသကောင်စီ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ပြီး ယင်းနေရာတွင် ဆယ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

မာရီယာနိုသည်၁၉၈၆တွင် စပိန်အောက်လွှတ်တော် အမတ်ဖြစ်လာခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းရာထူးမှ နုတ်ထွက်၍ ဂါလီစီယာပြည်နယ်ဒုတိယဥက္ကဋ္ဌနေရာကို ရယူခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ၎င်းတို့၏ ပြည်သူ့ညွန့်ပေါင်းပါတီက ပြည်သူ့ပါတီနှင့် ပူးပေါင်းလိုက်ချိန်တွင်လည်း မာရီယာနိုသည် မွန်တီဗီဒရာဒေသကိုယ်စားလှယ်နှင့် အမျိုးသားအမှုဆောင်ကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ခံရသည်။ ၁၉၉၃ ခုနှစ်တွင် ပါတီမန်သို့ ထပ်မံရွေးချယ်ခံရသော မာရီယာနိုသည် ၁၉၉၆ ခုနှစ် ရွေးကောက်ပွဲ၌ ၎င်းတို့၏ ပြည်သူ့ပါတီအောင်ပွဲခံချိန်တွင် ၎င်းနှင့် ကြာရှည်စွာ လက်တွဲလုပ်ကိုင်ခဲ့သော ဟိုဆေးမာရီယာအက်ဇနာဝန်ကြီးချုပ်ဖြစ်လာခြင်းနှင့်အတူ ပြည်သူ့အုပ်ချုပ်ရေးဝန်ကြီးနှင့် ပညာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည်။

၂၀၀၀ပြည့်နှစ်ရွေးကောက်ပွဲတွင် ပြည်သူ့ပါတီထပ်မံအောင်ပွဲခံခဲ့ပြီး မာရီယာနိုမှာလည်း အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၄ ခုနှစ်တွင် ပြည်သူ့ပါတီခေါင်းဆောင်မစ္စတာအက်ဇနာသည် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သွားခဲ့၍ မစ္စမာရီယာနိုရာဟွိုင်းသည် ပြည်သူ့ပါတီ(PP)၏ခေါင်းဆောင်ဖြစ်လာခဲ့သော်လည်း ယင်းနှစ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခဲ့ပြီး အတိုက်အခံခေါင်းဆောင်အဖြစ်သာရပ်တည်ခဲ့ရသည်။

မစ္စတာရာဟွိုင်းသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် ရဟတ်ယာဉ်မတော်တဆမှုနှင့် ကြုံတွေ့ခဲ့ပြီး လက်ချောင်းတစ်ချောင်းဆုံးရှုံးခဲ့ရသည်။

မာရီယာနိုရာဟွိုင်းသည် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် ဂျာမနီအဓိပတိ အန်ဂျလာမာကယ်နှင့်ပြင်သစ်သမ္မတဆာကိုဇီတို့၏ ထောက်ခံမှုကို ရရှိခဲ့သည်။ သို့သော် ၎င်း၏ပါတီမှာ ရွေးကောက်ပွဲ၌ရှုံးနိမ့်ခဲ့ပြီး အတိုက်အခံခေါင်းဆောင်အဖြစ်သာဆက်လက်ရပ်တည်ခဲ့ရသည်။

၂၀၁၁ခုနှစ်တွင်မူစပိန်နိုင်ငံမှာစီးပွားရေးအကျပ်အတည်းကြုံတွေ့နေစဉ် ရွေးကောက်ပွဲစောစော၍ကျင်းပခဲ့ပြီး ဤတစ်ကြိမ်တွင် မာရီယာနိုရာဟွိုင်း၏ အတိုက်အခံပါတီက အောင်ပွဲခံသွားခြင်းဖြစ်သည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - မလေးရှားအတိုက်အခံခေါင်းဆောင် အပြစ်မရှိကြောင်း တရားရုံးဆုံးဖြတ် မှ

မစ္စတာအန်နဝါအီဗရာဟင်(၆၄နှစ်)က ၎င်းအပေါ် စွဲဆိုထားသောပြစ်မှုများကို တစ်စိုက်မတ်မတ်ငြင်းဆိုခဲ့ပြီး ယင်းမှာ ၎င်း၏ နိုင်ငံရေးရည်မှန်းချက်နှင့် ဩဇာကြီးမားမှုကို ချည့်နဲ့သွားစေရန် အစိုးရ၏ကြိုးပမ်းမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

မလေးရှားတရား စီရင်ရေးစနစ်သည် အစိုးရ၏ ဩဇာလွှမ်းမှုမှ ကင်းလွတ်ကြောင်းကို ယခုစီရင်ချက်ကပြသနေကြောင်း အစိုးရကပြောကြားသည်။

မစ္စတာအန်နဝါသည်၎င်း၏ ယောကျ်ားလေးအကူတစ်ဦးနှင့် လိင်ဆက်ဆံခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီး ပြစ်မှုထင်ရှားကြောင်းတွေ့ရှိခဲ့ပါက ထောင်ဒဏ်အနှစ် ၂၀ အထိကျခံနိုင်ဖွယ်ရှိသည်။

အမှုကိစ္စ ပြီးပြတ်သွားပြီးနောက် လောလောဆယ် ၎င်း၏ ဦးစားပေးကိစ္စမှာ လာမည့်အထွေထွေရွေးကောက်ပွဲအတွက် ပါတီနှင့် အတိုက်အခံအဖွဲ့ကို ပြင်ဆင်နေကြောင်း မစ္စတာအန်နဝါက ပြောကြားသည်။




အခြားသတင်းတစ်ရပ်အရ မစ္စတာအန်နဝါအီဗရာဟင်အား တရားရုံးက တရားသေလွှတ်ပေးလိုက်ပြီး များမကြာမီတွင် အစိုးရတရားရုံးများဝင်း ပြင်ပနေရာသုံးနေရာ၌ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်းသိရသည်။ ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ကြောင်းကို ကွာလာလမ်ပူမြို့တော် ရဲတပ်ဖွဲ့အကြီးအကဲ မိုဟာမက် ဆာလေးကလည်းအတည်ပြုပြောကြားသည်။ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည်ဟု ယုံကြည်ရသောလူနှစ်ဦးကိုလည်း ကွာလာလမ်ပူဆေးရုံကြီးသို့ အရေးပေါ်လူနာတင်ယာဉ်များဖြင့် တင်ဆောင်သွားကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာကဖော်ပြသည်။

—*Ref: BBC/NST*

## နောက်ကျောဖုံး - ဒေသဆိုင်ရာအစိုးရ ကြွေးမြီများက တရုတ်စီးပွားရေးကို ခြိမ်းခြောက်နေ မှ

သို့သော်ယင်းပမာဏတွင် ယွမ်ငွေ ၃ ဒသမ ၅ ထရီလီယံကို လျှော့ချတွက်ချက်ထားကြောင်း ကမ္ဘာ့ငွေကြေးစိတ်ချရမှု အဆင့်သတ်မှတ်သော Moody's အေဂျင်စီက ပြောကြားသည်။

"နေရာတိုင်းမှာ ကြွေးမြီတွေ အလွန်မြင့်တက်လာပါတယ်။ ဒါပေမဲ့လည်း အဲဒါကို နှေးကွေးအောင်လုပ်ဖို့ကြိုးစားရင် ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်ပါလိမ့်မယ်"ဟုပီကင်းတက္ကသိုလ်မှ တရုတ်ဘဏ္ဍာရေးဈေးကွက်များ ကျွမ်းကျင်သူ မိုက်ကယ်ပက်တစ်ကပြောကြားသည်။ သို့သော် တရုတ်အစိုးရကြွေးမြီမှာ ဂျီဒီပီ၏ ၆၈ ရာခိုင်နှုန်းသာရှိပြီး ယင်းမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးသောနှုန်းထားဖြစ်သည်။

—*Ref: AFP*

## အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး တောင်ကိုရီးယားသို့ ရောက်ရှိ

**ဆိုးလ်၊ ဇန်နဝါရီ - ၄**

အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်းဘဲလ်သည် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာကာ မြောက်ကိုရီးယားအရေးနှင့်ပတ်သက်သောကိစ္စများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ကန်နိုင်ငံခြားရေးဌာန၏ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်ဝန်ကြီး ကမ်းဘဲလ်သည် တရုတ်ခရီးစဉ်အပြီး ဆိုးလ်မြို့သို့ လာရောက်ခြင်းဖြစ်ကာ တောင်ကိုရီးယား၏ ခြောက်နိုင်ငံဆွေးနွေးပွဲ ကိုယ်စားလှယ် လင်မ်ဆန်းနမ်နှင့် တွေ့ဆုံမည်ဟုသိရသည်။

၎င်းတို့နှစ်ဦးသည် ကင်ဂျုံအီလ်ကွယ်လွန်ပြီးနောက် ပြီးခဲ့သည့်လအတွင်းမြောက်ကိုရီးယားနိုင်ငံတွင်ဖြစ်ပေါ်ခဲ့မှုများကို ဆွေးနွေးသွားမည်ဖြစ်ကာတရုတ်၊ဂျပန်၊ အမေရိကန်၊ ရုရှားနှင့် ကိုရီးယားနှစ်နိုင်ငံပါဝင်သော ခြောက်နိုင်ငံဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန်လည်း ဆွေးနွေးမည်ဟုသိရသည်။

မစ္စတာကမ်းဘဲလ်သည် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးကင်မ်ဆန်ဟွမ်နှင့်လည်းတွေ့ဆုံပြီးနောက် ဂျပန်နိုင်ငံသို့ ခရီးဆက်လက် ထွက်မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၀၈ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ခြောက်နိုင်ငံဆွေးနွေးပွဲမှ ၂၀၀၉ ခုနှစ်တွင် နုတ်ထွက်ခဲ့သည်။ သို့သော် မိမိတို့သည်ဆွေးနွေးပွဲသို့ပြန်လာရန် ဆန္ဒရှိကြောင်း ပြီးခဲ့သည့်နှစ်က ဖော်ပြထားခဲ့သည်။

—*Ref: AP*

## နောက်ကျောဖုံး - ဘဏ်များ စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ ၂၀၁၂ နှစ်ဆန်းပိုင်းတွင် စစ်ဆေးသွားမည် မှ

ဘေဆယ် - ၂ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများမှာ ၂၀၀၈-၀၉ ခုနှစ်ကကဲ့သို့ ဘဏ္ဍာရေးအကျပ်အတည်းများ ထပ်မံမဖြစ်ပေါ်စေရန် ဘဏ်ကြီးများအတွက် ချမှတ်ထားသော စည်းကမ်းများဖြစ်သည်။ ဘဏ္ဍာရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ချိန်တွင် ဘဏ်ကြီးများအား အစိုးရများက ကယ်တင်ခဲ့ရသည်။ စည်းမျဉ်းများနှင့်အညီ ဘဏ်များအား စစ်ဆေးမှုကို ယခုနှစ် ပထမသုံးလပတ်တွင် စတင်သွားမည်ဖြစ်သည်။

—*Ref: AFP*

## နောက်ကျောဖုံး - နယူးဇီလန်အနီး သောင်တင်နေသော သင်္ဘော မုန်တိုင်းကြောင့် ထက်ပိုင်းကျိုး မှ



နှစ်ပိုင်းကျိုးနေပြီဖြစ်သော ရီနာသင်္ဘော၏ အစိတ်အပိုင်းများမှာ ခုနစ်မီတာအမြင့်ရှိ လှိုင်းလုံးများရိုက်ခတ်မှုကြောင့် တစ်ပိုင်းနှင့်တစ်ပိုင်း မီတာ ၂၀၊ ၃၀ ခန့် ကွာဝေးနေပြီဖြစ်သည်။ ကမ်းခြေသို့ ရေနံများရောက်လာနိုင်သောကြောင့် ပြင်ဆင်ထားကြောင်း နယူးဇီလန်ရေကြောင်းထိန်းသိမ်းရေး(MNZ)မှ အခင်းဖြစ်ပွားရာဒေသ ကွပ်ကဲရေးမှူး အလက်စ်ဗန်ဝင်ဂါးဒင်းက ပြောကြားသည်။ တောရိုင်းတိရစ္ဆာန်ထိခိုက်မှုကိုကာကွယ်ရန်အတွက်လည်းပြင်ဆင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သောင်တင်နေချိန်တွင် သင်္ဘောမှ ရေနံတန်ချိန် ၁,၀၀၀ ခန့် စုပ်ထုတ်နိုင်ခဲ့သော်လည်း သင်္ဘောပေါ်တွင် ကွန်တိန်နာအလုံးရေ ၈၈၀ ခန့်ကျန်ရှိနေသေးကြောင်းနှင့် မုန်တိုင်းမှာ နောက်ထပ် သုံးရက်ခန့် ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ရေကြောင်းထိန်းသိမ်းရေးမန်နေဂျာ ဒေးဗစ်ဘီလီတန်က ပြောကြားသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012



# ကျွန်တော်တို့ အရှေ့အလယ်ပိုင်းဒေသထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းနေချင်ပါတယ်

## အစ္စရေးပြည်တွင်းကာကွယ်ရေးဝန်ကြီး မတ်တန်ဗီလ်နိုင်းနှင့်တွေ့ဆုံခြင်း

**ကျော်မျိုး**

အစ္စရေး စစ်ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်ပြီး နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်တဲ့ မတ်တန်ဗီလ်နိုင်းဟာ လက်ရှိအချိန်မှာ အစ္စရေးပြည်တွင်းကာကွယ်ရေးဝန်ကြီး (Minister for Home Front Defense) အဖြစ်တာဝန်ယူထားသူတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ၎င်းကို ယူရိုသတင်းက အစ္စရေးပြည်သူတွေရဲ့ လုံခြုံရေးကို ကြီးကြပ်နေသူအဖြစ်သတ်မှတ်ခေါ်ဆိုထားပြီး အင်တာဗျူးတစ်ခု ပြုလုပ်ခဲ့ပါတယ်။ ယင်းအင်တာဗျူးမှာတော့ ဝန်ကြီးဗီလ်နိုင်းက ပါလက်စတိုင်း-အစ္စရေးပြဿနာရဲ့ အဓိကကိစ္စဖြစ်တဲ့ အစ္စရေးရဲ့ လုံခြုံရေး၊ နိုင်ငံတည်ရှိမှုနဲ့ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုရေး အပါအဝင် အီရန်အပေါ် ၎င်းရဲ့သဘောထားတွေကိုပါ ဖော်ပြခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် ယူရိုသတင်းနဲ့ ၎င်းရဲ့တွေ့ဆုံမှုတွေကို အပြည့်အစုံ ပြန်လည်တင်ဆက်လိုက်ပါတယ်။

**မစ္စတာဗီလ်နိုင်းခင်ဗျာ ဝန်ကြီးဟာ အစ္စရေးပြည်သူတွေရဲ့ လုံခြုံရေးကို တာဝန်ယူရသူပါ။ အစ္စရေးလွတ်လပ်ရေးရတာလည်း ၆၃ နှစ်ပြည့်ခဲ့ပြီ။ စစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေလည်း အများကြီးဖြစ်ခဲ့တယ်။ ပြည်သူ့လုံခြုံရေး စိတ်ချရဖို့ အစ္စရေးအစိုးရအဆက်ဆက်ကြိုးစားခဲ့တာတွေလည်းရှိတယ်။ ဒါပေမဲ့ ဝန်ကြီးတို့ဟာ အများကြီးခရီးမရောက်သေးဘူး။ လုံခြုံရေးအကြောင်း၊ လုံခြုံမှုအားနည်းတဲ့အကြောင်း ပြောနေရတုန်းပါပဲ။ အခုကစပြီး ဘယ်ကို ဝန်ကြီးတို့ဆက်သွားချင်ပါသလဲ။**

ကျွန်တော်တို့ အရှေ့အလယ်ပိုင်းဒေသထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းနေချင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ပန်းတိုင် ကျွန်တော်တို့မျှော်မှန်းချက်ပါပဲ။ အစ္စရေးလူမျိုးတိုင်းကိုမေးကြည့်ပါ လူတိုင်းက ဖြေလိမ့်မယ်။ ကျွန်တော်ကျွန်မ ငြိမ်းချမ်းရေးကိုသဘောကျပါတယ်လို့။ အရေးအကြီးဆုံးကတော့ အစ္စရေးနိုင်ငံလုံခြုံရေးစိတ်ချရဖို့ အစ္စရေးနိုင်ငံကိုကာကွယ်ဖို့ပါ။ ကျွန်တော်တို့ရည်မှန်းချက် တာဝန်ကတော့ ပြည်တွင်းလုံခြုံရေးကိုကာကွယ်ဖို့ပါ။ ဘာလို့လဲဆိုတော့ အာရပ်နိုင်ငံတွေဟာ ကျွန်တော်တို့ရဲ့ စစ်တပ်ကို စစ်မြေပြင်မှာ အနိုင်မတိုက်နိုင်ဘူးဆိုတာ နားလည်ထားကြတယ်။ ဒီတော့ သူတို့က အရပ်သားတွေနေထိုင်ရာဒေသတွေထဲက ပစ်မှတ်တွေကိုတိုက်ခိုက်ဖို့ ပိုအားသန်လာတယ်။

**အဲဒီတိုက်ခိုက်နေတဲ့ကိစ္စကို ဝန်ကြီး ဘယ်လိုလုပ်ချင်ပါသလဲ။ နောက်ထပ် စစ်ပွဲတွေနဲ့လား။ နောက်ထပ်(ပါလက်စတိုင်း)ပြည်သူတွေကို ဗုံးကြဲတိုက်ခိုက်ခြင်းနဲ့လား။ နှစ်ပေါင်း ၆၃ နှစ်လောက်တောင် လုပ်ခဲ့ပြီးပြီဆိုတော့. . .**

(စကားဖြတ်လျက်) ခင်ဗျားစကားပြောဆိုနေတာက ၁၉၆၇ စစ်ပွဲမတိုင်ခင်ကတည်းက ခင်ဗျားတွေ့နိုင်သမျှစစ်ပွဲတွေအားလုံးမှာ တိုက်ခိုက်လာတဲ့ ဗိုလ်ချုပ်တစ်ယောက်ကိုပြောနေတာပါ။

**(စကားဖြတ်လျက်) ဒါပေမဲ့ သူတို့ရလဒ်ကောင်းတွေ အများကြီး မထုတ်လုပ်နိုင်ခဲ့ဘူး။**

ဟင့်အင်း။ ကွဲပြားခြားနားမှုအကြီးကြီးရှိပါတယ်။ ပြီးခဲ့တဲ့ ၆၃ နှစ်က ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တစ်ခုရှိခဲ့တယ်။ ပါလက်စတိုင်းနိုင်ငံနဲ့အတူ ဂျူးနိုင်ငံ ပူးတွဲတည်ရှိရေးပါ။ အဲဒီကာလတွေတုန်းက ပါလက်စတိုင်းကို သူတို့ အာရပ်နိုင်ငံတစ်နိုင်ငံရယ်လို့ခေါ်ခဲ့ကြတယ်။ ကျွန်တော်တို့လည်း အဲဒီအတွက် ထောက်ခံမဲ ပေးခဲ့တယ်။ အဲဒါ နယ်မြေပိုင်းခြားရေးစီမံကိန်းတစ်ရပ်ပါ။

အာရပ်တွေက အဲဒါကို အင်အားသုံးဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အစ္စရေးတွေအားလုံးကို ရေထဲတွန်းချချင်ခဲ့ကြတယ်။ ကျွန်တော်တို့ ဂျော်ဒန်တွေ၊ အီဂျစ်တွေနဲ့ ငြိမ်းချမ်းရေးရခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တိုက်ခိုက်ဖူးတဲ့အိမ်နီးချင်းတွေပါ။ ဒါကြောင့် ကျွန်တော်တို့ တစ်စုံတစ်ခုကတော့ စွမ်းဆောင်အောင်မြင်ခဲ့တယ်။ ပါလက်စတိုင်းတွေအတွက်ကတော့ ဒါဟာ သူတို့ပြဿနာပါ။ ဘာလို့လဲဆိုတော့ သူတို့ အကြမ်းဖက်မှုကိုသုံးနေလို့။ သူတို့က ပြဿနာကို အဆုံးသတ်ချင်နေကြတယ်။ အခု ၆၄ နှစ်အကြာမှာတော့ နောက်တစ်နည်းနဲ့လုပ်ရမယ်ဆိုတာ သူတို့နားလည်လာပြီ။ ဒါပေမဲ့ ပါလက်စတိုင်းလူ့အဖွဲ့အစည်းထဲမှာ အစွန်းရောက်မွတ်ဆလင်အုပ်စုတစ်စုရှိနေပါတယ်။ သူတို့ကို ဟားမားစ်ခေါ်ခေါ် ဂျီဟတ်ခေါ်ခေါ် တစ်ပုံစံတည်းပါပဲ။ သူတို့က အစ္စရေးကို အင်အားသုံးပြီး ဖယ်ရှားချင်နေကြပါတယ်။

**ကြားဖြတ်ပြောပါရစေ။ အရေးကြီးတဲ့နေရာ ရောက်လာလို့ပါ။ ပါလက်စတိုင်းဝန်ကြီးချုပ် မာမွတ်အဘတ်စ်ဟာ ဟားမားစ်အဖွဲ့ကို လက်နက်ချပြီး စုစည်းတဲ့အမျိုးသားအစိုးရထဲ ဝင်ပါစေဖို့အတွက် အဲဒီအဖွဲ့နဲ့ သဘောတူညီချက်ရပြီးပါပြီ။ အဲဒါကို ပါလက်စတိုင်းတွေနဲ့ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်ဖို့ အခြေခံတွေအဖြစ် ဝန်ကြီး လက်ခံနိုင်ပါသလား။**

ဟားမားစ်နဲ့ အဘူမာဇင်တို့ကြားက သဘောတူညီချက်ဟာ အကောင်းဆုံးသဘောတူညီချက်ပါပဲ။ ပုဂ္ဂိုလ်ရေးအရဆိုရင် အဘူမာဇင်က အာရာဖတ်လို အကြမ်းဖက်ခေါင်းဆောင်မဟုတ်ဘဲတကယ့်ငြိမ်းချမ်းရေးခေါင်းဆောင်ပါ။ ဒါပေမဲ့ပြဿနာဖြစ်နေတာက သူ့လူ ၄၀ ရာခိုင်နှုန်းက ဟားမားစ်နဲ့ ဂျီဟတ်တွေဖြစ်နေတယ်။ သူက ကွက်လပ်ကို တံတားထိုးဖို့ ကြိုးစားနေတယ်။ စုစည်းတဲ့အမျိုးသားအစိုးရတစ်ရပ် ပေါ်လာအောင် ကြိုးစားတာပေါ့လေ။ ဒါပေမဲ့ အခုထိတော့ အပြောသာရှိပြီး ဘာမှဖြစ်မလာသေးပါဘူး။ တကယ်လို့သူတို့ဘက်မှာညီညွတ်တဲ့ အမျိုးသားအစိုးရတစ်ရပ်ရှိလာပြီဆိုရင် အဲဒါ ဘာအကြမ်းဖက်မှုမှ ထပ်ဖြစ်မလာတော့တာကိုဆိုလိုတာပဲ။ အခုထိတော့သူတို့ ဒါကို ဆန့်ကျင်နေကြတယ်။ သူတို့အမြင်ရှုထောင့်ကကြည့်ရင် အရှေ့အလယ်ပိုင်းတစ်ခုလုံးဟာ 'မြင့်မြတ်တဲ့မွတ်ဆလင်မြေ'လို့ သတ်မှတ်ထားတာ ခင်ဗျား နားလည်ရပါမယ်။ ဥပမာတစ်ခုပြချင်ပါတယ်။ အရှေ့အလယ်ပိုင်းမှာ လက်ဘနွန်လို့ခေါ်တဲ့ ဒီမိုကရေစီနိုင်ငံသေးသေးလေးရှိတယ်။ လက်ဘနွန် ဘာဖြစ်ခဲ့သလဲ။ လက်ဘနွန်အဟောင်းက ပျောက်သွားပြီ။ လက်ဘနွန်ဆိုတာမရှိတော့ဘူး။ လက်ဘနွန်ဆိုတာရှိတာတောင် အခြားတစ်ခုပဲ။ သမ္မတရှိမယ်။ ဝန်ကြီးချုပ်ရှိတယ်။ လက်ဘနွန်စစ်တပ်တစ်ခုရှိတယ်။ ဒါပေမဲ့ လက်ဘနွန်(စစ်စစ်)မရှိဘူး။ လက်ဘနွန်မှာထက်အနောက်အာဖရိကနဲ့ တောင်အမေရိကဒေသမှာ ခရစ်ယာန် လက်ဘနွန်သားတွေများနေတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ အားမကောင်းခဲ့လို့ပဲ။ အစွန်းရောက်မွတ်ဆလင်တွေကလည်း အဲဒီအတိုင်း အစ္စရေးကို လုပ်မှာပါ။ အခွင့်အရေးတော့မရှိပါဘူး။

**ပါလက်စတိုင်းတွေဟာ ညီညွတ်တဲ့အမျိုးသားအစိုးရတစ်ရပ်ကို ပုံဖော်နိုင်ခဲ့ပြီဆိုရင် သူတို့နဲ့ ဆွေးနွေးမှုတွေပြန်စဖို့ ဝန်ကြီးပြင်ဆင်ထားပါသလား။**

အခြေအနေတစ်ရပ်မှာတည်တာပေါ့။ အစွန်းရောက်တွေအပါအဝင် အစိုးရတစ်ဖွဲ့လုံးက အစ္စရေးရဲ့ တည်ရှိမှုကို အသိအမှတ်ပြုမယ်ဆိုရင်ပေါ့။

**ဥပမာအနေနဲ့ပြောရရင် အခြားအနေ့ာင့်အယှက်၊ ပြဿနာတွေဖြစ်တဲ့(အစ္စရေး)ဘက်က အခြေချနေထိုင်မှုလိုကိစ္စတွေဖြစ်တဲ့ အခြားအခြေအနေတွေ ရှိနေပါတယ်။ သူတို့ရော နိုင်ငံတကာအသိုင်းအဝိုင်းကပါ အဲဒါကို တရားမဝင်ဘူးလို့ စဉ်းစားနေတယ်။ အခြေချနေထိုင်မှုတွေနဲ့ ပတ်သက်လို့ စေ့စပ်ညှိနှိုင်းဖို့ရော ဝန်ကြီးပြင်ဆင်ထားပါသလား။**

ကျွန်တော်တို့ဘယ်ကိစ္စမဆို ညှိနှိုင်းနိုင်ပါတယ်။ အခြေခံအချက်တွေကတော့ ပါလက်စတိုင်းလူ့အဖွဲ့အစည်းတစ်ရပ်လုံး နိုင်ငံရေးတစ်ရပ်လုံး အစ္စရေးနဲ့တည်ရှိမှုအကြောင်း အကြမ်းဖက်မှုတွေရပ်တန့်ရေးတွေဖြစ်ပါတယ်။

**သူတို့ဘက်က ဂျူးနိုင်ငံ (သို့မဟုတ်) အစ္စရေးရဲ့ တည်ရှိမှုကို အသိအမှတ်ပြုတယ်ဆိုရင် ဝန်ကြီးအနေနဲ့ ၁၉၆၇ နယ်စပ်မျဉ်းသတ်မှတ်ချက်တွေဆီပြန်သွားပြီး အခုလုပ်နေတဲ့ အခြေချနေထိုင်မှုတွေအားလုံးကို ဖျက်သိမ်းပစ်မှာလား။**

အားလုံးကို ဆွေးနွေးရပါမယ်။ အဓိကကတော့ အစ္စရေးရဲ့လုံခြုံရေးပါ။ ၁၉၆၇ နယ်စပ်မြေပုံကိုကြည့်ရင် ဒီနယ်စပ်မျဉ်းတွေမှာ အစ္စရေးကိုကာကွယ်နိုင်တာ နားလည်လို့ရပါတယ်။ ဒီကိစ္စက တကယ့်ငြိမ်းချမ်းရေးအစစ်ဖြစ်မယ်ဆိုကျွန်တော်တို့ကိစ္စအားလုံးကို ဆွေးနွေးနိုင်ပါတယ်။ အဓိကအတားအဆီးက အစွန်းရောက်တွေပါ။ အစ္စရေးကို အကြမ်းဖက်ဆင်နွှဲနေတဲ့ကိစ္စပါ။ နှစ်ရက်ကိုတစ်ကြိမ်လောက် ဒီမြေပေါ်ကို ဗုံးကျည်တစ်လုံးကျလာမယ်ဆိုရင်တော့ စဉ်းစားကြည့်လေ။

**အဲဒါကကြက်ဥနဲ့ကြက်မ ဘယ်ကစသလဲမေးခွန်းလိုဖြစ်နေပါတယ်။ ဝန်ကြီးသိတဲ့အတိုင်း ပါလက်စတိုင်းတွေကလည်း ဂျန်နင်မှာကျတော့ရော ဆာဘရာမှာရော ဘယ့်နှယ့်လဲ။ ရှာတီလာမှာ ဂါဇာမှာ ဗုံးကြဲခံနေရတာ ရောလို့ပြန်ပြောပါလိမ့်မယ်။ ဒီတော့ သူတို့ပြောမှာကလည်း "မင်းတို့ရပ်ရင် ငါတို့ရပ်မယ်" ဆိုတာပဲ ဖြစ်နေပါတယ်။**

တချို့ကိစ္စတွေမှာ ကျွန်တော်တို့ အမှားတွေလုပ်ခဲ့တယ်။ ဂျန်နင်မှာ ဆာဘရာနဲ့ ရှာတီလာမှာဖြစ်ခဲ့တဲ့ကိစ္စတိုင်းကိုကျွန်တော်တို့ စုံစမ်းစစ်ဆေးနေပါတယ်။ ဒါပေမဲ့ သူတို့ကတော့ အဲဒီလိုတစ်ခါမှ မလုပ်ဖူးပါဘူး။

**အီရန်ကိစ္စကို ဆက်မေးချင်ပါတယ်။ မကြာသေးမီကပဲ (အစ္စရေး)ဝန်ကြီးချုပ် နေတန်ညာဟုက အီရန်ကိုစစ်ရေးအရ အရေးယူမယ်လို့ ခြိမ်းခြောက်ခဲ့တယ်။ အဲဒါ ဘာကို ဆိုလိုတာပါလဲ။**

အီရန်ဟာ လွတ်လပ်တဲ့တစ်ကမ္ဘာလုံးရဲ့ရန်သူပါ။ တကယ်လို့ တစ်ကမ္ဘာလုံးဟာ အတူစုစည်းပြီး သံတမန်ရေးလမ်းကြောင်းတွေ စီးပွားရေးအတားအဆီးတွေသုံးပြီး သူတို့ ဖိအားပေးမယ်ဆိုရင် ကျွန်တော်တို့လုပ်နိုင်မှာပါ။ သူတို့ဘာလုပ်နိုင်တယ်။ ဘာမလုပ်နိုင်ဘူး ဆိုတာကိုနားလည်ဖို့ သံတမန်ရေးလမ်းကြောင်းတွေ စီးပွားရေးပိတ်ဆို့မှုတွေကို ကျွန်တော်တို့အသုံးပြုနေပါတယ်။

*—Ref: Matan Vilnai: the man in charge of keeping Israel Safe. Euronews: 20 Dec: 2011*

7Day News Journal

# Entertainment

Vol.10, No.43 · JANUARY 12, 2012





## စီးတီးအက်ဖ်အမ်ရဲ့ အအောင်မြင်ဆုံးအဆိုတော်ဆုတွေကို ပိုင်ဆိုင်ခဲ့တဲ့အောင်လနဲ့ ချမ်းချမ်း

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်၊ ဇန်နဝါရီ- ၇**

ဂီတနှင့်ပတ်သက်သောထူးချွန်ဆုများကို နှစ်စဉ်ချီးမြှင့်ခဲ့သည့် စီးတီး အက်ဖ်အမ်၏ ၂၀၁၁ ခုနှစ်အတွက် အအောင်မြင်ဆုံးအဆိုရှင်ဆုများကို အောင်လနှင့် ချမ်းချမ်းတို့က ရရှိသွားကြသည်။ ချမ်းချမ်းသည် အအောင်မြင်ဆုံးနှင့် အရောင်းရဆုံး အမျိုးသမီးအဆိုရှင်ဆုနှစ်ခုကို ရရှိခဲ့သည်။

စီးတီးအက်ဖ်အမ်၏ ၁၀ နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် ဂီတဆုများကို ဇန်နဝါရီ ၇ ရက်ညက မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာတွင် ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုနှစ်တွင်လည်း အဆိုတော် Rဇာနည်က အရောင်းရဆုံး စတီရီယိုအမျိုးသားတေးသံရှင်ဆုကို ထပ်မံရရှိခဲ့သဖြင့် ရှစ်နှစ်ဆက်တိုက်ဆုရရှိသူ ဖြစ်သွားပြီဖြစ်သည်။ နှစ်စဉ်ပေးအပ်လေ့မရှိဘဲ ယခုနှစ်မှပေးအပ်သည့်ဂီတအဖွဲ့ဆုကို "Reason" အဖွဲ့က ရရှိခဲ့သည်။ အရောင်းရဆုံး စတီရီယိုတေး ထုတ်လုပ်သူဆုကို ချမ်းချမ်း၏ 'တကယ်ဆိုရင် အချစ်ဘဲလိုတယ်' ထုတ်လုပ်သူ မေသော်က ရရှိပြီး မြန်မာသံထုတ်လုပ်သူဆုကို ဗညားဟန်၏ 'မိုးသည်းညအလွမ်းပန်းချီ' ထုတ်လုပ်သူ ကမ္ဘာကျော် ထုတ်လုပ်ရေးက ရရှိသွားသည်။ ယခုနှစ်တွင် အရောင်းရဆုံး မြန်မာသံအမျိုးသမီးဆုပေးအပ်ခြင်းမရှိဘဲ အမျိုးသားအဆိုရှင်ဆုကို ဗညားဟန်ကရရှိသည်။

---



မောင်မျိုးမင်း(ရင်တွင်းဖြစ်)နှင့် လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်တွင် လောလောလတ်လတ်ဆုရထားသည့် ဒါရိုက်တာဝိုင်း

## ဒါိုက်တာဆုမည်သူရမည်ကို ပိုစိတ်ဝင်စားတဲ့ မောင်မျိုးမင်း(ရင်တွင်းဖြစ်)

ကြူကြူဟန်

**ရန်ကုန်၊ ဇန်နဝါရီ- ၅**

ရက်အတိအကျကြေညာခြင်းမပြုသေးသော်လည်း မကြာမီကျင်းပသွားဖွယ်ရှိသည့် အကယ်ဒမီဆုပေးပွဲတွင် ဒါရိုက်တာဆု မည်သူဆွတ်ခူးမည်ကို စိတ်ဝင်စားလျက်ရှိကြောင်း ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ကပြောသည်။

"အကယ်ဒမီကို ဘယ်ကားရရကောင်းပါတယ်။ ဒါပေမဲ့ ဒါရိုက်ဆုကိုဘယ်သူရမလဲဆိုတာတော့ ရင်ခုန်စရာကောင်းတယ်။ ဦးက ဒါရိုက်တာဆိုတော့ ဒါရိုက်တာဆုကိုရင်ခုန်တယ်။ ဘယ်သူ့ကိုပေးမလဲသိချင်တယ်။ ဘယ်လိုအရည်အချင်းနဲ့ သတ်မှတ်သလဲ၊ ဘယ်လိုပုံစံနဲ့ပေးလည်းသိချင်တယ်"ဟု မောင်မျိုးမင်း(ရင်တွင်း ဖြစ်)ကပြောသည်။

သရုပ်ဆောင်ဆုအတွက် ပြေတီဦး၊ ဝေဠုကျော်၊ သက်မွန်မြင့်တို့ရမည်ခန့်မှန်းရကြောင်း ယင်းကဆိုသည်။ မောင်မျိုးမင်း(ရင်တွင်းဖြစ်)သည် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရိုက်ကူးရန်ပုံငွေရှာဖွေသည့်အနေဖြင့် နှင်းဆီအဖွဲ့အငြိမ့်ကို ဖေဖော်ဝါရီလတွင် ကပြရန်စီစဉ်လျက်ရှိသည်။

မောင်မျိုးမင်း(ရင်တွင်းဖြစ်)သည် တစ္ဆေကို အယုံကြည်မရှိသူများအကြောင်းကို ဇာတ်အိမ်ဖွဲ့ထားသည့် "တစ္ဆေလားဟေ့ ဝင်ခဲ့လေ"ဇာတ်ကားကို ခန့်စည်သူ၊ ထွန်းအိန္ဒြာဗိုတို့နှင့် ရိုက်ကူးရန် စီစဉ်လျက်ရှိကြောင်းလည်းပြောကြားသည်။

မောင်မျိုးမင်း(ရင်တွင်းဖြစ်)သည်နှင်းဆီအဖွဲ့သားများနှင့်အတူ ၂၀၁၂ အတွင်း စင်ကာပူ၊ ဂျပန်၊ အင်္ဂလန်၊ ပြင်သစ်နိုင်ငံတို့တွင် သွားရောက်ဖျော်ဖြေရန် စီစဉ်နေကြောင်းလည်းသိရသည်။

---

## နှုတ်ခမ်းနီကြော်ငြာသစ်နဲ့ ပွဲထွက်လာတဲ့ အမ်မာဝပ်ဆင်



**လော့စ်အန်ဂျလိစ်၊ ဇန်နဝါရီ - ၃**

ဗြိတိသျှလူငယ်သရုပ်ဆောင် မင်းသမီး အမ်မာဝပ်ဆင်သည်ပြင်သစ်နာမည်ကျော်အလှကုန်အမှတ်တံဆိပ် Lancome ၏ နှုတ်ခမ်းနီအလှကုန်ပစ္စည်းများကို ကြော်ငြာပေးခဲ့သည်။

ယခုနှစ် အော်စကာဆုအတွက် မျှော်လင့်ချက်ထားနေသည့် အမ်မာဝပ်ဆင်သည်ယခင်အော်စကာဆုရ ဗြိတိသျှမင်းသမီး ကိတ်ဝင်းဆလက်၏နေရာ အစားဝင်ကာ Lancome ၏ ကုန်အမှတ်တံဆိပ်သံတမန်သစ်ဖြစ်လာခြင်းဖြစ်သည်။

အမ်မာဝပ်ဆင်ကြော်ငြာထားသည့် Lancome နှုတ်ခမ်းနီ အလှကုန်များကို ဖေဖော်ဝါရီလတွင်ဈေးကွက်တင်ရောင်းချမည်ဟုသိရသည်။

—Ref: Telegraph

7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ချစ်သူသစ်နဲ့ လက်ထပ်ဖို့ရှိနေတဲ့ ဂျန်နဖာလိုပက်ဇ်



**လော့စ်အန်ဂျလိစ်၊ ဇန်နဝါရီ - ၃**

အဆိုတော်ဂျင်နီဖာလိုပက်ဇ်သည် ပြီးခဲ့သည့်နှစ်က ခင်ပွန်းသည် မာ့ခ်အန်ထော်နီနှင့် ကွာရှင်းပြီးနောက် ယခုအခါ လက်ရှိတွဲနေ သော ချစ်သူသစ် ကက်စပါစမတ်နှင့်လက်ထပ်ရန် ဆွေးနွေးနေကြောင်းသိရသည်။

အမေရိကန်စတားမဂ္ဂဇင်း၏ အဆိုအရ ဂျေလိုသည် မာ့ခ်အန်ထော်နီနှင့် ကွာရှင်းမှုအပြီးသတ်ခဲ့ပါက စမတ်နှင့် လက်ထပ်ရန်ပြင်ဆင်နေကြောင်း ဖော်ပြသည်။

နီးစပ်သူတစ်ဦးက မဂ္ဂဇင်း သို့ "ကွာရှင်းတဲ့ကိစ္စပြီးတာနဲ့ ဂျန်နဖာဟာ ကက်စပါနဲ့မြန်မြန်လက်ထပ်ချင်နေပါတယ်။ သူမဘက်ကတော့ ကက်စပါစမတ်ဟာ သူ့ကို တကယ်ချစ်ပြီး အန်ထော်နီနဲ့ရခဲ့တဲ့ မက်စ်နဲ့ အမ်မီကလေးနှစ်ဦးကိုလည်း ကြင်နာသူဖြစ်ပါတယ်"ဟုဆိုသည်။

ဂျေလိုသည် လက်ရှိတွင် အမေရိကန်အဆိုပြိုင်ပွဲတစ်ခုဖြစ်သည့် American Idol ၌ ဒိုင်အဖြစ် တာဝန်ယူနေပြီး မကြာသေးမီကလည်း ချစ်သူသစ် ကက်စပါစမတ်ကို သူမ၏ တွဲဖက်ဒိုင်၊ အနုပညာရှင်များနှင့် မိတ်ဆက်ပေးခဲ့သေး ကြောင်းသိရသည်။

—Ref: Showbizspy

## တစ်ရက်သာခြားပြီး ဖခင်တွေဖြစ်သွားကြတဲ့ စည်သူလွင်နဲ့ နန္ဒ



ဓာတ်ပုံ - ဗိတိုရိယ



ဓာတ်ပုံ - STL FB

**ကြူကြူဟန်**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

ပြည်သူချစ်သော အနုပညာရှင်များဖြစ်သည့် အဆိုတော်စည်သူလွင်နှင့် သရုပ်ဆောင် နန္ဒတို့က ရင်သွေးရတနာ လေးများကို တစ်ရက်ခြားကာမွေးဖွားပိုင်ဆိုင်ခဲ့ကြသည်။

ရုပ်ရှင်သရုပ်ဆောင် နန္ဒနှင့်ဇနီး နန်းထိုက်အောင်တို့၏ သမီးဦးလေးကို ဇန်နဝါရီလ ၃ရက်က ဗိတိုရိယ ဆေးရုံတွင် မွေးဖွားခဲ့သည်။ "သမီးလေးက ဆောင်းတွင်းမွေးလို့ အိမ်နှာမည် စနိုးလို့မှည့်ထားပါတယ်"နန္ဒကပြော သည်။

အဆိုတော်စည်သူလွင်နှင့်ဇနီးဖြစ်သူ နွယ်မာကျော်တို့၏ သားဦးကို ဇန်နဝါရီ၅ ရက်တွင် ပန်းလှိုင်ဆေးရုံ၌ မွေးဖွားခဲ့သည်။ "သားလေးက သူ့အမေနဲ့ ပိုတူတယ်လို့ထင်တယ်။ ကလေးကင်ပွန်းတပ်ကို အေးဆေးမှပဲ လုပ် မယ်"ဟု စည်သူလွင်ကပြောသည်။ စည်သူလွင်က သူ၏ အသက် ၄၀ ပြည့်မွေးနေ့တစ်ကိုယ်တော်ရှိုးပွဲကို ၂၀၁၃ ခုနှစ်တွင် ပြုလုပ်မည်ဖြစ်ကြောင်းပြောသည်။






7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# အမျိုးသားရေးသီချင်းများပါဝင်မည့် အဆိုတော်ပေါင်းစုံ စုပေါင်းသီဆိုထားသည့် တေးစီးရီးထွက်ရှိရန် ပြင်ဆင်

**ကြူကြူဟန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၇**

အမျိုးသားရေးသီချင်းများကို သီးသန့်စုစည်းကာ နာမည်ကျော် အဆိုတော်များစုပေါင်းသီဆိုထားသည့် တေးစီးရီးတစ်ခွေမှာ အသံသွင်းပြီးစီးနေပြီဖြစ်ပြီး ဖေဖော်ဝါရီလတွင် ထွက်ရှိနိုင်ရန်ကြိုးပမ်းနေကြောင်း စီစဉ်သူ အဆိုတော်ဆောင်းဦးလှိုင်ကပြောသည်။

ပြည်သူတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားတက်ကြွလာစေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိ ရရှိလာစေရန် ရည်ရွယ်ချက်များဖြင့်ရေးစပ်ထားသော သီချင်းပေါင်း အပုဒ် ၃၀ ကျော်ကို နာမည်ကျော်အဆိုတော်များက သီဆိုပေးထားပြီး ထိုအထဲမှ သီချင်း ၃ပုဒ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီဝင်များက ကိုယ်တိုင်ရေးကာ သီဆိုထားကြောင်း သိရသည်။

သီချင်းအရေအတွက်များပြားသဖြင့် အခွေနှစ်ခွေခွဲကာ စီဒီအဖြစ်ဦးစွာထွက်ရှိမည်ဖြစ်ပြီး ဗီစီဒီအဖြစ် ထွက်ရှိနိုင်ရန် ရိုက်ကူးရေးများကိုလည်း စတင်နေပြီဖြစ်ကြောင်း အဆိုတော်ဆောင်းဦးလှိုင်ထံမှသိရသည်။

ထိုသီချင်းများတွင်ပါဝင်သော အနုပညာရှင်များ၏ နာမည်စာရင်းကို ထုတ်ပြန်ရန်မှာမူ စောနေသေးကြောင်း ဆောင်းဦးလှိုင်ကပြောသည်။



**ပြည်ထောင်စုတိုင်းရင်းသားများဖွံ့ဖြိုးရေးရန်ပုံငွေဂီတပွဲ ဖွင့်ပွဲမြင်ကွင်း**

# အနုပညာ သတင်းတိုများ

**ကြူကြူဟန်**

■Outsider အဖွဲ့၏ "မုသားရဲ့သစ္စာ" ဗီစီဒီ၊ ဒီဗီဒီကို ဇန်နဝါရီလ ၇ ရက်တွင် The Sun Music မှဖြန့်ချိမည်ဖြစ်သည်။ Raymond, ဘိုဘို၊ အောင်လ၊ မောင်မောင်ဇော်လတ်၊ ဂျပန်၊ လူနေအိမ်၊ H.A.K, Ezra, Fokker တို့ရေးသားထားပြီး ဘိုဘိုသီဆိုထားကာ သီချင်း ၁၁ ပုဒ်ပါဝင်သည်။

■ သျှိုင်းဘို၊ ဇော်ကြီး၊ ယောဘတို့ သီဆိုထားသည့် "ပုံစံ ၃" စီးရီးကို ဇန်နဝါရီလ ၉ ရက်တွင် မဟာမိတ်မှ ဖြန့်ချိမည်ဖြစ်သည်။ Metal Zone တီးဝိုင်းက တီးခတ်ထားပြီး စုစုပေါင်းသီချင်း ၁၀ ပုဒ်ပါဝင်သည်။

■Life & Dance အဖွဲ့၏ ၁၀ နှစ်ပြည့်ပွဲကို ဇန်နဝါရီလ ၁၅ ရက်၌ ကန်တော်ကြီးမျှော်စင်ကျွန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ထိုပွဲတွင် JMe, ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ သိန်းလင်းစိုး၊ Chilli Family, စန္ဒီမြင့်လွင်၊ Jenny, အိမ့်ချစ်၊ မိစန္ဒီနှင့်အကအဖွဲ့များက သီဆိုဖျော်ဖြေမည်ဖြစ်သည်။

# ၂၀၁၁ ထိပ်တန်းအာရှရုပ်ရှင် ၁၀ ကားတွင် ကိုရီးယားနှစ်ကားပါဝင်

**ဆိုးလ်၊ ဇန်နဝါရီ - ၃**

ကိုရီးယားဒါရိုက်တာ ဂျွန်ဂျီယွန်း၏ Unbowed ဇာတ်ကားနှင့် ဒါရိုက်တာ လီဂျွန်ယန်၏ A Reason to Live ဇာတ်ကားနှစ်ကားသည် အမေရိကန်မီဒီယာ ဝေါလ်စထရိဂျာနယ်က ရွေးချယ်သော ၂၀၁၁ ၏ အကောင်းဆုံး အာရှရုပ်ရှင်ကား ၁၀ကားစာရင်းတွင်ပါဝင်ခဲ့ကြောင်းသိရသည်။

ဂျာနယ်က အဆိုပါကားများကို ၎င်းတို့၏စာရင်းတွင် ရွေးချယ်ထားကြောင်း ဝက်ဘ်ဆိုက်၌ ဖော်ပြခဲ့သည်။ Unbowed ဇာတ်ကားမှာ ကိုရီးယားရှိ ဆုက်နန်းတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ခြင်း ဖြစ်ရပ်မှန် ရိုက်ကူးထားခြင်းဖြစ်သည်။ ယင်းဇာတ်ကားကို ဇန်နဝါရီ ၁၉ ရက်တွင် ကိုရီးယား၌ ပြသမည်ဖြစ်ကာ ပြီးခဲ့သည့် ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် အကြိုပြသခဲ့သည်။

A Reason to Live ဇာတ်ကားတွင် မင်းသမီးဆောင်ပေးဂျိုပါဝင်ထားပြီး မိမိချစ်သူကို သတ်ခဲ့သော ဆယ်ကျော်သက်တစ်ဦးအား ဇာတ်လိုက် ဒါပေး(ဆောင်ပေးကျို)က ခွင့်လွှတ်ခဲ့ပုံကိုဇာတ်လမ်းတင်ပြထားသည်။ ဝေါလ်စထရိဂျာနယ်က ယင်းဇာတ်ကားတွင် ကိုရီးယားအမျိုးသမီးတို့၏ ယဉ်ကျေးမှုနှင့် မေတ္တာတရားကို ညွှန်းဆိုထားကြောင်း မှတ်ချက်ပေးခဲ့သည်။ —Ref: Hancinema






# ဘီယွန်းစေးနှင့် ဂျေဇီးတို့၏ သမီးဦးလေးဖွားမြင်

**နယူးယောက်၊ ဇန်နဝါရီ - ၇**

အဆိုတော်ဘီယွန်းစေးနှင့် ဂျေဇီးတို့၏ သမီးဦးလေးကိုဇန်နဝါရီလ ၇ရက်ညက နယူးယောက်မြို့တွင် အောင်မြင်စွာမွေးဖွားနိုင်ခဲ့ကြောင်း သူတို့နှစ်ဦးနှင့်နီးစပ်သူများကပြောကြားသည်။

ဂျေဇီးနှင့်ဘီယွန်းစေးတို့သည်သမီးငယ်လေးကို Blue Ivy Carter ဟုအမည်ပေးထားကြသည်။ ဘီယွန်းစေး၏ သမီးငယ်ဖွားမြင်သည့်သတင်းကြားသိရပြီးနောက် အဆိုတော်ရီဟန်းနားကသူမ၏တွစ်တာစာမျက်နှာတွင် 'ကမ္ဘာမြေကကြိုဆိုပါတယ် မင်းသမီးလေး ကာတာရေ။ ချစ်ရတဲ့အန်တီရီ'ဟူ၍ ဆုတောင်းပေးထားသည်။

သမီးဦးလေးကိုဖွားမြင်ပြီးသော်လည်း ဘီယွန်စေးနှင့်ဂျေဇီးတို့၏ မင်္ဂလာသတင်းကိုမူ ယခုထိထုတ်ပြန်ပြောကြားခြင်းမရှိသေးပေ။

—Ref: MTV

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Mission Impossible-Ghost Protocol | Paramount Pictures | ၁၃၄,၁၃၉,၀၀၀ | ၃ |
| ၂။ | Sherlock Holmes: A Game of Shadows | Warner Bros Pictures | ၁၃၂,၁၀၀,၀၀၀ | ၃ |
| ၃။ | Alvin and the Chipmunks: Chipwrecked! | N/A | ၉၄,၆၀၉,၃၃၅ | ၃ |
| ၄။ | The Girl with the Dragon Tattoo | Sony Pic. Releasing | ၅၇,၁၀၀,၀၀၀ | ၂ |
| ၅။ | War Horse | DV | ၄၀,၄၅၁,၇၇၂ | ၂ |
| ၆။ | We Bought a Zoo | 20th Century Fox | ၄၁,၇၈၇,၃၁၇ | ၂ |
| ၇။ | The Adventures of Tintin | Paramount Pictures | ၄၇,၈၄၁,၀၀၀ | ၂ |
| ၈။ | New Year's Eve | Warner Bros | ၄၆,၃၇၂,၀၀၀ | ၄ |
| ၉။ | The Darkest Hour | Summit | ၁၃,၁၃၇,၉၆၃ | ၂ |
| ၁၀။ | The Descendands | Fox | ၃၉,၄၂၀,၇၇၅ | ၇ |

# Movie Review

## Extremely Loud and Incredibly-Close




အမေရိကန် ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံတိုက်ခိုက်မှုတွင် ဖခင်ဖြစ်သူသေဆုံးခဲ့သော်လည်း ဖခင်သည် သူ့အတွက်မှာကြားချက် တစ်ခုထားခဲ့သည်ဟု အော်စကာ တစ်ယောက် ယုံကြည်နေသည်။ ဖခင်၏စားပွဲခုံထဲမှ သော့တစ်ချောင်းတွေ့ရှိခဲ့ရာ ယင်းသော့ခလောက်ကို ရှာဖွေတွေ့ရှိ၍ ဖွင့်လိုက်နိုင်ပါက သူ့အဖေ၏ မှာကြားချက်များကို သိရှိလာပြီး ဖခင်သေဆုံးသွားခဲ့၍ သောကပွေနေသော မိခင်ကိုလည်း အော်စကာတစ်ယောက်ကူညီနိုင်မည်လားဆိုတာ . . . .

Tom Hanks, Sandra BulLock, Thomas Horn, တို့ဦးဆောင်ပါဝင်ထားသော ဒရာမာ ဇာတ်ကားကို ဒါရိုက်တာ စတီဖင်ဒယ်ဒရိုင်းက ရိုက်ကူးထားပြီး Paramount Picturs နှင့် Warner Bros Pictures တို့က တာဝန်ယူဖြန့်ချိမည်ဖြစ်သည်။

Sports
7Day News Journal
Vol.10, No.43 · JANUARY 12, 2012

# ဒဂုံအောင်လံရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် နိုင်ငံခြားသားတစ်ဦး ပထမဆုံးအကြိမ် ဗိုလ်စွဲ

နေလင်းထွန်း

**ရန်ကုန်၊ ဇန်နဝါရီ-၈**

စတုတ္ထအကြိမ်မြောက် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲ၌ အာမေးနီးယားနိုင်ငံ၏ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ ချန်ပီယံဖြစ်သူ ဒါဗစ်အား မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံစောငမန်းက ငါးချီယှဉ်ပြိုင်ထိုးသတ်အပြီးတွင် အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ယခုလ ၈ ရက်တွင် ကျင်းပခဲ့သော ဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင်လက်ဝှေ့တွဲဆိုင်းရှစ်ဆိုင်းထည့်သွင်းယှဉ်ပြိုင်စေခဲ့ပြီး စောငမန်းက ဒဂုံရွှေအောင်လံကို စတုတ္ထအကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ပရိသတ်များ စောင့်စားနေသော နောက်ဆုံးပွဲစဉ်တွင် အသက် ၃၁ နှစ်အရွယ်ရှိ စောငမန်းနှင့် အသက် ၂၃ နှစ် အရွယ်ရှိ ဒါဗစ်တို့ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ ကစားသမားနှစ်ဦး လက်ရည်နှင့်ခွန်အားချင်းမျှခဲ့၍ အပြန်အလှန်ထိုးသတ်နိုင်ခဲ့ကြသည်။

အနိုင်ရရှိခဲ့သောစောငမန်းက "တစ်ဖက်ကစားသမားလည်း ကောင်းပါတယ်။ အားလည်း အတူတူလောက်ပဲ။ အဲဒီတော့ကိုယ်က ပါးပါးနပ်နပ်နဲ့ အနိုင်ရအောင် ထိုးရပါတယ်"ဟု ဆိုသည်။

အခြားပွဲစဉ်တစ်ခုဖြစ်သော ပထမတန်းဒဂုံရွှေအောင်လံလုပွဲတွင် ရုရှားနိုင်ငံမှမြန်မာရိုးရာလက်ဝှေ့ကစားသမား အသက် ၂၂ နှစ်အရွယ် ဆာရီကော့ဗ်က အသက် ၂၄ နှစ်အရွယ် မြန်မာလက်ဝှေ့သမားရန်နိုင်အောင်ကို အမှတ်ဖြင့် အနိုင်ယူပြီး ပထမဆုံး ဒဂုံအောင်လံဆုရနိုင်ငံခြားသား မှတ်တမ်းဝင်သွားခဲ့သည်။



ဆာရီကော့ဗ်နှင့် ရန်နိုင်အောင် ယှဉ်ပြိုင်ထိုးသတ်စဉ်

မြန်မာ့လက်ဝှေ့သမား ရန်နိုင်အောင်သည် ဆာရီကော့ဗ်ကို လက်ရည်တူယှဉ်ပြိုင် ထိုးသတ်နိုင်ခြင်းမရှိဘဲ ခြေတံလက်တံရှည်သော ရုရှားကစားသမား၏ တံတောင်ရိုက်ချက်များနှင့် ခြေကန်ချက်များကို ကာကွယ်ခဲ့ရသည်။ ထို့ကြောင့် ငါးချီပြီးဆုံးချိန်တွင် ရုရှားနိုင်ငံမှမြန်မာ့လက်ဝှေ့ကစားသမားဆာရီကော့ဗ်အားပထမတန်း ဒဂုံရွှေအောင်လံကို အမှတ်ပေးဒိုင်ငါးဦးလုံးက ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အထူးဒဂုံရွှေအောင်လံပွဲစဉ်တွင်ရွှေခါးပတ်ချန်ပီယံဟောင်း ဝင်းထွန်းနှင့် အီရန်နိုင်ငံမှ ကမ္ဘာ့မွေထိုင်းချန်ပီယံ မာဆွတ်တို့ထိပ်တိုက်တွေ့ဆုံခဲ့ပြီး စတုတ္ထအချီတွင် ဝင်းထွန်း၏ ချောင်ပိတ်ထိုးကွက်ကြောင့်မာဆွတ်နှာခေါင်းရိုးကျိုးသွား၍ ဆရာဝန်၏ဆုံးဖြတ်ချက်ဖြင့် ဝင်းထွန်းအနိုင်ရရှိခဲ့သည်။ ၄င်းပွဲစဉ်တွင် လက်ဝှေ့သမားနှစ်ဦး၏ သွက်လက်သောထိုးကွက်များကို မြင်တွေ့ရခြင်းမရှိဘဲ ပွဲအေးနေခဲ့ရာ ဝင်းထွန်း၏ ရုတ်တရက်ထိုးနှက်ချက်ဖြင့် ပွဲရပ်သွားခြင်းဖြစ်သည်။ အီရန်ကစားသမားမာဆွတ်က ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရန် စောဒကတက်နေသေးသော်လည်း နှာခေါင်းရိုးကျိုးသွားခြင်းကြောင့် ဆရာဝန်က ဆက်လက်ယှဉ်ပြိုင်ခွင့်မပြုပဲ ဝင်းထွန်းအား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်များတွင်ပရိသတ်များအား စိတ်ကြိုက်တွေ့စေခဲ့သော ပွဲစဉ်မှာ ဒုတိယတန်း ဒဂုံအောင်လံဗိုလ်လုပွဲဖြစ်သော ရွှေသိန်းအောင်(တောင်ကလေး)နှင့် သပြေညို(ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသက်မှု ဖြစ်သည်။

ရွှေသိန်းအောင်၏ လက်သီးထိုးချက်များက သပြေညိုကို အလူးအလဲဖြစ်စေခဲ့ပြီး အသည်းကောင်းသောသပြေညိုက အပြန်အလှန်လိုက်ထိုးရင်း ပွဲကောင်းတစ်ခု ဖြစ်စေခဲ့သည်။အမှတ်ပေးပွဲစဉ်ဖြစ်သောကြောင့် အထိနာနေသော သပြေညိုက ရွှေသိန်းအောင်ကို အလဲထိုးနိုင်ရန် လိုက်ထိုးရာမှ ကြည့်ကောင်းသော ပွဲတစ်ပွဲဖြစ်ခဲ့သည်။ သို့သော် ရွှေသိန်းအောင်ကသာ သပြေညိုမျက်နှာကို သွေးစွန်းစေခဲ့ပြီး ငါးချီအပြီးတွင် အမှတ်ပေးဒိုင်များက ရွှေသိန်းအောင်ကိုအနိုင်ပေးခဲ့သည်။

"ဒီနေ့ပွဲစဉ်တွေက ကြည့်လို့ကောင်းပါတယ်။ ရုရှားက ကောင်လေးလည်း ကောင်းတယ်။ ရွှေသိန်းအောင်နဲ့ သပြေညိုပွဲလည်းပွဲကောင်းတစ်ပွဲပဲ"ဟုလက်ဝှေ့ပွဲလာရောက်ကြည့်ရှုအားပေးသူတစ်ဦးက ပြောသည်။

မြန်မာ့ရိုးရာလက်ဝှေ့ဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင်မြန်မာ့ရိုးရာ လက်ဝှေ့အကျော်အမော်များဖြစ်ခဲ့ဖူးသည့် ရွှေဝါထွန်းနှင့် ဝမ်ချိုင်းတို့၏ စိန်ခေါ်ပွဲများအပါအဝင် လှစ်လှစ်လေး(အဖြူရောင်သွေးသစ်)နှင့်ပူတူတူးလေး(တောင်ကလေး)၊ အားမာန် (T&T)နှင့် ပါဝါ(တောင်ကလေး)၊သတ္တိအောင်(တောင်ကလေး)နှင့် ရွှေထွန်းယုံ(ဘိလပ်မြေစက်ရုံ)တို့၏ စိန်ခေါ်ပွဲများ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး သရေပွဲများအဖြစ်ပြီးဆုံးခဲ့သည်။

စတုတ္ထအကြိမ်မြောက် ဒဂုံရွှေအောင်လံမြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲသည် လက်ဝှေ့ဝါသနာရှင်ပရိသတ်များအတွက် ရသတစ်ခုကို ပေးစွမ်းနိုင်ခဲ့သလို မြန်မာ့ရိုးရာလက်ဝှေ့ပညာတွင် နိုင်ငံခြားသားများက နေရာတစ်ခုရယူလာသည်ကိုလည်း တွေ့မြင်နိုင်သည်။

# ဘောလုံးသမားများကို နဖူးစည်း ခေါင်းစည်း အသုံးပြုခွင့် ကန့်သတ်

ဗိုလ်ဗိုလ်ဝင်း


**ရန်ကုန်၊ ဇန်နဝါရီ-၇**

ပြည်တွင်းဘောလုံးပွဲစဉ်များတွင် ကစားသမားများ ပွဲကစားစဉ် နဖူးစည်း၊ ခေါင်းစည်းအသုံးပြုဝတ်ဆင်ကစားခြင်းအား ခွင့်ပြုတော့မည်မဟုတ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ဆံပင်အရှည်ထားသော ကစားသမားများအနေဖြင့် ယခင်က ခေါင်းစည်းကြိုး၊ နဖူးစည်း၊ ဘီးကုပ်အစရှိသည်တို့အား အသုံးပြုခွင့်ရရှိခဲ့သော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် အာရှဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)တို့မှ တားမြစ်ပိတ်ပင်လိုက်ပြီဖြစ်သည့်အတွက်ပြည်တွင်းဘောလုံးပွဲစဉ်များ၌လည်း ခွင့်ပြုတော့မည်မဟုတ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဆံပင်အရှည်ထားတဲ့ ကစားသမားတွေအနေနဲ့ ခေါင်းမှာတစ်စုံတစ်ခုနဲ့ပတ်စည်းကစားခြင်း၊ ဘီးကုပ်အသုံးပြုခြင်းတွေဟာ အမြင့်ဘောတွေ ခေါင်းယှဉ်တိုက်ရာမှာ ထိခိုက်မှုရှိနိုင်ပါတယ်။ နဖူးစည်းတွေကလည်း ကစားရင်း လည်ပင်း၊ လက်တွေနဲ့ငြိပြီး အန္တရာယ်ရှိနိုင်တဲ့အတွက် ဖီဖာနဲ့ အေအက်ဖ်စီက ပိတ်ပင်လိုက်တာပါ။ ပြည်တွင်းဘောလုံးပွဲစဉ်တွေမှာလည်း ပြုလုပ်ခွင့်မပေးတော့ပါဘူး" ဟု အထက် ပါ တာဝန်ရှိသူကဆိုသည်။

သို့သောခြွင်းချက်အနေဖြင့် ဆံပင်ရှည်ထားသော ကစားသမားများသည် ဦးခေါင်းအနောက်ဘက်တွင် ဆံပင်အား ခေါင်းစည်းကြိုး တစ်ခုခုဖြင့် စည်းကစားနိုင်ကြောင်း ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။







Photo-AFP

၂၀၁၁ခုနှစ်အတွက် ဖီဖာဘလွန်းဒီအော် ဆုပေးပွဲအခမ်းအနား စင်မြင့်ထက်တွင် ဘာစီလိုနာအသင်းမှ နည်းပြဂွာဒီရိုလာ၊ မက်ဆီနှင့် ဇာဗီးတို့ကို တွေ့ရစဉ်။ ဂွာဒီရိုလာက ၂၀၁၁ခုနှစ်အတွက်အကောင်းဆုံးနည်းပြဆုကို မော်ရင်ဟိုနှင့် ဖာဂူဆန်တို့ကို ကျော်ဖြတ်၍ ဆုရရှိခဲ့သည်။ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို မက်ဆီက သုံးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည်။






7 Day NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# ယခုနှစ်တွင်စတင်အသုံးပြုမည့် နားကြပ်ကို အရေးကြီးပွဲစဉ်များတွင်သာ သုံးမည်ဟုဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

ဒိုင်လူကြီးအချင်းချင်း ဆက်သွယ်နိုင်သည့် စကားပြောကိရိယာ(နားကြပ်)မလုံလောက်သေးသည့်အတွက် အဆုံးအဖြတ်အကြိတ်အနယ်အရေးကြီးပွဲစဉ်များတွင် သာဦးစားပေးအသုံးပြုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဒိုင်လုပ်ငန်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်းဒိုင်လူကြီးများအနေဖြင့် အဆိုပါနားကြပ်များကို တပ်ဆင်၍ ပြီးခဲ့သည့် ကွန်မြူနတီဒိုင်း ရန်ကုန်နှင့် ဧရာဝတီပွဲစဉ်တွင် စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ၂၀၁၂မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များတွင်လည်း ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သို့သော် လက်ရှိတွင် တစ်စုံလျှင် ဒေါ်လာခုနစ်ထောင်တန်ဖိုးရှိသော ၎င်းစကားပြောကိရိယာ(နားကြပ်)သုံးစုံသာရှိသေးသည့်အတွက် တစ်ပတ်လျှင်(နယ်ကွင်းများအပါအဝင်)ခုနစ်ပွဲခန့်ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်အားလုံးအတွက် အသုံးပြုနိုင်မည်မဟုတ်သေးကြောင်း အဖွဲ့ချုပ်ဒိုင်လုပ်ငန်းဌာနမှ ဦးထွန်းလှအောင်က ဆိုသည်။

“အဖွဲ့ချုပ်ဥက္ကဋ္ဌက လိုအပ်တာထပ်မှာပေးမယ်လို့ပြောထားပါတယ်။ လာမယ့် ဒုတိယအကျော့ပွဲစဉ်တွေဆိုရင်တော့ပွဲပြည့်အသုံးပြုနိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု ၎င်းက ပြောသည်။ ပြီးခဲ့သည့် ဘောလုံးရာသီပွဲစဉ်များတွင် ဒိုင်များ၏ ဆုံးဖြတ်ချက်များအပေါ်တွင် စောဒကတက်မှုများပြင်းထန်ခဲ့ပြီး အချို့အသင်းများမှာ ဘောလုံးအဖွဲ့ချုပ်သို့ ကန့်ကွက်စာတင်သွင်းသည်အထိရှိခဲ့သည်။



ကွန်မြူနတီဒိုင်း ဘောလုံးပွဲတွင် နားကြပ်စတင်တပ်ဆင်၍ တာဝန်ထမ်းဆောင်နေသော ကွင်းလယ်ဒိုင်ကို တွေ့ရစဉ်
ဓာတ်ပုံ - အောင်အောင်

အဖွဲ့ချုပ်အနေဖြင့်လည်း အရေးကြီးသည့် အဆုံးအဖြတ်နောက်ဆုံးပွဲစဉ်များတွင် ထိုင်းနိုင်ငံမှ ဒိုင်လူကြီးများကို ငွေကြေးမြောက်မြားစွာပေး၍ ငှားရမ်းအသုံးပြုမှုပြုလုပ်ခဲ့ရသည်။ ယခုကဲ့သို့နည်းပညာအကူအညီရယူကာ ကိုင်တွယ်တော့မည့်လာမည့်ပွဲစဉ်များတွင် ဒိုင်လူကြီးများအနေဖြင့် ယခင်ကထက် အမှားအယွင်းနည်းအောင် ကိုင်တွယ်ပြီး ပွဲကိုထိန်းသိမ်းမလားဆိုသည်ကိုစောင့်ကြည့်ရမည်ဖြစ်ကြောင်း ဘောလုံးပရိသတ်တစ်ဦးကဆိုသည်။

# ကူဝိတ်တွင် ကျင်းပမည့် ဖိတ်ခေါ်သေနတ်ပစ်ပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

အာရှအဆင့်ကူဝိတ်အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အဖွဲ့ချုပ် ဖိတ်ခေါ်ပြိုင်ပွဲ (H.H. The Amir of Kuwait International Shooting Grand Prix) သို့မြန်မာသေနတ်ပစ်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။

အဆိုပါပြိုင်ပွဲကိုကူဝိတ်နိုင်ငံ၊ ကူဝိတ်မြို့တော်တွင် လာမည့်ဖေဖော်ဝါရီလ ၁၁ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး အကြီးတန်းနှင့် အငယ်တန်းဟူ၍ ခွဲခြားကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား ၁၄မျိုးစီ ထည့်သွင်းကျင်းပမည့်၎င်းအတန်းနှစ်တန်းတွင် မြန်မာနိုင်ငံမှ အကြီးတန်းပြိုင်ပွဲအမျိုးအစား ငါးမျိုး၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာသေနတ်ပစ်အဖွဲ့တွင် အားကစားသမားများအဖြစ် အောင်ငြိမ်းနီ၊ လင်းအောင်၊ မောင်ကြူ၊ နေထက်အောင်နှင့် အေးအေးသင်းတို့ပါဝင်ပြီး (အမျိုးသား၊ အမျိုးသမီး) မီတာ ၅၀ရိုင်ဖယ် (ဝမ်းလျားမှောက်)ပြိုင်ပွဲ၊ အမျိုးသမီး ၁၀မီတာ လေရိုင်ဖယ်ပြိုင်ပွဲ၊ အမျိုးသား ၁၀မီတာ၊ လေပစ္စတိုနှင့် မီတာ ၅၀စိတ်ကြိုက်ပစ္စတိုပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။



အင်ဒိုဆီးဂိမ်းအတွက် လေ့ကျင့်နေသော လက်ရွေးစင် သေနတ်ပစ်မယ်တစ်ဦးကို တွေ့ရစဉ်
ဓာတ်ပုံ - အောင်အောင်

“ဒီပြိုင်ပွဲကို အဓိကဝင်ရောက်ယှဉ်ပြိုင်ရတဲ့ အကြောင်းက ပြိုင်ပွဲအတွေ့အကြုံလိုချင်တာပါ။ နောက်ပြီး အာရှသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌကလည်း ကူဝိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့အတွက် နည်းပညာ၊ နည်းစနစ်ပိုင်းတွေ ကူညီထောက်ပံ့မှုတွေရရှိဖို့အတွက်လည်း ရည်ရွယ်ပါတယ်”ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူက ဆိုသည်။

# သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဆုကြေး ကျပ်သိန်းတစ်ရာခန့် ချီးမြှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

ပထမအကြိမ် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားဗန်တိုတံခွန်စိုက်ပြိုင်ပွဲတွင် ဆုကြေးငွေစုစုပေါင်းကျပ်သိန်းတစ်ရာခန့် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကိုဇန်နဝါရီလ ၁၅ရက်မှ ၂၁ရက်အထိ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပမည်ဖြစ်ပြီး၊ ဗန်တိုအတိုက်ပြိုင်ပွဲ (အမျိုးသား)ဝိတ်တန်းခြောက်တန်းနှင့် (အမျိုးသမီး)ဝိတ်တန်းလေးတန်း ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

ဝိတ်တန်းတစ်တန်းစီအတွက် ပထမကျပ်ခုနစ်သောင်း၊ ဒုတိယကျပ်ငါးသောင်း၊ တတိယကျပ်သုံးသောင်းချီးမြှင့်မည်ဖြစ်ပြီး၊ တံခွန်စိုက်ဆုဖလားရရှိသည့် အသင်းအားကျပ်သုံးသိန်း၊ ဒုတိယကျပ်နှစ်သိန်း၊ တတိယကျပ်တစ်သိန်း ထပ်မံချီးမြှင့်သွားမည်ဖြစ်သည်။

ထို့ပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုကို ကျပ်တစ်သိန်းချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ အသက် ၁၈ နှစ်မှ ၃၅နှစ်ကြား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗန်တိုတံခွန်စိုက်ပြိုင်ပွဲနှင့်တစ်ဆက်တည်း(၁၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ ၎င်းပြိုင်ပွဲတွင် လက်သိုင်းအတိုက်(ပန်ကျပ်ဆီလတ်)ပြိုင်ပွဲ၊ ဓားတစ်လက်၊ နှစ်လက်ပြိုင်ပွဲ၊ တစ်ဦးချင်း၊ အဖွဲ့လိုက်ပညာစဉ်စွမ်းရည်ပြပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဆုကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# စစ်တုရင်နိုင်ငံလက်ရွေးစင်ဖြစ်လိုသူများအတွက် ပထမအဆင့် လက်ရည်စစ်ပြိုင်ပွဲလာပြီ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

မြန်မာ့လက်ရွေးစင်စစ်တုရင်ကစားသမားအဖြစ်သို့တက်ရောက်ရန်ပထမအဆင့်လက်ရည်စစ်ပြိုင်ပွဲဖြစ်သည့် မြန်မာအိုပင်းစစ်တုရင်ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီလ ၂၅ရက်မှ ဖေဖော်ဝါရီလ ၃ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ အိုးပင်းစစ်တုရင်ပြိုင်ပွဲမှလက်ရည်စစ်အောင်မြင်သူများသည် ၂၀၁၂ အမျိုးသားတံခွန်စိုက်စစ်တုရင် ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး အမျိုးသားတံခွန်စိုက်ပြိုင်ပွဲမှ မြန်မာ့လက်ရွေးစင်များ ရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ သတင်း ရရှိသည်။

မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်သည့် အဆိုပါလက်ရည်စစ်ပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇန်နဝါရီလ ၂၂ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးမှာ တစ်ဦးလျှင် ကျပ်နှစ်ထောင်ဖြစ်ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012

# မန်စီးတီးဇယားကိုဦးဆောင်ပြီး ချယ်လ်ဆီး၊ မန်ယူ၊ လီဗာပူး၊ စပါးတို့ အိမ်ကွင်းနိုင်ပွဲ ကိုယ်စီရှာရမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၂၁) ပွဲကြိုခန့်မှန်းချက်



ကိုအေးမြတ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၂၁) မှာတော့ ချန်ပီယံဖြစ်ဖို့ ပိုနီးစပ်လာတဲ့ မန်စီးတီးတို့ ဇယားအောက်ခြေက ဝီဂန်ကို အဝေးကွင်းပွဲကစားရမှာပါ။ ဒီတစ်ပတ်ပွဲတွေထဲမှာ ဗီလာ-အဲဗာတန်ပွဲက အကြိတ်အနယ်ရှိနိုင်သလို အိမ်ကွင်းပွဲတွေကစားရမယ့် ချယ်လ်ဆီး၊ လီဗာပူး၊ မန်ယူ၊ စပါးတို့ရဲ့ ပွဲတွေကလည်း မထင်မှတ်ဘဲ သရေနဲ့ အရှုံးပွဲတွေ တွေ့နိုင်တာမို့ သတိထားရဦးမှာပါ။ ဒါကြောင့်ခြုံကြည့်ရင် မန်စီးတီးတို့အမှတ်အသာနဲ့ ဇယားကိုဆက်ဦးဆောင်နိုင်ပြီး ကျန်ထိပ်သီးလေးသင်းကလည်း ဇယားမှာ ရပ်တည်မှုအဆင့်တွေ ကြီးကြီးမားမား ပြောင်းလဲဖို့ မမြင်မိပါဘူး။

**၁၄၊ ဇန်နဝါရီ၊ စနေ**

**ဗီလာ-အဲဗာတန်**

**ည ၉း၃၀ နာရီ**

**ပ-ကျော့ရလဒ် -၂-၂**

ဒီနှစ်သင်းတွေ့တိုင်း အကြိတ်အနယ်ဖြစ်တတ်ပြီး သရေပွဲများတာ ထုံးစံဖြစ်ပါတယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ တစ်ကြိမ်ပဲ ဗီလာနိုင်ပြီး လေးကြိမ် သရေကျခဲ့တယ်။ ဒါပေမဲ့ ဒီရာသီမှာ ဗီလာတို့ အိမ်ကွင်းရလဒ်သိပ်မကောင်းတာမို့ အဝေးကွင်းနိုင်ပွဲများနေတဲ့ အဲဗာတန်ကို ရွေးသင့်ပါတယ်။ သရေဒါမှမဟုတ် အဲဗာတန်ကပ်နိုင်မယ်လို့ထင်ပါတယ်။

**ဘလက်ဘန်း-ဖူလ်ဟမ်**

**ည ၉း၃၀ နာရီ**

**ပ-ကျော့ရလဒ် -၁-၁**

ယခင်တွေ့ဆုံမှုတွေမှာ ခြေမကွာခဲ့တဲ့ နှစ်သင်းဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ဘလက်ဘန်းတို့ ဇယားအောက်ခြေမှာ အိမ်ကွင်းနိုင်ပွဲနှစ်ပွဲလောက်နဲ့ ရပ်တည်နေတာကြောင့် နိုင်ခြေနည်းလှတယ်။ ဖူလ်ဟမ်အဝေးကွင်း သရေပွဲများတတ်တာ တစ်ချက်ကိုထည့်တွက်ရင် သရေပွဲ (သို့မဟုတ်)ဖူလ်ဟမ် တစ်ဂိုးလောက်နဲ့ ကပ်နိုင်မယ့်ပွဲအဖြေဆီ ဦးတည်နေတယ်။

**ချယ်လ်ဆီး-ဆန်းဒါးလန်း**

**ည ၉း၃၀ နာရီ**

**ပ-ကျော့ရလဒ် - ၂-၁**

ချယ်လ်ဆီးအိမ်ကွင်းမှာ ဆန်းဒါးလန်းတို့ခက်ခဲမယ့်ပွဲပါ။ ချယ်လ်ဆီးတို့ နောက်ဆုံးငါးပွဲမှာ သရေပွဲများခဲ့ပေမယ့် ဒီပွဲမှာတော့ အနိုင်သုံးမှတ်ရနိုင်ခြေ ပိုများတယ်။ ချယ်လ်ဆီးဘက်က နှစ်ဂိုးအသာလောက်နဲ့ နေသင့်ပါတယ်။

**လီဗာပူး-စတုတ်စီးတီး**

**ည ၉း၃၀ နာရီ**

**ပ-ကျော့ရလဒ် -၀-၁**

ပထမအကျော့က ရှုံးကြွေးကို လီဗာပူးတို့အိမ်ကွင်းမှာ ပြန်ဆပ်ရမှာပါ။ လီဗာပူးတို့ အက်ဖ်အေနိုင်ပွဲမှာ အသင်းခေါင်းဆောင် ဂျရတ်ပြန်ပါလာခဲ့တာကြောင့် စိတ်ဓာတ်ပိုင်းအရပါ အသာစီးရနေတယ်။ အိမ်ရှင်လီဗာပူးပဲ အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်မှာပါ။

**မန်ယူ-ဘောလ်တန်**

**ည ၉း၃၀ နာရီ**

**ပ-ကျော့ရလဒ် -၅-၀**

မန်ယူတို့ရှုံးပွဲ တချို့ရှိထားပေမယ့် ဘောလ်တန်ကိုတော့ အိုးလ်ထရက်ဖို့ဒ်မှာ နိုင်ခြေများပါတယ်။ ပြီးခဲ့တဲ့ ထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်စလုံး မန်ယူလေးကြိမ်နိုင်၊ တစ်ကြိမ်သရေကျထားတယ်။ မန်ယူဂိုးနည်းနည်းနဲ့ နိုင်မယ့်ပွဲပါ။

**စပါး-ဝုလ်**

**ည ၉း၃၀ နာရီ**

**ပ-ကျော့ရလဒ် - ၂-၀**

ချန်ပီယံဖြစ်ဖို့မျှော်လင့်ချက်ရှိနေတဲ့အထဲ စပါးကိုလည်း ထည့်သွင်းလာနေရပါပြီ။ စပါးတို့ ဒီနောက်ပိုင်းရလဒ်တွေ တောက်လျှောက်ကောင်းနေပြီး ယနေ့အထိ အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတယ်။ သရေပွဲများနေတဲ့ ဝုလ်ကို စပါးတို့ နှစ်ဂိုးလောက်နဲ့ထပ်နိုင်ခြေရှိတယ်။

**ဝက်စ်ဘရွန်း-နော့ဝစ်ချ်**

**ည ၉း၃၀ နာရီ**

**ပ-ကျော့ရလဒ် -၁-၀**

အိမ်ကွင်းညံ့တဲ့ဝက်စ်ဘရွန်းတို့ နော့ဝစ်ချ်ကို အမြင့်ဆုံးသရေပဲ ရနိုင်ပါမယ်။ ညွှသည်နော့ဝစ်ချ်တို့ပထမအကျော့ရှုံးကြွေးပြန်ဆပ်ပြီး ကပ်နိုင်ခြေရှိတယ်။ သရေပွဲဆီလည်း ဦးတည်သွားနိုင်တယ်။

**၁၅၊ ဇန်နဝါရီ၊ တနင်္ဂနွေ**

**နယူးကာဆယ်-ကျူပီအာ**

**ည ၈ နာရီ**

**ပ-ကျော့ရလဒ် -၀-၀**

အိမ်ကွင်းရလဒ်ကောင်းတဲ့ နယူးကာဆယ်တို့ နိုင်ခြေပိုများနေတယ်။ ကျူပီအာတို့ ဒီနောက်ပိုင်း ရှုံးပွဲများနေတဲ့အပြင် အဝေးကွင်းရှုံးပွဲအများဆုံး အသင်းတွေထဲမှာလည်း ပါဝင်နေဆဲပဲ။ နယူးကာဆယ်ဘက်က တစ်ဂိုးအသာနဲ့ နေသင့်ပါတယ်။

**ဆွမ်းဆီး-အာဆင်နယ်**

**ည ၁၀း၃၀ နာရီ**

**က-ကျော့ရလဒ်-၀-၁**

အာဆင်နယ် အဝေးကွင်းခြေစွမ်းအကောင်းဆုံး မရသေးပါဘူး။ ဆွမ်းဆီးကလည်း အိမ်ကွင်းသရေပွဲအများဆုံး အသင်းတွေထဲမှာပါနေတယ်။ အာဆင်နယ်နိုင်ရင်လည်း ဂိုးများဖို့ မရှိတဲ့ပွဲပါ။ ဆွမ်းဆီးအမြင့်ဆုံး သရေမှန်းနိုင်ပါတယ်။

**၁၇၊ ဇန်နဝါရီ၊ အင်္ဂါ**

**ဝီဂန်-မန်စီးတီး**

**နံနက် ၂း၃၀ နာရီ**

**ပ-ကျော့ရလဒ် -၀-၃**

မန်စီးတီးတို့အဝေးကွင်းခြေစွမ်းပြသရမယ့် ပွဲပါပဲ။ နောက်ဆုံးငါးပွဲမှာ ဝီဂန်သုံးပွဲသရေ၊ နှစ်ပွဲ ရှုံးရလဒ်ပဲ ရထားတယ်။ ဧည့်သည်မန်စီးတီးဘက်က နှစ်ဂိုးလောက်နဲ့ နေသင့်တယ်။ ဝီဂန်သရေရနိုင်ခြေ မရှိသလောက်ပါပဲ။



7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012



# အရည်အသွေးမပြည့်မီသော ရင်သားအစားထိုး ဆီလီကွန်များပြဿနာ ပြင်သစ်စုံစမ်းစစ်ဆေးမည်

**ပါရီ၊ ဇန်နဝါရီ - ၄**

အပြစ်အနာအဆာများရှိနေသော ပြင်သစ်နိုင်ငံလုပ် ရင်သားအစားထိုး ဆီလီကွန်များအပေါ် ကျန်းမာရေးစိုးရိမ်မှုများရှိနေခြင်းအတွက် ယင်းကိစ္စကိုပြင်သစ်အစိုးရက စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်းသိရသည်။

အရည်အသွေး မပြည့်မီသောဆီလီကွန်များ ရောင်းချခဲ့ကြောင်း အဆိုပါဆီလီကွန်များကို ထောက်ပံ့သည့်ကုမ္ပဏီကပြောကြားခဲ့ပြီးနောက် ယင်းပြဿနာကို အဘယ်ကြောင့် စစ်ဆေးတွေ့ရှိခဲ့ခြင်းမရှိသည်ကို စုံစမ်းစစ်ဆေးမည်ဖြစ်သည်။

မသန့်ရှင်းသော ဆီလီကွန်အရည်ပျစ်များပါဝင်သည့် ရင်သားအတုများကို နိုင်ငံပေါင်း ၆၅ နိုင်ငံမှ အမျိုးသမီးပေါင်းသုံးသိန်းနှင့်လေးသိန်းကြားတွင် ခွဲစိတ်မှုပြုလုပ်၍ ထည့်သွင်းထားသည်ဟု ယုံကြည်ရသည်။

ယင်းပြဿနာနှင့် ပတ်သက်၍ ပြင်သစ်ကျန်းမာရေးဝန်ကြီး ဇာဗီးယားဘာထရန်သည်ဥရောပနိုင်ငံများမှ ကျန်းမာရေးအရာရှိများနှင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်းသိရသည်။ "ဒီကိစ္စကိုစစ်ဆေးရင်း ဘာလို့မတွေ့ရှိခဲ့တာလဲ။ ကျွန်တော် အားလုံးကိုသိချင်တယ်။ ဒီကိစ္စကို စုံစမ်းစစ်ဆေးဖို့ ကျွန်တော် ပြောထားပြီးပြီ" ဟု မစ္စတာဘာထရန်ကပြင်သစ်နိုင်ငံ တကာရေဒီယိုအား ပြောကြားသည်။

ဈေးပေါသော စက်မှုလုပ်ငန်းသုံး ဆီလီကွန်များ ထုတ်လုပ်သောကုမ္ပဏီ(PIP)ကို ၂၀၁၀ ပြည့်နှစ်တွင် ပိတ်သိမ်းခဲ့ပြီးဖြစ်သည်။ ယင်းဆီလီကွန်များကြောင့် ရင်သားတွင် အက်ကွဲမှုများဖြစ်လာမည်ကို ကျန်းမာရေးအရာရှိများက စိုးရိမ်နေကြသည်။

—*Ref: UPI*



Photo - AFP

# ဆော်ဒီအာရေးဗီးယားတွင် အမျိုးသမီးအဝတ်အထည်ဆိုင်များ၌ အမျိုးသမီးများသာ ရောင်းရမည်ပြဋ္ဌာန်း

**ရီယာ့ဒ်၊ ဇန်နဝါရီ - ၃**

ဆော်ဒီအာရေးဗီးယားအစိုးရသည် စတိုးဆိုင်များတွင် အမျိုးသမီးအဝတ်အထည်နှင့်အတွင်းခံအဝတ်အစားများအား အမျိုးသမီးများကသာ ရောင်းချရမည့်ဥပဒေတစ်ရပ်ပြဋ္ဌာန်းတော့မည်ဟုသိရသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် ၂၀၀၆ ခုနှစ်က ထုတ်ပြန်သည့် ဥပဒေဟောင်းအရ အမျိုးသမီးများ အလုပ်လုပ်သည့် အလှကုန်နှင့် အဝတ်အထည်ဆိုင်များ၌ အမျိုးသားများ အလုပ်လုပ်ခွင့်ကို ပိတ်ပင်ထားခဲ့သော်လည်း ယင်းဥပဒေမှာ အသက်ဝင်ခြင်းမရှိခဲ့ပေ။ ဆော်ဒီအမျိုးသမီးများမှာလည်း အတွင်းခံအဝတ်များ ဝယ်ယူရာတွင် အမျိုးသားဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံရခြင်းကို စိတ်ပျက်ခဲ့ကြပြီး အမျိုးသမီးဝန်ထမ်းများကိုသာ အဝတ်အထည်ဆိုင်များ၌ အလုပ်ခန့်ရန် ကန့်ကွက်ဖိအားပေးခဲ့ကြသည်။

အစ္စလာမ်ဘာသာရေး၏ အထွတ်အမြတ်နေရာတစ်ခုဖြစ်သည့် မက္ကာမြို့တော် တည်ရှိရာ ဆော်ဒီအာရေးဗီးယားနိုင်ငံသည် နိုင်ငံတွင်း၌ အစ္စလာမ်ဥပဒေကို ကျင့်သုံးကာ အမျိုးသားနှင့် အမျိုးသမီးများ မလိုအပ်ဘဲ ရောနှောခြင်းကိုတားမြစ်ထားသည်။ သို့သော် ယင်းနိုင်ငံ၌ အမျိုးသမီးများမှာ တက္ကသိုလ်များတွင်သော်လည်းကောင်း အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ သူနာပြုများအဖြစ်သော်လည်း အဆင့်မြင့်နေရာများ၌ လုပ်ကိုင်ခွင့်ရနေသည်။

အာဏာပိုင်များ၏ ဥပဒေသတ်မှတ်မှုကြောင့် အမျိုးသမီးအဝတ်အထည်ဆိုင်များတွင် အလုပ်လုပ်နေသည့် အမျိုးသားထောင်ပေါင်းများစွာ အလုပ်အကိုင်ဆုံးရှုံးဖွယ်ရှိနေသည်။ ဆော်ဒီအလုပ်သမားဝန်ကြီးဌာန၏ အဆိုအရ လစ်လပ်ဖွယ်ရှိသည့် ထိုအရောင်းဝန်ထမ်းနေရာများတွင် တောင်အာရှမှ ပြောင်းရွှေ့လုပ်သားအများစု ပါဝင်သော အမျိုးသမီး ၂၈,၀၀၀ ကျော် အလုပ်လျှောက်ထားခဲ့ကြောင်း သိရသည်။

—*Ref: Telegraph*

# ကာတာနိုင်ငံတွင် ုံးခန်းဖွင့်မည်ဟု တာလီဘန်အဖွဲ့ပြောကြား

**ကဘူးလ်၊ ဇန်နဝါရီ - ၄**

ကာတာနိုင်ငံတွင် နိုင်ငံရေးရုံးခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့ကပြောကြားပြီး ယင်းမှာ တာလီဘန်အဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့်တရားဝင်ဆွေးနွေးပွဲများတွင် ပါဝင်မည့်လက္ခဏာဖြစ်ကြောင်း ယူပီအိုင်သတင်းကဖော်ပြသည်။

"လောလောဆယ်မှာ ကျွန်တော်တို့ဟာ နိုင်ငံတွင်းမှာ အင်နဲ့အားနဲ့တည်ရှိနေတဲ့အပြင် တခြားနိုင်ငံတွေနဲ့ နားလည်မှုရရှိနိုင်ဖို့အတွက် နိုင်ငံပြင်ပမှာ နိုင်ငံရေးရုံးတစ်ရုံး ဖွင့်လှစ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ" ဟု ထုတ်ပြန်ချက်တစ်ရပ်တွင် တာလီဘန်အဖွဲ့ကပြောကြားကြောင်းသိရသည်။

ယင်းကြေညာချက်တွင် ကာတာနိုင်ငံနှင့်ရရှိခဲ့သော ကနဦးသဘောတူညီချက်နှင့် အခြားအဖွဲ့များနှင့် ရရှိခဲ့သော သဘောတူညီချက်များကို ညွှန်းဆိုထားသည်။

ယင်းသို့ ရုံးခန်းဖွင့်လှစ်ရန် တာလီဘန်အဖွဲ့၏ ဆုံးဖြတ်ချက်မှာ ယခင်က ၎င်းတို့၏ ပုန်ကန်ထကြွမှုနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် စိတ်အားထက်သန်မှုမပြသသည့်အနေအထားမှ ခွဲထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

တာလီဘန်ရုံးခန်း ဖွင့်လှစ်ခြင်းကို အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းကလည်း ထောက်ခံခဲ့ပြီး ယင်းမှာ အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပေါ်နေသော ဆယ်စုနှစ်တစ်ခု ကြာမြင့်လာခဲ့ပြီဖြစ်သည့် ပဋိပက္ခကို အဆုံးသတ်ရေးအတွက် အရေးပါသောအဆင့်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

—*Ref: UPI*

# ကင်ဂျုံအမ်အား ထောက်ခံချီတက်ပွဲ ပြုံယမ်းတွင် ကျင်းပ

**ဆိုးလ်၊ ဇန်နဝါရီ - ၄**

မြောက်ကိုရီးယားပြည်သူ တစ်သိန်းကျော်သည် ခေါင်းဆောင်သစ် ကင်ဂျုံအမ်အား ထောက်ခံသည့် ချီတက်လမ်းလျှောက်မှုတစ်ခုကို မြို့တော်ပြုံယမ်းတွင် ပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

ပြုံယမ်းရှိကင်အီလ်ဆွန်းရင်ပြင်တွင် ပြုလုပ်သော ထိုချီတက်ပွဲ၌ ပြည်သူများ၊ အစိုးရအရာရှိများပါဝင်ခဲ့ကြောင်း မြောက်ကိုရီးယားကေစီအင်န်အေသတင်းက ဖော်ပြသည်။ တောင်ကိုရီးယားယုံဟပ်သတင်းကလည်း မြောက်ကိုရီးယားနိုင်ငံပိုင် ရုပ်သံသည် သံချပ်ကာတပ်ရင်းတစ်ခုသို့ သွားရောက်စစ်ဆေးနေသော ကင်ဂျုံအမ်၏ရုပ်ပုံအား ပြသခဲ့ကြောင်း စစ်တပ်အရာရှိများနှင့် စကားပြောနေသောကင်ဂျုံအမ်ကိုတွေ့ရကြောင်းဖော်ပြခဲ့သည်။

ကင်ဂျုံအမ်သည် ဖခင် ကင်ဂျုံအီလ်ကွယ်လွန်ပြီးနောက် ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံးစစ်တပ်ဖြစ်သည့် တပ်ဖွဲ့ဝင် ၁ ဒသမ ၂ သန်းရှိသော မြောက်ကိုရီးယားတပ်မတော်၏ အမြင့်ဆုံးစစ်ဦးစီးချုပ်အဖြစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကြေညာခြင်းခံရသည်။

—*Ref: AFP*



7 DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

## ရှိုဟိုက်-ဆွန်နီ စစ်အေးတိုက်ပွဲ ဖြစ်လာနိုင်ကြောင်း တူရကီသတိပေး



**အန်ကာရာ၊ ဇန်နဝါရီ - ၅**

အရှေ့အလယ်ပိုင်းဒေသတွင်း အင်အားကြီးနိုင်ငံဖြစ်သော တူရကီကဒေသတွင်း၌ ရှီဟိုက်-ဆွန်နီ စစ်အေးကာလတစ်ရပ်ဖြစ်လာနိုင်ကြောင်း သတိပေးပြောကြားပြီး ယင်းသို့ ဘာသာရေးအယူအဆ ဂိုဏ်းဂဏတင်းမာမှုများဖြစ်ပေါ်လာပါက ဒေသတစ်ခုလုံးကိုယ့်ကိုယ်ကိုယ်သတ်သေသလိုဖြစ်နိုင်ကြောင်း သတိပေးပြောကြားလိုက်သည်။

“ဒေသတွင်းမှာ စစ်အေးတစ်ရပ်စတင်ဖို့စိတ်အားထက်သန်နေသူတွေရှိတယ်လို့ပဲ ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောပါရစေ”ဟု ရှီဟိုက်ဘာသာကိုးကွယ်သော အီရန်နိုင်ငံသို့ မလည်ပတ်မီ တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်တိုဂလူကပြောကြားသည်။

“ဒေသတွင်း စစ်အေးကို ကာကွယ်ဖို့ ကျွန်တော်တို့ စိတ်ပိုင်းဖြတ်ထားပါတယ်။ ဘာသာရေးဂိုဏ်းဂဏတင်းမာမှုတွေဟာ ဒေသတစ်ခုလုံးအတွက် ကိုယ့်ကိုယ်ကိုယ် သတ်သေသလိုဖြစ်နေပါလိမ့်မယ်”ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးကပြောကြားရင်း ယင်းအကျိုးဆက်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်သွားနိုင်ကြောင်း ဆက်လက်ပြောသည်။

မည်သည့်နှစ်ခြမ်းကွဲမှုမျိုးကိုမဆို တူရကီနိုင်ငံက ဆန့်ကျင်ကြောင်း ၎င်းကပြောကြားပြီး ယင်းသတင်းစကားကိုလည်း အီရန်နိုင်ငံသို့ ယူဆောင်သွားမည်ဖြစ်ကြောင်း မစ္စတာအာမက်တိုဂလူကပြောသည်။

အီရန်နိုင်ငံသို့တူရကီနိုင်ငံခြားရေးဝန်ကြီးရောက်ရှိနေချိန်တွင် အီရန်နှင့် အင်အားကြီးနိုင်ငံများကြား ဆွေးနွေးမှုနှင့် အိမ်နီးချင်း အီရတ်နှင့် ဆီးရီးယားနိုင်ငံများတွင်ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ဆွေးနွေးမည်ဟုမျှော်လင့်ရသည်။ *—Ref: Reuters*

## အီရန်မှ ရေနံစိမ်းများ မတင်သွင်းရန် ဥရောပသမဂ္ဂသဘောတူ

**ဘရပ်ဆဲလ်၊ ဇန်နဝါရီ - ၄**

အီရန်နိုင်ငံမှ ရေနံစိမ်းမတင်သွင်းရန် ပိတ်ပင်ထားခြင်းကို ဥရောပနိုင်ငံများက မူအားဖြင့် သဘောတူညီခဲ့ကြောင်း ဥရောပသမဂ္ဂသံတမန်များကပြောကြားသည်။ ယင်းမှာ အီရန်ရွေးကောက်ပွဲမတိုင်မီ နောက်ဆုံးထွက်ပေါ်လာသည့် အရေးယူပိတ်ဆို့မှုဖြစ်သည်။




Photo - AFP

ဥရောပသမဂ္ဂက ပိတ်ဆို့မှုအလားအလာနှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက လက်မှတ်ရေးထိုးလိုက်သည့် ဘဏ္ဍာရေးတင်းကျပ်မှု အရေးယူဆောင်ရွက်မှုများမှာ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အား ထိန်းချုပ်နိုင်ရန် အနောက်နိုင်ငံများ၏ စုပေါင်းကြိုးပမ်းမှုလည်းဖြစ်သည်။

၎င်းတို့၏ နျူအစီအစဉ်မှာ စစ်ရေးနှင့် မပတ်သက်ကြောင်း အီရန်အာဏာပိုင်များက ပြောကြားသည်။ သို့သော် နိုဝင်ဘာလတွင် ဥရောပသမဂ္ဂက ထုတ်သည့် အစီရင်ခံစာ၌ အီရန်သည် အဏုမြူဗုံးထုတ်လုပ်ရန် ကြိုးစားနေသည်ဟုဖော်ပြကြောင်း အီးယူကပြောကြားသည်။ အီရန်နိုင်ငံနှင့် အင်အားကြီးနိုင်ငံများကြား ပြောဆိုဆွေးနွေးမှုများမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ပြိုကွဲခဲ့သည်။

အီးယူကိုယ်စားလှယ်အဖွဲ့များသည် အီရန်ရေနံတင်သွင်းမှုပိတ်ပင်ရေးအပေါ် ဆွေးနွေးမှုများကိုဒီဇင်ဘာလအတွင်းပြုလုပ်ခဲ့ပြီး ကန့်ကွက်မှုများကို ဖယ်ရှားခဲ့ပြီဖြစ်ကြောင်း သံတမန်များကပြောကြားသည်။ ဂရိနိုင်ငံသည် အီရန်မှ ရေနံများကို သက်သာသောနှုန်းထားဖြင့် ရရှိနေပြီး စပိန်၊ အီတလီနိုင်ငံများကလည်း အီရန်နိုင်ငံမှ ရေနံ အများအပြား ဝယ်ယူကြောင်း သိရသည်။ *—Ref: Reuters*

## နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အိန္ဒိယစတော့ဈေးကွက်တွင် ပါဝင်ခွင့်ပြု



**နယူးဒေလီ၊ ဇန်နဝါရီ - ၅**

စတော့ရှယ်ယာဈေးကွက်တွင် စာရင်းသွင်းထားသောပြည်တွင်း ကုမ္ပဏီများ၌ နိုင်ငံခြားသားများ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုခွင့်ပြုရေးအစီအစဉ်များကို အိန္ဒိယနိုင်ငံကကြေညာလိုက်သည်။

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးဈေးကွက်ပိုမိုနက်ရှိုင်းလာစေရန်၊ ဈေးကွက်မငြိမ်သက်မှုများကို လျှော့ချရန်နှင့် နိုင်ငံခြားမှ ရန်ပုံငွေများကိုဆွဲဆောင်နိုင်ရေး ရင်းနှီးမြှုပ်နှံသူအလွှာများ ကျယ်ပြန့်လာရေးအတွက် အိန္ဒိယစတော့ဈေးကွက်၌ အရည်အချင်းနှင့်ပြည့်မီသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုရန် အစိုးရကဆုံးဖြတ်လိုက်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက နှစ်သစ်ကူးနေ့တွင် ကြေညာခဲ့သည်။

ယင်းမတိုင်မီက အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားတွင် နေထိုင်သောအိန္ဒိယနိုင်ငံသားများကိုသာ အိန္ဒိယကုမ္ပဏီများ၌ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုခွင့်ပြုထားသည်။ ယခုဆုံးဖြတ်ချက်ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ကုမ္ပဏီတစ်ခု၏ ရှယ်ယာများကို ငါးရာခိုင်နှုန်းအထိဝယ်ယူနိုင်သည်။ သို့သော် နိုင်ငံခြားသားများ၏ ရင်းနှီးမြှုပ်နှံမှုသည် ကုမ္ပဏီရင်းနှီးမတည်ငွေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းထက် ကျော်လွန်၍ မရပေ။

ယခု စည်းကမ်းချက်အသစ်မှာ ဇန်နဝါရီ ၁၅ ရက်တွင် စတင်သက်ရောက်မည်ဟု မျှော်လင့်ရသည်။ *—Ref: CNN*




PACIVITE-G
"စိတ်ဖိစီးမှုများသောလူတိုင်း
သုံးစွဲကြသည် ပက်စီဗိုက်-ဂျီ"
ပက်စီဗိုက်-ဂျီ ဂျင်ဆင်းအားဆေးတွင် -
Natural Korean ဂျင်ဆင်း၊
Aloe Ext
ဗီတာမင်နှင့် သတ္တုဓါတ်များ
PACIVITE-G
Manufactured for:
PACIFIC
Pacific Pharmaceuticals Pte Ltd.
Made in Korea


MARK
WILLIAMS
Excellence through passion
100% COTTON
100% STRONG
Available at : Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618

7 DAY NEWS JOURNAL

# International

Vol.10, No.43 • JANUARY 12, 2012

## နယူးဇီလန်အနီး သောင်တင်နေသော သင်္ဘော မုန်တိုင်းကြောင့် ထက်ပိုင်းကျိုး

**ဝယ်လင်တန်၊ ဇန်နဝါရီ - ၉**

နယူးဇီလန်နိုင်ငံအနီးတွင် သုံးလကြာ သောင်တင်နေခဲ့သော ကုန်တင်သင်္ဘောတစ်စီးသည်မုန်တိုင်းကြောင့် ထက်ပိုင်းကျိုးသွားခဲ့ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျပ်အတည်း ထပ်မံဖြစ်ပေါ်လာနိုင်သည်ဟူသောစိုးရိမ်မှုများ ထပ်မံမြင့်တက်စေခဲ့သည်။

အောက်တိုဘာ ၅ ရက်က မြောက်ကျွန်းအပန်းဖြေဒေသအနီး အက်စထရိုလေ့ဘ်သန္တာကျောက်တန်းပေါ်တွင် သောင်တင်နေသော ကုန်တင်သင်္ဘောရီနာမှ ရေနံများ ထပ်မံယိုဖိတ်လာသဖြင့်ရေနံဖိတ်စဉ်မှုနှင့် တောရိုင်းတိရစ္ဆာန်ကျွမ်းကျင်သူများအား ယင်းဒေသသို့စေလွှတ်ထားသည်။

စာ(၄၅)သို့



Photo - AFP

## မလေးရှား အတိုက်အခံခေါင်းဆောင် အပြစ်မရှိကြောင်း တရားရုံးဆုံးဖြတ်

**ကွာလာလမ်ပူ၊ ဇန်နဝါရီ - ၉**

၂နှစ်ကြာမြင့်သော တရားရုံးကြားနာစစ်ဆေးမှုရှိခဲ့ပြီးနောက် မလေးရှားအတိုက်အခံခေါင်းဆောင် အန်နဝါအီဗရာဟင်သည် သမားရိုးကျမဟုတ်သော လိင်ဆက်ဆံမှုပြစ်မှုတွင် အပြစ်မရှိကြောင်း ဆုံးဖြတ်၍ မလေးရှားတရားရုံးက တရားသေလွှတ်ပေးခဲ့သည်။

အစိုးရရှေ့နေအဖွဲ့မှတင်သွင်းသော ဗီဇဆိုင်ရာအထောက်အထား(DNA)သည် ယုံကြည်စိတ်ချရမှုမရှိကြောင်း တရားသူကြီး ဇာဘီဒင်မိုဟာမက်ဒီယာကပြောကြားပြီး ယင်းသို့အမှုကို ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

စာ(၄၅)သို့



Photo - Reuters

## ဒေသဆိုင်ရာအစိုးရ ကြွေးမြီများက တရုတ်စီးပွားရေးကို ခြိမ်းခြောက်နေ

**ဘေဂျင်း၊ ဇန်နဝါရီ - ၉**

တရုတ်နိုင်ငံတွင် ဒေသဆိုင်ရာအစိုးရများက တံတားများ၊ လူနေတိုက်တာအဆောက်အအုံများ၊ ဈေးဝယ်စင်တာများဆောက်လုပ်ရန် ငွေကြေးအမြောက်အမြားချေးယူခဲ့ပြီးနောက် ယခုအခါ ယင်းကြွေးမြီများ ပြန်ဆပ်ရန်အခက်အခဲဖြစ်နေရာ ယင်းအခြေအနေသည်နိုင်ငံ၏ဘဏ္ဍာရေးစနစ်ကိုခြိမ်းခြောက်နေကြောင်း ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်သူများက ပြောကြားသည်။

ဗဟိုအစိုးရ၏ ဘဏ္ဍာရေးအခြေအနေမှာခိုင်မာမှုရှိပြီး ကမ္ဘာပေါ်တွင် နိုင်ငံခြားအရန်ရန်ပုံငွေအများဆုံးပိုင်ဆိုင်ထားသော်လည်း ဒေသဆိုင်ရာ(ပြည်နယ်)အစိုးရများတွင်မူ ကွဲပြားခြားနားလျက်ရှိသည်။

တရားဝင်ကိန်းဂဏန်းများအရ ၂၀၁၀ နှစ်ကုန်အထိ ဒေသဆိုင်ရာအစိုးရများက ချေးယူထားသော ငွေကြေးပမာဏသည် ယွမ် ၁၀ ဒသမ ၇ ထရီလီယံ (ကန်ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံ) ရှိပြီး ယင်းမှာ ဂျီဒီပီ၏ ၂၇ ရာခိုင်နှုန်းရှိကြောင်း၊

စာ(၄၅)သို့

## ဘဏ်များ စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ ၂၀၁၂ နှစ်ဆန်းပိုင်းတွင် စစ်ဆေးသွားမည်

**ဂျီနီဗာ၊ ဇန်နဝါရီ - ၉**

တစ်ကမ္ဘာလုံး သဘောတူညီထားသော ဘဏ်လုပ်ငန်းဆိုင်ရာ ဘေဆယ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာမှုရှိ၊ မရှိကို ၂၀၁၂ ခုနှစ် နှစ်စပိုင်းမှစ၍ ဥရောပသမဂ္ဂ၊ ဂျပန်နှင့်အမေရိကန်ဘဏ်များက စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌများက ပြောကြားသည်။

ယခုကြေညာချက်ကို ဘေဆယ်ဘဏ်လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်တာများဦးဆောင်သည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အကြီးအကဲများအုပ်စု(GHOS)က ထုတ်ပြန်ပြောကြားခြင်းဖြစ်သည်။ ယခု စမ်းသပ်မှုကထွက်ပေါ်လာသောရလဒ်များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာရန်လည်း ယင်းအဖွဲ့က သဘောတူညီခဲ့သည်။

"အခုလိုဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းတွေ လိုက်နာမှုအကောင်အထည်ဖော်ရေးအပေါ် အာရုံစိုက်ခြင်းဟာဘေဆယ်ကော်မတီအတွက် ဦးတည်ချက်အသစ်ပဲဖြစ်ပါတယ်"ဟုဗဟိုဘဏ်ဥက္ကဋ္ဌများအုပ်စု အကြီးအကဲ၊ အင်္ဂလန်ဗဟိုဘဏ်ဥက္ကဋ္ဌ မာဗင်ကင်းကပြောသည်။

စာ(၄၅)သို့

▶ သယံဇာတကျိန်စာ ရှောင်လွှဲနိုင်ဖို့ရာ စာ(၃၆)သို့



7 DAY NEWS JOURNAL
Vol.10, No.43 • JANUARY 12, 2012



# ယခုဘဏ္ဍာနှစ် ၉ လ ကုန်သွယ်မှုပမာဏ ယခင်နှစ်အလားတူကာလထက် ဒေါ်လာ ၃ ဘီလီယံကျော် ပိုများ

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

ပြီးခဲ့သည့်နှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ကုန်သွယ်မှုပမာဏမှာ ၂၀၁၀ပြည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော် တိုးလာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

၂၀၁၁ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်ထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၃၃ ဘီလီယံနှင့်သွင်းကုန် ၆ ဒသမ ၆၁ ဘီလီယံ ကုန်သွယ်နိုင်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄ ဘီလီယံရရှိခဲ့သည်။

အလားတူကာလဖြစ်သော ၂၀၁၀ပြည့်နှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၉ ဘီလီယံနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရခဲ့ပြီး စုစုပေါင်းကုန်သွယ်မှုမှာကန်ဒေါ်လာ ၁၀ ဒသမ ၃၉ ဘီလီယံသာ ရရှိခဲ့သည်။

"ဒီနှစ်တိုးလာတာက ပို့ကုန်မှာ လယ်ယာထွက်ကုန်က သန်း ၄၈၀ နီးပါးနဲ့ စီအမ်ပီက ၁၀၈ သန်း၊ ရေထွက်ကုန်က ၄၃ သန်း ပိုပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် နှစ်ဆန်းပိုင်းတွင် ပြည်ပသို့တင်ပို့သော ဆန်ဈေးနှုန်း ဈေးမြင့်ခဲ့ခြင်းကြောင့် ပိုမိုတင်ပို့နိုင်ခြင်းဖြစ်ကြောင်း ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်က ပြောသည်။

"အရင်နှစ်တွေက ဆန်တစ်တန်ကို ဒေါ်လာ ၃၀၀ လောက်ပဲရတယ်။ ဒီနှစ်မှာစက်တင်ဘာအထိ ၃၈၀ ကနေ ၄၀၀ နီးပါး ရခဲ့တယ်" ဟု ဦးရဲမင်းအောင်က ဆိုသည်။

ထို့အပြင် ယခုနှစ်တွင် ဆန်ကွဲပါတင်ပို့ခွင့်ပြုခဲ့သဖြင့် လယ်ယာသွင်းကုန် တင်ပို့မှုမြင့်ခဲ့သည်။ ထိုကဲ့သို့ လယ်ယာထွက်ကုန် ပစ္စည်းဈေးကောင်းရခဲ့သော်လည်း အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းခဲ့သဖြင့် စပါးစိုက်တောင်သူများနှင့် ပဲစိုက်တောင်သူများ တွက်ခြေမကိုက်သော နှစ်ဖြစ်ခဲ့သည်။

## စီမံကိန်းဝင်ကားများ လမ်း၊ တံတားနှင့် ကတ္တားကြေး ကင်းလွတ်ခွင့်မပြုတော့ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

အဝေးပြေးလမ်းမကြီးမပေါ်တွင် ဖြတ်သန်းသွားလာသော မည်သည့် စီမံကိန်းဝင်ကားကိုမဆို လမ်းတံတားနှင့် ကတ္တားကြေး ကင်းလွတ်ခွင့်ပြုတော့မည်မဟုတ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းတံတားတာဝန်ခံ တစ်ဦးကပြောသည်။

"အရင်က စီမံကိန်းကြီးတွေအတွက်ဆိုလမ်းတံတားဖြတ်သန်းခတွေကင်းလွတ်ခွင့်ပြုပါလို့ ပြောတာတွေကို အခုခွင့်မပြုတော့ဘူး" ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထိုကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မည်သည့် စီမံကိန်းဝင်ကားများကိုမဆို ၎င်းတို့ဌာနက သတ်မှတ်ထားသော အာဆီယံတန်များထက် ပိုတင်လာပါက ဒဏ်ကြေးများ တောင်းယူသွားမည်ဖြစ်သည်ဟု ဆိုသည်။

ဒဏ်ကြေးကောက်ခံရာတွင် သတ်မှတ်ချက်ထက် ၃ တန်ပိုတင်ဆောင်ပါက တစ်တန်လျှင် ကျသင့်သော လမ်းတံတား၊ ကတ္တားကြေးများ၏ ၃ ဆနှင့် ၎င်းအထက် ပိုတင်ပါက ၁၀ ဆအထိ အခြားကုန်တင်ယာဉ်များကို ကောက်ယူသော ဒဏ်ကြေးအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"လမ်းတံတား လုံခြုံရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးဌာနအနေနဲ့ ဘယ်အဖွဲ့အစည်းကိုမှ အခွင့်ထူးခံပြီး တန်ပိုတင်ဆောင်ခွင့်မပြုဘူး"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားဂိတ်များတွင်ဥပဒေအထက် မည်သည့်အဖွဲ့အစည်းကိုမှ အခွင့်ထူးခံမရှိစေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ယင်းဌာနက ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ ထိုစနစ်ဖြင့် ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။

## ပြည်ခိုင်ဖြိုးပါတီက ပါတီ ၁၆ ခုနှင့် မိတ်ဆုံစားပွဲ ပြုလုပ်တွေ့ဆုံ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိတ်ဆုံစားပွဲ ပြုလုပ်ကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက နိုင်ငံရေးပါတီ ၁၆ ခု တွေ့ဆုံမှု ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ မိတ်ဆုံစားပွဲကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကြီးမှူးကျင်းပပြီး လွတ်လပ်ရေးနေ့တွင် ဦးဝိစာရလမ်းရှိ အိုလံပစ်ဟိုတယ်၌ တွေ့ဆုံခဲ့ကြကြောင်း အဆိုပါပွဲတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီမှ အထွေထွေအတွင်းရေးမှူးဦးထွန်းရွှေက ပြောသည်။

တက်ရောက်ခဲ့ကြသော ပါတီများမှာ ဒီမိုကရက်တစ်ပါတီမြန်မာမှ ဦးသုဝေနှင့်အဖွဲ့၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီမှ ဗဟိုအလုပ်အမှုဆောင် နန်းခင်မောင်၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီမှ ဥက္ကဋ္ဌဦးအောင်သန်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူ)မှ ဦးစိုင်းသန်းမြင့်၊ ချင်းအမျိုးသားပါတီမှ ဥက္ကဋ္ဌဦးဇိုဇန်၊ ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဋ္ဌဦးသိန်းတင်အောင်နှင့်အဖွဲ့၊ အမျိုးသားဒီမိုကရေစီအင်အားစုမှ ဥက္ကဋ္ဌဒေါက်တာသန်းငြိမ်းနှင့် အဖွဲ့၊ ရခိုင်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဥက္ကဋ္ဌဦးဇော်အေးမောင်၊ ဖလုံစဝေါ်ဒီမိုကရက်တစ်ပါတီမှ CEC ဦးစောဝင်း၊ ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီမှ ဥက္ကဋ္ဌဦးအုန်းလွင်နှင့် ဦးထွန်းလွင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဥက္ကဋ္ဌဦးဟန်ရွှေနှင့် ဦးသိန်းထွန်း၊ ကရင်ပြည်သူ့ပါတီမှ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး(ငြိမ်း) ထွန်းအောင်မြင့်၊ အမျိုးသားမဟာမိတ်အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးတင်ထွဋ်မောင်၊ ခေတ်သစ် ပြည်သူ့ပါတီမှ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုမှ ဥက္ကဋ္ဌ ဦးအေးကြိုင်၊ မြန်မာနိုင်ငံ အမျိုးသားကွန်ဂရက်မှ ဥက္ကဋ္ဌဦးကောင်းမြတ်ထွဋ်တို့ဖြစ်ကြောင်း သိရသည်။

၎င်းတို့ကို အဆိုပါ မိတ်ဆုံစားပွဲတက်ရောက်ရန် ရန်ကုန်တိုင်းဒေသကြီးနိုင်ငံရေးမှူးနှင့် ပါတီဗဟိုအလုပ်အမှုဆောင် သီရိပျံချီဦးအောင်သိန်းလင်းက ဖိတ်စာနှင့်တကွ ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း ဦးထွန်းလွင်က ပြောသည်။

မိတ်ဆုံစားပွဲ၌ ဦးအောင်သိန်းလင်းက မိတ်ဆက်စကားပြောကြားရာတွင် "ယနေ့ကာလကဲ့သို့ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်သစ်၊ စနစ်သစ်သို့ကူးပြောင်းနေပြီဖြစ်တဲ့ အသွင်ကူးပြောင်းရေးကာလမှာ တိုင်းရင်းသားပြည်သူ ရဟန်းရှင်လူအပေါင်းတို့ အမျိုးသားအကျိုးစီးပွားအပေါ် ဘုံသဘောတူညီချက်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ယခုကဲ့သို့ပါတီစုံဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးကြိုးပမ်းမှုကာလမှာ မဟာဗျူဟာ နည်းဗျူဟာပေါင်းစုံဖြင့် ကျွန်ုပ်တို့ နိုင်ငံတော်တွင်းသို့ ချဉ်းကပ်လာကြမယ့် ကိုလိုနီလက်သစ်ဝါဒ ကိုင်စွဲသူအင်အားကြီးနိုင်ငံများနှင့် ၎င်းတို့၏ လက်ပါးစေများရဲ့ အန္တရာယ်ကို အထူးသတိထားကြရမယ့် အချိန်အခါအဖြစ် နိုင်ငံရေးသတိရှိကြစေရန် အထူးမီးမောင်းထိုးစောင့်ကြည့်ကြရမှာ ဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် "မိတ်ဆွေ ဒီမိုကရေစီအင်အားစုများ အားလုံးတို့ဟာ လေးနက်သော နိုင်ငံရေးအမြော်အမြင်များဖြင့် မိမိတို့ပါတီအကျိုးနှင့် တိုင်းပြည်အကျိုးယှဉ်လာလျှင်သော်လည်းကောင်း၊ မိမိတို့အကျိုးနှင့် တစ်မျိုးသားလုံးအကျိုးယှဉ်လာလျှင်သော်လည်းကောင်း၊ တိုင်းပြည်အကျိုးနှင့် တစ်မျိုးသားလုံးအကျိုးအပေါ် ဘုံ သဘောတူညီချက်ထားလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတူတကွလက်တွဲတည်ဆောက်သွားကြပါစို့"ဟု ဦးအောင်သိန်းလင်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုကဲ့သို့ ပြောကြားခဲ့သည့်အပေါ် တက်ရောက်လာသော ပါတီအသီးသီးမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

## လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော် ဆုရဇာတ်ကားများ စင်ကာပူနှင့် ဟောင်ကောင်တွင် ပြသမည်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၇**

လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်တွင် ပထမဆုရဇာတ်ကားငါးကားနှင့် ဒုတိယရရှိခဲ့သော ဇာတ်ကားငါးကားကိုစင်ကာပူနှင့် ဟောင်ကောင်တို့တွင်သွားရောက်ပြသမည်ဟု ဇာဂနာ(ဦးသူရ)က ပြောသည်။

"စင်ကာပူမှာ ဇန်နဝါရီ ၂၁ ရက်နဲ့ ၂၂ရက်နေ့မှာ ပြမယ်။ ဟောင်ကောင်မှာက ၂၆ ရက်နဲ့ ၂၇ ရက်နေ့မှာပြဖို့ စီစဉ်ထားပါတယ်"ဟု ဇာဂနာကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပထမဆုရ ဇာတ်ကားငါးကားမှာ Unity & Freedom၊ Still in Dark၊ Click & Fear ၊ ကြိုး၊ အဲဒီ့အခန်းဖြတ် ဇာတ်ကားတို့ဖြစ်သည်။

ထို့အပြင် ထိုပြိုင်ပွဲတွင် ဆုရခဲ့သူများအား နိုင်ငံခြားသို့ ပညာတော်သင်လွှတ်ရန် စီစဉ်ထားကြောင်းလည်း တာဝန်ရှိသူတစ်ဦးကပြောသည်။

လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်အား ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး ဇာတ်ကားပေါင်း ၁၈၈ ကား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

## အောင်သမာဓိရွှေဆိုင် အခမဲ့ ရွှေသင်တန်းပေးမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၇**

အောင်သမာဓိရွှေဆိုင်က ရွှေလုပ်ငန်းကို စိတ်ပါဝင်စားသူများအား အခမဲ့ရွှေသင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အခမဲ့ရွှေသင်တန်းကို မန္တလေးမြို့တွင် ယခုဇန်နဝါရီ ၁၇ ရက်မှ ၂၆ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး သင်တန်းတက်မည့်သူများကို ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် လက်ခံသွားမည်ဖြစ်သည်။ သင်တန်းကို မန္တလေး ၁၄ လမ်းရှိ အောင်သမာဓိအလုပ်ရုံတွင် ပြုလုပ်သွားမည်ဖြစ်သည်။

မတ်လ ၁ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့တွင်လည်း သင်တန်းပို့ချမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သင်တန်းလက်ခံပြီး ၎င်းကို တော်ဝင်နှင်းဆီခန်းမ၌ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်း တန်းခွဲတစ်ခုလျှင် လူ ၅၀၀ သာလက်ခံမည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် မှတ်ပုံတင်၊ အိမ်ထောင်စုဇယားမိတ္တူများနှင့် ပတ်စ်ပို့ပုံ ၄ ပုံလိုအပ်မည်ဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.43 · JANUARY 12, 2012

# နိုင်ငံပိုင်အဆောက်အအုံ ၁၅၃ လုံးနှင့် မြေကွက်များကို နှစ်ရှည်ငှားရမ်းမည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းပေါ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အပါအဝင် နိုင်ငံပိုင်အဆောက်အအုံစုစုပေါင်း ၁၅၃ လုံးနှင့်မြေကွက်များအားဟိုတယ်၊ ဈေးဝယ်စင်တာ၊ ဂေါက်ကွင်း၊ ပုဂ္ဂလိက စာသင်ကျောင်းနှင့် အထူးကုဆေးရုံလုပ်ငန်းများအဖြစ် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းများကို နှစ်ရှည် ငှားရမ်းနိုင်ရန်အတွက် အဆိုပြုတင်ဒါများခေါ်ယူထားသည်။

နိုင်ငံ၏ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း ဒီဇင်ဘာ ၃၁ ထုတ်ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

"အခုချိန်ထိတော့ ကျွန်တော်တို့ဆီကို လျှောက်လွှာပို့တာတွေ မရှိသေးပါဘူး" ဟု နေပြည်တော် စစ်ထောက်ချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပြုလွှာ တင်သွင်းသူများသည် တင်ဒါတင်သွင်းရာတွင် ကုမ္ပဏီအမည်၊ ငှားရမ်းလိုသည့်စနစ်၊ ငှားရမ်းခနှုန်းထား၊ ရင်းနှီးမြှုပ်နှံမည့် ပမာဏ၊ ဆောင်ရွက်မည့်လုပ်ငန်း၊ ကုမ္ပဏီမှတ်ပုံတင်နှင့် ငွေကြေးပိုင်ဆိုင်မှုများ စသည့် အချက်အလက်များ ပါဝင်ရမည်ဖြစ်ပြီး စစ်ထောက်ချုပ်ရုံး၊ ရုံးအမှတ်-၉၊ နေပြည်တော်သို့ ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း နိုင်ငံပိုင် သတင်းစာတွင် ဖော်ပြပါရှိသည်။

တင်ဒါခေါ်ထားသည့် အဆိုပါ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေကွက်များကို လုပ်ကိုင်ခွင့်ရမည့် လုပ်ငန်းရှင်များသည် ကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး အငှားချထားစဉ်ကာလအတွင်း ယင်းမြေ၏လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထပ်ဆင့်အငှားချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထပ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရကြောင်းလည်း ဖော်ပြပါရှိသည်။

တင်ဒါခေါ်ထားသည့် အဆောက်အအုံနှင့် မြေကွက်များမှာ -ဒဂုံမြို့နယ်၊ ပြည်လမ်း၊ ပြည်ထောင်စုရိပ်သာမြေ ၂၁ ဒသမ ၉၀ ဧကနှင့် အဆောက်အအုံ ၄၂ လုံး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရိပ်သာမြေ၁ဒသမ၈၆၉ဧကနှင့်အဆောက်အအုံ ၅ လုံး၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၁)မော်တော်ယာဉ်တပ်ရင်း (နေရာဟောင်း)၊ မြေတိုင်းရပ်ကွက်အမှတ်-၆၁၊ မြေ ၂၂ဒသမ၀၃၂ဧကနှင့်အဆောက်အအုံ ၄၉ လုံး၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (နေရာဟောင်း)၊ မြေတိုင်းရပ်ကွက် အမှတ်-၆၃၊ နယ်မြေ(၂)၊ မြေ ၂၁ ဒသမ ၉၂၅ ဧကနှင့် အဆောက်အအုံ ၃၁ လုံး၊ ရွှေတိဂုံဘုရားလမ်း နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (နေရာဟောင်း)၊ မြေတိုင်းရပ်ကွက်အမှတ်-၆၃၊နယ်မြေ(၃)၊မြေ၉ဒသမ၀၁၅ဧကနှင့်အဆောက်အအုံ၁၃ လုံး(အရာရှိကြီးရိပ်သာငါးထပ်အဆောက်အအုံအပါအဝင်)၊ရွှေတိဂုံဘုရားလမ်း တပ်မတော်စစ်သမိုင်းပြတိုက်(နေရာဟောင်း)၊ မြေတိုင်းရပ်ကွက် အမှတ်-၄၅ဒီ၊ မြေ ၉ ဒသမ ၀၂၈ ဧကနှင့် အဆောက်အအုံ ၅ လုံး၊ ဥက္ကလာဂေါက်ကွင်း၊ ဒဂုံဂေါက်ကွင်း စသည့်အချက်အချာကျသော နေရာများ ပါဝင်သည်။

အသေးစိတ်သိရှိလိုပါကစစ်ထောက်ချုပ်ရုံးဖုန်း-၀၃၆ ၃၁၁၂၀၊ ၀၃၆ ၃၁၁၁၄၄၊ ၀၃၆ ၃၁၀၆၆၊ (ထောက်-၅က)မြေနှင့်အဆောက်အအုံ ငှားရမ်းရေး အဆိုပြုတင်ဒါ၊ နေပြည်တော်သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းလည်းတင်ဒါကြော်ငြာတွင် ဖော်ပြထားသည်။

## မြေနှင့်အဆောက်အအုံများ နှစ်ရှည်ငှားရမ်းခြင်းက အိမ်ခြံမြေဈေးကွက်အပေါ် မသက်ရောက်ဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

စီးပွားရေးလုပ်ငန်းအတွက် အချက်အချာကျသည့်နေရာများ ပါဝင်သည့် တပ်မတော်ပိုင်မြေနှင့်အဆောက်အအုံများကို နှစ်ရှည်ငှားရမ်းရန် တင်ဒါခေါ်ထားသော်လည်း ရန်ကုန်အိမ်ခြံမြေဈေးကွက်အပေါ် သက်ရောက်မှုမရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်များက ပြောသည်။

ယခုငှားရမ်းမည့် နေရာများမှာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် နေရာကောင်းများဖြစ်သော်လည်း ပြည်တွင်းလုပ်ငန်းရှင်များ အနေဖြင့် ငွေကြေးပမာဏများသည့်အတွက် လုပ်ကိုင်နိုင်သူမှာ နည်းသည်။ ထို့အပြင် ယခုလေလံမှာ ယခင်ကဲ့သို့ ရောင်းချခြင်းမဟုတ်ဘဲ နှစ်ရှည်စာချုပ်ဖြင့်သာ ငှားရမ်းမှုဖြစ်သည့်အတွက် လစဉ်ငွေကြေးကုန်ကျမှုများရှိသည်။ ထိုအပြင် ပြည်တွင်းစီးပွားရေးအခြေအနေမှာလည်း နွေးကွေးနေသည့်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်လိုသူနည်းနိုင်သည်ဟု သုံးသပ်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက ဆိုသည်။

"လက်ရှိစီးပွားရေးအခြေအနေနဲ့ဆိုရင် ငှားရမ်းဖို့က ဘဏ်တိုးပေးရ၊ ငှားခပေးရနဲ့ဆို မကိုက်ဘူး။ ဟိုတယ်ဖွင့်ဖို့တော့ မဆိုးဘူး။ ကျန်တဲ့လုပ်ငန်းတွေက လုပ်နိုင်ဖို့ ခက်ခဲတယ်" ဟု စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ဆိုသည်။ လက်ရှိငှားရမ်းမည့်တင်ဒါလေလံစနစ်သည်ပြည်တွင်းစီးပွားရေးအပေါ်ကိုတော့ ထိခိုက်မှုမရှိနိုင်ပေ။ ယခင်လေလံများကဲ့သို့ ပြည်တွင်းသုံးကျပ်ငွေတန်ဖိုးမာလာမည်ကိုလည်း စိုးရိမ်စရာမရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ရန်ကုန်အိမ်ခြံမြေဈေးကွက်သည် တရုတ်နှစ်ကူးကာလဖြစ်သဖြင့် အရောင်းအဝယ် အေးလာသည်။ ထိုအပြင် စက်မှုဇုန်များတွင် စည်းကမ်းချက်များ တင်းကျပ်လာသည့်အတွက် အမှန်တကယ် အလုပ်လုပ်ကိုင်လိုသူသာဝယ်ယူကြသဖြင့် ၂၀၁၁ နှစ်ကုန်ပိုင်းမှစတင်၍ အရောင်းအဝယ် အေးခဲ့ရသည်။ "အိမ်ခြံမြေဈေးကွက်ထဲမှ တရုတ်လူမျိုးတွေက ကျယ်ကျယ်ပြန့်ပြန့်ရှိနေတော့ အခုလို ရိုးရာပွဲမှာ အရောင်းအဝယ်အေးတာပါ" ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဦးက ရှင်းပြသည်။

အိမ်ခြံမြေဈေးကွက်သည် ဝယ်လိုအားများခဲ့သဖြင့် ရောင်းချသူများဈေးနှုန်းပြောင်းလဲမှုများလည်းဖြစ်သည်။ ကျပ်သိန်း ၄၀၀၀ မှ ၅၀၀၀ ကြား အိမ်ခြံမြေများတွင် ရောင်းချသူက ဈေးနှုန်းပြောင်းလဲမှုများကြောင့် အိမ်ခြံမြေအရောင်းအဝယ်အေးရခြင်း တွင်ပါဝင်သောအချက်တစ်ခုဖြစ်ကြောင်း သိရသည်။

## စိန့်ဩဂတ်စတင်းမှ ကျောင်းသူ၊ ကျောင်းသားများကို စီးပွားရေးတက္ကသိုလ် အဆောက်အအုံ ယာယီပြောင်း စာသင်ပေး



**စိန့်ဩဂတ်စတင်းကျောင်း မီးလောင်၍ ငြှိမ်းသတ်စဉ်**

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

ကျောင်းစာသင်ဆောင်များ မီးလောင်ကျွမ်းမှုကြောင့် ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းပေါ်ရှိ အထက(၂) ကမာရွတ် (စိန့်ဩဂတ်စတင်း)ကျောင်းမှ ကျောင်းသား လေးထောင်ကျော်သည် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(တီတီစီ)နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့တွင် ပြောင်းရွှေ့ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ကျောင်းပိတ်ချိန် ဖြစ်နေသော ဒီဇင်ဘာလ ၃၀ ရက် ညဦးပိုင်းတွင် မီးလောင်ကျွမ်းမှုကြောင့် ကျောင်းစာသင်ဆောင်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ကျောင်းပြန်ဖွင့်ချိန်တွင် ယခုကဲ့သို့ကျောင်းသားများနေရာပြောင်းရွှေ့စာသင်ကြားနေရခြင်း ဖြစ်သည်။

"ကျောင်းပြောင်းရွှေ့ထားတာ အစစအရာရာ အဆင်ပြေပါတယ်။ စပြောင်းတဲ့အချိန်ပဲ ဝင်ပေါက်တွေကျဉ်းတော့ အခက်အခဲဖြစ်ခဲ့တယ်။ အခုတော့ အဆင်ပြေသွားပါပြီ။ ဒီစာသင်နှစ်ကုန်ထိတော့ ဒီမှာပဲသင်ဖြစ်မယ်။ ဟိုဘက်မှာက အဆင်သင့်မဖြစ်သေးလို့ပါ" ဟု အ. ထ. က(၂) ကမာရွတ် အထက်တန်းပြဆရာမတစ်ဦးက ပြောသည်။

အဆိုပါကျောင်း မီးလောင်မှုကြောင့် ကွန်ပျူတာများ၊ အဆောက်အအုံနှင့် စာသင်ခုံများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် မူလတန်းမှ အထက်တန်းအထိ ကျောင်းသား၊ ကျောင်းသူများအား နေရာပြောင်းရွှေ့ပညာသင်ကြားစေခြင်း ဖြစ်သည်။

## ကားအသစ်များ ယာယီနံပါတ် ကျပ်တစ်ထောင်ဖြင့်ပြုလုပ်နိုင်

**ကျော်သီဟ**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

ယာဉ်အို၊ ယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်အရ ဆိပ်ကမ်းမှ အစားထိုးရောက်ရှိလာသော ကားအသစ်များကို ကညနရုံးတွင် ယာယီနံပါတ်အား ကျပ်တစ်ထောင်ဖြင့် ထုတ်ပေးနေကြောင်း အဆိုပါရုံးမှ သတင်းရရှိသည်။

ယင်းယာယီနံပါတ်ပြားအတွက် ကာလသက်တမ်း ၂၁ ရက် ရရှိမည်ဖြစ်ပြီး အဆိုပါယာယီ နံပါတ်ရှိမှ နံပါတ်မူရင်း ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။ ယာယီနံပါတ်ပြားအား ကညနရုံးတွင် ကျပ်တစ်ထောင်ဖြင့် လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ကား၏ရှေ့လေကာမှန်နှင့်နောက်မှန်တို့တွင် တပ်ဆင်ထားရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အကယ်၍ ယာယီနံပါတ်ပြားရရှိပါကမိမိတို့နှစ်သက်သောမူရင်းနံပါတ်အား ရွေးချယ်နိုင်ပြီး ယာဉ်အန္တရာယ်ပါ ကာကွယ်နိုင်ကြောင်းနှင့်လက်ရှိယာယီနံပါတ်ပြားအား ၂၀၁၁ ဒီဇင်ဘာ ၃၀ ရက်အထိ ကားသစ် ၄,၁၇၁ စီးအား ချထားပေးပြီးဖြစ်ကြောင်း ကညနစာရင်းများအရ သိရသည်။

ယာယီနံပါတ်အား သတ်မှတ်ရက် ၂၁ ရက်ကျော်လွန်သုံးစွဲပါက တစ်ရက်လျှင် ဒဏ်ကြေး ၅၀၀၀ ကျပ်ပေးဆောင်ရမည်ဖြစ်သည်။ ထို့အပြင်ယာယီနံပါတ်မှာ ဆိပ်ကမ်း၊ ကညနရုံးနှင့် အိမ်သို့သာ မောင်းနှင်ခွင့်ရှိကြောင်း ၎င်းတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။ ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်မှာ ယခု အခါနှစ် ၂၀ မှ ၃၀ သက်တမ်းရှိယာဉ်များကို အစားထိုးလဲလှယ်ပေးသော နောက်ဆုံးအသုတ်သို့ ရောက်နေပြီဖြစ်သည်။

## အသက်စွန့်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးကို စွမ်းရည်သတ္တိဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၄**

မီးငြှိမ်းသတ်နေစဉ် မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသွားသော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအား (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် စွမ်းရည်သတ္တိဆိုင်ရာ တံဆိပ်များ ချီးမြှင့်လိုက်ကြောင်း ဇန်နဝါရီ ၅ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၂)ဖြင့် နိုင်ငံတော်သမ္မတမှ အထက်ပါ မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအား ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။



**ကျဆုံးခဲ့သော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးကို ဂုဏ်ပြုအခမ်းအနားဖြင့် သဂြိုဟ်စဉ်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သေဆုံးသွားသော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးတွင် မီးသတ်တပ်ကြပ်ဦးတင်စိုးအား ရဲသီဟတံဆိပ် ချီးမြှင့်ခဲ့ပြီး မီးသတ်တပ်ကြပ်ကြီး ဦးဇော်ဌေး၊ မီးသတ်တပ်သား ဦးမျိုးကျော်ကျော်၊ မီးသတ်တပ်သား ဦးသော်ဇင်မျိုးနှင့် မီးသတ်တပ်သားဦးအောင်အောင်တို့ လေးဦးအား ရဲသူရတံဆိပ်ချီးမြှင့်ခဲ့သည်။

၂၀၁၁ ခုနှစ်ဒီဇင်ဘာ ၂၉ရက် နံနက် ၂နာရီဝန်းကျင်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်ရှိ မေတ္တာမွန်ဂိုဒေါင်တွင် မီးငြှိမ်းသတ်ရင်း မီးလောင်ပေါက်ကွဲမှုကြောင့် ၎င်းတို့ငါးဦး သေဆုံးခဲ့ကြသည်။